
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






**Quality Publishing House**
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# August 2015

NO 127

preview


၆ ဒဂုန်ငွေမှုား
ရင်သွေးတော်

၃၁ တင့်ထူး(ဂေဟျဝတီ)
မသေကောင်း၊ မပျောက်ကောင်း

၅၂ တွင်းကြီးသား တင်ဝင်းဦး
နေနှင့်အတူပြေး၊ လနှင့်အတူလိုက်

၆၆ ကျော်အားငွေ
ချစ်လို့မိုက်မိတယ်

၇၈ ဇော်ညီမိုးဦး(သုန်လျှင်)
ခိုင့်ပ်တဲ့ဝိုဇ်ကြီး

၁၀၁ ဇော်မှူးကြီး သိန်းဝင်း

၁၁၇ ညိုငရာင်
မိန်းမသေတောင်မှ နိမ့်ပွန်ရတာနာသိုက်

၁၅၅ ငနမထူး
သုံးရန်မလိုအကုသိုလ်

၁၇၆ နန္ဒသူ
မျက်ရည်ဝဲဝဲ ချစ်သဲငယ်ငယ်

၂၀၀ ညီညီငြိမ်းချမ်း
တို့ဆေး

၂၁၃ စိမ်းရည်မြသွေး
သို့လော...သို့လော

၂၄၆ ဂေဟျမင်းသျှင်
တုံးအောက်ကဘေး


www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ကျော်မြင့်မောင် (ဝ၉ ၃၁၁၁၆၉၉၉)
အုပ်ချုပ်မှုအယ်ဒီတာ
မဇင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
ကိုရိုးသိန်း၊ ထွန်းထွန်းလှိုင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နောင်လတ်၊ လေးလေး၊ သန်းထက်ဇင်၊ ထွန်းထွန်း၊ ဖြိုးမင်းဦး၊ မြတ်မြတ်သူလင်း၊ ဝင်းဝင်းမာ၊ ဝေဝေမြင့်(၁)၊ ဝေဝေမြင့်(၂)၊ တင်မာစမ်း၊ အိမြနု၊ မီမီ။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-ဝ၄၂၂၀) Quality Publishing House
အမှတ် – ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိုနီ၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမှန်လင်း၊ ပေါ်ကာ၊ ဝိုင်းမော်။
ကွန်ပျူတာနှင့် ဖလင်
Quality

ပုံနှိပ်သူ
ဖြိုးဝေလျှံပုံနှိပ်တိုက်(၀၀၂၃၈)
ဒေါ်မည်ယဉ်မွန်၊ အမှတ်အပိုမစွည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ – ၅၁၀၀
တန်ဖိုး – ၈၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် – ၅၀၈/၅၁၂ (၂၈)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၉၆၃၊ ၃၈၆၈၃၃။



အကုန်ရွှေများ

**ရှင်ကြီးတစ်ပက်၊ ဂျားကြီးတစ်ပက်**



အောင်ညိုမှိုင်း(သန်လျင်)

**ဂဠုန်သုပုန် အောင်လံထူစစ်သူကြီးမွဲ**



ညိုရောင်

**ဥပဒေ၏ ဆက်သွယ်မှု ရှိယာဖြင့်ပမာ**


www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်သည်** အခါအခွင့်သင့်သောအခါတိုင်း ထောင်နန်းအမျိုးမျိုးကို စံခဲ့ဖူးသေ ထောင်မင်းသား ဦးဘိုးထော်၏အကြောင်းကို ဒဂုန်မဂ္ဂဇင်းတွင် အကြိမ်ကြိမ် ရေးသားခဲ့ဖူးသဖြင့် စာဖတ်သူများ အတော်အတန် သိပြီးဖြစ်မည်ဟု ကျွန်ုပ် ယုံကြည်မိပါသည်။

ဦးဘိုးထော်၏ ဘဝမှာ အပြင်၌ လွတ်လပ်စွာ နေရသော ရက်နှင့် ထောင်ထဲတွင် အကျဉ်းကျခံရသောရက်များကို နှိုင်းစာကြည့်ရှုက ထောင်သက်ကပင် ပို၍များသေး၏။ သူသည် အစိုးရအပြစ်ဒဏ်ဖြင့် အကျဉ်းခံနေရသော ထောင်သားတစ်ယောက်ပင်ဖြစ်သော်လည်း တည်ကြည်မြင့်မြတ်သောစိတ်ထား ရှိသူဖြစ်ရကား ၎င်း၏အမှုများမှာ လိမ်လည်ကောက်ကျစ်၍ဖြစ်ရသောအမှု မဟုတ်ဘဲ မဟုတ်လျှင် မခံချင်စိတ်ရှိသူတစ်ယောက် ဖြစ်သည့်အတိုင်း ရိုက်မှု၊ ဓားခုတ်မှု၊ လုံထိုးမှု၊ လူသတ်မှု စသည်တို့သာ ဖြစ်ခဲ့လေသည်။

မဟာဆီ မဟာသွေး
ရင်သွေးငယ်ကလေးတစ်ယောက်နှင့်
သာမန်ကလေးတစ်ယောက်
ထောင်ထဲတွင် လဲလှယ်သော
မြင့်မြတ်သော
မဟာသွေးကလေးငယ်ကို
ထောင်မှ ထုတ်ယူသွားပုံကို
ဖတ်ရှုရမည်..



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုးတော်မှာ ဤကဲ့သို့မြန်မာပြည်ရှိအရပ်ရပ်ထောင်များတွင် အကြိမ်ကြိမ်တချုပ်ခဲ့ဖူးသည့်အတိုင်း ၎င်း၏စိတ်သဘောကို အငယ်ဆုံး ထောင်ပြောတာမှစ၍ အကြီးဆုံးထောင်ပိုင်အရာရှိကြီးများအထိ သိရှိခဲ့၏။ သို့နှင့် ဦးဘိုးတော်မှာ ခရိုင်ထောင်ကြီးများ၌ပင် ထောင်မင်းသားအဖြစ် ချောင်ရိရှာနေထိုင်နိုင်ခဲ့သည်သာဖြစ်၏။

ဦးဘိုးတော်၏ဝါသနာမှာ ထောင်ထဲတွင် အကျဉ်းခံနေရသော အကျဉ်းသမားများထံမှ ၎င်းတို့၏ဖြစ်ရပ်မှန်အတ္ထုပ္ပတ္တိများကို တတ်နိုင်သမျှ ရှာဖွေစုဆောင်းခဲ့ရာ ကျွန်ုပ်မှာ သူပြောသမျှအတ္ထုပ္ပတ္တိကလေးများကို ဝတ္ထုသဖွယ် စာဖတ်ပရိသတ်အား တင်ပြနိုင်ခဲ့လေပြီ။ ယခုရေးသားအံ့သော အတ္ထုပ္ပတ္တိမှာလည်း ပြည်မြို့ထောင်ကြီးတွင် ဦးဘိုးတော် ပြစ်ဒဏ်ကျခံနေစဉ် သူကိုယ်တိုင် တွေ့ကြုံခဲ့သည့်အဖြစ်အပျက်တစ်ခုဖြစ်ကြောင်း ဦးဘိုးတော်က ပြောပြသဖြင့် သိရှိရ၏။

ဦးဘိုးတော်မှာ ထောင်မှထွက်လာသောအခါများတွင် မည်သည့်အလုပ်ကိုမျှ မလုပ်ကိုင်ဘဲ အေးချမ်းစွာ စားသောက်နေထိုင်နိုင်ခဲ့သဖြင့် ၎င်းမှာ ပစ္စည်းဥစ္စာ အတော်အတန်ပြည့်စုံကြောင်းသိရှိရသော်လည်း သူ့တွင် မည်မျှလောက် အတော်ပစ္စည်းဥစ္စာရှိသည်ကို မည်သူတစ်စုံတစ်ယောက်မျှအမှန်မသိချေ။ သူ့တွင်ရှိသည့်ပစ္စည်းများအနက် အလွန်အရည်ကောင်းလှ၍အဖိုးထိုက်တန်သော "မြ" တစ်လုံးရှိသည်ဟု အရိပ်အမြွက်ကြားသိခဲ့ဖူး၏။ သို့သော် ထိုအဖိုးတန်ကျောက်မျက်ရွဲကို ကျွန်ုပ် မည်သည့်အခါမျှ မမြင်ဘူးခဲ့ချေ။

တစ်နေ့သ၌ ကျွန်ုပ်လည်း မြန်မာဘုရင်များ၏ နန်းစဉ်ကျောက်မျက်ရွဲများအကြောင်းနှင့်ပတ်သက်၍ သီပေါဘုရင်လက်ထက်တော်တွင် ရှိခဲ့သော "ရေလိုအေး" ခေါ် ပြည်တန် "မြ" တစ်လုံးမှာ သီပေါဘုရင်မင်းမြတ်အား ၁၂၄၇ ခုနှစ်တွင် ကာနယ်စလေဒင်က ခေါ်ဆောင်သွားစဉ်ထို "မြ" မှာပြတိုက်အတွင်းမှ ပျောက်၍သွားသည်ဆိုကြောင်း၊ ထိုသတင်းမှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ထိုမြ၏အကြောင်းကို ထိုအခါမှစ၍ ယခုတိုင် မကြားရတော့သဖြင့် ပျောက်သွားသည်ဆိုသောသတင်းမှာ ဟုတ်မှန်စရာအကြောင်းများရှိကြောင်း၊ ထိုမြရတနာမျိုးမှာ ယခုအခါ မိမိကိုယ်ပိုင်ရှိရန် မဆိုထားဘိဦး၊ တွေ့မြင်ရန်ပင် အလွန်ခဲယဉ်းကြောင်းဖြင့် ကျွန်ုပ်က ပြောသောအခါ ဦးဘိုးတော်သည် ကျွန်ုပ်ပြောသမျှကို ဝန်ခံလေ၏။

ထို့နောက်ဦးဘိုးတော်လည်းကျွန်ုပ်အား ဤကဲ့သို့အရည်ကောင်းသော "မြ" မျိုးကို ကြည့်လိုသလောဟုမေးရာ ကျွန်ုပ်ကလည်း ကြည့်လိုပါကြောင်းဖြင့် ပြောပြ၏။ ထိုအချိန်က ဦးဘိုးတော်မှာ ထောင်မှလွတ်၍ ပြည်မြို့ "ဘုရားကြီး" ဘုရား၏ အရှေ့ဘက် ကွမ်းခြံ၌ သူ၏တပည့်တစ်ယောက်၏တဲတွင် နေထိုင်လျက်ရှိရှိန် ဖြစ်၏။

ဦးဘိုးတော်သည် အိမ်နောက်ဖေးခြံထဲသို့ တစ်ခဏမျှ ထွက်သွားပြီးနောက် ကွမ်းတစ်ယာညက်ခန့်အကြာတွင် ရွှံ့မြေများ လိမ်းကျံလျက် မြေမှ ရုတ်တရက် တူးဖော်ယူခဲ့ဟန် လက္ခဏာရှိသော ဝါးကျည်တောက်တစ်လုံးကို ကိုင်၍လာခဲ့လေသည်။ ထို့နောက် ကျွန်ုပ်အား ဖန်ခွက်တစ်လုံးကို ဆေးကြောယူခဲ့စေ၍ ဝါးကျည်တောက်ငယ်အတွင်းမှ ကြိုးကြာဥသဏ္ဌာန်ရှိ အလွန်အရည်ကောင်း၍ စိမ်းလဲ့သော အဆင်းရှိသည့် ကျောက်တစ်လုံးကို ဖန်ခွက်ထဲသို့ ထည့်လိုက်ပြီးလျှင် ကျွန်ုပ်အား ဖန်ခွက်ပြည့်သည့်တိုင်အောင် ရေကို လောင်းစေခဲ့၏။ ဖန်ခွက်တွင် ရေပြည့်၍လာသောအခါ ထိုရေသည် "မြ" ၏ တန်ခိုးဖြင့် ယခုအခါတွင် ကျွန်ုပ်တို့ သောက်လေ့ရှိသော "သစ်ခွအဖျော်ရည်" ကဲ့သို့ ဖန်ခွက်တစ်ခွက်လုံး စိမ်းလျက်ရှိသည်ကို တွေ့ရတော့၏။

ဦးဘိုးတော်သည် ဖန်ခွက်အတွင်း၌ "မြ" ကို ဆယ်ယူပြီးလျှင် ကျည်တောက်ငယ်အတွင်းသို့တစ်ဖန်ပြန်၍ထည့်လိုက်ပြီးနောက်နောက်ဖေးဘက်

www.burmeseclassic.com

www.burmeseclassic.com

သို့ ပြန်၍ယူသွားလေ၏။ ကျွန်ုပ်လည်း ထို "မြ" အကြောင်းနှင့်ပတ်သက်၍ အမျိုးမျိုး ရှိုးမွမ်းပြောဆိုလျက်ရှိရာ ဦးဘိုးတော်က ယခုမြင်ရသော "မြ" မှာ သီပေါဘုရင်လက်ထက်တော်က ပေါ်ပေါက်ခဲ့သော "ရေလိုအေး" အမည်ခံ နန်းစဉ်ရတနာဖြစ်သည့် "မြ" ကို မမီသော်လည်း ယင်းတို့မှာ တွင်းတစ်တွင်း တည်းမှထွက်သည့်အဖိုးတန်ကျောက်မျက်ရတနာများဖြစ်ကြောင်းဖြင့် ပြောဆိုလေ၏။

ထိုအခါ ကျွန်ုပ်က ဦးဘိုးတော်၏ "မြ" တွင် ထူးဆန်းသောရာဇဝင်တစ်ခု အမှန်ရှိတန်ရာ၏ဟု ထိုအကြောင်းကို မေးမြန်းလေရာ ယခု သူ့တွင်ရှိသော

ကြီးကြာဥသဏ္ဍာန်ရှိ
အလွန်အရည်ကောင်း၍
စိမ်းလဲ့သောအဆင်းရှိသည့်
ကျောက်တစ်လုံးကို ဖန်ခွက်ထဲသို့
ထည့်လိုက်ပြီးလျှင် ကျွန်ုပ်အား
ဖန်ခွက်ပြည့်သည့်တိုင်အောင်
ရေကို လောင်းစေခဲ့၏။
ဖန်ခွက်တွင် ရေပြည့်၍လာသော
အခါ ထိုရေသည် 'မြ' ၏တန်ခိုးဖြင့်
ယခုအခါတွင် ကျွန်ုပ်တို့
သောက်လေ့ရှိသော 'သစ်ခွ
အဖျော်ရည်' ကဲ့သို့ ဖန်ခွက်
တစ်ခွက်လုံးစိမ်းလျက်ရှိသည်ကို
တွေ့ရတော့၏။



"မြ" ၏ နောက်ကြောင်းရာဇဝင်ကို အသေအချာ မသိရသော်လည်း သူ၏ လက်သို့ မည်သို့မည်ပုံ ရောက်လာသည့်အကြောင်းကိုမူ အောက်ပါ အတ္ထုပ္ပတ္တိကိုကြည့်ရှုခြင်းအားဖြင့် စာဖတ်သူများသိရှိနားလည်လိမ့်မည်ဖြစ် ပါသည်။

•●•

ဦးဘိုးတော်သည် ပြည်မြို့ထောင်ကြီးတွင် ထောင်မင်းသားအဖြစ်ရှိစဉ် တစ်နေ့သ၌ ထောင်ပြာတာ နဂျပ်ဆင်ဆိုသူသည် ဦးဘိုးတော်အမည်နှင့် လိပ်တပ်ထားသောစာတစ်စောင်ကိုထောင်အပြင်မှလျှို့ဝှက်ယူလာခဲ့ပြီးလျှင် ဦးဘိုးတော်အား ပေးလေ၏။ ထောင်သားများမှာ တစ်ယောက်နှင့် တစ်ယောက်သော်လည်းကောင်း၊ ပြင်ပမှလူများနှင့်သော်လည်းကောင်း မည်သည့်နည်းနှင့်မျှ စာပေးစာယူပြုလုပ်ရန် အခွင့်မရှိချေ။ ဤဥပဒေကို ကျော်နင်းသောသူများမှာ ကြီးလေးသောအပြစ်ဒဏ်ကို ခံကြရလေသည်။

ထောင်ပြာတာနဂျပ်ဆင်မှာ ဤဥပဒေကို ကောင်းစွာသိရှိပြီးဖြစ်သော်လည်း ထိုစာကိုပေးသောသူထံမှ ငွေငါးကျပ် ရရှိခဲ့သဖြင့်တစ်ကြောင်း၊ အကယ်၍ ထိုစာမှာ ဦးဘိုးတော်၌ တစ်စုံတစ်ရာ အကျိုးရှိခဲ့ပါမူ ဦးဘိုးတော် ထံမှ "ဘောက်ဆူး" ရရန် မျှော်လင့်သဖြင့်တစ်ကြောင်း ထိုစာကို ထောင် အတွင်းသို့ လျှို့ဝှက်၍ ယူဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

ဦးဘိုးတော်လည်း နဂျပ်ဆင်အား ဤစာကို မည်သူ့ထံမှ ရခဲ့သနည်းဟု မေးရာ ထိုနေ့နံနက် အကျဉ်းသားများသည် ထောင်မှထွက်သော ဟင်းရွက် ဟင်းသီးများကို လှူတွန်းသောလှည်းဖြင့် ပြည်မြို့ဈေးကြီးသို့ သွားရောက် ရောင်းချရာတွင် ရှမ်းလူမျိုးနှင့်တူသည့် မိန်းမတစ်ယောက်က ပေးလိုက် ကြောင်း၊ ဤစာမှာ အလွန်လျှို့ဝှက်သောစာဖြစ်၍ ၎င်းအား ဦးဘိုးတော်၏

www.burmeseclassic.com

အကြောင်းတို့အကြိမ်ကြိမ်စစ်ကြောမေးမြန်းပြီးမှ ထိုစာကိုပေးလိုက်ကြောင်း၊ ထိုမိန်းမမှာ စာအတွက် စိတ်မချနိုင်သဖြင့် ထောင်အရာရှိများ မပိစေရန် အထပ်ထပ်မှာကြားပြီးမှ စာကို ပေးကြောင်းဖြင့် ပြောဆိုလေသည်။

ဦးဘိုးထော်သည် စာကို ဆိတ်ကွယ်လုံခြုံရာတွင် ဖောက်၍ကြည့်ရှုရာ အောက်ပါအတိုင်းရေးသားထားသည်ကို ထူးဆန်းစွာ တွေ့ရှိရ၏။

"အစ္စတော် ဦးဘိုးထော် . . .

ကျွန်ုပ်တို့သည် မိတ်ဆွေ၏အကြောင်းကို မြင်းခြံထောင်တွင် မိတ်ဆွေ ရှိစဉ်ကတည်းက ကြားဖူးခဲ့သဖြင့် မိတ်ဆွေမှတစ်ပါး အခြားမည်သူမှ စွမ်းဆောင်နိုင်မည်မဟုတ်ဟု ယူဆသဖြင့် ယခုရောက်လာခြင်းဖြစ်ပါသည်။ မိတ်ဆွေကြီးစိုးစံနေသော ထောင်တွင် နိုင်ငံရေးကိစ္စများနှင့်ပတ်သက်၍ အကျဉ်းခံနေရသူမခင်မှု (ခေါ်) မစန္ဒာဆိုသူမိန်းမအကျဉ်းသမားတစ်ယောက် ရှိပါသည်၊ သူ့တွင် ယခုအခါ သားယောက်ျားကလေးတစ်ယောက် မျက်နှာ သန့်စင်၍ပြီးသည်မှာ တစ်လခန့်မျှသာရှိသေးကြောင်း သိရပါသည်။ ထို ကလေးမှာ သာမန်ကလေးမျှမဟုတ်ပါ၊ ကျွန်ုပ်တို့နယ်တွင် အုပ်စိုးမည့် နန်း ညွန့်နန်းလျာကလေးဖြစ်သဖြင့် ထိုကလေးအတွက်နှင့်ပတ်သက်၍ မိတ်ဆွေ ကြီးနှင့် ကိုယ်တိုင်စကားပြောဆို တိုင်ပင်ရန်ရှိပါသည်။ သို့ဖြစ်သောကြောင့် ယခု (၁၂) နာရီတိတိအချိန်တွင် ထောင်ကြီး၏တောင်ဘက်တောင်ယာ ကြီးနှင့်ကပ်လျက်ရှိသော ဆုတောင်းပြည့်ဘုရားကလေးအနီးမှ ဇရပ်နောက် ဖေးသို့ ကျွန်ုပ်နှင့်တွေ့ရန် ကြွဖန်၍ လာစေလိုပါသည်။

လူချင်းတွေ့ရန် အထိမ်းအမှတ်မှာ အဝတ်နက်ကို ဝတ်၍ထားသော လူတစ်ယောက်က မိတ်ဆွေကိုမြင်လျှင် မြွေတွန်သကဲ့သို့ အော်ပါလိမ့်မည်။ ထိုအခါ မိတ်ဆွေက ယခုစာရေးစက္ကူတွင်ပါသော အထိမ်းအမှတ်အတိုင်း လက်ညှိုးနှစ်ချောင်းကို ယှက်၍ပြပါ။ ထိုအခါ ထိုသူကလည်း ထိုနည်းအတူ ပြန်၍ပြပါလိမ့်မည်။ ထိုသူကား မိတ်ဆွေနှင့်တွေ့လိုသောသူ အမှန်ဖြစ်ပါ သည်။ လူချင်းတွေ့ဆုံသောအခါ အကြောင်းစုံ သူက ပြောပြပါလိမ့်မည်"

ရေးသူ၏ လက်မှတ်တစ်စုံရာမပါဘဲ အထက်ပါ ထူးဆန်းသောစာကို တွေ့ရှိရ၏။ စာရေးစက္ကူမှာ အလွန်မျိုးကောင်း၍ ကုန်သည်ပွဲစား စသော လူသာမန်တို့အသုံးပြုခဲသော အဖိုးတန်စက္ကူမျိုးဖြစ်ပြီးလျှင် စက္ကူ၏ထိပ်တွင် လည်း လက်ညှိုးချင်းယှက်နေသော လက်နှစ်ဖက်ကို မြွေတစ်ကောင်လိမ်ရစ် ပတ်နေပုံကို စာရေးစက္ကူမျက်နှာတစ်ဖက်မှ အခြားတစ်ဖက်သို့ ပေါက်အောင် ရိုက်နှိပ်ထား၏။

ဦးဘိုးထော်သည် ထိုစာကို နှစ်ကြိမ်သုံးကြိမ်မျှ ပြန်၍ဖတ်ပြီးနောက် ဖျောက်ဖျက်၍ ပစ်လိုက်သည်။ ထို့နောက် မိန်းမထောင်ဘက်တွင် အုပ်ချုပ် သည့် ထောင်မှူးထံမှ မိန်းမအကျဉ်းသားများ၏ စာရင်းကို လျှို့ဝှက်စွာရယူခဲ့ရာ ထိုစာရင်းမှ ဆေးရုံပို့ရသော မိန်းမအကျဉ်းသားများအနက် မီးဖွားသော မခင်မှု (ခေါ်) မစန္ဒာဆိုသူ မိန်းမအကျဉ်းသားတစ်ယောက်၏ အမည်ကို တွေ့ရ၏။ ဦးဘိုးထော်၏ ဝါသနာမှာ အစကြေးငွေရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ထူးထူးဆန်းဆန်း တွေ့ကြုံဆောင်ရွက်လိုသည့်အတိုင်း ထိုည၌ ချိန်းချက်သောအချိန်တွင် ချိန်းချက်သောနေရာသို့ အမည်မသိသူနှင့် တွေ့ ဆုံရန် စိတ်ကို ပိုင်းဖြတ်လိုက်လေသည်။

ဦးဘိုးထော်သည် သူ၏လူယုံဖြစ်သော နဂျပ်ဆင်နှင့် လုံခြုံသောနေရာ တစ်ခုတွင် တိုင်ပင်လျက်ရှိလေသည်။

"ဒီမယ် – နဂျပ်ဆင် – ကိစ္စတစ်ခုတော့ ပေါ်လာပြန်ပြီဟေ့"





www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ - ကိုဘိုးထော်"

"ဒီနေ့ည - တောင်ယာကြီးဘက်က စင်မြင့်ပေါ်မှာ ဘယ်သူ အစောင့်ကျသလဲ"

"နာနပ်ဆင်စောင့်မယ် - ကိုဘိုးထော်"

"သူက မင်းလူပဲ မဟုတ်လား"

"ဟုတ်ပါတယ် - ဘာလုပ်မလို့လဲ"

"သူနဲ့ ငါနဲ့ (၁) နာရီထိုးလောက်အထိ လူချင်း စကားလဲချင်တယ်ကွယ်၊ မင်းကြံပြီးပေးနိုင်ပါ့မလား"

"လုပ်ပေးရတာပေါ့၊ နို့ပေမဲ့ - ထောင်မှူးကလေးများ သိသွားရင် ..."

"သည်ဟာတော့ မသိအောင် လုပ်ရမှာပေါ့ကွယ်၊ သိရင် ထောင်ကျပြီးသားပေါ့၊ ငါ့အတွက်တော့ မထူးပါဘူး"

"ကောင်းပြီလေ၊ ည ထမင်းစားပြီးရင်သာ အလုံထောင်နောက်ဖေးကို လာခဲ့ပါ၊ ကျွန်တော် စောင့်နေပါ့မယ်"

"အေး - လာခဲ့မယ်၊ ကျေးဇူးပါပဲ"

ထိုနေ့ညနေ အကျဉ်းသားများ ထမင်းစားချိန်ပြီးသောအခါ ဦးဘိုးထော်သည် အလုံထောင်ကလေး၏ နောက်ဖေးဘက်သို့ထွက်ခဲ့ရာ ထိုညဉ့်အတွက် ပတ်တရောင်ကျသော နာနပ်ဆင်ဆိုသူ ပြာတာနှင့် အခန့်သင့်ပင် တွေ့ရ၏။ နာနပ်ဆင်မှာ နာဂျပ်ဆင်က ပြောပြီးသည့်အတိုင်း ဦးဘိုးထော်အနီးသို့ ကပ်၍ -

"ခင်ဗျား - ဒီကနေ့ည - ကျုပ်နဲ့ စကား လူချင်းလဲချင်တယ်နော်"

"ဟုတ်တယ် - နာနပ်ဆင်"

"ဘယ်လိုကိစ္စမျိုး ရှိလို့လဲဗျာ"



"မင်း ဒီကနေ့ည တောင်ယာကြီးဘက်က မျှော်စင်မှာ စောင့်ရမယ်ဆို"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘယ်အချိန်က ဘယ်အချိန်အထိလဲ"

"ည (၉) နာရီမှ (၂) နာရီထိုးအထိ"

"အဲဖြင့် - အဆင်သင့်ပဲ"

"ကိစ္စက ဘာကိစ္စလဲ ခင်ဗျား၊ ကျွန်တော့်ကို ပြောပါဦး"

"ဘယ်လိုကိစ္စမျိုးလဲတော့ မသိသေးဘူးကွယ့်၊ နို့ပေမဲ့ - ငါနဲ့ လူတစ်ယောက်နဲ့ စကားပြောဖို့ ကိစ္စပဲကွယ့်"

"စကားပြောရုံဖြင့် ထောင်ဝင်စာစံပြီး ပြောရင်လည်း အဖြစ်သားပဲ ခင်ဗျား"

"လူမသိစေချင်တဲ့ကိစ္စမို့ပေါ့ကွယ်၊ ပြီးတော့လည်း သည့်ပြင်အကြောင်းလည်း ရှိတာပေါ့"

"ခင်ဗျားမှာ အကျိုးရှိရင် ကျွန်တော်တို့မှာလည်း အကျိုးရှိပါစေ ခင်ဗျာ"

"စိတ်ချပါကွယ် - ရှိပါစေ့မယ်"

"တစ်ခုတော့ သတိထားပါ ခင်ဗျာ"

"ဘာလဲကွယ့် - နာနပ်ဆင်"

"(၂) နာရီမထိုးခင် (၁၅) မိနစ်လောက် အရောက်ပြန်လာပါ ခင်ဗျာ"

"စကားပြောတာ သည့်လောက်တောင် မကြာပါဘူးကွယ်၊ အလွန်ဆုံး နာရီဝက်ပါပဲ"

"အဲဖြင့်လည်း ကောင်းပါလေရဲ့ ခင်ဗျာ၊ ပြီးတော့ - ကျွန်တော် လုပ်ရမယ့် အလုပ်ဝတ္တရားတွေ သိပြီ မဟုတ်လား"

"တစ်နာရီတစ်ခါ နာရီအလှည့်ကျ အော်ဖို့မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"သည်ဟာတွေ ငါသိပြီးသားပါကွယ်၊ မင်းကောင်ရဲ့အလုပ်ဝတ္တရားတွေ သိရဲ့မဟုတ်လား"

"အချုပ်ခန်းရှေ့က ကြိုးခုတင်ကလေးအပေါ်မှာ ထိုင်ပြီး နာရီစေ့တိုင်း သံချောင်းခေါက်ရမယ် မဟုတ်လား ခင်ဗျာ"

"အေး - ဟုတ်တယ်"

"ဒါဖြင့် (၉) နာရီလောက်ကျမှပဲ ကျွန်တော်နဲ့ အဝတ်လဲရအောင် လာပါ ခင်ဗျား၊ အခုတော့ စောပါသေးတယ်"

"အေး - လာခဲ့ပါမယ်၊ မင်းကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်"

ထိုညဉ့် (၉) နာရီအချိန်လောက်၌ အထက်ပါအတိုင်း စီမံပြီး ဖြစ်ရကား ဦးဘိုးထော်သည် နာနပ်ဆင်နှင့် လူချင်းလဲပြီးလျှင် သူစောင့်ရမည်ဖြစ်သော "တောင်ယာကြီး" (ဟင်းသီးဟင်းရွက်များ စိုက်ရမည့်ဥယျာဉ်) ဘက် မျှော်စင်သို့ ရောက်ရှိခဲ့လေ၏၊ ထောင်ပြောတာများမှာ ဦးဘိုးထော်အကြောင်းကို သိပြီး ဖြစ်သည့်အတိုင်း ဤကဲ့သို့ အလွန်စွန့်စားလုပ်ရမည့် အခွင့်အရေးများကိုပင် တိတ်တဆိတ် လုပ်ပေးတတ်ကြရာ ဦးဘိုးထော်ကလည်း မည်သည့်အခါမျှ သစ္စာမဖောက်သဖြင့် သူ့အား ကောင်းစွာ ယုံကြည်ကြလေသည်၊

ထောင်နာရီမှ (၁၂) နာရီထိုးလတ်သော် ဦးဘိုးထော်သည် မျှော်စင်ပေါ်မှ နာနပ်ဆင်အော်သကဲ့သို့ အသံမျိုးဖြင့် "တာရာဘာဂျာဟိုး" ဟုအော်ပြီးနောက် လက်သမားအလုပ်ရုံမှ အသင့်မှူဆောင်လာခဲ့သည့်ကြိုးခွေကို မျှော်စင်မှ တိုင်တစ်လုံးတွင် ခိုင်မြဲစွာချည်ပြီးနောက် ကြိုးစကို ထောင်၏အုတ်တံတိုင်း တွင်ကပ်ကာ အပြင်ဘက်သို့ လျှောချလေ၏၊ ထို့နောက် ချိန်းချက်ထားသည့်အတိုင်း "သံတစ်ချောင်းလမ်း" ဘက် ဆုတောင်းပြည့်စေတီအနီးရှိ ဇရပ်၏ နောက်ဖေးသို့ လာခဲ့၏၊ ဇရပ်အနီးတွင် ခပ်မည်းမည်းသဏ္ဌာန်တစ်ခု လှုပ်ရှားလျက်ရှိသည်ကို မထင်မရှား တွေ့လိုက်ရလေသည်၊



ထိုသူသည် ဦးဘိုးထော်အနီးသို့ အတန်ငယ် ချဉ်းကပ်ပြီးနောက် မြွေတွန်သံကဲ့သို့အသံမျိုးဖြင့် အချက်ပေးလေရာ ဦးဘိုးထော်က လက်ညှိုးနှစ်ချောင်းကိုယှက်၍ ထိုအခါ အဝတ်နက်ဖြင့် တစ်ကိုယ်လုံးခြုံ၍ထားသော သူလည်း ဦးဘိုးထော်၏နည်းတူ လက်ညှိုးနှစ်ချောင်းကို ယှက်ပြီးလျှင်ပြန်၍ ပြလေ၏၊ ထိုသူနှင့် လက်တစ်ကမ်းအကွာမျှလောက် ရောက်လာလေလျှင် ထိုသူက စတင်၍ -

"ဦးဘိုးထော် မှတ်တယ်"

"ဟုတ်ပါတယ် - ရုပ်ဖျက်ထားလို့ပါ၊ ကျုပ် ကုလားမဟုတ်ပါဘူး၊ နို့ ခင်ဗျားကော ဘယ်သူလဲ"

"ပြောတာပေါ့လေ - ခပ်ဖြည်းဖြည်းပေါ့ဗျာ၊ နို့ပေမဲ့ - ဘယ်အရပ်၊ ဘယ်ဒေသကလာပြီး ဘယ်သူက ခိုင်းစေတယ်ဆိုတဲ့အကြောင်းတော့ မမေးစေချင်ဘူး၊ တစ်ဆိတ် သည်းခံစေချင်ပါတယ်"

"ဘာပြုလို့လဲ - မိတ်ဆွေ"

"သည်အတိုင်း မှာလို့ပါ"

"ဒါဖြင့် - မိတ်ဆွေက အဲဒီပုဂ္ဂိုလ်ရဲ့ လူယုံတော်ဆိုပါတော့၊ အထက်က အမိန့်ကို နာခံပြီး လုပ်ရတာလား"

"သည်အတိုင်း မှန်ပါတယ် - မိတ်ဆွေ"

"ကောင်းပြီလေ - မမေးစေချင်တာ မမေးပါဘူး၊ ရှိပါစေတော့၊ နို့ - ဒီသူငယ်မမှာ ကလေးမျက်နှာမြင်တာကို ကျုပ်က ဘယ်လိုဆောင်ရွက် ပေးရမှာလဲ"

"စာထဲမှာလည်း ကျုပ်နှမတော်က ရေးသင့်သလောက် ရေးထိုက်ပြီ ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"စာထဲမှာတော့ပါသင့်သလောက်ပါပါတယ် – မိတ်ဆွေ၊ ဒီသူငယ်မမှာ သားယောကျ်ားကလေးတစ်ယောက် မျက်နှာမြင်တယ် ဆိုတာကတော့ ဟုတ်ပါပြီ"

"အင်း – ဒီကလေးအတွက်ပေါ့ – မိတ်ဆွေ၊ ကျုပ်တို့မှာ လိုက်ပြီးနေရတာ၊ အခုထောင်ကျနေရှာတဲ့သူငယ်မဟာ ကျုပ်တို့ကျေးရွာရှင်စော်ဘွားကြီးရဲ့မဟာဒေဝီဆိုပါတော့၊ နို့ပေမဲ့ – သူက အကြီးမဟုတ်ရှာလေဘူးအငယ်ပါ၊ အငယ်ဖြစ်သော်လည်း စော်ဘွားကြီးရဲ့မြတ်နိုးခြင်းကို များစွာခံခဲ့ရပါတယ်၊ ဒီလို စော်ဘွားကြီးနဲ့သင့်မြတ်ပြီး တစ်နှစ်ကိုးလဆိုသလို ကြာတဲ့အခါမှာ အခြားစော်ဘွားတစ်ဦးအတွက် အခု မဟာဒေဝီကလေးအပေါ်မှာ အထင်မှားပြီး စော်ဘွားကြီးနယ်က နောက်ဆုံး ထွက်ခဲ့ရပါတယ်၊ သည်လို နယ်က ထွက်ခဲ့ပြီး မြန်မာပြည်ရောက်တဲ့အခါ အမြို့မြို့အနယ်နယ်လည်ပြီး နိုင်ငံရေးတရားတွေဟောတဲ့အခါ အစိုးရကို အကြည်ညိုပျက်စေတဲ့အချက်တွေပါတယ်ဆိုပြီး နောက်ဆုံး သည်ထောင်မှာ ကျရှာရတာပါပဲ"

"နိုင်ငံရေးနဲ့ပတ်သက်တဲ့အကြောင်းတွေဆိုတာက ဘယ်လိုအကြောင်းတွေလဲ"

"ဒီဟာက သူ့ယောကျ်ား စော်ဘွားကြီးအပေါ်မှာ စိတ်နာပြီး ဟောတဲ့တရားတွေပေါ့ – မိတ်ဆွေ"

"ကိုင်း – ရှေ့ဆက်ပြီး ပြောစမ်းပါဦးလေ၊ ဘယ်လိုဖြစ်တယ်ဆိုတာ"

"ဟော်နန်းကိုစွန့်ပြီး ကျုပ်တို့နယ်ပယ်က ထွက်သွားတဲ့အခါ စော်ဘွားကြီးနဲ့ရတဲ့ပဋိသန္ဓေပါသွားရှာတယ်၊ ဒီနောက်လွန်ခဲ့တဲ့လကတည်းက သူ့ကိုတိုင်းပြည်က နှင်ထုတ်လိုက်ရတဲ့အတွက် စော်ဘွားကြီးလည်း အင်မတန်ယူကျုံးမရဖြစ်ပြီး ပြန်ခေါ်မယ်လုပ်နေတုန်း အသည်းအသန်မမာတော်မူပြီး နောက်ဆုံးနတ်ရွာစံကံတော်ကုန်ရှာတာပါပဲ၊ အင်း – အနိစ္စသဘောဆိုတာ မလွန်ဆန်နိုင်ကြဘူးပေါ့ – မိတ်ဆွေ၊



နို့ပေမဲ့ – မသေခင်မှာခဲ့တဲ့ စကားတစ်ခွန်းက သူ့မဟာဒေဝီဖြစ်ဖူးတဲ့မစန္ဒာအမည်ခံခင်စောမူကိုမြန်မာနိုင်ငံမှာ မတွေ့တွေ့အောင်ရှာပြီး သူ့ရင်သွေးတော်ကလေးကိုတော့ အကယ်၍ သားယောကျ်ားကလေးဖြစ်ခဲ့လို့ရှိရင် သူ့အရိုက်အရာကို ခံပါစေလို့ တသသ မှာတဲ့အခါကျတော့ အလိုတော်အတိုင်း ဖြစ်ပါစေ့မယ်လို့ သူ နတ်ရွာမစံခင် ကျွန်ုပ်က ဝန်ခံလိုက်မိတယ် မိတ်ဆွေ၊

သည်တော့ – စော်ဘွားကြီး နတ်ရွာစံသွားပြီးတဲ့နောက် အခုဆက်လက်ပြီး အုပ်ချုပ်နေတဲ့ သူ့ရဲ့ညီတော်ကတစ်ဖက်၊ ကျွန်ုပ်တို့အသင်းကတစ်ဖက် အကြီးအကျယ်စကားများပြီးပြည်တွင်းစစ်တောင်ဖြစ်တော့မလိုအခြေအနေရောက်နေတယ်၊ ဒါနဲ့ – ကျွန်ုပ်လည်းဒေဝီကလေးရဲ့နေရပ်ကိုမေးပြီး တဖြည်းဖြည်းမြန်မာပြည်ကို လိုက်လာခဲ့တာ၊ တိုတိုပြောကြစို့မိတ်ဆွေ၊ နောက်ဆုံး သည်မြို့ကိုရောက်လာတာပဲ၊ ဒီအခါကျွန်ုပ်တို့မန္တလေးမှာ ရှိစဉ်ကတည်းက မိတ်ဆွေအကြောင်းကို မြင်းခြံထောင်မှာ ကြားဖူးတာနဲ့ မိတ်ဆွေဆီကို တန်းလှမ်းပြီး အကြောင်းကြားလိုက်တာ၊ အခု ကျွန်ုပ်နဲ့ မျက်နှာစုံညီမိတ်ဆွေကို တွေ့ရတော့တာပဲ""

"မဟာဒေဝီကလေးအတွက်တော့ မစဉ်းစားကြတော့ဘူးလား"

"အင်း – ဒီဟာကတော့စော်ဘွားကြီးက သူ့အကြောင်းမကောင်းပြောတဲ့ မိန်းမတစ်ယောက်လို့ သူ့အပေါ်စိတ်နာပြီး ဘာမှ သူ့အတွက် မစဉ်းစားတော့သလိုပါပဲ၊ နို့ပေမဲ့ – အကယ်၍ သူ့ကိုယ်ဝန်ဟာ ယောကျ်ားကလေး မွေးဖွားခဲ့လို့ရှိရင် သူ့သွေးသူ့သား သူ့ရဲ့ထီးညွန့်နန်းလျာတစ်ပါး ဖြစ်ရမယ်ဆိုပြီး သားတော်ဖြစ်ရင် မရအရကြံဆောင်ပြီး ယူလာရမယ်လို့ အမိန့်တော်ချမှတ်ခဲ့တာပဲ – မိတ်ဆွေ"

www.burmeseclassic.com

www.burmeseclassic.com

ထော်  ။ ။ "သြော် - ဒါထက် - ကလေးကိုယူတာကတော့ဟုတ်ပါပြီ။ ဘယ်လိုလုပ်ပြီး ယူချင်တာလဲ"

တိုသူ  ။ ။ "ကလေးချင်းလဲပြီး ယူရလိမ့်မယ် - မိတ်ဆွေ"

"ဖြစ်နိုင်ပါ့မလား"

"သည်အခြေရောက်မှတော့ မဖြစ် ဖြစ်အောင် ကြံမှပဲ - မိတ်ဆွေ၊ ရုပ်ရည်ချင်း အင်မတန်တူမယ့် ကလေးတစ်ယောက်ကိုလည်း ကျွန်ုပ်တို့ ယူခဲ့ပါမယ့်"

"သြော် - ကျုပ်ကခင်ဗျားယူလာမယ့်ကလေးနဲ့ထောင်ထဲကကလေးကို ကလေးချင်း လဲပေးရမယ်ဆိုပါတော့"

"မှန်ပါတယ် - မိတ်ဆွေ၊ သည်အတိုင်းပါပဲ"

"ဒါဖြင့် - ဘယ်တော့လောက် လိုချင်တာလဲ၊ တာဝန်ကဖြင့် အင်မတန်လေးတဲ့အလုပ်ပဲ - မိတ်ဆွေရဲ့"

"တာဝန်လေးတဲ့အတွက် ဦးဘိုးထော်ကိုပဲ အားကိုးရပါတယ်၊ ပြီးတော့ ခင်ဗျား ဆောင်ရွက်ပေးတဲ့ အတွက် ကျုပ်တို့က ကျေးဇူးမမေ့ပါဘူး မိတ်ဆွေ"

(အတန်ကြာ စဉ်းစားပြီးနောက်) "ကိုင်းလေ - ရအောင်လုပ်ပေးပါမယ်ဆိုတာ ဝန်ခံရတာပေါ့လေ၊ မိတ်ဆွေကသာ ကတိသစ္စာကို မဖျက်ပါနဲ့"

"မဖျက်ပါဘူး - မိတ်ဆွေ - စိတ်ချပါ၊ ကျုပ်တို့အမျိုးအနွယ်ဟာ အင်မတန်ကတိသစ္စာရှိကြပါတယ်၊ နက်ဖြန်ည - ဒီအချိန်မှာ ဒီနေရာကိုသာ လာခဲ့ပါ၊ ကျွန်ုပ်ကလည်း အစားလဲရမည့်ကလေးကိုယူခဲ့ပါ့မယ်၊ မိတ်ဆွေသာ ဒီနေရာကိုအရောက်လာခဲ့ပါ၊ အစစအရာရာ ချောချောမောမောဖြစ်ပြီး အကြံအစည် အောင်မြင်ပါစေဆိုတာ ဆုတောင်းပါတယ်"



ထို့နောက် ဝတ်ရုံနက်ကိုဝတ်ဆင်ထားသူသည် တန်ဆောင်း၏ မြောက်ဘက် တံခါးပေါက်အနီးရှိ မှောင်ရိပ်ထဲသို့ဝင်ကာ လျင်မြန်စွာ ပျောက်ကွယ်၍ သွားလေရာ ဦးဘိုးထော်သည် ထောင်ဘက်သို့ ပြန်ခဲ့လေသည်။

၁ ။

နောက်တစ်နေ့၌ ဦးဘိုးထော်သည် မိန်းမထောင်ဘက်မှ အကျဉ်းသား မခင်မှ၏ကလေးကို ခိုးယူရန် နည်းအမျိုးမျိုး အကြံထုတ်လျက် ရှိလေ၏။ ဤအလုပ်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ၊ ကလေးကို ခိုးယူရန် မဆိုထားဘိ မိန်းမထောင်ဘက်သို့ ကူးရန်ပင် လွန်စွာ ခဲယဉ်းလှတော့၏။ မိန်းမ အကျဉ်းသားများထားရာ ထောင်ခန်းမှာ ယောကျ်ားများ ထောင်ခန်းထက် (၁၂)ပေခန့်မျှမြင့်၍ မတ်စောက်သော အုတ်နံရံကြီး တားဆီးလျက်ရှိနေ၏။ သို့နှင့်ဦးဘိုးထော်လည်း နဖူးမှ ချွေးပေါက်ကြီးများကျ၍ လာသည့်တိုင်အောင် အကြံထုတ်လျက်ရှိရာ ညနေစောင်းအချိန်သို့ရောက်လာသောအခါမှ အကြံ တစ်ခုရ၍ လာတော့၏။

ယောကျ်ားထောင်နှင့် မိန်းမထောင်မှာ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း (၁၂)ပေခန့်မျှမြင့်သော အုတ်တံတိုင်းကြီးတစ်ခု ခြားလျက်ရှိသည့်ပြင် ထိုအုတ်တံတိုင်းကိုကျော်တက်ရန်မည်သည့်နည်းနှင့်မျှမတတ်နိုင်ချေ၊ သို့သော် ယောကျ်ားထောင်ဘက်တွင် ထမင်းဟင်းများ ချက်ပြုတ်သော စားဖိုဆောင်၏နောက်တွင် မြင့်ရာမှနိမ့်ရာသို့ မိုးရေနှင့် အညစ်အကြေးများ တစ်ဖက်မှတစ်ဖက်သို့စီးဆင်းသွားလာနိုင်ရန် ပြုလုပ်ထားသော ပြွန်လုံးကြီး တစ်လုံးဖြင့် ဆက်သွယ်လျက်ရှိ၏။ ထိုပြွန်လုံးတွင်းမှ ကူးမည်ဆိုသော် မိန်းမ ထောင်ဘက်သို့ရောက်နိုင်ကြောင်း တွေ့ရှိရလေသည်၊ သို့ပင်ဖြစ်သော်ငြားကား ခဲယဉ်းသည်မှာ ပြွန်လုံး၏ထိပ်ဝသည် နှစ်ပေသာသာခန့်မျှသာရှိ၍ ကိုယ်လုံး

www.burmeseclassic.com

ကိုယ်ပေါက်အားဖြင့်အလွန်ပိန်သောလူတစ်ယောက်သာ ထိုပြွန်လုံးအတွင်းသို့ ဝင်နိုင်မည် ဖြစ်၏။

သို့ဖြစ်၍ဦးဘိုးထော်လည်းမိမိ၏တပည့်ဖြစ်သောနဂျပ်ဆင်အားလက်သမားအလုပ်ရုံတွင် အလုပ်လုပ်နေသည့် ရွှေကင်းဆိုသူ အကျဉ်းသားအား အခေါ်ခိုင်းလိုက်ရာ မကြာမီပင် အလွန်ကြုံလှီသော သူတစ်ယောက်သည် ဦးဘိုးထော်၏ ရှေ့သို့ ရောက်လာလေသည်။ သို့နှင့် ဦးဘိုးထော်လည်း ရွှေကင်းအား တိတ်ဆိတ်လုံခြုံသည့် နေရာတစ်နေရာသို့ ခေါ်သွားပြီးလျှင် ထိုညလုပ်ရမည့်အလုပ်ကို ရွှေကင်းအား ညွှန်ကြားပြောဆိုလျက်ရှိလေ၏။

"ဘာလဲ - ဆရာ၊ ဘယ်သူ့ကို နှံရဦးမှာလဲ"

"ဘယ်သူ့ကိုမှမနှံရပါဘူးကွယ်၊ အလုပ်ကတော့အတော်ထူးဆန်းတယ်ဟေ့"

"ဘယ်လိုထူးဆန်းတာလဲ - ဆရာ"

"မိန်းမထောင်ဘက်ကို ကူးရလိမ့်မယ်ကွယ့်၊ ကူးပြီး ဟိုမှာ ကလေးတစ်ယောက်ကို ခိုးခဲ့ရမယ်"

"ဩော် - မကြာသေးခင်ကပဲ မိန်းမအကျဉ်းသားတစ်ယောက်မှာ ကလေးမျက်နှာမြင်တယ် ကြားတယ်"

"အေး - ဟုတ်တယ်၊ အဲဒီကလေးပဲ"

"သူ့အမေသိရင်ကော - ဆရာ"

"မသိအောင် ကလေးချင်းလဲပြီး အစားထားခဲ့ရမယ်ကွယ်"

"နေပါဦး - ဆရာ၊ ဟိုဘက်ရောက်အောင် ကူးရမှာက ခက်တယ်"

"သည်ဟာ ငါ ကြံပြီးပါပြီကွယ်၊ ရေတွေဖောက်ချတဲ့ ပြွန်လုံးကြီးထဲက ဝင်ပြီး မင်းသွားရလိမ့်မယ်။ မင်း ကိုယ်နဲ့တော့ ဆံ့ပါတယ်"

"ဟိုရောက်တော့ ဘယ့်နယ်လုပ်ရမလဲ - ဆရာ"



"မသိန်းဆိုတဲ့မိန်းမ တရာတစ်ယောက် စောင့်နေတာ မင်းတွေ့ရလိမ့်မယ်၊ မိန်းမထောင်ဘက်မှ သူဟာ အကြီးအကဲပဲကွ"

"သည်တော့ - ဘာလုပ်ရမလဲ - ဆရာ"

"ငါပေးလိုက်တဲ့ စာကလေးတစ်စောင် သူ့ကိုပြရင် အားလုံးကိစ္စတုံးအောင် သူလုပ်ပေးလိမ့်မယ်"

"နို့ပေမဲ့ - ပြွန်ပေါက်ကအထွက်မှ ကုလားမိသွားမှာ စိုးရတယ်"

"ဒေးဗစ်ဆိုတဲ့အကောင်ကြီးပါကွယ်၊ မျက်စိကလည်း အင်မတန်မှုံပါတယ်၊ ပြီးတော့ - ဒီအချိန်လောက်မှာ သူလည်း အိပ်နေမှာပါပဲ၊ အပေါက်ဝကအထွက်မှာ အလစ်ကြည့်ပြီး မသိန်းစောင့်ပြီးနေတဲ့နေရာသာ ပြေးပေတော့"

"ဘယ်တော့သွားရမှာလဲ - ဆရာ"

"ဒီကနေ့ညပဲ သွားရလိမ့်မယ်ဟေ့"

"ကောင်းပါပြီ - ဆရာ - စိတ်ချပါ၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

ထိုည၌ ဦးဘိုးထော်လည်း ည (၉)နာရီအချိန်လောက်ကပင် အကျဉ်းသား ရွှေကင်းကိုခေါ်၍ စားဖိုဆောင်အနီးတွင်စောင့်သော ကုလားအား လာဘ်ပေး၍ ရွှေကင်းကို ထိုနေရာအနီးရှိ စည်ပိုင်းအလွတ်တစ်လုံးထဲ နစ်သွင်းကာ ဖုံး၍ထားလိုက်၏။ ထို့နောက် သူသည် နာနပ်ဆင်နှင့် လူချင်းလဲလှယ်ပြီးလျှင် တောင်ယာကြီးဘက်စင်မြင့်ပေါ်သို့ရောက်ရှိလာခဲ့၏။ ထိုည၌ ကံအားလျော်စွာပင် ယခင် စင်မြင့်၌ နာနပ်ဆင်ပင် စောင့်ရန် အလှည့်ကျသည်ဖြစ်၍ဦးဘိုးထော်မှာ ခဲယဉ်းခြင်းမရှိဘဲ အရာရာတွင် ချောမောအောင် စီမံနိုင်ခဲ့လေသည်။ ထို့နောက် ည(၁၂)နာရီထိုးသည်နှင့်တစ်ပြိုင်နက် ယနေ့ ဝတ်ရုံနက်ဝတ်သူနှင့် ချိန်းဆိုထားခဲ့သောနေရာသို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာသို့ ရောက်သောအခါ ဦးဘိုးထော်သည် ခပ်မည်းမည်းလူ၏ သင်္ချာန်နှစ်ခုကို မလှမ်းမကမ်းကပင် တွေ့မြင်ရလေသည်။ သင်္ချာန်တစ်ခုမှာ ယမန်နေ့ညက တွေ့ခဲ့ရသော ပုံသင်္ချာန်နှင့် တူပြီးလျှင် အခြားပုံသင်္ချာန်တစ်ခုမှာကား မျက်နှာကိုပင် မမြင်ရသော်လည်း ကိုယ်ဟန်လှုပ်ရှားပုံ အမူအရာကိုမြင်ရခြင်းအားဖြင့် မိန်းမတစ်ယောက်ဖြစ်ဟန် လက္ခဏာရှိသည်ဟု ထင်မိ၏။ ၎င်းတို့နှစ်ဦးမှာ မျက်လုံးနေရာများကိုသာ ချန်လှပ်၍တစ်ကိုယ်လုံး ဝတ်ရုံနက်ကြီးများဖြင့် လွှမ်းခြုံလျက်ရှိနေ၏။

သို့နှင့် ဦးဘိုးထော်လည်း ၎င်းတို့နှင့် ယမန်နေ့က ချိန်းချက်ထားသည့် အတိုင်းအမှတ်အသားလက္ခဏာကိုပြပြီးနောက် အနီးသို့ ချဉ်းကပ်သွားလေသည်။

ဦးဘိုးထော်က -

"အချိန်မှန်ပေသားပဲ။ နေပါဦး - ဟိုဟာက ဘယ်သူလဲ"

အဝတ်နက်က -

"မသိချင်ပါနဲ့လေ"

"မိတ်ဆွေ မသိစေချင်လည်း မမေးတော့ပါဘူးဗျာ။ ဘယ့်နယ်လဲ ခင်ဗျားတို့ ယူလာခဲ့မယ်ဆိုတဲ့ကလေးကော ပါရဲ့လား"

"ပါပါတယ်ဗျာ အဆင်သင့်ပါပဲ။ ဟောဟိုမှာ ..."

ထိုသူသည် မိန်းမနှင့်သင်္ချာန်တူသော ဝတ်ရုံနက်ဝတ်သူအား လက်ညှိုးထိုး၍ပြလိုက်၏။

ထိုအခါ မိန်းမနှင့် ပုံသင်္ချာန်တူသည့် ဝတ်ရုံနက်ကြီးကိုကြည့်လိုက်ရာ ထိုသူသည် သူ၏ဝတ်ရုံအောက်မှ အထုပ်ငယ်တစ်ခုကဲ့သို့ အရာဝတ္ထုတစ်ခုအားပွေ့ချီလျက်ရှိသည်ကိုတွေ့ရ၏။ ထိုသူ၏အမူအရာမှာမိန်းမတစ်ယောက်



ထိုသူ၏အမူအရာမှာ
မိန်းမတစ်ယောက်ကဲ့သို့ရှိနေ၏။
အထုပ်ငယ်အတွင်း၌ကား
အဝတ်ဖြူတစ်ခုဖြင့် ရစ်ပတ်
ထားသည့် တစ်လသားခန့်မျှသာ
ရှိသေးသော ကလေးငယ်သည်
မှန်မှားမှားလရောင်အောက်တွင်
ခြေလက်ကလေးများကို မြှောက်
ချည်၊ ကြွချည်ပြုလုပ်လျက်
ရှိနေလေ၏။

ကဲ့သို့ရှိနေ၏။ အထုပ်ငယ်အတွင်း၌ကား အဝတ်ဖြူတစ်ခုဖြင့် ရစ်ပတ်ထားသည့် တစ်လသားခန့်မျှသာရှိသေးသော ကလေးငယ်သည် မှန်မှားမှားလရောင်အောက်တွင် ခြေလက်ကလေးများကို မြှောက်ချည်၊ ကြွချည်ပြုလုပ်လျက် ရှိနေလေ၏။

ဦးဘိုးထော်နှင့် စကားပြောနေသူသည် မိန်းမနှင့်တူသော သင်္ချာန်၏ လက်ထဲမှအဝတ်များဖြင့် ရစ်ပတ်ထားသည့် ကလေးငယ်ကို လှမ်းယူပွေ့ချီလိုက်ပြီးနောက် -

"ကိုင်း - မိတ်ဆွေယူသွားပေတော့ - ဒီကလေးပဲ"

ဟု ပြောလိုက်၏။

ဦးဘိုးထော်က အတန်ကြာစဉ်းစားပြီးနောက် -

"ကျုပ်တစ်ခု စဉ်းစားနေတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ - မိတ်ဆွေ - ကတိမတည်မှာ စိုးလို့လား။ ခင်ဗျားကို ပေးဖို့ရန် ပစ္စည်း ကျုပ်အိတ်ထဲမှာ အသင့်ပါ,ပါတယ်"

ထို့နောက် ခေါင်းဆောင်ဝတ်ရုံနက်သည် သူ၏ဝတ်ရုံကြီးအောက်မှ အထုပ်ငယ်တစ်ခုကို ထုတ်ယူလိုက်၏။ အထုပ်ငယ်မှာ တစ်စုံတစ်ခုသော အရာကို ရစ်ပတ်ထားခြင်း ဖြစ်၏။ ဤကဲ့သို့ ယုယပိုက်ထွေးထားရာမှပင် ကလေးငယ်သည် ခြေကလန်လက်ကလန်လုပ်ကာ တအယ်အယ် ငိုကြွေးစ ပြုလာတော့၏။

"ကျုပ်စဉ်းစားတာက တခြားမဟုတ်ဘူးဗျ"

"ဘာလဲ - မိတ်ဆွေ"

"ထောင်ထဲကို ရောက်သွားတဲ့အခါ ကလေးငိုမှာ စိုးရိမ်ရတယ်။ ဒီလိုဆိုရင် ကျုပ်တို့အကြံအစည် အထမမြောက်တော့ဘူးဆိုတာသာ မှတ်ပေတော့"

"ဒါတော့ စိတ်ချပါ - မိတ်ဆွေ၊ သည်အတွက် ကျုပ်တို့က ကြိုတင်ပြီး စဉ်းစားထားပါတယ်။ ကိုင်းကွယ် - ဒီက ထောင်မင်းသား ယုံကြည်အောင် ဆေးအစွမ်းကလေး နည်းနည်းပြလိုက်စမ်းပါ"

အဝတ်နက်ကို ဝတ်ထားသော ပထမလူက ဤကဲ့သို့ ပြောလိုက်၏။ ထိုအခါ မိန်းမနင့်သဏ္ဍာန်တူသော ဒုတိယလူသည် အင်္ကျီအတွင်းအိတ်ထဲ လက်နှိုက်ပြီးနောက် လက်သန်းဖျားခန့်ရှိ ဆေးတောင့်ကလေးတစ်ခုကို ထုတ်၍ ငိုကြွေးလျက်ရှိသော ကလေး၏ပါးစပ်ကို တော့၍ထားလိုက်၏။ ဤကဲ့သို့ တပ်လိုက်သည်နှင့်တစ်ပြိုင်နက် တစာစာငိုလျက်ရှိသော ကလေးငယ်မှာ မိခင်၏နို့ကို စို့ရသည့်အလား သေးငယ်လှသောပါးစပ်ကလေးဖြင့် ဆေးတောင့်ကလေး၏အဖျားကို အတန်ငယ်စုပ်ယူလျက် ချက်ချင်းပင် အိပ်ပျော်သွားသည်ကို တွေ့ရ၏။

"ဘယ့်နှယ်လဲ - ဦးဘိုးထော်၊ ခင်ဗျားယုံပြီမဟုတ်လား။ သည်လောက်မှ မလုပ်နိုင်ရင်လည်း ကျုပ်တို့ ဒီကိုမလာပါဘူး"

"အံ့သြလောက်ပါပေတယ်ဗျာ"

"ကိုင်း - ဒါဖြင့် သွားပေတော့ - မိတ်ဆွေ၊ အချိန်သာ ကုန်နေမယ်။ ရော့ - ကလေးအတွက် ဆေးတစ်တောင့်ကိုလည်း မိတ်ဆွေယူသွားပါ"

ဦးဘိုးထော်သည် ကလေးကို လှမ်းယူပြီးနောက် ထူးဆန်းသောဆေးတောင့်ကိုပါ ယူခဲ့ပြီးလျှင် ထောင်ဘက်သို့ ပြန်ခဲ့လေ၏။

ဦးဘိုးထော်လည်း စင်မြင့်ပေါ်သို့ရောက်အောင် ခဲယဉ်းစွာတက်ပြီးနောက် ထိုနေရာမှတစ်ဖန် ရွှေကင်းကို ဝှက်ထားခဲ့သည့်နေရာသို့ သွားရပြန်၏။ ထိုနေရာတွင် ရွှေကင်းကို အဆင်သင့်တွေ့ရ၍ ရွှေကင်းလက်သို့ ကလေးနှင့်တကွ ဆေးတောင့်ကိုအပ်ပြီးလျှင် ကလေးချင်းလဲ၍ ယူခါနီးတွင်လည်း အကျဉ်းသမား မခင်မှု၏ကလေးကို အိပ်ပျော်စေရန် ဆေးတောင့်ကိုမည်သို့ မည်ပုံ အသုံးပြုရမည့်အကြောင်း အထပ်ထပ် မှာကြားရပြန်လေသည်။

ရွှေကင်းသည် ဦးဘိုးထော်၏ ညွှန်ကြားချက်အရ သူ၏ကိုယ်ကို ဓားမိုဆောင်မှ ဂုန်အိတ်စုတ်တစ်လုံးဖြင့် တစ်ကိုယ်လုံးနီးပါး ရစ်ပတ်ပြီးလျှင် မြိုင်ပေါက်အတွင်းသို့ ဝင်ခဲ့လေ၏။ ဤသို့ပြုလုပ်ရခြင်းမှာ ကလေးနှင့်တကွ သူ၏ကိုယ်ကိုပါ မြွှန်ထဲမှ ရွှံ့နွံနှင့် အညစ်အကြေးများ မပေကျံစေရန်ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

ကလေးကိုမူ အသက်ရှူရန် မျက်နှာကိုဖော်ကာ အဝတ်များဖြင့် အထပ်ထပ်ရစ်ပတ်ပြီးလျှင် သူ၏ရင်ခွင်၌ အလိုက်သင့် ပွေ့ချီထားရ၏။ ဤသို့ဖြင့် ရွှေကောင်းသည် အခြားဘက်သို့ရောက်အောင် တစ်လံသာသာမျှ ရှည်သော မြွှန်လုံးကို အထက်ပါအနေအထားအတိုင်း ခဲယဉ်းစွာ ဖြတ်ကျော်ခဲ့ရလေသည်။ အခြားဘက်သို့ ရောက်သောအခါ ဦးဘိုးထော် စီမံပြီးသည့်အတိုင်း မိန်းမအကျဉ်းသမားများကို တာဝန်ခံ စောင့်ရှောက်ရသည့် မိန်းမ ဗာရာမသိန်း၏ အကူအညီဖြင့် သူ ယူဆောင်သွားသောကလေးကို အစားထားခဲ့ပြီးလျှင် မခင်မူ၏ကလေးကို ရရှိခဲ့လေသည်။

ဤသို့ဖြင့် ရွှေကောင်းသည် ယခင်ကနည်းအတိုင်း ကလေးကို ခဲယဉ်းစွာ ပြန်၍ယူနိုင်ခဲ့လေသည်။

ထို့နောက် ဦးဘိုးထော်လည်း ကလေးကို ပွေ့ချီကာ ဝတ်ရုံနက်ဝတ် သူ နှစ်ယောက်အနက် ခေါင်းဆောင်၏လက်ကို မခင်မူ ခေါ် မစန္ဒာ၏ ရင်သွေး ကလေးကို ပေးအပ်လိုက်တော့၏။ ဝတ်ရုံနက်နှစ်ဦးတို့သည် ဦးဘိုးထော်ယူလာခဲ့သော ကလေးငယ်ကို လရောင်အောက်တွင် အသေအချာ ကြည့်ပြီးနောက် ကျေနပ်ဝမ်းမြောက်သည့် လက္ခဏာဖြင့် ကလေးငယ်အား တစ်ယောက်တစ်လှည့်စီ ယုယကြင်နာစွာ အကြိမ်ကြိမ် နမ်းရှုပ်လျက်ရှိနေ၏။

နောက်ဆုံးတွင် ခေါင်းဆောင်ဖြစ်သူ ဝတ်ရုံနက်နှင့်လူသည် ဦးဘိုးထော်၏ပခုံးကို ခင်မင်ယုယစွာ ပုတ်လျက် –

"ကျေးဇူးတင်ပါတယ် – ဦးဘိုးထော်၊ ယခု ကိစ္စကို ဦးဘိုးထော်ကလွဲရင် ဘယ်သူမှ မတတ်နိုင်ဘူးဆိုတာ ကျုပ်တို့ သိပါတယ်၊ ဒီလိုကူညီတဲ့ ကျေးဇူးကိုလည်း ကျုပ်တို့ ဘယ်တော့မှမမေ့ပါဘူး"



"ကျုပ်ကလည်း မိတ်ဆွေတို့ အလိုဆန္ဒပြည့်အောင် တတ်နိုင်သမျှ ကူညီလိုက်တာပါပဲ၊ ဘယ်လိုကိစ္စမျိုးမဆို တရားတဲ့နည်းလမ်းအတိုင်း လုပ်ပေးရမယ်ဆိုရင် ကူညီဖို့ အသင့်ပါပဲ"

"ကျေးဇူးတင်ပါတယ် – မိတ်ဆွေ – ကျေးဇူးတင်ပါတယ်၊ အခု – ကျုပ်တို့ အကြံတော့ အောင်ပေပြီ၊ အခုလို ကျုပ်တို့အရေးကိစ္စမှာ အသက်စွန့် ကြိုးပမ်းကူညီတဲ့အတွက် ကမ္ဘောဇတိုင်းက ပေဘာဒီ "မြ" ကို လက်ဆောင်အဖြစ် ကျုပ်တို့က ဦးဘိုးထော်ကို ရိုးမြှင့်ပါတယ် – လက်ခံပါ"

သို့ပြောပြီးနောက် ခေါင်းဆောင်ဖြစ်သူသည် သူ၏ ဝတ်ရုံနက်အောက်တွင် အဝတ်ဖြူစကလေးတစ်ခုဖြင့် ရစ်ပတ်ထားသည့် "မြ" တစ်လုံးကို ဦးဘိုးထော်၏လက်သို့ ကမ်း၍ပေးလိုက်လေသည်။ "မြ" မှာ ယောက်ျားတစ်ယောက်၏ လက်မ လက်သည်းခွံခန့်ရှိ၍ မထင်ရှားသော လရောင်အောက်၌ပင် တောက်ပလျက်ရှိသော ၎င်း၏အရည်အသွေးကို အကဲခတ်နိုင်လောက်ပေရာ ဦးဘိုးထော်လည်း ဤမျှလောက် အရည်အသွေးကောင်းလှသည့် ကျောက်မျက်ရတနာမျိုးကို မည်သည့်အခါကမျှ မမြင်ဘူးခဲ့ချေ။

ထို့နောက် လူမည်းကြီးနှစ်ယောက်လည်း သစ်ပင်ရိပ်တွင် ချည်နှောင်ထားသည့် မြင်းနှစ်စီးပေါ်သို့ အသီးသီးတက်ကာ –

"ကိုင်း – မိတ်ဆွေ – ကျုပ်တို့အလိုဆန္ဒတော့ ပြည့်စုံပေပြီ၊ နို့ပေမဲ့ – ကျုပ်တို့ဟာ မည်သူမည်ဝါဖြစ်တယ်ဆိုတာ မိတ်ဆွေကို ထုတ်ဖော်ပြီး မပြောခဲ့ရလို့ အင်မတန် ဝမ်းနည်းပါတယ်၊ သွားဖို့ခရီးကလည်း ဝေးသေးတော့ ပြန်လိုက်ဦးမယ် – မိတ်ဆွေ၊ နောင်အခါ အခွင့်သင့်တဲ့အခါလည်း တွေ့ကောင်း တွေ့ လိမ့်ဦးမယ်၊ မိတ်ဆွေကြီးက ကျုပ်ကိုမသိပေမဲ့ ကျုပ်က မိတ်ဆွေကြီးကိုတော့ ကောင်းကောင်းမှတ်မိပါတယ်၊ သွားပေါ့ – မိတ်ဆွေ – သွားပြီ"

www.burmeseclassic.com

သို့ပြောဆိုပြီးနောက် ဝတ်ရုံနက်ဆင်ထားသူ နှစ်ယောက်တို့လည်းမြင်းများပေါ် အသီးသီးတက်ပြီးလျှင် အရှေ့ဘက်သို့ ခပ်ဖြည်းဖြည်း မောင်းနှင်သွားလေရာဦးဘိုးတော်သည် ထိုထူးဆန်းသော လူနှစ်ယောက်အားမျက်စိတဆုံးကြည့်၍နေမိတော့၏။

ထို့နောက် ချက်ချင်းပင် မြင်းစီးသမားနှစ်ယောက်တို့လည်း "သံတစ်ချောင်းလမ်း" ပေါ်ရှိကုက္ကိုပင်ရိပ်များအောက်သို့ဝင်ကာ တဖြည်းဖြည်းကွယ်ပျောက်သွားလေတော့သတည်း။

ထို "မြ" အကြောင်းနှင့် ပတ်သက်၍ ဦးဘိုးတော်သည် ကျွန်ုပ်အား အောက်ပါအတ္တုပ္ပတ္တိကို ပြောပြသဖြင့် ဦးဘိုးတော်ပြောပြသည့်အတိုင်းရေးသားရခြင်း ဖြစ်ပါသည်။

→ ဒဂုန်ရွှေမျှား

- တူရိယာပစ္စည်းများကို မြင်မက်ပါက လယ်မြေကို ပိုင်ဆိုင်မည်။
ဖောင်စီးရသည်ဟု မြင်မက်က ကြီးပွားချမ်းသာမည်။
- မြင်း၊ မြ၊ ကြက်၊ မ၊ ဥချိုင်းတို့ကို မြင်မက်ပါက လက်ထပ်မင်္ဂလာပြုရမည်။
- ရှပ်ပွားဆင်းတုတော်ကို မြင်မက်က အောင်မြင်ကျော်ကြား ဘုန်းကြီးမည်။
- မီးတောက်ကို မြင်မက်က ဘုန်းတန်ခိုးကြီးမည်၊
မီးနိုးကို မြင်က မကောင်း။
- သွားကျိုးသည်၊ ခေါင်းကဆံပင် ကျွတ်ကျသည်မက်က ကျန်းမာရေးချို့တဲ့မည်၊ စီးပွားပျက်မည်။
- မှောင်မည်းနေသောတွင်းထဲကျခြင်း၊ လူသေမီးရှို့သည့်မီးခဲတွင်း၊ ပြာထဲသို့ ကျသည်ဟု မြင်မက်က သေဆုံးမည့်နိမိတ်။
- ကျီးကန်းများ ခိုက်ရန်ဖြစ်ပွားခြင်း၊ ခွေးများ၊ ဝက်ဝံများ မိမိကိုယ်ခန္ဓာပေါ် ကျလာသည်ဟု မြင်မက်က သေဆုံးမည့်နိမိတ်။



www.burmeseclassic.com

## သားအဖနှစ်ယောက်
## ယာထွင်လုပ်ကိုင်ရာမှ မမျှော်လင့်ဘဲ ကြောက်မက်ဖွယ် ပိုးကောင်များနှင့် တွေ့ကြရာဝယ် ..

**ဒွေးအောင်တို့** သားအဖတစ်တွေ တောင်ပေါ် တစ်နေရာ၌ ယာကွက်ခုတ်ရန် တောတက် လာခဲ့ ကြသည်။ ဖခင်ဖြစ်သူ ဦးဘမောင်က ရွာတောင်ဘက်တွင်ရှိသော လယ်မြေသုံးဧက လုပ်ရုံနှင့် မိသားစုဝမ်းစာ အတွက်သာ ရရှိသည်။ ဝမ်းစာစပါးနှင့် မလုံလောက်။ ထမင်းတစ်မျိုးတည်း ချက်စားသည်နှင့်မဖြစ်၊ ထမင်းနှင့်ရောဖက်စားရန် ဟင်းလျာက လိုသေးသည်၊ ထို့အပြင် မိသားစုအတွက် အဝတ်အထည်၊အသုံးအဆောင်တွေကလည်း လိုအပ်ကြသည်၊ သားတွေ သမီးတွေကလည်း အရွယ်ကလေးတွေလောက်လောက်လားလား ဖြစ်လာကြတော့ လူငယ်တို့ ဘာဝတ်ချင် စားချင်၊ လှချင်၊ ပချင်လာကြသည်၊ သည်လယ်ကလေးလုပ်ရုံနှင့် အပိုဝင်ငွေ ရမလာနိုင်ခြင်းကြောင့်သူတို့၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် မဖြစ်နိုင်ပေ၊

"အင်း – ငါဟာ ဒီအိမ်မှာ အိမ်ထောင်ဦးစီးတစ်ယောက်ပဲ၊ သားသမီးတွေမွေးထားပြီး သူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ရအောင် ငါ့မှာ တာဝန်ရှိနေတာပဲ။ ပြီးတော့ – ငါ့မှာ တာဝန်ရှိနေတာပဲ၊ ပြီးတော့ – ငါ့သားသမီးတွေ မျက်နှာငယ်ကြရမှာကိုလည်း ငါမလိုလားဘူး။ ဒီတော့ – ဝင်ငွေရနိုင်အောင် ငါ အလုပ်တစ်ခုခုဖွေ့ ရှာလုပ်ဦးမှ ဖြစ်မှာပဲ"

ဦးဘမောင်က သူ့အိမ်အခြေအနေ၊ သူ့သားသမီးတွေအရေးကို တွေးဆကြည့်နေခြင်းဖြစ်သည်၊ လယ်မြေကလေးသုံးဧကကို သားသမီးတွေနှင့် ဝိုင်းလုပ်ခဲ့တော့ ရက်မကြာမီမှာပဲ စောစီးစွာပြီးခဲ့သည်၊ လယ်ဧကများသည့် လက်သမားများအတွက်ပင် အငှားလိုက်ပေးနိုင်သေးသည်၊

"အင်း – အိမ်က လယ်သုံးဧကကို ငါ့သားကြီးနဲ့လွှဲထားရင် ရနိုင်တာပဲ၊ သားကြီးက ဖအေနှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်ခဲ့လေတော့ လယ် ဘယ်လိုစိုက်ရတယ်ဆိုတာ ကျွမ်းကျင်နေပြီပဲ"

တစ်ညတွင်ညစာစားသောက်ပြီးသည်နှင့်မိသားစုဝင်ငွေပိုရနိုင်အောင် လယ်လုပ်ရုံနှင့် မရနိုင်ကြောင်း၊ အခြားဝင်ငွေရနိုင်မည့် အလုပ်တစ်ခုခုတို့ တိုးချဲ့လုပ်ကြမှ ဝင်ငွေပိုရပြီး မိသားစုလည်း လိုအပ်ချက်တွေ ပြည့်စုံလာနိုင်မည်ဖြစ်ကြောင်း မိသားစုနှင့် တိုင်ပင်ခဲ့လေသည်၊

"အဖေက လုပ်ငန်းတိုးချဲ့လုပ်မယ်ဆိုတော့ ဘယ်လိုများ လုပ်ကိုင်မယ် စိတ်ကူးရလို့လဲ – အဖေရ"

"ဒီလိုကွ – ငါ့သားကြီးက အဖေနဲ့အတူ လယ်ထဲဆင်းခဲ့တာဆိုတော့ လယ်ဘယ်လို လုပ်ကိုင်ရမယ်ဆိုတာ နားလည်နေပြီလေ၊ ဒီတော့ – အိမ်က လယ်ကို သားကြီးကိုပဲ လုပ်ခိုင်းမယ်၊ အဖေနဲ့ သားလတ်ကတော့ အနောက်ပဲခူးရိုးမပေါ်တက်ပြီး တစ်နေရာရာမှာ ယာကွက်ကလေး ခုတ်ကြမလားလို့ကွ"

"ဟာ – အဖေ စိတ်ကူး မဆိုးဘူးဗျ၊ ရွာအနောက်ပိုင်းက ကိုသိန်းအောင်တို့ဆိုရင် တောင်ပေါ်မှာယာခင်းခုတ်ထားတော့ ယာထဲက ပြောင်းနှံတန်ရင် ပြောင်းဖူးထွက်တယ်၊ ရေတ်သီး၊ ဆင်ခရမ်းချဉ်သီး၊ ဖရုံသီး၊ သခွားသီးလည်း

www.burmeseclassic.com

www.burmeseclassic.com

ထွက်တယ်လေ။ သူ့ရာသီနဲ့သူထွက်လာတော့ ဈေးရောင်းမကုန်အောင် ထွက်ကြတယ်၊ ဒီတော့ - သူတို့မိသားစု ပြောင်ပြောင်ယောင်ယောင်နဲ့ ချောင်ချောင်လည်လည်တွေ သုံးနိုင်၊ စွဲနိုင်ခဲ့ကြတယ်လေ"

"ဒါတင်ကရိုးလားကွာ - သီးမွှေး၊ ငှက်ပျောတွေက ပြောင်းတို့၊ ဂျုတ်တို့တုံးမှ နောက်ဆုံးမှ ထွက်လာပြီး သီးရင့်လာကြတော့ ယာသမားတွေဟာ အဲဒီသီးမွှေးငှက်ပျောထွက်နဲ့တင် ဝင်ငွေတွေ တအားရကြတာကွာ"

"ဟုတ်တယ်ဗျ - အဖေရ၊ သီးမွှေးငှက်ပျောတွေက ယာစိုက်ခင်းထဲက ထွက်တာဆိုတော့ သန်လည်းသန်၊ အဖီးကြီးတွေကလည်း ကားနေတာပဲ။ အဲဒီငှက်ပျောတွေကို ရန်ကုန်က ငှက်ပျောဒိုင်ကို ခြင်းတွေနဲ့ ထည့်ပြီးပို့တော့ ဈေးကောင်းလည်း ရကြတယ်လေ"

တောင်ပေါ်တွင် ယာစိုက်ပျိုးနိုင်မည့်နေရာ ရှာဖွေပြီး ယာလုပ်ကြရန်တော့ မိသားတစ်စုလုံး သဘောကျလေသည်။ ယာသမား၊ သားသမီးများ ဝတ်နိုင်၊ စားနိုင်၊ သုံးနိုင် ဖြုန်းနိုင်ကြသည်ကို သူတို့ အားကျခဲ့ကြသည်။ ထို့ကြောင့်လည်း ဖခင်ဖြစ်သူက ယာခုတ်မည်ဟု တိုင်ပင်ခဲ့သောအခါ အားလုံးက သဘောတူကြလေသည်။ သူတို့အရပ်က ယာသမားများပို့ပေးသော သီးမွှေးငှက်ပျောများမှာ ရန်ကုန်ရောက်လျှင် ဈေးကောင်းရလေသည်။

သည်နေ့ မနက်စောစောတွင် ဦးဘမောင်နှင့် ဌေးအောင်တို့သားအဖ ယာခင်းကွက် ရှာဖွေ၍ ယာခုတ်ရန် တောင်ပေါ်တက်လာခဲ့သည်။

* ❀ *

ယာခုတ်မည့်နေရာက သစ်ပင်တွေ ထူထပ်ပြီး စိမ့်ကောင်းရမည်။ နေရောင်ခြည်ကောင်းစွာ ရနိုင်သော တောင်ကုန်းတောင်စောင်းဖြစ်ရန် လိုအပ်သည်။ ထို့အပြင် ယာခင်းထဲ၌ ရေအမြဲရှိနေသော မြောင်းတစ်မြောင်းလည်းရှိဖို့ လိုအပ်သည်။ ယာခုတ်၊ ပေါင်းရှင်း၊ ငှက်ပျောခုတ်၊ ဂျုတ်၊ သခွားဖရုံ၊ ပြောင်းတို့ ခူးဆွတ်ပြီးလျှင် ကိုယ်လက်သန့်စင်နိုင်ရန် ရေနှင့်နီးမှ ဖြစ်



မည်။ ထမင်းဟင်းချက်ပြုတ်ရန်၊ ရေနွေးကျိုရန်၊ ရေသောက်ရန်ကအစ ရေနှင့်နီးမှ ဖြစ်မည်။ ရေနှင့်ဝေးနေလျှင် တောင်ကုန်း၊ တောင်စောင်း၊ လျှိုမြောင်များထဲတွင် ရေလိုက်ရှာနေရလျှင် အလုပ်ဖင့်နေးတတ်သည်။

"သား - ဌေးအောင်ရေ - ဒီနေရာကိုကြည့်စမ်းကွာ၊ တောက တော်တော်ထူတာပဲ၊ စိမ့်လည်း ကောင်းတယ်ကွ"

"ဟုတ်တယ် - အဖေရ - တောင်စောင်းက နေရောင်ခြည်လည်း ရနိုင်တယ်ဗျ"

"နေဦးကွ - ဒီစိမ့်တောထဲမှာ ရေရှိတဲ့မြောင်ရော ရှိရဲ့လား မသိဘူးကွ"

"အဖေ - ဒီနားက စောင့်နေလေ၊ ကျွန်တော် စိမ့်တောထဲဆင်းသွားပြီး ရေရှိတဲ့ စိမ့်တောထဲဆင်းသွားပြီး ရေရှိတဲ့မြောင် ရှိ,မရှိ သွားကြည့်လိုက်မယ်"

"အေး - အေး - သား ဓားကိုင်သွားကွ၊ သတိလည်း ထားသွားဦးနော်"

သားဖြစ်သူ ဌေးအောင်က စိမ့်တောထဲ တစ်ယောက်ထဲ ဓားကိုင်၍ဆင်းသွားခဲ့သည်။ ဦးဘမောင်ကတော့ သစ်ပင်ရိပ်တွင်ထိုင်ကာ စိမ့်တောကြီးအား ငေးငိုက်ကြည့်နေလေသည်။ စိမ့်တောကြီးက ကျယ်လည်း ကျယ်သည်။ သစ်ပင်တွေလည်း ထူထပ်သည်။ ယာခုတ်ပြီး မီးရှို့လိုက်လျှင် ယာမီးနာပြီး မြေလည်းသီးနှံတွေ စိုက်နိုင်ရန် အလွန်ကောင်းလေသည်။ နောက်တစ်ချက်က သည်နေရာတွင် ယာခုတ်ခဲ့လျှင် စွတ်လမ်းမကြီးနှင့် နီးသဖြင့် သီးနှံတွေ ထွက်လာသည့်အခါ ရွာသို့ အထမ်းငှား သယ်ယူရန် အဆင်ပြေနိုင်လေသည်။

"ဟော - သား - ပြန်လာပြီလားကွ"

"ပြန်လာပြီ - အဖေ"

"စိမ့်တောထဲမှာ မြေဝင်တစ်မြောင်း ရှိနေတယ်ဗျ၊ ရေကတော့ နည်းနည်းရှိနေမဲ့ပုံပဲဗျ"

စိမ့်တောနေရာမှာ ယာခုတ်နိုင်ရန် အဘက်ဘက်က ပြည့်စုံသဖြင့် ထိုစိမ့်တောတွင် ယာခုတ်ကြရန် ရွေးချယ်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သားရေ - ဒီနေ့ နေကောင်းတယ်ကွ၊ ဒီတော့ - ဒီနေ့ အဖေတို့ယာ စပြီး ခုတ်သွားကြရအောင်ဟေ့"

သားအဖနှစ်ယောက်လည်း အိမ်မှ ပါလာသော ထမင်းထုပ် ထည့်ထားသော လွယ်အိတ်ကို သစ်ပင်ငုတ်တွင် ချိတ်၍ ယာစပြီး ခုတ်ခဲ့ကြသည်။

"အဖေ - ဘယ်နေရာက စပြီး ခုတ်ရမလဲဗျ"

"အိုကွာ - ကရင်တိုင်းရင်းသားတွေ ယာခုတ်တဲ့အတိုင်းပဲပေါ့ကွာ"

"ကရင်ယာသမားတွေက ဘယ်လိုခုတ်ကြလို့လဲဗျ၊ ပြောပြပါဦး"

"သူတို့က ယာကွက်ကို တောင်ခြေကစပြီး တောင်ထိပ်ရောက်အောင် ခုတ်ကြတာကွ၊ ဒီလို ခုတ်ကြရင်လည်း ခုတ်တဲ့ သစ်ပင်ကို အပြတ်ခုတ်လို့ မရဘူး၊ သစ်ပင်တစ်ဝက်လောက်ပဲ ခုတ်ပြီးထားခဲ့တာ၊ ပြီးရင် - နောက် သစ်ပင်တစ်ပင်ကို အဲဒီလိုပဲ တစ်ဝက်ပဲ ဆက်ခုတ်သွားကြတယ်လေ၊ ခုတ်ရာကိုတော့ တောင်ခြေအနိမ့်ပိုင်းဘက်ကို ထားခုတ်ကြတယ်၊ အဲဒီလို သစ်ပင် တစ်ဝက်တစ်ဝက် ခုတ်ပြီးထားခဲ့ရာက ခုတ်ကွက်တော်တော်ကျယ် ကျယ်ရလာတော့တောင်ထိပ်က သစ်ပင်ကိုအပြတ်ခုတ်ချလိုက်တော့တာပဲ၊ အဲဒီသစ်ပင်ဟာ တောင်ခြေဘက်ကို လဲကျလေတော့ တောင်ခြေဘက်က ပင်စည်တစ်ဝက်သာ ခုတ်ထားတဲ့ သစ်ပင်တွေအပေါ်ကို ဖိလဲကျခဲ့တော့ ပင်စည်တစ်ဝက်သာ ခုတ်ထားတဲ့ သစ်ပင်တွေဟာတစ်ပင်ပေါ် တစ်ပင်ဖိ လဲကျသွားတာနဲ့ တောင်ခြေအထိ အမြစ်ပင်တွေ လဲကျကုန် တော့တာပဲကွ၊ ဒီနည်းဟာ အရင်ယာသမားတွေ ခုတ်ကြတဲ့ တောင်ယာခုတ်လို့နည်းလေ ကွာ"

"ဟာ - ဒီခုတ်နည်းက ခုတ်ရသက်သာတဲ့နည်းပဲ အဖေရဲ့၊ ကျွန်တော်တို့ လည်း ဒီနည်းနဲ့ပဲ ခုတ်ကြမယ်လေဗျာ"

သားအဖနှစ်ယောက်မွန်းတည့်ချိန်အထိပြီးသလောက်ခုတ်ခဲ့ကြတယ်၊ သစ်ပင်၏တောင်ခြေဘက်မှ ပင်စည်တစ်ဝက်သာ ခုတ်၍ အပင်မတတ်တတ် ထားထွားပြီး ခုတ်သွားခဲ့ကြသည်၊ နေ့ခင်းတွင် မြောင်းထဲ ဆင်းလာကြကာ ရေစမ်းနံဘေးက ကျောက်တုံးများပေါ်ထိုင်၍ ပါလာသော ထမင်းထုပ်ဖြည်ပြီး



တောပိုင်၊ တောင်ပိုင်များအား စားဦးစားဖျား တင်မြှောက်၍ နေ့လယ်စာ စားခဲ့ကြသည်၊ ထိုမြောင်းထဲက အရိပ်၌ပင် နေခိုကာ နားနေခဲ့ကြလေသည်၊

ညနေသုံးနာရီအချိန်ခန့်တွင် တစ်ဖန် သစ်ပင်များကို ဆက်ခုတ်ကြပြန် သည်၊

"သားရေ - နေလည်း တော်တော်နည်းသွားပြီကွ၊ အိမ်ပြန်ရမှာနဲ့ တော် ကြဦးမှပဲ"

သားအဖနှစ်ယောက် အခုတ်ရပ်ကာ ရွာသို့ ပြန်လာခဲ့ကြရာ ရွာသို့ ညစုနစ်နာရီခန့်မှ ပြန်ရောက်ခဲ့ကြသည်၊

သားကြီးကတလင်းထဲပုံထားသောကောက်စိုင်ပုံမှကောက်လှိုင်းများကို တလင်းထဲတွင် ဖြန့်ချပြီး စပါးနယ်နေသည်၊ လယ်ရိုင်းပြတ်ကွက်ထဲတွင် ဆောင်းပဲများ ရင့်မှည့်လျှင် မနက်ပိုင်း၊ မိသားစုအလိုက်သွား၍ ဆွတ်ကြရ သည်၊ သားကြီးကရွာမှလယ်အလုပ်ကိုသူကိုယ်တိုင်ဦးစီး၍လုပ်နိုင်ခဲ့သဖြင့် ဦးဘမောင် တောင်ပေါ်တွင် စိတ်အေးစွာ ယာခုတ်နိုင်ခဲ့လေသည်၊

"ဟာ - အဖေ - ဒီတွင်းထဲမှာ နကျယ်ကောင်တွေ အများကြီးပဲဗျ"

"ဟ - ဟ - နေဦး - မင်းဟာ နကျယ်ကောင်က အဲဒီလို အစုလိုက် အပြုံ လိုက်မနေကြဘူး"

ဦးဘမောင်က သူ့သားပြသော နကျယ်ကောင်တွင်းကို ကြည့်မိသည်၊

"ဟာ - ဒါနကျယ်ကောင်မဟုတ်ဘူး၊ ပျားတူကောင်တွေကွ၊ သိပ်အဆိပ် ပြင်းတယ်၊ သူတို့တွင်းထဲ ခြေထောက်ကျံကျမိရင် ခြေထောက် ပြန်ဆွဲထုတ် ရင် အသားတွေ ပါမလာတော့ပဲ အရိုးသာပါလာတာကွ၊ အနားမကပ်နဲ့၊ ခပ်ဝေးဝေး ရှောင်နေဟေ့"

ခက်ပြီ၊ သူတို့ဟာ ရွေးချယ်ခုတ်ခဲ့သည့် ယာကွက်ထဲမှာမှ ပျားတူအုံက ရှိနေသည်၊ ထိုအုံကိုဆက်ထား၍ မဖြစ်ပေ၊ တစ်နေ့နေ့ အန္တရာယ် တွေ့လာ နိုင်လေသည်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတစ်ကိုယ်လုံးလည်း
နွေခေါင်ခေါင်ကြီးမှာ
ရွှဲနစ်နေတာပါလားကွ။
ဘာလဲ–မင်း အိုင်တစ်အိုင်ဆင်းပြီး
ရေချိုးရသလားကွာ၊
အပူတော့ ရုပ်တော့မှာပဲ။

"ကဲ - သားရေ - အဖေတို့ ယာခုတ် ဓားရပ်ပြီး ဒီများတူအုံကို အရင်ရှင်းကြရအောင်ဟေ့"

"ဟင် - အဖေက ဘယ်လိုရှင်းမှာလဲဗျ"

"အဖေက ရှင်းနည်းသိပါတယ်ကွ၊ သွား - ဟိုမြောင်ကမ်းပါးက ရွှံ့ပျော့ပျော့ သွားခူးယူချေကွာ"

ဒွေးအောင်လည်း မြောင်ထဲ ဆင်းလာကာ မြောင်ကမ်းပါးမှ ရွှံ့တုံးတော်တော်ကြီးကြီးတစ်တုံး ခူးယူလာခဲ့သည်။

"သား - ဒီနားမှာပဲ နေခဲ့၊ အဖေ့ နောက်မလိုက်လာခဲ့နဲ့နော်"

ဦးဘမောင် ရွှံ့ပျော့တုံးကို ယူ၍ များတူအုံတွင်းရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့သည်။ နေ့ခင်းဘက်နေပူသဖြင့် များတူကောင်များ၊ မြေတွင်းထဲ၌ နေကြသည်။ များတူကောင်များဝင်ထွက်သည့် တွင်းအဝကိုတွေ့သည်နှင့် ထိုအဝနားအသာအယာကပ်သွားကာ ရွှံ့ပျော့တုံးနှင့်ဖေါက်၍ပိတ်လိုက်လေသည်။ ထွက်ပေါက်ပိတ်ခဲ့သဖြင့် တွင်းထဲတွင် များတူကောင်များ ပွတ်လောရိုက်နေတော့သည်။



"ကဲ - သားရေ - အဖေ့နားလာလို့ရပြီကွ။ အဖေတို့ ဝါးလုံးခြောက်တွေ သစ်ရွက်ခြောက်တွေ အဲဒီများတူတွင်းဝပေါ်မှာစုပုံဟေ့၊ တော်တော်များများ သာပုံကွာ"

တွင်းဝနားကမြေကိုစမ်းစမ်းနင်းကြည့်ပြီးမှ ဝါးခြောက်၊ သစ်ရွက်ခြောက်များ သွားပုံခဲ့ကြသည်။ မြေကျွံကျလျှင် အရိုးသာ ကျန်မည်ကို သိထားကြသည်။

ဦးဘမောင်က ပုံထားသောဝါးခြောက်၊ သစ်ရွက်ခြောက်များကိုမီးခြစ်၍ ရှို့ပေးခဲ့သည်၊ အချိန်အတန်ကြာ လောင်ခဲ့ပြီး မီးကျသွားသော အခါတွင်းထဲ၌ ပွတ်လောရိုက်သံများ လုံးဝမကြားခဲ့တော့ချေ။

"တွင်းထဲရှိသမျှ များတူကောင်တွေ မျိုးပြုတ်သွားပြီဟေ့၊ ဒါမှ - အဖေတို့ ဟာကို အေးအေးဆေးဆေး အန္တရာယ်ကင်းကင်းခုတ်နိုင်မှာကွ"

တွင်းဝက နီရဲနေသော ရွှံ့တုံးကိုဖယ်၍ တွင်းထဲကြည့်မိရာ များတူတစ်ကောင်မျှ အသက်ရှင် ကျန်နေသည်ကို မတွေ့ခဲ့ကြတော့ချေ။

* * *

ယာခုတ်ပြီးသွား၍ မိုးဦးကျစပြုရာ ငှက်ပျောစို့များ စိုက်ကြသည်။ ငှက်ပျောကြားတွင် ငရုတ်စေ့များ စိုက်သည်။ တဲနှင့် နီးသော တောင်စောင်းတွင် ပြောင်းစိုက်ခဲ့သည်။ နှစ်လ၊ သုံးလခန့်ကြာလျှင် ငှက်ပျောပင်များ သန်သန်စွမ်းစွမ်း ထွက်လာကြသည်၊ ငရုတ်ပင်များမှလည်း ကုလားအော် ငရုတ်များ သီးမှည့်လာကြ၍ ခူးဆွတ်ခဲ့ကြသည်။ သစ္စား၊ ဗုံလုံ၊ ပဲတောင့်ရှည်များလည်း ခူးယူကာ ရွာထဲ၊ ဈေးထဲတို့တွင် ရောင်းမလောက်သဖြင့် ယာမှ ဝင်ငွေ စတင်ရရှိခဲ့ကြလေပြီ၊ ပြောင်းပေါ်စဉ်က ပြောင်းရောင်းရငွေ တော်တော်ပင် သုံးလိုက်ရလေသည်။ ပြောင်းကရောင်းလည်းရောင်း၊ စားလည်းစားရလေသည့် သာပြောင်းဖြစ်သဖြင့် နူးညံ့ပျော့အိနေလေသည်၊ လူကြိုက်များ၍ ရောင်းမလောက်ခဲ့ပေ။ ရှေ့နှစ်တွင် ပြောင်း ပိုစိုက်ရန် ဆုံးဖြတ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"သားရေ - အဖေတို့ယာက စုတ်ကွက်က ကျဉ်းနေတော့ သီးနှံအထွက်နည်းပြီး ရောင်းအားနည်းခဲ့တယ်ကွ၊ လာမယ့်နှစ်မှာ ဖကတိုးစုတ်ကြရမယ်"

"ဟိုမြောက်ဘက်တောင်ကြောအတိုင်း ချဲ့စုတ်ကြတာပေါ့ကွာ"

ရင့်သမျှ ငှက်ပျောများ ခုတ်ပြီးအထမ်းဒွားကာ ရွာသို့ သယ်ယူပြီး၊ ခြင်းများနှင့်ထည့်၍ ရန်ကုန်က ငှက်ပျောပွဲရုံကို ကားနှင့် တင်ပေးသည်၊

ယာသစ်ကိုလည်း တိုးချဲ့စုတ်ပြီး နေအခြောက်လှန်းထားခဲ့သည်၊ တစ်နေ့တွင်သားဌေးအောင်ရွာပြန်ကာရိက္ခာသွားယူနေစဉ်နေ့ခင်းနှစ်နာရီအချိန်ခန့်တွင် ဦးဘမောင်စုတ်ကွက်ကို မီးရှို့ခဲ့လေသည်၊ နေက ပူပြင်းလှသဖြင့် မီးအရှိန်ကောင်းကောင်းနှင့် စုတ်ကွက်တစ်ခုလုံးတစ်မဟုတ်ချင်းပျံ့နှံ့လောင်ကျွမ်းသွားခဲ့တော့သည်၊ ယာထဲတွင်သားက ရှိမနေသဖြင့် ဘာမျှစိုးရိမ်စရာမရှိဘဲ မီးရှို့နိုင်ခဲ့သည်၊ မီးလောင်ပြင်ကိုကြည့်မိကာ ကျေနပ်သောအမူအရာဖြင့် ယာထဲမှ တဲဆီသို့ ပြန်လာကာ ချွေးသုတ်နေလေသည်၊ ထိုအချိန်တွင် သားဖြစ်သူ အူယားဖားယား ချွေးသံတရွှဲရွှဲဖြင့် ရောက်လာတော့သည်၊

"ဟင် - သားဌေးအောင် - မင်းတစ်ကိုယ်လုံးလည်းချွေးခေါင်ခေါင်ကြီးမှာရွှဲနစ်နေတာပါလားကွ၊ ဘာလဲ - မင်း အိုင်တစ်အိုင်ဆင်းပြီး ရေချိုးရသလားကွာ - အပူတော့ ရုပ်တော့မှာပဲ"

"ဘယ်က ဟုတ်ရမှာလဲ - အဖေရာ၊ သား - မီးထဲပါပြီး မသေတာပဲကံကောင်းလို့ဗျ"

"ဟင် - ဘယ်လိုဖြစ်လို့လဲကွာ"

"အဖေက နေ့ခင်းဘက်မှာ ယာကွက်အသစ်ကို မီးရှို့ခဲ့တော့ သားကအဲဒီအရှိန်နဲ့ လောင်လောင်နေတဲ့ မီးတွေ ဝိုင်းနေတဲ့ မြောင်ထဲ ရောက်နေတယ်လေ၊ မီးတွေ တဖြည်းဖြည်းဝိုင်းပြီး နီးလာလေလေ ဘယ်မှပြေးလို့မရဘဲ မီးအပူထဲမှာ မီးလောင်ပြီး သေရတော့မှာပါလားပေါ့"

"ဟင် - ဒါဖြင့်မင်းက ဘယ်လိုကနေ ဘယ်လို လွတ်လာခဲ့ရတာလဲကွ"



"အဲဒီလိုမီးတွေဝိုင်းလာနေတုန်း မြောင်ထဲမှာ ဟိုပြေး၊ သည်ပြေးနဲ့ ပြေးနေတုန်းမှာ စမ်းရေအိုင်တစ်အိုင်တွေ့လို့ ရေငုပ်ပြီးလွတ်ရင်လည်း ကံပဲဆိုပြီး ရေအိုင်ထဲဆင်းပြီးငုတ်တုတ်ထိုင်နေခဲ့ရတယ်လေ၊ ရေကတစ်ထိုင်စာနက်လို့တော်သေးတာပေါ့ - အဖေရာ၊ နို့မို့ဆိုရင် - သားလဲမီးထဲပါပြီးသေနေလောက်ပြီဗျ"

ဌေးအောင်က မီးတွေဝိုင်းလာနေစဉ် ပြေးရင်းလွှားရင်း စမ်းရေအိုင်ထဲခုန်ဆင်းနေခဲ့လို့သာ မီးထဲမပါ အသက်မသေခဲ့ရခြင်း ဖြစ်သည်ကို သူ့ဖခင်အားရှင်းပြခဲ့လေသည်၊

"တော်သေးတာပေါ့ - သားရယ်၊ အဖေက သားရွာပြန်ပြီး ရိက္ခာသွားယူနေတယ်ဆိုပြီး ယာထဲကို ပြန်လာရင်လည်း ညမိုးချုပ်ခါနီးမှ ပြန်ရောက်လာမှာပဲဆိုပြီး မင်းမရှိခိုက်မှာ ယာမီးရှို့ခဲ့တာလေ၊ ကံကြီးပေလို့ပေါ့ - သားရယ်၊ စမ်းရေအိုင်က အဆင်သင့် တွေ့ခဲ့ပေလို့သာပဲ"

"ပြန်လာပါဦး - သားကရော ဘာပြုလို့ နေအေးမှ ပြန်မလာဘဲ နေ့ခင်းနေပူပူကြီးထဲမှာ ပြန်လာခဲ့ရတာလဲကွ"

"သားလည်း ရိက္ခာတွေ ပြည့်စုံစွာ ရတာနဲ့ ညနေစာ အချိန်မီ ချက်နိုင်အောင် ပြန်လာခဲ့ရတာလေ - အဖေ"

"အင်း - တော်ပါသေးရဲ့ မသေတောင်း၊ မပျောက်ကောင်း - သားရယ်၊ နောင်အခါဆိုရင်တော့ ဒီလိုမျိုးမဖြစ်ရအောင် သတိထား ဆင်ခြင်ပြီး လုပ်ကြရတော့မှာပဲ"

မီးထဲ ပါမသွားတဲ့ ရိက္ခာထုပ်ကိုဖြည်၍ ထန်းနို့ဆီနှစ်ဘူးကို ရေဖျော်ဆေးပြီး သူတို့သားအဖနှစ်ယောက် ညစာအတွက် ဦးဘမောင်က မီးထိုး၍ ချက်ရလေတော့သည်၊

➜ တင့်ရွှေ ([illegible])

www.burmeseclassic.com

www.burmeseclassic.com



**လွဲမှားသောမာန၊**
**မှောင်မိုက်သောအသိဉာဏ်ကြောင့်**
**နောက်ဆုံးအသက်**
**ဆုံးရှုံးရသည့်ဘဝ ။ ။**

**တော**တစ်ခုလုံး ငြိမ်သက်နေသည်၊ စိမ်းစိုသောတောတောင်တစ်ဝန်းရှိတိတ်ဆိတ်ခြင်းသည် အသည်းယားဖွယ် ကောင်းလေစွ၊ လေညင်းက တိုးတိုးလေး ဝှေ့နေ၏၊ လေညင်းအဝှေ့တွင် သစ်ပင်အဖျားမှ သစ်ရွက်ကလေးများဘာည် လှုပ်သည်ဆိုရုံ ဝတ်ကျေတန်းကျေ လှုပ်နေသည်မှအပ အသံညင်းညင်းမျှပင် မပြု။

သူသည် အပင်တစ်ပင်ပေါ်တွင် နားခိုရင်းရှိသည်၊ သူ့နှုတ်က တအာအာ၊ တအအ အသံပြုဖို့ပင် သတိမရ၊ သူသည် ဟိုဟိုဒီဒီကြည့်ရင်းရှိနေသည်၊ သူ၏လှုပ်ရှားမှုကာညင်သာလွန်း၏၊ သူသည် တိတ်ဆိတ်မှုကို အခွင့်ကောင်းယူလိုက်သည်၊ အချိန်ကြာကြာ မဖြုန်းတော့၊ ရလာသည့်အခွင့်အရေးကောင်းကို အသုံးချလိုက်သည်၊ ဖျတ်ခနဲ ပျံဝဲလိုက်ပြီး သူသည် အသံပြုလိုက် သည်၊

"အ - အ - အာ - အာ"

www.burmeseclassic.com

www.burmeseclassic.com

သူနှုတ်က အသံထွက်သွား၏။ သူ့အသံသည် တောင်စဉ်တောတန်းကို လိုက်ခတ်သွား၏။ သူ့အသံကြောင့် သူ့အမျိုးများသည် သူ့ထံသို့ ဝဲပျံရင်း လာကြသည်က ရှုညံပွက်လောရိုက်နေသည်။ သူသည် သူ့အဖော်များကို ဝရုမပြုအား။ သူအာရုံထားရာ သူ့ဝမ်းရေးအတွက်သာ လှုပ်ရှားနေသည်။ သူ့အမျိုးများက အပင်ကြီးများ တောင်ကုန်းများထက်တွင် ဝဲပျံနေကြ၏။ အချို့က လေထဲမှာပဲ၊ အချို့က အပင်ဖျားနှင့် အပင်ထက်မှာ ဝဲနေသလို၊ အချို့က အပင်ဖျားပေါ်တွင် နားရင်းရှိသည်။ သူ့အမျိုးများသည် ဝဲရင်း၊ ပျံရင်း၊ နားရင်းနှင့် တအအနှင့် တအာအာ အော်မြည်သံပြုဆဲ။

"အ - အ - အ"

"အာ့ - အာ့ - အား - အား"

အော်ဟစ်ဆူညံလွန်းသောအသံတို့ကြောင့် စောစောက တိတ်ဆိတ်လွန်းသောဝန်းကျင်သည် ယခုတော့ ကမ္ဘာပျက်သည့်အလား။ သူသည် တအအအသံကို မျှဉ်းမျှဉ်းပြုကာ အရှိန်နှင့် ဝဲပျံအပြီး အပင်တစ်ပင်ထက်မှာ နားလိုက်သည်။ အပင်၏အကိုင်းတစ်ကိုင်း ခွဆုံတွင် အသိုက်တစ်ခု။ ထိုအသိုက်သည် ငှက်တစ်ကောင် ဥများဥရာ၊ သားပေါက်ရာ၊ နီနားမှေးစက်ရာ အသိုက်မှန်းသိသည်။ သူသည် ထိုအသိုက်ဘေးတွင် ဝဲပျံရင်း အကဲခတ်၏။ ပြီးမှ - ထိုအသိုက်ဘေး သစ်ကိုင်းပေါ်တွင် နားသည်။ နားလိုက်သည်နှင့် သူ၏ မည်းနက်သောခြေထောက်မှ ညစ်ညမ်းသောခြေသည်းများနှင့် သစ်ပင်ကိုင်းကို တုတ်ခြစ်ရင်း ရပ်လိုက်၏။ ဟန်ချက်ကို ထိန်းလိုက်ပြီး ဖြန့်ကားလာသည့် တောင်ပံနှစ်ခုကို သူ့ကိုယ်မှာ ကပ်သည်။ ပြီး - သူသည် ဘေးဝဲယာကိုကြည့်၏။ သူတို့၏အပြုအမူ လှုပ်ရှားမှုကြောင့် လူတွေက ပြောကြ၏။ ဘာတဲ့ ကျီးကန်းတောင်းမှောက်တဲ့၊ ကျီးလန့်စာစားတဲ့။

သူသည် ဘေးဝဲယာကို အလျှင်အမြန်ကြည့်လိုက်ပြီး ဥတစ်လုံးကို ထိုးဆိတ်လိုက်၏။ ဥသည် ချက်ချင်းကွဲသွားသည်။ အထဲမှ သန္ဓေအရည်ခဲအဝါရောင်အချို့အန်ကျလာ၏။ သူသည် ထိုအနှစ်များကိုအားပါးတရသောက်ပစ်လိုက်သည်။ နောက်ထပ်တစ်လုံး၊ ပြီးတော့ - နောက်တစ်လုံး။ စုစုပေါင်း ခြောက်လုံးခန့်ကို မျက်စိတစ်မှိတ်အတွင်း အကုန်ခွဲကာ သောက်ပစ်လိုက်၏။ သူသည် ဟာနေသည့်ဝမ်းကို သူများအသိုက်မှ ဥများနှင့် ဝမ်းမီးကို ဖြေဖျောက်အပြီး ဝိုးခနဲ ပျံလိုက်သည်။ ပျံရင်း သူသည် သူ့ဝမ်းခေါင်းသံနှင့် အသံပြုသည်။

"အ - အ - အာ - အာ"

အသံပြုရင်း သူ့အမျိုးများထံ ပျံခဲ့သည်။ သူ့အမျိုးများသည် အသံမပြုဘဲနှင့် အခြားအပင်ထက်မှ အသိုက်တစ်သိုက်ကို ဝိုင်းအုံနေသည်။ ဝိုင်းအုံရင်းနှင့် အသိုက်ထဲမှ ငှက်သားပေါက်တစ်ကောင်ကို သုတ်ချီလိုက်၏။ သုတ်ချီသွားသည့်အကောင်နောက် အခြားအကောင်များက လိုက်ရင်း အသံပြုနေကြ၏။ တစ်ကောင်နှင့်တစ်ကောင် လုယက်စားဖို့တော့ မပြုကြ။ သူတို့အမျိုးများသည် ဒါကိုတော့ စည်းကမ်းထားသည်။ နောက်အကောင်များက ကျန်သည့်အခြားငှက်မျိုး သားပေါက်နှစ်ကောင်ကို ဆွဲယူထွက်ပြေးကြသည်။ စားသည့်အကောင်ကစား၊ ဝဲပျံရင်း ရန်သူကိုကြည့်သည့်အကောင်က ကြည့်၊ အသံပြုသည့်အကောင်က ပြု။ အသံတွေနှင့် တောင်ပံရိုက်ခတ်သံတွေက အပြိုင်။

သူသည် သူ့အမျိုးများ၏လှုပ်ရှားမှုကို ဝဲပျံကာကြည့်ရင်း အသံပြုနေမြဲ။ မြေပြင်ထက်မှ တောတန်းတွေ၊ တောင်ကုန်းတွေကို မြင်ရသည်။ တောင်ကုန်း၏တစ်ဖက်မှာ မြစ်ပြင်ကို ရေဖွေးဖွေးနှင့် မြင်ရသည်။ တောင်ကုန်း၏ ဒီဘက်မှာတော့ လယ်ကွင်းတွေကို တွေ့နေရသည်။ ရေဖွေးဖွေးနှင့် တောတောင်စိမ်းစိမ်းတို့က ပန်းရစ္စာ လှပနေဆဲ။

သူသည် ဝဲပျံရင်းနှင့် သူ့အမျိုးများထဲ ရောစွက်ကာ ဝဲပျံလိုက်သည်။ သူ့အမျိုးများသည် အပင်ထက်က အခြားငှက်သိုက်များကို ရှာဖွေရင်း အသံပြုနေကြမြဲ။ သူသည်လည်း ဝမ်းခေါင်းသံနှင့် အသံပြုကာ သူ့အမျိုးများနှင့်အတူ ဝဲပျံဆဲ။ ကောင်းကင်မှာ သူနှင့် သူ့အမျိုးတွေ အပြည့်။

"အာ - အ - အာ - အား"

www.burmeseclassic.com

သူနှင့်သူတို့အမျိုးများသည်ထက်ကောင်းကင်တွင်ဝဲပျံရင်းတစ်နေကုန် အစာရှာခဲ့ကြသည်။ တောနှင့် တောင်စွယ်တို့မှာ ရှာလိုက်၊ လူသားတွေနေသည့်အရပ်တွေမှာ အစာရှာလိုက်နှင့် သူတို့ ဝမ်းဝခဲ့ပြီး သူတို့၏အစာသည် သူများအသိုက်အအုံမှဥများ၊ သားပေါက်များနှင့် အခြားအသေကောင်များ၊ ခွေးပုပ်၊ နွားပုပ်၊ ကျွဲပုပ်များသာဖြစ်သည်၊ တစ်ခါတစ်ရံလူတွေအိမ်မှာရှိသည့် သူတို့စားရမည့်အစာဆိုလျှင် လစ်ရင်လစ်သလို ခိုးဝှက်စားကြ၏၊ ခိုးစားရမှ၊ သူများအသားမှ အရသာတွေ့သည့်သဘော၊ ပျော်သည့်သဘော၊

သူ စဉ်းစားသည်၊ သူတို့အမျိုးတွေကို လူတိုင်းက မကြည်ဖြူကြ၊ ကြည်ဖြူစရာလည်းအခြေအနေမရှိ၊ လူသားတွေ ကြည်ဖြူအောင်၊ ချစ်ခင်အောင်လည်း သူတို့မနေကြ၊ အသံကို ကျက်သရေမရှိသည့်အသံ၊ ကြည့်လေ အ - အ - တဲ့၊ အာ - အာ - တဲ့၊ ပြီးတော့ - အား - အား - တဲ့၊ အသံကအမင်္ဂလာအသံမျိုး၊ အာသည့်အသံများ၊၊ နာကျင်စုတ်ပြတ်ဝေဒနာခံစားလို့ ညည်းတွားသည့် အသံမျိုး၊ ပြီးတော့ကော - အမွေးအတောင်ကအစ နှုတ်ချာမှ ခြေသည်း အထိ အနက်အရောင်၊ လူသားတွေ မသတီစရာအကောင်၊ လူသားတွေအမင်္ဂလာဟု သတ်မှတ်သည့်အရောင်မျိုး၊ အမွေးအတောင်နှင့် အသံသည် အမင်္ဂလာဖြစ်သလို၊ သူတို့၏စရိုက်ကိုလည်းကြည့်၊ လူတွေအမုန်းပွားအောင် တမင်တကာ ပြုမူနေသည့် ဉာဉ်ဆိုးစရိုက်မျိုး၊

အရောင်မည်းစိတ်ပုပ်ဖြစ်ကြရသည့် သူတို့အမျိုးတွေသည် ဘယ်တော့မှ လူသားတွေ၏မေတ္တာကို ခံယူကြရသည်မရှိ၊ လူတွေ အထင်တသေးနှင့် အမုန်းပွားခံနေရသည့် ဘဝမျိုး၊ ကြည့်စမ်း - သူတို့မှာ အသားအရိုးရှိ၏၊ အကြောအခြင်ရှိ၏၊ သို့သော် အဆီမရှိ၊ ပုံပြင်လား၊ ဒဏ္ဍာရီလားမသိသော ပုံပြင်တစ်ပုဒ်တွင် ကျီးတွေမှာ ဘာပြုလို့ အဆီမရှိသလဲဟု အမေးခံရသည်၊ ကျီးတစ်ကောင်က ဖြေသည်၊ သူများ မသထာရေစာကို ခိုးဝှက်စားရလို့အဆီမရှိခြင်းဖြစ်သည်ဟု ဖြေခဲ့သည်တဲ့၊ ကဲ - သူတို့မှာ အဆီမရှိ၊ တကယ်အဆီမကပ်၊

သူသည် သူတို့အမျိုးတွေ၏ စရိုက်အကျင့်နှင့် အမူအရာကို တွေးမိ၏၊ တကယ်တော့ - သူတို့အမျိုးတွေမှာ ကျင့်ဝတ်ငါးပါး ရှိကြ၏၊ လုံ့လရှိတာ၊



အစာနဲ့ ရန်သူကို တစ်ပြိုင်နက်ကြည့်တာ၊ မေထုန်အမှုကို လျှို့ဝှက်စွာကျင့်တာ၊ ရန်သူများကို အခါမလပ်ကြည့်ကြတာ၊ ပြီးတော့ - အစာကိုတွေ့လျှင် အဖော်ကိုခေါ်ပြီးမှ စားကြတာ၊ ဒါတွေက သူတို့အမျိုးတွေ၏ကျင့်ဝတ်၊

သူ စဉ်းစားသည်၊ လုံ့လထားတဲ့အရာမှာတော့ သူတို့အမျိုးတွေကသာသည်၊ ပြီးတော့ - ချစ်ခင်စည်းလုံးကြသည်၊ အစာကို မျှတစွာ စားသည်၊ အဲ - တစ်ခုတော့ရှိသည်၊ သူတို့အမျိုးတွေသည် သူ့အပါအဝင်စရိုက်မကောင်းကြ၊ သူတစ်ပါးကို ရန်စချင်သည်၊ သူတစ်ပါး၏အသိုက်ကို ဖျက်ချင်သည်၊ ဥက အစ၊ သားပေါက်အထိ ထိုးသုတ်စားသည်၊ လူသားတွေ ပြင်ဆင်ထားသည့်စားစရာကို အလစ်ခိုးဝှက် ထိုးသုတ်စားကြသည်၊ ထိုအတွက် လူတွေက သူတို့ကို မေတ္တာပို့ကြ၏၊ သေနာကျငှက်၊ ငှက်ယုတ်ငှက်နာ၊ ငှက်ဆိုးကျီးမျိုးတွေတဲ့၊ ဒါကြောင့်လည်း ဒင်းတို့မှာ အဆီမကပ်တာတဲ့၊

သူသည် တွေးရင်းနှင့် နေ့တစ်နေ့အတွက် အစာရှာထွက်ဖို့ ပြင်ကြပြန်ပြီ၊ သူသည် အခြားအကောင်များနည်းတူ တောင်ပံကိုဖြန့်လိုက်သည်၊ နှုတ်ချားဆီမှ ပွင့်အံထွက်လာသည့်အာသံက ဝမ်းခေါင်းထဲမှတစ်ဆင့် နှုတ်သီးမည်း အာပြဲပြဲမှ တအအ တအာအာ မြည်ဟစ်နေသည်၊

"အ - အ - အ"

"အာ - အာ - အာ"

သူတို့မြည်သံသည် ဝန်းကျင်ကို ဖုံးလွှမ်းသွားသည်၊ အော်ဟစ်မြည်ရင်းနှင့် အပင်များထက်တွင် ရှုညံနေသည်၊ သူ့အိပ်စက်ရာအပင်မှ သူ့အမျိုးများမြည်ကြတော့ အခြားအပင်မှ အကောင်များ မြည်ကြ၏၊ တစ်ပင်မှနှစ်ပင်၊ နှစ်ပင်မှ တစ်တောလုံးရှိ သူ့အမျိုးများ မြည်ကြ၏၊ မြည်သံက ဝန်းကျင်ကို ဖုံးလွှမ်းနေသည်၊

မကြာပါ၊ လင်းအရုဏ်ဘက် ကူးခဲ့၏၊ လင်းပြီဆိုသည်နှင့် သူနှင့်သူ့အဖွဲ့သည် စားကျက်တောကို ပျံသူပျံ၊ အချို့က ရွာနီးစပ် သွားသူသွား၊ ဝဲသွား၊ စားစရာပေါသည့်အရပ်ကို ပြေးသူပြေး၊ သူတို့အိပ်စက်ရာက [illegible]တော၊ အစာရှာရာက တစ်နေရာ၊ ဒီတော့ - မနက်လင်းပြီဆိုသည်နှင့်စားကျက်ရှာ

www.burmeseclassic.com

ကြပြီး အိပ်တန်းဝင်ဖို့ ညနေမှာ တောကိုပြန်။ ဒါ - နေ့စဉ်အလုပ်။ နေ့စဉ်တာဝန်။ အိပ်တန်းဝင်တောနှင့် အစာရှာတောသည် သူတို့ဘဝ၊ သူတို့စားကျက်။

ဒီကနေ့လည်း သူသည် တောထဲကို မဝင်တော့။ အပင်ထက်ဖျားဆီမှ ငှက်အသိုက်များမှာ ငှက်ဥတွေ၊ ငှက်သားပေါက်တွေ ရှိမည်မထင်။ မနေ့က ဝင် သူတို့အဖွဲ့သည် ငှက်ဥနှင့် သားပေါက်များကို ထိုးသုတ်စားပစ်ခဲ့ပြီးပြီ။ သည်တော့ - ဒီကနေ့ - ရွာတွေရှိရာအရပ်ကိုသွားမည်။ လူတွေ သိမ်းဆည်းရာ၊ လူတွေစားသောက်ရာအစာကိုရှာမည်။ အလစ်ထိုးသုတ်မည်။ လူတွေ၏ အမဲခြောက်ဖုတ်တွေ၊ အမဲညှင်းလှန်းထားတာတွေ၊ ငါးပိငါးခြောက်ငါးတွေ လှန်းထားတာတွေ ရှိသည်။ ထိုအစာများကို နိုးဝှက်မည်၊ အလစ်သုတ်ရမည်၊ ဝမ်းဝအောင် စားရမည်။

ထိုအစာတွေအပြင် လူတွေ မွေးထားသည့်ကြက်ပေါက်တွေ၊ ဘဲပေါက်တွေရှိမည်။ ကာရံသင့်လျှင် ကြက်မြုံမှ ကြက်ဥတွေ ရနိုင်သလို၊ ဘဲခြံမှ ဘဲဥတွေလည်း စားရမည်။ သူ မှတ်မိသေးသည်၊ လွန်ခဲ့သည့်ရက်တွေက သူနှင့် သူ့အဖွဲ့က ရွာတစ်ရွာသို့ဝင်သည်။ လူတွေအလစ်တွေ အမဲခြောက်လှန်းထားတာတွေ နိုးဝှက်လစ်ကာ စားခဲ့၏။ နောက်ရက်တွင် ကြက်သားပေါက်များကို ချီခဲ့သည်၊ ဟော - နောက်ရက်ကျတော့ ဘဲသားပေါက်၊ ပြီးတော့ - ကြက်မတွေ မြုံဆင်းချိန်မှာ စောင့်ပြီး ကြက်ဥတွေကို တစ်ဝတစ်ပြဲ စုပ်ယူစားသောက်ခဲ့ဖူးသလို၊ ဘဲခြံထဲမှ ဘဲဥများကိုလည်း ချီယူရင်း သစ်ပင်ထိပ်မှာ စားခဲ့ဖူးသည်၊ ထိုအခါက အရသာမျိုးမတွေ့ဘူး။ ကြက်၊ ဘဲဥဆိုတာ တကယ် ဆိမ့်မှ ဆိမ့်၊ ရင်ထဲမှာ အေးမြသွားခဲ့၏။ အားအင်တွေ ပြည့်သွားခဲ့သည်၊ လန်းဆန်း သွားသည်ဟု ထင်ခဲ့သည်။

ပြီးတော့ - ကြက်သားပေါက်တစ်ကောင်ကို ခြေသည်းတွေနှင့် ချိုကုတ်ရင်း သူ သယ်ခဲ့ဖူးသည်။ ကြက်ကလေးမှာ ပိညှပ်ပိညှပ်နှင့်အော်ရင်း တောင်းပန်သည်၊ သူ အလွှတ်မပေးခဲ့။ ကြက်ပေါက်ကလေးကို ကုတ်ယူရင်း သစ်ပင် ထက် နားသည်၊ နားပြီး ရင်ဝကိုခြေသည်းနှင့် ကုတ်ဖြဲ၍ နှုတ်သီးနှင့် ထိုးဆိတ် ဆွဲကာ အူ၊ အသည်းနှတွေ စားခဲ့၏။ ကောင်းလိုက်သည့်အရသာ၊ သွေးသံရဲရဲ နှင့် ခံတွင်းတွေ့ပါဘိတော့။

ဘဲပေါက်တစ်ကောင် ကုတ်ယူစဉ်ကလည်း ထို့အတူပင်၊ အရသာရှိရှိ ခံတွင်းတွေ့တွေ့ မျိုဆို့ခဲ့ဖူးသည်။ သည်တော့ - သူနှင့် သူတို့အမျိုးတွေအနေနှင့် မတရားသည်၊ တရားသည်မှ သိ။ လူတွေ မုန်းသည်၊ ချစ်သည် မဝေခွဲ။ ဝမ်းဝဖို့က အဓိက။ သူတို့တစ်မျိုးလုံး အဆာပြေဖို့က အဓိက။

ဟော - ဒီကနေ့လည်း ရွာများဆီ ဦးတည်ပျံဝဲခဲ့ကြသည်။ တအအ တအာအာ အသံပြုရင်း ဝဲပျံလာသည့် သူတို့အဖွဲ့သည် ကောင်းကင်ပြာပြာ ထက်တွင် မည်းမည်းမှောင်မှောင်၊ မုန်းသည်၊ သူတို့ကျီးမည်းအဖွဲ့အင်အားက များသည်ဆိုတော့ ကျီးမည်းတွေက ထက်ကောင်းကင်မှာ အပြည့်၊ မည်းလို့ မှောင်လို့။

သည်ကနေ့ သူသည် စိတ်တွေ တစ်မျိုးပြောင်းလာသည်၊ တကယ်တော့ ထိုအဖွဲ့တွင် သူသည် ခေါင်းဆောင်မဟုတ်၊ ခေါင်းဆောင်ဦးစီးက သူ့ထက် ကြီးသည့်ကျီးတစ်ကောင် ဖြစ်သည်၊ သူသည် သဘာဝက ပေးလာသည့် အသိများထက် သာလွန်သည့်အတွေးတစ်ခု ဝင်လာသည်၊ ထိုအတွေးသည် အတွေးကောင်းလား၊ အတွေးညစ်လားဆိုတာ သူ မသိ။ အဲ - သူသိသည်က သူ့အတွေး၊ သူ့အသိသည် သစ်လွင်သည့်သဘွှိုမျိုးဆိုတာပဲ သိ၏။

သူသည် နေ့စဉ်နေ့တိုင်း နေကို မြင်ဖူး၏၊ နေဆိုတာ သူ မသိသေး၊ ထို့ အတူ ရံဖန်ရံခါ လပြည့်ဝန်းကိုမြင်ဖူး၏။ လဆိုတာ သူ မသိခဲ့။ နောက်အရွယ် ရောက်မှ နေမှာ အလင်းရောင်ပေးသောနေ၊ ညမှာ အမှောင်ခွင်းတာ လမင်း ဟု သိခဲ့၏၊ အစာရှာသည့်နေ့တိုင်း နေ၏နေးတွေးမှုကို ဂရုပြုမိသလို၊ ညအခါ အိပ်ရာဝင်တိုင်း လမင်းအသွားနှုန်းကို ရယ်ချင်လာ၏။ တကယ်တော့ - သူ သည် နေးကွေးသည့်နေနှင့် ရွေ့လျားမှုနည်းသည့် လ၏သွားလာမှုကို ပြတ် ရယ်ပြုချင်လာ၏။

www.burmeseclassic.com

မှန်သည်၊ သူ့အနေနှင့် နေသည် အရှေ့မှ အနောက်အရပ်သို့ သွားနေခြင်းဟု သိခဲ့၏၊ ပြီးတော့ – လဆိုတာကလည်း အရပ်တစ်ခုမှ အရပ်တစ်ခုသို့ ရာသီအချိန်အလိုက် သွားခဲ့သည်ကို နားလည်၏။

"ဟင်း – အလကား – လူတွေကို အလင်းရောင်ပေးပြီး နေ့ဖြစ်အောင် ဖန်တီးတဲ့နေက အပြေးမသန်ရှာဘူး၊ ပြီးတော့ – ညအမှောင်ကို အလင်းဆောင်တဲ့ လရဲ့သွားလာမှုကလည်း မမြန်ဘူး"

အစက အပေါ်ယံအတွေးနှင့် နေနှင့်လကိုကြည့်ကာ တွေးခဲ့၏၊ ကြာလာသည်နှင့်အမျှ သူသည် အတွေးသစ်တစ်ရပ်၊ အသိထဲမှာ မသိမသာ သိလာ၏၊ သိလာသည့်အသိသည်လည်း သိသည်ထက် သိလာ၏၊ ရင့်ကျက်သထက် ရင့်ကျက်လာ၏၊ သို့နှင့် သူသည် အဖော်များကို သူ ပြောကြားလိုက်သည်၊

"အပေါင်းအသင်းကျီးတို့ – ငါသည် အရွယ်ရောက်လာပြီ၊ ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်ပြီ၊ အသင်တို့ – ငါတို့အမျိုးအတွက် ဝင့်ကြွားထည်ဝါနိုင်မည့် အစွမ်းမျိုး ငါ့မှာရှိနေပြီ"

သူသည် ဝင့်ကြွားစွာနှင့် ပြောသောအခါ အပေါင်းဆွေမျိုးက မေးကြ၏၊

"အသင်ကျီး – အဘယ်မည်သောအစွမ်းမျိုးနည်း"

"အသင်၏အကြံကို ပြောပါဦး"

အမေးစကားအဆုံး သူသည် တအာအာ အော်ဟစ်လိုက်သေးသည်၊ ပြီးမှ – သူ ဖြေသည်၊

"အခြားမဟုတ် – ငါ၏တောင်ပံများကို အားပြုဝဲရင်း ဟို ထက်ကောင်းကင်က နေမင်းနှင့် အပြေးပြိုင်ပြအံ့၊ ငါသာ အနိုင်ရအံ့၊ ပြီးတော့ – နေမင်းကို နိုင်ပြီးပါက လမင်းနှင့်လည်း အပြေးပြိုင်ပြအံ့၊ ငါပင် နိုင်ရအံ့"

"အို – အသင်ကျီး – ထိုအကြံ ကောင်း၏"

"အသင်နိုင်ရင် – ကျွန်ုပ်တို့ကျီးမျိုးတွေ – အမျိုးဂုဏ် တက်စေတာပေါ့"

"ဟုတ်ပါသည် – အသင်ကျီး၊ အသင် – နိုင်ပါက လောကဝန်းကျင် အားလုံးရှိ ငှက်များသည် ငါတို့ကျီးမျိုးကို ချီးမွမ်းကြအံ့၊ အသင် – ပြိုင်လော့"



သူ့ဆွေမျိုးများ၏ အားပေးအားမြှောက်ပြုသည့်စကားကို သူသည် နစ်မြိုက်သွားသည်၊ သဘောကျသွားသည်၊ သူ့လိုကျီးမျိုး ဇမ္ဗူမှာမရှိဟု ခေါင်းမော့လိုက်၏၊ ရင်ကော့လိုက်၏၊ တအာအာ အသံပြုကာ မြည်ပြလိုက်၏၊ သူသည် အမျိုး၏ဂုဏ်သတ္တိ ပြောင်မြောက်ဖို့ အားမွေးလိုက်၏၊

"အသင်ကျီး – ဘယ်တော့ပြိုင်မှာလဲ"

"နေနှင့်လကို ဘယ်တော့စိန်ခေါ်မလဲ"

အဖွဲ့က မေးလိုက်သည်၊ သူသည် သူနှင့် အပြေးပြိုင်မည့်နေမင်းကို အထင်သေးစွာနှင့် မော်ကြည့်လိုက်သည်၊ ပြက်ရယ်ပြုလိုက်သည်၊ နေမင်းသည် ထက်ကောင်းကင်တွင် တထိန်ထိန် လင်းလက်ကာ အပူရှိန်ကို ပေးနေသည်၊ သူသည်နေမင်းကိုကြည့်နေသည်၊ သူ့အမြင်၊ သူ့အကြည့်ထဲမှာတော့ နေမင်းသည် ရွှေလျားသည်မထင်၊ သူသည် အနိုင်ရရမည်ဟူသောသဘောနှင့် အဖွဲ့၏အမေးကို အမြန်ဖြေလိုက်၏၊

"မနက်ဖြန်"

သူမျှော်လင့်ခဲ့သော မနက်ဖြန်ဆိုသည့် နောက်တစ်ရက်ကို ရောက်ခဲ့၏၊ ညပိုင်း၏အမှောင်သည် လုံးဝပျောက်ပျက်မသွားသေး၊ နေ့ဖြစ်ခွင့်မပြုသေး၊ ထိုအချိန်သည် ခပ်စောစော နိုးလာ၏၊ နိုးသည်နှင့် သူသည် တအာအာ အသံနှင့် အဖော်များကို နှိုးလိုက်သည်၊ သူ့အော်သံကြောင့် ဆွေမျိုးအားလုံး အသံပြုကြသည်က အမှောင်လွှမ်းသော လင်းပိုင်အချိန်တွင် ပွက်ပွက်ဆူသွား၏၊

"အ – အ – အ"

"အား – အား – အား"

သူသည် နေနှင့်ပြိုင်မည်ကို သူ့အဖွဲ့အားလုံး သိကြပြီးသား၊ တစ်တောလုံးရှိ ကျီးများ ညပိုင်းကတည်းက သိပြီးသား၊ သိထားသည်နှင့်အညီ သူ့ကို စောင့်နေကြသည်၊ သူ့ကို အာဂသတ္တိခဲ၊ အာဂသတ္တိရှင်တဲ့၊ နေနှင့်ပြိုင်လို့

www.burmeseclassic.com

အနိုင်ရလျှင် သူတို့အမျိုးတွေ ဂုဏ်တက်မည်။ အဲ - နေနှင့်ပြိုင်ပြီး အနိုင်ရပြီး ပါက လမင်းနှင့် ဆက်ပြိုင်လို့ အနိုင်ထပ်ရလျှင် ပိုပြီးသိက္ခာရှိ၊ အမျိုးတွေ မော်ကြွားနိုင်မည်တဲ့။ ဒီတော့ - သူ့အနေနှင့် ဘာကိုကြောက်ရမလဲ၊ ဘာမှ ကြောက်စရာမလို၊ တစ်မျိုးတစ်ဆွေလုံးက သူ့ဘက်၊ နေနှင့်လဆိုတာ အသက်ရှိတာမဟုတ်၊ သွားလာလှုပ်ရှားနေတာက နေးကွေးလွန်းသည်၊ ဒီတော့ - သူ နိုင်ရမည်၊

သူ တွေးနေစဉ် လုံးဝလင်းပြီ၊ သူသည် အဖွဲ့ကို ပြောလိုက်၏၊

"မိတ်ဆွေတို့ - ကောင်းကင်ပျံငှက်တွေနှင့်တောင်ပံနစ်ဖက်ပါငှက်တွေ တို့ ပြောပြကြလော့"

"ကောင်းပြီ - အသင်ကျီး"

"ပြီးတော့ - ကျွန်ုပ်ပြန်အလာကို ဝမ်းသာစွာ ကြိုလော့"

"ကောင်းပြီ - အသင်ကျီး"

သူသည် နေထွက်အလာကို မျှော်သည်၊ နေမင်းသည် ရဲရဲနီတာနှင့် ထွက်လာပြီ၊ ကြက်သွေးရင့်ရင့်နှင့် တည်ငြိမ်သည့်နေမင်းကြီး လာနေပြီ၊ သူ့အမျိုးများသည် နေမင်းကို မျှော်ကြည့်ရင်း အပင်များထက်တွင် နားကြ၏၊ တကယ်တော့ - နေမင်းကိုစောင့်မည်၊ နေကယခုမှအရှေ့အရပ်မှလာနေဆဲ၊ သူက အရင်ပျံနှင့် လျှင် မတရား၊ အရင်ပျံလို့နိုင်သည်ဟု ဆိုကြမည်၊ သူ့သဘောက နေမင်းခေါင်းပေါ်တည့်တည့်ရောက်မှ ပျံမည်၊ တာထွက်မည်၊ သို့ကြောင့် သူ့ဆွေမျိုးများသည် အစာရှာမထွက်ကြ၊ နေမင်း ခေါင်းပေါ် အရောက် စောင့်ကြ၏၊ သူ့ဆို အားပေးကြ၏၊ အားပေးသံတွေက အပြိုင်၊

သူသည် မနေ့က ချန်ထားသည့်ကြက်သားပေါက်အချို့အသေကောင် များကိုတစ်ဝတစ်ပြဲစားလိုက်သည်၊ စားရင်းနေ ခေါင်းပေါ်ရောက်မည့်အချိန် ကို စောင့်သည်၊ စောင့်ရင်း စားရင်း၊ စားရင်း စောင့်ရင်းနှင့် မကြာပါ၊ နေမင်း သည် မြင့်သထက် မြင့်လာ၏၊ နီးသထက် နီးလာ၏၊

"နေမင်းကြီး - လာနေပြီ"

"အသင်ကျီး - အသင့်ပြင်လော့"



ဆွေမျိုးများက ပြော၏၊ သူသည် ဘေးဝဲယာကို ကြည့်သည်၊ အခြား အမျိုးများကပါ သူ စတင်ပျံမည့်အပင်ထက်တွင် လာပြီးအားပေးကြ၏၊ အချို့က အပင်မှနား၊ အချို့က ထက်ကောင်းကင်တွင် ဝဲပျံကြ၏၊ သူသည် သူ့အမျိုးများကိုကြည့်ကာ အားတက်သွား၏၊ သူ့ဝန်းကျင်က အပင်၊ တောင် ကုန်းနှင့် တောတန်းတွေမှာ သူ့အမျိုးတွေက အပြည့်၊

"အသင်ကျီး - နေနှင့် အသင့်ခေါင်းတို့ ညီပြီ၊ အသင် - ပျံလော့"

"မိတ်ဆွေတို့ - ငါ - ပျံပြီ၊ အသင်တို့ - ကျွန်ုပ် ပြန်အလာကို စောင့်ကြ လော့"

"ကောင်းပြီ"

"အသင် - ပျံလော့"

သူသည်နားခိုရာအပင်ထက်မှတစ်ဆင့် လှစ်ခနဲ နေသွားရာ အနောက် အရပ်ကို ပျံလိုက်သည်၊ အရင်ကထက် အဆများစွာ သာသည့်နှုန်းထက် ပိုသည်၊ သူ နားခိုရာ တောအရပ်ဆီမှာတော့ သူ့ဆွေမျိုးကျီးတွေ၏ ဩဘာ ပေးသံ တအာအာက ကမ္ဘာပျက်သည့်အလား၊ တောလုံးညံ၊ တစ်တောင်လုံး ထပ်သွားသည်၊

သူ ပျံခဲ့၏၊ ဝဲခဲ့၏၊ သူသည် နောက်ကို လှည့်မကြည့်၊ သူ၏အမျိုးများမှာ တစာစာအော်ရင်း အားပေးမြဲ၊ သူ့အသိထဲမှာ သိသောအသိသည် သူသာ နိုင်ရမည်၊ သူနိုင်ပါက သူ ဝင့်ကြွားနိုင်သလို သူ့အမျိုးများ သိက္ခာရှိမည်၊ ဒါ သူ့အသိ၊ ဒါ - သူ့မာန်၊ သူ့အတ္တ၊

သူ ပျံခဲ့၏၊ ပျံခဲ့သော မိုင်ပေါင်းများပြီ၊ အတော်အသင့် ဝေးခဲ့ပြီ၊ ပျံရင်း နှင့် မြေပြင်ကိုကြည့်၏၊ တောင်တန်းတွေ မြင်ရသည်၊ တောအုပ်ကို တွေ့ရ သည်၊ မြေပြင်ကျယ်ကြီးကိုတွေ့ရသည်၊ လယ်ကွင်းတွေ၊ ပဲခင်းတွေမြင်ရ၏၊ သူသည် နေမင်းသွားရာအရပ်ကို ပျံရင်းရှိသည်၊ ပျံရင်း တွေး၏၊

"အင်း - နေမင်းဆိုတဲ့အကောင် - ညပိုင်းမှာ အိပ်မှာပဲ၊ ဒီကောင်အိပ်တဲ့ ဆီကို ငါ အရင်ရောက်ရင် - ငါ - နိုင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

သူ တွေးရင်း သတ္တိမွေးလိုက်သည်။ သတ္တိမွေးရင်း သူ ပျံ၏။ သူ ပျံရင်း နိုင်ရမည်ဆိုသောအသိ ထား၏။ ထိုအသိတရားကြောင့် သူ ပျံမြဲ ပျံနေသည်။ ပျံရင်းနှင့် အားထည့်၏၊ အားထည့်ရင်းနှင့် ပျံသည်၊ မလျှော့သောဇွဲရှိပါက အောင်ရမည်၊ ဒါ - သူ၏အတွေး။ အတွေးနှင့်အတူ သူ ပျံဆဲ၊ သူ ပျံနေစဉ် အတွင်း အခြားငှက်များကို တွေ့ရ၏။ ကောင်းကင်မှာ တွေ့ရသည့် ဖျိုင်းငှက်၊ ဟသ်ာငှက်နှင့် အခြားငှက်တွေက မေးသည်၊

"အသင်ကျီး - ဘာကြောင့် အပြင်းအထန်ပျံရတာလဲ"

ဒါ - ဖျိုင်း၏အမေး။ ဖျိုင်းငှက်မေးသလို ဟသ်ာငှက်ကလည်း -

"အသင်ကျီး - အလောတကြီး ပျံရခြင်းသည် အသင့်နောက်မှာ ရန်သူ ရှိပါသလော့၊ ဒါမှမဟုတ် - ဘာအကြောင်းကြောင့်ပါလဲ"

ထိုငှက်များ၏အမေးကို သူက ဖြေသည်၊

"အသင်တို့ထင်တာ တစ်ခုမဟုတ်၊ အသင်တို့ အထက်ကောင်းကင်ကို ကြည့်ကြ၊ နေမင်းကို မြင်၏လော့"

သူ့အပြောကြောင့် ထိုငှက်များက ကောင်းကင်ကို ကြည့်၏၊

"မြင်ပါ၏ - အသင်ကျီး"

"ထိုနေမင်းနှင့်ငါ အပြေးပြိုင်နေခြင်းပါပင်တည်း"

"အလို ..."

"နေမင်းကြီးနဲ့ အပြေးပြိုင်နေတာ"

သူက ပြန်လည်ဖြေရင်း ဆက်ပျံလိုက်သည်၊ သူ ပျံရာအရပ်ဆီ ပျံလိုက်လာရင်း မေးသည်၊ အခြားငှက်များ ရပ်တန့်ကျန်ရစ်၏၊ ထိုငှက်များပြောသည့်စကားကို သူ မကြားရတော့၊ ငှက်များမှာ ပြောရင်း ကျန်ရစ်၏၊

"အတော်မိုက်တဲ့ကျီး"

"မဖြစ်နိုင်တာကွာ၊ နေနဲ့ အပြေးပြိုင်ရတယ်လို့ - မိုက်ပေ့ါ"

"အေး - အဲသလိုမိုက်လို့လည်း ကျီးတွေကို ကျီးမိုက်လို့ ခေါ်တာဟ"




သူ - ဘာမျှအသံမကြားရတော့၊ သူ ပျံမြဲပျံ၏၊ အားတင်းမြဲ တင်း၏၊ ပျံရင်းနှင့် လေသည် တိုက်ခတ်လာ၏။ လေတိုက်သည်ကို သူမမှု၊ သူ အမိက ပစ်မှတ်က နေအိပ်ရာအရပ်ကို ရောက်ဖို့၊ နေရဲ့အရင်ဦးအောင် ပန်းဝင်ဖို့၊ ဒါ - သူ့အသိ၊

သူ ပျံရင်းနှင့် မြေပြင်ကို ကြည့်သည်၊ လယ်ကွင်းတွေ မတွေ့ရတော့၊ သဲပြင်ကျယ်ကြီးကို တွေ့ရ၏၊ သဲပြင်ကျယ်ကြီးဘေးမှာ တောင်ခေါင်းတုံး တစ်ခုမြင့်မြင့်ကို ရှည်မျှောမျှော တွေ့ရ၏၊ သူသည် ကောင်းကင်ကို မော့မကြည့်မိ၊ သူ့စိတ်အထင်က နေမင်းသည် သူ ကျောပေးရာအရပ်ဆီမှာ အဝေးကြီးကျန်ခဲ့ပြီဟု သူ ထင်သည်၊ သူ ပိုပြီးအားတက်သွား၏၊ သူ့ကို နေမင်း ရှုံးလိမ့်မည်ဟု ထင်နေဆဲ၊ ထင်ရင်း ပျံရင်း တွေးရင်းနှင့် ရှိနေသည်၊

မကြာပါ၊ သူသည် ဝန်းကျင်ကို ကြည့်မိ၏၊

"ဟင် - မှောင်လာသလိုလို"



သူ ထိတ်လန့်တုန်လှုပ်သွားသည်။
မတုန်လှုပ်ပဲနေမည်လား။
ကြည့်စမ်း။ မိုင်ပေါင်းများစွာ
ကျန်ရစ်မည်ထင်သောနေသည်
သူ့ရှေ့မှာ ရောက်နေပြီ။ သူသည်
နေမင်းကိုကြည့်ကာ ဒေါပွသွား
သည်။ ဒေါပွသည်နှင့်အမျှ
သူ့ကိုယ်သူ သတိထားမိ၏။
အခြားမဟုတ်။ သူ မောလာခြင်း။
အတောင်တွေ ညောင်းလာခြင်း။
ခြေတွေညောင်းလာခြင်းပင်တည်း။

www.burmeseclassic.com

မှန်သည်။ မှောင်စပြုတော့မည်။ သူသည် မြေပြင်ကို ကြည့်သည်။ သဲပြင်ကျယ်ကြီးကို ခပ်ရေးရေးသာ မြင်ရသည်။ ဝန်းကျင်သည် ငြိမ်သက်မှုနှင့် မည်းမှောင်လာပြီ၊ တောင်တန်းတွေ မည်းမှောင်လာ၏။ ထိုအခါ သူသည် ထက်ကောင်းကင်ကို မော့ကြည့်၏။

"ဟင်"

သူ ထိတ်လန့်တုန်လှုပ်သွားသည်။ မတုန်လှုပ်ပဲနေမည်လား။ ကြည့်စမ်း။ မိုင်ပေါင်းများစွာ ကျန်ရစ်မည်ထင်သောနေသည် သူ့ရှေ့မှာ ရောက်နေပြီ၊ သူသည် နေမင်းကိုကြည့်ကာ ဒေါပွသွားသည်။ ဒေါပွသည်နှင့်အမျှ သူ့ကိုယ်သူ သတိထားမိ၏။ အခြားမဟုတ်၊ သူ မောလာခြင်း၊ အတောင်တွေ ညောင်းလာခြင်း၊ ခြေတွေ ညောင်းလာခြင်းပင်တည်း။ သူသည် အသက်ကို ဝအောင်ရှူလိုက်၏။ အားအင်တွေ အသစ်ဖြည့်၏။ တောင်ပံတွေ လှုပ်ခတ်၏။ သို့သော် သူ အသက်ဝအောင်ရှူဖို့ မစွမ်းသာပြီ၊ အားအင်အသစ်မွေးဖို့ နှိုးနှဲလာပြီ၊ အတောင်ညောင်း၊ ခြေညောင်းနှင့် ဝမ်းက ဟာလာပြီ၊ သူ့တောင်ပံအစုံမှ အမွေးအချို့ပင် ကျွတ်ချင်ချင်ဖြစ်နေပြီ၊ အချို့သူ့အမွေးတွေ ကျွတ်ကုန်ပြီ။ သူ့ကိုယ်သူ သိသည်၊ မာန်မလျော့၊ အားမရှု၊ သတ္တိအသစ်တွေမွေးပြီး ဆက်ပျံသည်။

သို့သော် -

သူသည်စိတ်သွားတိုင်းကိုယ်မပါတော့၊ ကိုယ်လှုပ်တိုင်းစိတ်မပါတော့၊ သို့သော် သူသည် ရှိသမျှအင်အားနှင့် ပျံမြဲပျံနေ၏။ နေမင်းအိပ်ရာအရပ်ဆီ စိတ်က ရောက်နေသည်၊ သူ နိုင်ရမည်၊ အောင်ပန်းဆင်ရမည်၊ ထိုအချိန် အမှောင်လွှမ်းလာသည်၊ သူသည် မြေပြင်ကို ကြည့်သည်၊ ကြည့်ရင်း တွေး၏။

"အင်း - မြေပြင်မှာနားမယ်၊ နားပြီးမှလိုက်မယ်၊ အား - ညောင်းကလည်း ညောင်း၊ ဆာက ဆာ၊ ရေက ငတ်"

တွေးရင်းနဲ့ အသေအချာ ကြည့်လိုက်၏၊ သူ၏မျက်လုံးများပြာဝေသွားသည်၊ မှုန်ဝါးသွားသည်၊ သူ တုန်လှုပ်သွားသည်၊ စောစောက သဲပြင်ဟု ထင်ခဲ့သည့်အရာသည် ပင်လယ်ပြင်ကြီး ဖြစ်နေပါပေါ့လား၊ သူ ပင်လယ်ကို



ကြည့်ရင်းအနောက်ဘက်ဆီသို့သာမင်လည်ပြန်ကြည့်မိ၏၊ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ထဲ ရောက်နေပြီပဲ သိ၏။ သူ ခဲလေသမျှ သဲရေကျဖြစ်နေပြီ၊ သူ့အားအင်တွေ ဆုတ်ယုတ်လာနေပြီ၊

သူသည် သတ္တိတွေ မွေးလိုက်ပြန်၏။ အလို - သူ့သတ္တိတွေ ဘယ်ရောက်ကုန်ပြီမသိ၊ အင်အားတွေ ဘယ်ပြေးကုန်ပြီမသိတော့၊ အတောင်က ညောင်း၊ အုပ်ဟောင်းလောင်းဘဝမို့ ခြေတွေ၊ တောင်ပံတွေက လေးလံထိုင်းမှိုင်းနေပြီ၊

သူသည် နေမင်း အိပ်တန်းဝင်ရာအရပ်ဆီ မော့ကြည့်လိုက်၏၊ ကြည့်ရင်းနှင့် အမီလိုက်ပြန်သည်၊ သိပ်ပြီးမပျံနိုင်တော့၊ သူ့ခေါင်းတွေ မူးနေ၏၊ သူ့မျက်လုံးတွေ မမြင်ရတော့၊ သူ့ပါးစပ်မှာ ပြဲနေပြီး လျှာမှာ တစ်လစ်ထွက်နေသည်၊ သူ့ရင်ထဲက ဝမ်းတွင်းကလီစာတွေ မီးလောင်ကာ ပြောင်းပြန်လန်ကုန်ပြီဟု ထင်ရသည်၊ သူ့အသည်းတွေ ကြေကျ၊ ကျေမွကုန်ပြီထင်ရသည်၊ အဆီမပါသော သူ့အသားအရေ ခန်းခြောက်ကုန်ပြီထင်၏။

ထိုအချိန် နေသည် တောင်စွယ်တစ်ခုမှာ ကွယ်သွား၏၊ သူသည် ရှိသမျှ အားအင်နှင့်နေမင်း၏နောက်သို့လိုက်သည်၊ ထိုအခါအရပ်ကြီးပြတ်သသော ဖြင့် အောက်ကိုတစ်ဟုန်ထိုး ပြုတ်ကျလာ၏၊ သူသည် ကြိုးစားပျံတက်လိုက်သေး၏၊ တောင်ပံတွေက လှုပ်ရှားဖို့ငြင်းဆန်၏၊ ခြေတွေက ရပ်တည်ဖို့ခေါင်းခါကြ၏၊ မျက်လုံးတွေက ကြည့်ပေးဖို့ အားအင်မရှိ၍ တောင်းပန်ကြသည်၊ သူသည် ထိုအခါ တွေး၏၊

"မှားပြီ - ငါ မှားပြီ"

သူ တွေးအပြီး အောက်ကို ပြုတ်ကျသွားသည်၊ လေဟာနယ်ထဲမှာ၊ တိမ်တိုက်ထဲမှာ အရှိန်ဖြင့် ပြုတ်ကျလာရင်းဖြင့် သူ့အမှားသူ ဆင်ခြင်မှုမပြုနိုင်သေးဟု ထင်မိသည်၊ အေးစက်သောထိတွေ့မှုကို ခံရ၏၊ ပင်လယ်ထဲကျသွားပြီဖြစ်ကြောင်း သူ့အာရုံက သိရုံသာ သိသည်၊ သူ သိသည်က သူ မသိတော့ခြင်းပင်၊ သူ အသက်မရှိတော့၊

သူ သေသည့်အချိန် နေသည် သူ့ခရီး သူသွားမြဲ၊ သူ သေသည့်ပင်လယ်ခြင်သည် ညဖြစ်၍ မှောင်ပြီ၊ သူ ဆက်ပြိုင်မည်ဟု အားခဲထားသည့် လနင်းထွက်လာပြီဖြစ်၏၊ သူသည် ဘာမျှမသိတော့၊ အကယ်၍များ ....၊



www.burmeseclassic.com

www.burmeseclassic.com

အကာယ်၍များ ...

သူ့ကို မြှောက်ပင့်ပေးလိုက်သည့်ကျီးများသည် သူသေမည်ကို သိကြ၏။ ဘယ်တော့မှပြန်လာမည်မဟုတ်ဟုသိ၍ သူတို့ဝမ်း သူတို့ရှာစားနေမြဲကို သူ မသိ၊ မဖြစ်နိုင်တာကို ဖြစ်ရမည်ဟု အတ္တလွန်သတ္တိနှင့် မာန်မာနတွေထားသည့်အတွက် သူ့ကို သေစေလို၍ လွှတ်လိုက်သည်ကိုလည်း သူမသိ။ ယခုတော့ - သူ့ဆွေမျိုးများက အဖြစ်ပြောကြ၏။ ပြောလည်း သူမသိတော့။

"တော်တော်မိုက်တဲ့အကောင် - နေမင်းနဲ့ အပြေးပြိုင်သတဲ့ကွာ"

"ဟုတ်ပ့ါ - နေနဲ့တင်မကဘူး၊ လနဲ့တောင် ထပ်ပြီးပြိုင်ဦးမှာတဲ့"

"ခုတော့ - သေပြီ"

"အဲဒါ - သူ့အတွက် အကောင်းဆုံးလမ်းပဲကွ"

"ကဲပါကွာ - သူ့လမ်း သူသွားတာပဲ၊ သွားပါစေတော့ - ပြောမနေကြနဲ့။ ဒါ - သင်ခန်းစာပဲ"

"အစာရှာဖို့သာ ကြိုးစားကြ"

သူ့ဆွေမျိုးများသည် သူကအကြောင်းပြောရင်း သင်ခန်းစာယူရင်းနှင့် သူတို့အစာရှာနေကျစားကျက်ဆီ ပျံခဲ့ကြပြီ၊ အသံတွေပြုရင်းဝဲနေကြသည်။ အစာကိုတွေ့တော့ နိုးကြောင်နိုးဂုဏ်နှင့် စားနေကြသည်၊

ထိုအချိန် -

ကျယ်ဝန်းသည့်ပင်လယ်ပြင်ထဲမှာ အသက်မဲ့နေသည့် သူ့ခန္ဓာကိုယ်သည် မျောရင်း၊ ပါရင်းဖြင့် ...။

→ ထွန်းကြီးသား တင်ဝင်းနိုး




www.burmeseclassic.com

www.burmeseclassic.com

## အရက်နှင့် ချစ်ဒေါသ ပေါင်းစပ်သွားသောအခါ နောက်ဆက်တွဲ ဖြစ်ရပ်ဆိုးကို ခံစားလိုက်ရသည့် အားစာခံလူငယ်တစ်ယောက် အကြောင်း ..

### "ပုလိပ်ကား လာနေပြီဟေ့"

အော်ဟစ်ပြောလိုက်သောအသံတစ်သံကြောင့် မြို့င်သာယာလမ်းပေါ်မှ ဇရပ်ရှိရာသို့ ဝိုင်းကြည့်နေသော လူအုပ်ကြီးကအသံပေါင်းရာ ထွက်နေသော ဂျစ်ကားစုတ်ကလေးကို လမ်းဖယ်ပေးလိုက်ကြသည်။ ဂျစ်ကားပေါ်တွင် ဌာနာအုပ်ကြီး ဦးဟာဒီ၊ စာသင်ကြီး ဦးမိုးဟိန်း၊ ပုလိပ်သားလေး ရာဂျိနှင့် သံဘီးတို့ ပါလာပြီး စံထောက်ဝိလီသိန်းကိုယ်တိုင်ဂျစ်ကားလေးကို မောင်းလာခြင်းဖြစ်ပါလေ၏။

"ရှေ့ဆုံးက ဆင်းလာတဲ့ အသားညိုညို၊ အရပ်ထောင်ထောင်မောင်း မောင်းနဲ့လူက စံထောက်ဝိလီသိန်းဆိုတာပဲကွ"

"စံထောက်ဝိလီသိန်းပါလာတယ်ဆိုတော့ တရားခံက ပြေလွှတ်လို့ မိုးမပျံနိုင်တော့ပါဘူး"

ဂျစ်ကားပေါ်မှ ပထမဆုံး ဆင်းလာသော စံထောက်ဝိလီသိန်းကို လက်ညှိုးထိုးပြရင်းကိုစပ်စုတစ်ယောက်က ပြောလိုက်ခြင်းဖြစ်သည်။ စပ်စုလိုသောလူအုပ်ကြီးမှာ ဇရပ်နားသို့လည်း ကပ်မကြည့်ရဲ၊ လမ်းပေါ်မှ လှမ်းကြည့်ရင်း တစ်ယောက်တစ်ပေါက် ပြောနေကြလေတော့သည်။ စံထောက်ဝိလီသိန်းနောက်မှ ဌာနာအုပ်ကြီး ဦးဟာဒီ၊ စာသင်ကြီး ဦးမိုးဟိန်းနှင့် ပုလိပ်သား ရာဂျိနှင့် သံဘီးတို့ ဆင်းလာကြသည်။ ၎င်းဇရပ်ကလေးမှာ တောရွာများမှ မြို့ပေါ်ရှိ ဈေးကြီးသို့ ဟင်းသီးဟင်းရွက်နှင့်မြေထွက်သီးနှံများ လာရောက်ရောင်းချသော တောဈေးသည်လေးများ၊ ခရီးသွားများ ခေတ္တနားနိုင် အမောဖြေနိုင်ရန်အတွက် သူဌေးကြီး ဦးကျော်ဆင့်မိသားစုက ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ ဇရပ်ကလေးမှာ သွပ်မိုးပြီး ပျဉ်ခင်းထားလေသည်။

ဇရပ်ကလေး၏ပတ်ဝန်းကျင်တွင် တမာပင်နှင့် ထနောင်းပင်များက အေးမြသောအရိပ်ကိုပေးထားသဖြင့်နားမိုချင်စရာကောင်းလှပါတော့သည်။ ဇရပ်နှင့်အနီးဆုံးပေါက်နေသော တမာပင်ကြီးတစ်ပင်၏ပင်စည်အရင်းတွင် ဝေဖနယျရေချမ်းစင်ကလေးတစ်ခုလည်း ရှိနေပြန်သည်။ ယခုတော့ ယင်းဇရပ်ကလေးနားသို့ မည်သူမျှ မကပ်ရဲသလို နားမိုရန်လည်း မည်သူမျှ စဉ်းစားကြမည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းဇရပ်ကလေးပေါ်တွင် လူတစ်ယောက် အသတ်ခံထားရခြင်းကြောင့် ဖြစ်လေသည်။

စံထောက်ဝိလီသိန်းတို့ပုလိပ်အဖွဲ့ ဇရပ်ကလေးရှိရာသို့ ရောက်လာရခြင်းကလည်း တောရွာမှ မြို့တက်၍ ဈေးရောင်းလာကြသော ဈေးသည်အုပ်စုတစ်စုက မြို့င်သာယာလမ်းဘေး၊ မြို့အဝင်အထွက်တွင်ရှိသော ဇရပ်ကလေးပေါ်တွင် လူငယ်တစ်ယောက် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ခဲ့ရကြောင်း ဂါတ်တဲသို့ လာရောက်အကြောင်းကြားခြင်းကြောင့် ဖြစ်လေတော့သည်။ စံထောက်ဝိလီသိန်းက ဇရပ်ပေါ်သို့ မတက်သေးပဲ ဇရပ်ပတ်ဝန်းကျင်ကို အရင်ဆုံးကြည့်လိုက်သည်။ ဇရပ်၏ ညာဘက်ဘေးတွင် စက်ဘီးတစ်စီးက ဇရပ်ကိုမှီ၍ထောင်ထားသည်ကို တွေ့လိုက်ရသည်။ စံထောက်ဝိလီသိန်းက စက်ဘီးရှိရာသို့ ထွက်သွားပြီး ပတ်ဝန်းကျင်အနေအထားနှင့် စက်ဘီးရပ်

www.burmeseclassic.com

www.burmeseclassic.com

ထားရာမြေပြင်ကို ငုံ့ကြည့်နေသည်ကို ဌာနာအုပ်ကြီး ဦးဟာဒီ မြင်လိုက်ရသည်။ ပြီးနောက် – ဝေနေယျသုစရေချမ်းစင်ကို ကြည့်လိုက်သည်။ ရေချမ်းစင်ပေါ်တွင် သံပန်းကန်ပြားအဟောင်းတစ်ချပ် ဖုံးထားသော သံပုံးအိုလေးကို သောက်ရေခွက်မဲ့စွာ စုံထောက်ဝီလီသိန်း မြင်လိုက်ရလေသည်။ စိတ်ကြိုက် တွေ့နပ်လောက်သည်အထိ စစ်ဆေးပြီးနောက် ဇရပ်ပေါ်သို့ တက်လိုက်သည်။ သုံးထပ်သာရှိသောလှေကား၏ ပထမအထစ်တွင် သားရေဖိနပ်တစ်ရံကို တွေ့လိုက်သည်။ ဖိနပ်သဲကြိုးက အနက်ရောင်၊ နံ့ပါတ်ကိုး။ ဇရပ်ပေါ်မှာတော့ အသက်နှစ်ဆယ်ခန့် လူငယ်တစ်ယောက်က ဘေးတစ်စောင်း လဲကျသေဆုံးနေသည်။ အလောင်းနှင့် နှစ်ပေခန့်အကွာတွင် ပုလင်းတစ်လုံးနှင့် ဖါးမိုးတပ်ထားသော အုန်းမှုတ်ခွက်တစ်လုံးကို တွေ့လိုက်ရသည်။ ဝေနေယျသုစရေချမ်းစင်မှ သောက်ရေခွက်က ဇရပ်ပေါ်ရောက်နေသည်။ ဝီလီသိန်းက အိတ်ထဲမှလက်ကိုင်ပုဝါဖြင့်ဖင်တွင်သဝေါ်ဆေးအနီရောင်သုတ်ထားသော ပုလင်းကို ကောက်ယူပြီး ပုလင်းဝကို နမ်းကြည့်လိုက်သည်။ အရက်နံ့က ထောင်းခနဲ နှာခေါင်းထဲသို့တိုးဝင်လာသည်။ အရက်ပုလင်းကိုပြန်ထားလိုက်ပြီး သေဆုံးနေသောလူငယ်လေး၏ပါးစပ်ကို ငုံ့၍နမ်းကြည့်လိုက်သည်။

အရက်နံ့ လုံးဝမရ၊ သေချာပါပြီ၊ လူသတ်သမားက အရက်သမား တစ်ယောက်၊ အရက်သောက်ပြီးမှ ပြစ်မှုကို ကျူးလွန်သွားခြင်း ဖြစ်ရမည်။ စုံထောက်ဝီလီသိန်းက သေဆုံးနေပြီဖြစ်သော လူငယ်လေး၏အလောင်းကို စစ်ဆေးကြည့်နေရာမှ –

"ဒဏ်ရာက သုံးချက်၊ တစ်ချက်က ဗိုက်၊ နှစ်ချက်က ရင်ဝမှာ၊ ချွန်ထက်တဲ့အရာနဲ့ ထိုးသတ်ထားတာပဲ။ ဓားနဲ့ထိုးတာပဲဖြစ်ရမယ်"

ဌာနာအုပ်ကြီး ဦးဟာဒီကို ခေါင်းမော့ကြည့်ရင်း ပြောလိုက်သည်။ ထို အချိန်မှာပင် ဇရပ်ဘေးသို့ မြင်းလှည်းတစ်စီး ဝင်လာပြီး မြင်းလှည်းပေါ်မှ အသက်ခြောက်ဆယ်ခန့်အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဆင်းလာသည်။ ဇရပ်ပေါ်သို့တက်ရန်ပြင်နေသောကြောင့် ပုလိပ်သားလေး သံဘီက လှမ်းတားထားလိုက်သည်။

"ကျွန်တော်တို့ဇရပ်ပေါ်ကို တက်ခွင့်ပြုပါ – ဌာနာအုပ်ကြီးရယ်၊ ကျွန်တော်တို့သားလေး မနေ့က ညနေကတည်းက အိမ်က ထွက်သွားတာ၊ ပြန်မလာလို့လိုက်ရှာနေတာပါ။ မြို့အထွက် ဇရပ်ပေါ်မှာ လူတစ်ယောက် အသတ်ခံထားရတယ်လို့ ဈေးထဲမှာ ဈေးသည်တွေ ပြောနေကြတယ်ဆိုလို့ကြားတာနဲ့ လာကြည့်တာပါ ခင်ဗျာ"

မြင်းလှည်းနှင့် ရောက်လာသောလူကြီးက ဇရပ်ခြေရင်းလှေကားနားမှ နေပြီး ဌာနာအုပ်ကြီး ဦးဟာဒီကို လှမ်းပြောလိုက်သည်။ ဌာနာအုပ်ကြီးက "ခင်ဗျားတို့က ဘယ်သူတွေလဲဆိုတာ အရင်ပြောဦးလေ" ဟု မေးလိုက်သည်။

"ကျွန်တော်က ဟသ်ာညီနောင် ချိုချဉ်စက်ရုံပိုင်ရှင် ဦးမောင်မောင်ပါ။ သူက ကျွန်တော့်ဇနီး ခင်မေလှပါ ခင်ဗျ။ ပတ္တမြားရပ်ကွက်၊ အောင်သုခလမ်းမှာနေပါတယ်"

ဟသ်ာညီနောင်ချိုချဉ်စက်ရုံမှ ထုတ်လုပ်သော ချိုချဉ်(သကြားလုံး)များမှာ လူကြိုက်များလှပေသည်၊ စက်ရုံပိုင်ရှင် ဦးမောင်မောင်မှာ လူချမ်းသာတစ်ဦးဖြစ်ပြီး မြို့မျက်နှာဖုံးဖြစ်လေသည်၊ ဌာနာအုပ်ကြီး ဦးဟာဒီက –

"ကြည့်ပါဗျာ – ခင်ဗျားတို့ရဲ့ပျောက်နေတဲ့သားလေး မဖြစ်ပါစေနဲ့လို့ ဆုတောင်းလိုက်ပါတယ်ဗျာ" ပြောပြီး ကြည့်ရှုခွင့်ပေးလိုက်သည်၊ ဌာနာအုပ်ကြီးဆီမှ ခွင့်ပြုချက် ရလိုက်သည်နှင့် ဦးမောင်မောင်တို့လင်မယားနှစ်ယောက် အလောင်းနားသို့ကပ်သွားပြီးကြည့်လိုက်ကြသည်၊ ဌာနာအုပ်ကြီး ဆုတောင်း မပြည့်ပါလေ၊

"အောင်မယ်လေး – သားလေးရဲ့ – အဖြစ်ဆိုးလှချည်လား"

ဒေါ်ခင်မေလှ၏ အော်ဟစ်ငိုလိုက်သောအသံက စူးရှစွာ ထွက်လာလေတော့သည်၊

"မနေ့ကညကတည်းက ပျောက်သွားတဲ့ ကျွန်တော်တို့သားလေး ကျော်မောင်မောင်ဆိုတာ သူပါပဲဗျာ"

ဦးမောင်မောင်က အသတ်ခံထားရသူမှာ သူတို့၏သားဖြစ်ကြောင်း ဆို့နင့်စွာ ပြောလိုက်သည်၊ အသတ်ခံရသူ မည်သူဆိုတာ သိပြီဆိုတော့

www.burmeseclassic.com

တရားခံနောက်ကိုလိုက်ဖို့ လမ်းပွင့်သွားပြီဖြစ်ကြောင်း စုံထောက်ဝီလီသိန်း သိလိုက်ပေပြီ။

သားဇောနှင့် သောကတောမှာ မောနေသော ဦးမောင်မောင်တို့ဇနီးမောင်နှံနှစ်ယောက်ကို ကိုယ်ချင်းစာနာမိသော်လည်း တာဝန်နှင့်ဝတ္တရားက ရှိနေသည်မို့ တာဝန်ကို ဦးစားပေးလိုက်သည်။

"အားတော့ နာပါတယ် - ဦးမောင်မောင်။ ဦးမောင်မောင်တို့သား ကျော်မောင်မောင် ဘယ်လိုပျောက်သွားတယ်ဆိုတာ သိပါရစေ"

"စုံထောက်ဝီလီသိန်းပါ - ဦးမောင်မောင်"

ဌာနာအုပ်ကြီး ဦးဟာဒီက မိတ်ဆက်ပေးလိုက်သည်။

"မနေ့က ကျွန်တော့်ရဲ့ ချိုချဉ်စက်ရုံမှာ နယ်အော်ဒါအများကျလို့ ညနေငါးနာရီလောက်အထိ အလုပ်လုပ်ပါတယ်။ အလုပ်သိမ်းတော့ အလုပ်သမလေးတွေ သူ့အုပ်စုနဲ့သူ ပြန်သွားကြပါတယ်။ ကြည်ကြည်ဦးဆိုတဲ့အလုပ်သမလေးတစ်ယောက်ပဲ ကျန်နေခဲ့ပါတယ်"

"ဦးမောင်မောင်တို့စက်ရုံမှာ အလုပ်သမား ဘယ်နယောက်ရှိလဲ။ ပြီးတော့ - ကြည်ကြည်ဆိုတဲ့အလုပ်သမလေးက ဘာလို့တစ်ယောက်တည်း ကျန်နေခဲ့တာလဲ ခင်ဗျ"

စုံထောက်ဝီလီသိန်းက သိလိုသမျှ မေးလိုက်သည်။

"စက်ရုံမှာမိန်းကလေးအလုပ်သမငါးယောက်နဲ့ယောကျ်ားလေးအလုပ်သမားနှစ်ယောက် ရှိပါတယ်။ ကြည်ကြည်ဦးကလွဲပြီး ကျန်တဲ့ကောင်မလေးလေးယောက်က ရပ်ကွက်တစ်ခုထဲမှာ အတူနေကြတာပါ။ ကြည်ကြည်ဦးက မြို့စွန်ကအောင်ဘောဂရပ်ကွက်မှာ နေပါတယ်။ သူ့ယောကျ်ားလာကြိုမလားလို့စောင့်ရင်း ကျန်နေတာပါ။ နောက် သူ့ယောကျ်ားက မကြိုတာနဲ့ သားလေး ကျော်မောင်မောင်က လိုက်ပို့ပေးလိုက်ရပါတယ်။ သားလေးက အရင်ကလည်း ခဏခဏ လိုက်ပို့ပေးနေကျဆိုတော့ မနေ့က ကြည်ကြည်ဦးကို စက်ဘီးနောက်ခုံမှာတင်ပြီး လိုက်ပို့ရာကစပြီး အိမ်ပြန်မရောက်တော့ပဲ ပျောက်သွားတာပါ - စုံထောက်မင်းရယ်။ ဒီကနေ့မနက်ရောက်မှ ဈေးထဲမှာ



မြို့အတွက်ဇရပ်ပေါ်မှာ လူတစ်ယောက် အသတ်ခံထားရတယ်လို့ ပြောနေသံကြားတာနဲ့ လာကြည့်တာ၊ သားလေးကျော်မောင်မောင်ကို အခုလိုပုံစံနဲ့ ပြန်တွေ့ရတာပါပဲဗျာ"

ဦးမောင်မောင်က ပါးပေါ်သို့စီးကျလာသောမျက်ရည်များကိုသုတ်လိုက်သည်။

"ဒါဆိုရင် - ကြည်ကြည်ဦး အိမ်ကအပြန်မှာ ပျောက်သွားတာပေါ့"

"ဟုတ်ပါတယ် - သားလေးပြန်ရောက်သင့်တဲ့အချိန်ထိပြန်မရောက်လို့ ကြည်ကြည်ဦးအိမ်ကို လိုက်သွားပြီးမေးတော့ အိမ်အထိ အရောက်ပို့ပြီး ချက်ချင်းပြန်သွားတယ်လို့ ပြောပါတယ်"

"တခြား - သူသွားတတ်တဲ့နေရာတွေရော ရှာကြည့်သေးလား"

"သားလေးဟာ အခုလိုမျိုး ကြည်ကြည်ဦးကို လိုက်ပို့ပြီးတိုင်း အိမ်ကို တန်းပြန်လာလေ့ရှိပါတယ်။ တခြားသွားစရာရှိရင်လည်း မိဘတွေကိုပြောပြီးမှသွားတတ်ပါတယ်။ မနေ့ညက တစ်ညလုံး သားလေးသွားတတ်တဲ့နေရာတွေကို လိုက်ရှာကြည့်ပါတယ်။ သားလေး မလာဘူးလို့ပြောကြတယ်"

စုံထောက်ဝီလီသိန်းမေးသမျှ ဦးမောင်မောင်က စိတ်ရှည်လက်ရှည် ဖြေပေးသည်။

"ဇရပ်လေ့ကားရဲ့ အောက်ဆုံးအထစ်မှာ ချွတ်ထားတဲ့ဖိနပ်တစ်ရံ ရှိပါတယ်။ ကျော်မောင်မောင်ဖိနပ် ဟုတ်မဟုတ် ကြည့်ပေးပါ - ဦးမောင်မောင်"

"ကျွန်တော် ဇရပ်ပေါ်ကို တက်လာတုန်း တွေ့ခဲ့ပါတယ်။ သားလေးဖိနပ် မဟုတ်ပါဘူး။ သားလေးဖိနပ်က အသစ်ပါ။ ဝယ်ထားတာ နှစ်ရက်ပဲ ရှိပါသေးတယ်။ အော်ဒါမှာပြီး ချုပ်ပေးထားတာပါ"

ဦးမောင်မောင်က သွားမကြည့်ပဲ အတိအကျပြောလိုက်သည်။ ဒေါ်ခင်မေလှကတော့ သားလေးအလောင်းဘေးမှာထိုင်ပြီး ငိုလို့ကောင်းနေဆဲ။ လုပ်ရေးကရှိသေးသည်မို့ ဘာမျှဆက်မမေးတော့ဘဲ ရပ်ထားလိုက်သည်။ စိတ်ကူးထဲမှာတော့ တရားခံရှာနေသူက စုံထောက်ဝီလီသိန်း။



www.burmeseclassic.com

www.burmeseclassic.com

ဌာနာအုပ်ကြီး ဦးဟာဒီက လက်ရန်းပါသော ကျွန်းကုလားထိုင်ကြီးပေါ်တွင် ကျောမှီပြီး ထိုင်နေရာမှ တချက်ချက်ဖြင့် အသံမြည်နေသောတိုင်ကပ်နာရီအိုကြီးကို လှမ်းကြည့်လိုက်သည်။

"ဒီနေ့တစ်နေ့လုံး ဝီလီသိန်းတစ်ယောက် ပျောက်နေပါလား - ဂါတ်စာရေးကြီးရဲ့"

လွှန်စွာမှ ဟောင်းနွမ်းနေပြီဖြစ်သော လက်နှိပ်စက်တစ်လုံးဖြင့် အလုပ်ရှုပ်နေသော ဂါတ်စာရေး ကိုအောင်ထွန်းကို လှမ်းပြောလိုက်သည်။

"လာမှာပါ - ဌာနာအုပ်ကြီးရယ်၊ မနေ့က ဟသ်ာညီနောင်ရှိုချည်စက်ရုံကို သွားရဦးမယ်လို့ ပြောထားတယ်လေ၊ တသင်ကြီး ဦးဖိုးဟိန်းနဲ့ မနက်ကထွက်သွားကြတယ် ခင်ဗျ"

ဂါတ်စာရေး ကိုအောင်ထွန်းက အလုပ်စားပွဲပေါ်တွင်ရှိသော စာရွက်များကို စီထပ်နေရာမှ ပြန်ဖြေလိုက်လေသည်။ ထိုအချိန်မှာပင် ဂါတ်တဲဝန်းထဲသို့ စက်ဘီးဘဲလ်တီးသံနှင့်အတူ စုံထောက်ဝီလီသိန်းတစ်ယောက်ဝင်လာသည်ကို ဌာနာအုပ်ကြီး ဦးဟာဒီတစ်ယောက် တွေ့လိုက်ရတော့သည်။ စုံထောက်ဝီလီသိန်းနှင့်အတူ လူသတ်တရားခံ ပါလာလိမ့်မည်ဟု မျှော်လင့်ထားမိသော်လည်း တစ်ယောက်တည်း ပြန်လာသည်ကို တွေ့လိုက်ရသည့်အတွက် ဌာနာအုပ်ကြီး ဦးဟာဒီတစ်ယောက် စိတ်ဓာတ်ကျသွားလေတော့သည်။ ထိုအဖြစ်ကို ကြည့်၍ ဂါတ်စာရေး ကိုအောင်ထွန်းက ရယ်မောရင်း -

"ဘယ်လိုလဲ - ဌာနာအုပ်ကြီးရဲ့ - အစ်ကိုဝီလီသိန်းတစ်ယောက်ထဲပြန်လာတာကို တွေ့လိုက်ရလို့ စိတ်ဓာတ်ကျသွားတာလား။ မကျပါနဲ့ဗျာ။ အစ်ကိုဝီလီသိန်းအကြောင်းလည်း သိရဲ့သားနဲ့။ သူ့မှာ တရားခံဖော်ထုတ်နိုင်တဲ့ အရည်အချင်း အပြည့်ရှိပါတယ်ဗျ။ အနေးနဲ့အမြန်ပဲကွာမယ်၊ တရားခံကို ဖမ်းမြဲနိုင်မယ်။ ကျွန်တော်တော့ ယုံတယ်ဗျို့"

ဂါတ်စာရေး ကိုအောင်ထွန်းက စုံထောက်ဝီလီသိန်းအကြောင်းကို အတွင်းသိ၊ အဆင်းသိမို့ ရဲရဲကြီးပြောချလိုက်လေတော့သည်။ ထိုစဉ် ဌာနာ



အုပ်ကြီး၏ရုံးခန်းထဲသို့ တက်ကြွသောခြေလှမ်းများဖြင့် ဝင်လာသူက စုံထောက်ဝီလီသိန်း။

"ဘယ်လိုလဲ - ဝီလီ - တရားခံ ပါမလာသေးဘူးလား"

ဌာနာအုပ်ကြီးက မိမိစားပွဲရှေ့တွင်ရှိသော ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သော စုံထောက်ဝီလီသိန်းကို မေးလိုက်သည်။ ဂါတ်စာရေး ကိုအောင်ထွန်းကပါ သူ့အလုပ်စားပွဲမှ ထလာပြီး စုံထောက်ဝီလီသိန်းနှင့် ဘေးချင်းယှဉ်၍ ဝင်ထိုင်လိုက်သည်။

"အချိန်တန်တော့လည်း နွားပိန်ကန်ပါလိမ့်မယ် - အစ်ကိုဟာဒီ။ အမှုဖြစ်စဉ်လေးကို ကျွန်တော်တို့ ပြန်စဉ်းစားကြည့်ရအောင်၊ မနေ့က ကျွန်တော်တို့ လူသတ်မှုဖြစ်တဲ့ဇရပ်ကို ရောက်တော့ ဇရပ်ကိုမှီပြီး ထောင်ထားတဲ့ရာလေစက်ဘီးတစ်စီးကို တွေ့ခဲ့ကြတယ်နော်၊ အဲဒီစက်ဘီးနားကို သွားကြည့်တော့ နောက်ထပ်စက်ဘီးရာတစ်ခုကို ထပ်တွေ့ရပြန်တယ်၊ အဲဒီထပ်တွေ့တဲ့စက်ဘီးရာက ဇရပ်ကို မှီပြီးထောင်ထားတဲ့ရာလေစက်ဘီးနဲ့ ဘေးချင်းယှဉ်ပြီး ဒေါက်ထောက်ရပ်ထားတဲ့အနေအထားကိုတွေ့ရတယ်၊ မြေကပျော့နေတော့ ဘီးရာနှစ်ခုကို ထင်းထင်းကြီးမြင်နေရတယ်၊ ဒေါက်ထောက်ရပ်ထားတဲ့ဘီးရာက ကားလမ်းမဘက်ကို ပြန်ကွေ့ပြီးထွက်သွားတာကို ထပ်တွေ့ရပြန်တယ်"

"ဒါဆို - အသတ်ခံရတဲ့မောင်မောင်နဲ့ လူသတ်သမားတို့ဟာ စက်ဘီးတစ်ယောက်တစ်စီးစီနဲ့ ဇရပ်ကို လာခဲ့ကြတယ်ဆိုတဲ့သဘောပေါ့ - ဟုတ်လား"

ဌာနာအုပ်ကြီး ဦးဟာဒီက ဝင်ပြောလိုက်သည်။ စုံထောက်ဝီလီသိန်းက ကျေနပ်စွာ ပြုံးလိုက်ပြီး -

"လူသတ်သမားက သူ့ကိစ္စကိုအောင်မြင်သွားတော့ ရပ်ထားတဲ့စက်ဘီးကို ကားလမ်းမပေါ်ရောက်တဲ့အထိ တွန်းသွားတဲ့သဘောပေါ့။ ကျွန်တော်တို့ စဉ်းစားရမှာက နှစ်ယောက်အတူ စက်ဘီးကိုယ်စီနဲ့ လာခဲ့ကြတယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခင်မင်တဲ့ သူတွေဖြစ်ရမှာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

လုံကြည်ရင်းနှီးတဲ့သူတွေမို့ အလွယ်တကူ သတ်လို့ရသွားတာပေါ့၊ ဘာဖြစ်လို့လည်းဆိုတော့ အခင်းဖြစ်တဲ့ဇရပ်ပေါ်မှာ ရုန်းရင်းဆန်ခတ်ဖြစ်တဲ့ ခုခံတာတွယ်တဲ့လက္ခဏာတွေ မတွေ့ခဲ့ရဘူးဗျ"

"မင်းပြောပြတော့လည်း ရှင်းနေတာပဲ၊ ကျော်မောင်မောင်ကို ရင်းနှီးတဲ့သူတစ်ယောက်ယောက်က သတ်သွားတာ၊ ဘာကြောင့်လည်းဆိုတော့ ကျော်မောင်မောင့်အလောင်းနားမှာ ပုလင်းဖင်ကို သဘော်ဆေးအနီသုတ်ထားတဲ့အရက် ပုလင်းအလွတ်တစ်လုံး တွေ့ခဲ့ရတယ်၊ သေသူရဲ့ပါးစပ်ကိုနမ်းကြည့်တော့ အရက်နံ့ လုံးဝမရဘူး၊ ဒါဆို – လူသတ်သမားက အရက်တစ်ပုလင်းလုံး ဒါမှမဟုတ် တစ်ဝက်ကို သူတစ်ယောက်တည်း သောက်တာ ပေါ့၊ အရက်ကိုကုန် အောင်သောက်ပြီးမှ သတ်လိုက်တဲ့သဘောပဲ၊ ကျွန်တော်ရှာရမှာက ကျော်မောင်မောင်နဲ့ ရင်းနှီးတဲ့အရက်သမားပဲဗျ"

"လွယ်တော့ မလွယ်ဘူးနော်၊ ကောက်ရိုးပုံထဲ အပ်ရှာရသလိုနေမှာ"

ဂါတ်စာရေး ကိုအောင်ထွန်းက ဝင်ပြောလိုက်သည်၊

"မလွယ်ပေမဲ့ တွေ့အောင်ရှာရမယ့်အလုပ်က ကျွန်တော့်အလုပ်လေ၊ တွေ့အောင်ရှာပြပါ့မယ်၊ ကျော်မောင်မောင်နဲ့ လူသတ်သမားတို့ စက်ဘီးတစ်ယောက်တစ်စီးနဲ့ တွဲသွားတာကို မြင်တဲ့သူတော့ ရှိရမယ်ဗျ၊ မနေ့က ကျွန်တော်တို့ လူသတ်မှုဖြစ်တဲ့ဇရပ်ကပြန်လာတော့ လမ်းမှာ ဆုံစည်းရာလို့ အညွှန်းပေးထားတဲ့အရက်ဆိုင်တစ်ဆိုင် တွေ့ခဲ့တယ်၊ အဲဒီမှာ ကျွန်တော် ဘာကိုတွေးမိသလဲဆိုတော့ ဇရပ်ပေါ်မှာတွေ့ခဲ့တဲ့ သက်သေခံပစ္စည်း ဖင်မှာဆေးအနီသုတ်ထားတဲ့အရက်ပုလင်းလွတ်ဟာ ဒီဆိုင်က ဝင်ဝယ်လာတာဖြစ်နိုင်ဘူးလားဆိုတာကိုပေါ့၊ တကယ်လို့ ကျွန်တော့်အတွေးသာ မှန်ခဲ့ရင် ကျော်မောင်မောင်နဲ့ လူသတ်သမားတို့ဟာ အရက်ဆိုင်ရှေ့မှာတော့ ခဏတော့ ရပ်ရဦးမှာပဲ၊ ပြီးတော့ – လူသတ်သမားက အရက်ဝင်ဝယ်ပါလိမ့်မယ်၊ အဲဒါကို တစ်ယောက်မမြင်တောင် တစ်ယောက်တော့ မြင်မှာပဲလေ၊ အဲဒီတွေးဆချက် မှန်၊ မမှန်သိရအောင်လို့ မနက်က အရက်ဆိုင်ကို သွားပြီးစုံစမ်းတယ်"



"ဟုတ်သားပဲ – ဒါကို ဘာလို့မစဉ်းစားမိတာပါလိမ့်"

ဌာနာအုပ်ကြီး ဦးဟာဒီက မှန်ကန်ကြောင်း ထောက်ခံလိုက်သည်၊

"ဆုံစည်းရာအရက်ဆိုင်ကိုရောက်တော့ ပိုင်ရှင် ဦးဇော်ထွန်းကိုတွေ့ပြီး ကျော်မောင်မောင် အသတ်ခံရတဲ့ဖြစ်စဉ်ကို ပြောပြပြီး စုံစမ်းလိုက်တော့ မြင်တဲ့သူရှိနေတယ်ဆိုတာ သိလိုက်ရတယ်၊ မြင်တဲ့သူက ဆိုင်ပိုင်ရှင်ဦးဇော်ထွန်းရဲ့သမီး ချောချောဆိုတဲ့ကောင်မလေးဗျ၊ မနေ့က ညနေစောင်းမှာ ကျော်မောင်မောင်နဲ့ လူတစ်ယောက် စက်ဘီးကိုယ်စီနဲ့ရောက်လာပြီး ဆိုင်ရှေ့မှာ ရပ်လိုက်တာကို ချောချောက တွေ့လိုက်တယ်"

"ကျော်မောင်မောင်မှန်း ချောချောက ဘယ်လိုသိတာလဲ"

ဌာနာအုပ်ကြီးက အကွက်ဖေ့ဖေ့ မေးလိုက်သည်၊

"ချောချောနဲ့ ကျော်မောင်မောင်က ကျောင်းနေဖက်တွေလို့ပြောတယ်လေ၊ အဲဒီ့တုန်းက ချောချောက ကောင်တာမှာ ခဏဝင်ထိုင်နေတဲ့အချိန်တဲ့၊ ကျော်မောင်မောင်နဲ့အတူလာတဲ့သူက အရက်ဆိုင်ထဲဝင်လာပြီး အရက်ဝယ်တယ်၊ ပြီးတော့ – ကျော်မောင်မောင်နဲ့အတူ ဇရပ်ရှိတဲ့ဘက်ကို စက်ဘီးကိုယ်စီနဲ့ ထွက်သွားကြတာ မြင်လိုက်ပါတယ်လို့ ပြောတယ်ဗျ၊ ကျွန်တော်က အရက်ဝင်ဝယ်တဲ့သူကို သိလားလို့မေးကြည့်တော့ သိလည်းမသိဘူး၊ မြင်လည်း မမြင်ဖူးဘူးတဲ့၊ မြင်ရင်တော့ မှတ်မိပါတယ်လို့ ပြောတယ်၊ အသားညိုညို၊ အရပ်ပုပုက်တိုတိုလို့တော့ ထပ်ပြောသေးတယ်၊ အရက်ပုလင်းအကြောင်းမေးကြည့်တော့ ပုလင်းဖင်မှာ သဘော်ဆေးအနီသုတ်ထားတာ သူတို့ဆိုင်က ပုလင်းပါလို့ပြောတယ်"

"ဒီလိုဆိုရင် ကျော်မောင်မောင်နဲ့လာတဲ့ အရက်သမားဘယ်သူဆိုတာ သိရရင် အချုပ်ထဲ ပို့ထားလို့ရပြီပေါ့"

ဒါက ဂါတ်စာရေး ကိုအောင်ထွန်းအသံ၊

"လိုအပ်ရင် ကူညီဖို့ ချောချောကို မေတ္တာရပ်ခံခဲ့ပြီး ပတ္တမြားရပ်ကွက်ထဲမှာရှိတဲ့ ဟသ်ာညီနောင်ချိုချဉ်စက်ရုံကို ထွက်လာခဲ့တယ်၊ စက်ရုံရောက်တော့အလုပ်သမလေး(၆)ယောက်နဲ့ အလုပ်သမားကောင်လေးသုံးယောက်

www.burmeseclassic.com

ကို ဦးမောင်မောင်နဲ့ အတူတွေ့ရပြီး အလုပ်သမလေးတွေက ငိုနေကြတယ်။ အလုပ်သမလေးငါးယောက်က ရွှေချည်ငွေချည်ရပ်ကွက်မှာ နေကြပြီး ကျန်တစ်ယောက်က ဖောင်တော်ရပ်ကွက်မှာ နေတယ်လို့ ဦးမောင်မောင်က ပြောတယ်ဗျ။ ဖောင်တော်ရပ်ကွက်မှာနေတဲ့ အလုပ်သမလေး ကြည်ကြည်ဦး တစ်ယောက်ပဲ အိမ်ထောင်ရှိပြီး ကျန်တာတွေက အပျိုလေးတွေလို့ သိခဲ့ရတယ်။ အလုပ်သမားတစ်ယောက်က ဦးမောင်မောင်ရဲ့ဆွေမျိုးသားချင်းတွေ၊ စက်ရုံမှာပဲ နေကြတယ်၊ မနေ့က အလုပ်အော်ဒါကျလို့ ခါတိုင်း အလုပ်ဆင်းနေကျအချိန်ထက် တစ်နာရီလောက် နောက်ကျပြီးမှ ဆင်းရတယ်။ အဲဒီမှာ ရွှေချည်ငွေချည်ရပ်ကွက်မှာနေတဲ့ အလုပ်သမလေးငါးယောက်က ပြန်သွားတော့ စက်ရုံမှာ ကြည်ကြည်ဦးတစ်ယောက်ထဲ ကျန်နေခဲ့တယ်။ သူ့ယောကျ်ားက လာမကြိုတာနဲ့ နောက်ဆုံး ကျော်မောင်မောင်ကပဲ စက်ဘီးနဲ့ လိုက်ပို့ပေးနေရတာတဲ့၊ အဲဒီလို ကြည်ကြည်ဦးယောကျ်ား လာမကြိုရင် ကျော်မောင်မောင်ပဲ ခိုင်းလိုက်ပို့ပေးနေရတာတဲ့၊ အဲဒီလို ကြည်ကြည်ဦးကို မနေ့က လိုက်ပို့ရာကနေ ကျော်ကျော်မောင်က ပျောက်သွားတာလို့ ဦးမောင်မောင်က ပြောပြပါတယ်"

"ကျော်မောင်မောင်က ရှုပ်ရှုပ်ပွေပွေထဲကလား"

"ကောင်လေးက ကျောင်းသားပဲ ရှိသေးတယ်၊ ဟိုစိတ် ဒီစိတ် မရှိဘူး။ စက်ရုံက အလုပ်သမလေးတွေနဲ့လည်း ဒွေးရောယှက်ရော မနေဘတ်ဘူး။ ကိုယ့်အစ်မတွေလိုပဲ ဆက်ဆံတယ်၊ ကူညီချင်တဲ့စိတ်ရှိတော့ အားလုံးက မောင်လေးတစ်ယောက်လို ချစ်ကြတယ်၊ အခုလို အသတ်ခံရတယ်ဆိုတော့ အားလုံးငိုကြတာပေါ့"

"ကြည်ကြည်ဦးကို လိုက်ပို့ရာက အိမ်ကို ပြန်မလာ၊ ပျောက်နေတော့ ကြည်ကြည်ဦးကို သွားမမေးဘူးလား"

"မေးတာပေါ့ - သူ့ကို ပို့ပြီး တန်းပြန် သွားတယ် လို့ ပြောတယ်၊ ကျော်မောင်မောင်အသတ်ခံရတာ ကြည်ကြည်ဦးနဲ့ ပတ်သက်ဖို့များတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ညမိုးချုပ်မှပြန်ရတိုင်း ကျော်မောင်မောင်က အမြဲ



တမ်းလိုက်ပို့နေရတယ်၊ ပြီးတော့ - စက်ဘီးတစ်စီးကို နှစ်ယောက်တည်း မိုးချုပ်ချုပ်ပြန်လာတာဆိုတော့ ဘေးအမြင်မှာ မသင့်တော်ဘူးလေ၊ ပြီးတော့ ကျော်မောင်မောင်က လူပျိုလေး၊ ရယ်ရယ်မောမောနဲ့ စကားပြောလာကြတာကိုမြင်တဲ့သူက တစ်မျိုးတော့ ထင်မှာပဲ၊ အဲဒီလိုပဲ ကြည်ကြည်ဦးရဲ့အစ်ကိုတွေ၊ မောင်တွေ ဒါမှမဟုတ် ယောကျ်ားကများ တွေ့သွားရင် အူနကျွဲခတ်တဲ့ကိန်းဗျ"

"အင်းပေါ့လေ - ညမိုးချုပ်တိုင်း အိမ်အပြန် လိုက်လိုက်ပို့နေရတာ ခဏခဏဆိုတော့ ဘေးအမြင်မှာ အထင်လွဲနိုင်သလို အမနာပပြောတတ်တဲ့သူတွေ တွေ့သွားရင်လည်း အတင်းပြောခံရဦးမယ်လေ၊ ကောင်မလေးယောကျ်ားလည်း တွေ့မှာပဲ၊ မတွေ့တောင် တွေ့တဲ့သူက အတင်းပြောရင် ယုံမိမှာပဲဗျ"

ဌာနာအုပ်ကြီးက ဖြစ်နိုင်သမျှ တွေးဆပြောလိုက်ခြင်းဖြစ်သည်၊

"စက်ရုံက အလုပ်သမားတွေအားလုံးကို စစ်ကြည့်တော့လည်း ကျော်မောင်မောင်ကိုသတ်ဖို့နေနေသာသာ ချစ်လို့တောင် မဝဘူးလို့ ဆိုကြတယ်ဗျ၊ အားလုံးက ဝိုင်းချစ်တဲ့ သဘော တွေ့ရတယ်၊ ရပ်ကွက်ထဲက လူငယ်၊ လူကြီး အားလုံးနဲ့ အဆင်ပြေအောင် ပေါင်းသင်းတတ်တော့ ဘာပြဿနာမှ မရှိခဲ့ဘူးလို့ ဦးမောင်မောင်က ပြောပြပါတယ်၊ ဒါဆို - ကျော်မောင်မောင်ကို ဘယ်သူသတ်သလဲဆိုတဲ့မေးခွန်းရဲ့အဖြေကို ရှာရတော့မယ်"

ထိုစဉ် ပုလိပ်ကလေး သံဘီးနှင့်အတူ အမျိုးသမီးငယ်လေးတစ်ဦးတို့ ဌာနာအုပ်ကြီးရုံးခန်းထဲသို့ ဝင်လာသည်၊

"ကျွန်တော်ပြောတဲ့ ဆုံစည်းရာအရက်ဆိုင်ပိုင်ရှင်သမီး ချောချောဆိုတာ သူပါပဲ - အစ်ကိုဟာဒီ၊ ကျွန်တော့်ကိုကူညီဖို့ ပြောပြီးခေါ်ထားတာပါ"

"ဒါဆို - ကျော်မောင်မောင်နဲ့ တွဲသွားတဲ့ အရက်သမားကို မင်း တွေ့သွားပြီပေါ့"

ဌာနာအုပ်ကြီးက ဝမ်းသာအားရ မေးလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ကျိန်းသေပေါက်တော့ မဟုတ်သေးဘူး – အစ်ကိုဟာဒီ၊ မှန်းဆချက်တစ်ခု မှန်း၊ မမှန် စမ်းသပ်လိုက်တာပါ၊ ကျွန်တော်စမ်းသပ်မယ့်သူကို စာသင်ကြီး ဦးဖိုးဟိန်းနဲ့ ပုလိပ်သားရာဂျီတို့ သွားခေါ်နေပါတယ်၊ မကြာခင် ရောက်လာကြမှာပါ၊ ညီမလေးချောချောက ဟိုဘက်အခန်းထဲကနေ စာသင်ကြီး ဦးဖိုးဟိန်းခေါ်လာတဲ့သူဟာ ကျော်မောင်မောင်နဲ့ အတူလာတဲ့သူ ဟုတ်၊ မဟုတ် သက်သေခံပေးပါ – ကြည့်ပေးပါ"

စုံထောက်ဝီလီသိန်းက ချောချောကို ဌာနာအုပ်ကြီးရုံးခန်းနှင့် ကပ်နေသော အခန်းလွတ်ထဲသို့ ပို့ထားလိုက်သည်၊ ဆယ့်ငါးမိနစ်ခန့်အကြာတွင် စာသင်ကြီးဦးဖိုးဟိန်းနှင့်အတူ လူရွယ်တစ်ဦး ပါလာသည်၊ မျက်လုံးအစုံက နီရဲနေပြီး အရက်နံ့က နံစော်နေသည်၊ စာသင်ကြီးဦးဖိုးဟိန်းက လက်ထဲမှာ ကိုင်လာသော စက္ကူထုပ်တစ်ထုပ်ကို ဌာနာအုပ်ကြီး၏စားပွဲပေါ်သို့တင်လိုက်ပြီး –

"ဒီကောင့်ကို သူတို့ရပ်ကွက်ထဲ အရက်ဆိုင်က ခေါ်လာတာ၊ အရက်ဆိုင်မှာ ဆိုင်ရှင်နဲ့ စကားများနေကြတယ်၊ မနေ့က ည(၁၀)နာရီလောက်မှာ အရက်လာသောက်ပြီး အရက်ဖိုးမပါလို့ စီးလာတဲ့ဖိနပ်ကို မနက်မိုးလင်းတာနဲ့ လာရွေးပါ့မယ်ပြောပြီး ပေါင်သောက်သတဲ့ဗျာ၊ မနက်လင်းတော့ လာမရွေးတော့ စကားများကြတာ၊ မနေ့ကဖြစ်တဲ့အမှုမှာ အသတ်ခံရတဲ့သူရဲ့ဖိနပ် ပျောက်သွားပြီး လူသတ်သမားရဲ့ဖိနပ်ပဲ ကျန်ခဲ့တာကို သတိရတာနဲ့ အရက်ပေါင်သောက်တဲ့ဖိနပ်ပါ သိမ်းလာခဲ့တယ် – ဌာနာအုပ်ကြီး"

ဟု ပြောလိုက်သည်၊

"ဒီတစ်ခါတော့ စာသင်ကြီးက ဖတ်သွားပြီဗျို့"

ဌာနာအုပ်ကြီး ဦးဟာဒီက ရီးမှုမ်းလိုက်သည်၊ ပြီးတော့ – စုံထောက်ဝီလီသိန်းကို ကြည့်လိုက်သည်၊ ဝီလီ သိန်းက ဘာမှမပြောပဲ တစ်ဖက်ခန်းထဲတွင်ရှိသော ချောချောထံသို့ ထွက်သွားလေသည်၊ စာသင်ကြီးဦးဖိုးဟိန်းက သူခေါ်လာသော အရက်သမားကို ဌာနာအုပ်ကြီး၏စားပွဲရှေ့တွင်ရှိသော ထိုင်ခုံလွတ်တစ်လုံးမှာ ထိုင်ခိုင်းလိုက်သည်၊



"မင်းနာမည်က သာစည်ထွန်း – ကြည်ကြည်ဦးယောကျာ်း – ဟုတ်တယ်နော်"

စုံထောက်ဝီလီသိန်းက တစ်ဖက်ခန်းမှ ထွက်လာပြီး မေးလိုက်ခြင်းဖြစ်သည်၊

"ဟုတ်တယ် – ကြည်ကြည်ဦးယောကျာ်း သာစည်ထွန်းဆိုတာ ဒီမြို့မှာ ကျုပ်တစ်ယောက်ပဲရှိတယ်၊ ခင်ဗျားတို့က ဘာကိစ္စနဲ့ ကျုပ်ကို ဂါတ်တဲခေါ်ရတာလဲ"

သာစည်ထွန်းက ထိုင်နေရာမှ ထလိုက်ပြီး ပုဆိုးကို တိုတိုပြင်ဝတ်ရင်း လေသံမာမာဖြင့် ပြန်မေးလိုက်သည်၊ "ဖြောင်း"ခနဲအသံနှင့်အတူ သာစည်ထွန်းတစ်ယောက် ရှေ့သို့ ငိုက်ကျသွားလေတော့သည်၊ ရိုက်လိုက်သူက စာသင်ကြီး ဦးဖိုးဟိန်း၊၊

"ဟေ့ကောင် – ဒါဂါတ်တဲကွ၊ မင်းတို့ရပ်ကွက်ထဲက အရက်ဆိုင်မဟုတ်ဘူး၊ မင်းပြောတဲ့လေသံကို ပြောင်းလိုက်စမ်း"

သာစည်ထွန်းက ထိမထင်ဟန်ဖြင့် စာသင်ကြီးဦးဖိုးဟိန်းကို လှည့်ရင်ဆိုင်လိုက်သည်၊ စုံထောက်ဝီလီသိန်းက ရှေ့တစ်လှမ်းတိုးလိုက်ပြီး သာစည်ထွန်း၏ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ရင်း –

"မနေ့ညနေစောင်းမှာ မင်းနဲ့ကျော်မောင်မောင် ဘယ်ကိုသွားတာလဲ"

ဟု မေးလိုက်သည်၊ သာစည်ထွန်းက ထိုင်နေရာမှ ဝီလီသိန်းကို မော့ကြည့်လိုက်ပြီး –

"မနေ့က ရပ်ကွက်ထဲက အရက်ဆိုင်မှာ ညနေကတည်းက အရက်သောက်နေတာဗျ၊ ဘယ်မှမသွားဘူး"

"ဘယ်မှမသွားဘူး – ဟုတ်လား၊ မနေ့က ညနေစောင်း နွားရိုင်းသွင်းချိန်လောက်မှာ မြို့အထွက် မြိုင်သာယာလမ်းပေါ်မှာရှိတဲ့ ဆုံစည်းရာအရက်ဆိုင်မှာ အရက်ဝင်ဝယ်တာ ဘယ်သူလဲ"

"ဘယ်မသိလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com


ဂျစ်တန်တန် ပြန်ဖြေလိုက်သူက သာစည်ထွန်း။

"မေးနေတာ ကောင်းကောင်းဖြေ။ အစ်ကိုဝီလီ - ဒီကောင့်ကို ကျွပ်လက်ထဲအစ်လိုက်စမ်းပါ"

ပုလိပ်လက်ထဲလောကတွင် နာမည်ကြီးခဲ့သော ဂါတ်စာရေးကိုအောင်ထွန်း ဒေါသကိုမထိန်းနိုင်တော့၊ လက်သီးတပြင်ပြင်နှင့်ဖြစ်လာပြီး စုံထောက်ဝီလီသိန်းက လက်ကာပြလိုက်သည်။

"လုပ်လိုက်လေ - ခြောက်တိုင်းကြောက်တဲ့အထဲမှာ သာစည်ထွန်းမပါဘူးနော်"

သက်သေနိုင်နိုင်လုံလုံမပြနိုင်လို့ကတော့ လက်မထောင်နေမည့်လူစားမျိုးမှန်း ဝီလီသိန်း သိလိုက်ရလေပြီ၊ မိုက်ရူးရဲဆန်တာလား၊ သတ္တိကောင်းတာလား - သာစည်ထွန်းရယ်၊ စုံထောက်ဝီလီသိန်းအကြောင်းကို မင်းမသိသေးတာ သေရှာပါတယ်ဟု တွေးမိပြီး သာစည်ထွန်းကို သဘောကျစွာဖြင့် ပြုံးကြည့်လိုက်သည်။






"မနေ့က မင်းနဲ့ ကျော်မောင်မောင် စက်ဘီးကိုယ်စီနဲ့ မြို့င်သာယာလမ်းပေါ်မှာရှိတဲ့ ဆုံစည်းရာအရက်ဆိုင်ကို ရောက်လာကြတယ်၊ ကျော်မောင်မောင်က ဆိုင်ရှေ့မှာရပ်ပြီး မင်းကို စောင့်ကျန်နေခဲ့တယ်။ မင်းက ဆိုင်ထဲဝင်ပြီး အရက်ဝယ်တယ်၊ ပြီးတော့ - နှစ်ယောက်အတူထွက်သွားကြတယ်"

"ခင်ဗျား စုံထောက်မလုပ်ပဲ ဗေဒင်ဆရာလုပ်ပါ့လား - သိပ်စိတ်ကူးကောင်း..."

သာစည်ထွန်း စကားကို ဆုံးအောင်မပြောနိုင်တော့၊ တစ်ဖက်ခန်းမှ ထွက်လာသော ရှောရှောကိုကြည့်ပြီး ငိုင်ကျသွားလေတော့သည်။

"သူ့ကိုတော့ မင်း မှတ်မိပါတယ်နော်၊ ဆုံစည်းရာအရက်ဆိုင်မှာ မင်းအရက်ဝင်ဝယ်တော့ ငွေသိမ်းကောင်တာမှာထိုင်ပြီး မင်းဆီက အရက်ဖိုးယူခဲ့တဲ့သူလေ၊ သူက ကျော်မောင်မောင်ကို သိတယ်ကွ၊ မင်းတို့နှစ်ယောက်အတူလာပြီး အတူထွက်သွားတာကို မြင်ပါတယ်လို့ ထွက်ဆိုချက်ပေးထားတယ်"

"ဟဲ - ဟဲ - ဒီလိုအတူသွားတာနဲ့ ကျော်မောင်မောင်ကို ကျုပ်သတ်တယ်လို့ စွပ်စွဲလို့ရမလားဗျ၊ ဘယ်မလဲမျက်မြင်သက်သေ"

"ဟုတ်ပါပြီ - မျက်မြင်သက်သေမရှိပေမဲ့ သက်မဲ့သက်သေဖိနပ် ရှိတယ်ကွ၊ မင်းအရက်ပေါင်သောက်တဲ့ဖိနပ်က ဘယ်သူ့ဖိနပ်လဲ၊ အဲဒီဖိနပ်က မင်းကို ထောင်ထဲပို့မယ့်ဖိနပ်ကွ"

"အဲ - အဲဒါ - ကျုပ်ဖိနပ်မို့ ကျုပ်ပေါင်တာပေါ့"

သာစည်ထွန်းတစ်ယောက် စောစောကလို လေသံမမာနိုင်တော့၊

စုံထောက်ဝီလီသိန်းက ဌာနာအုပ်ကြီးစားပွဲပေါ်မှ စက္ကူနှင့် ထုပ်ထားသောဖိနပ်ကို ဖြည်ပြလိုက်သည်၊ အသစ်စက်စက် အထူးအော်ဒါချုပ်ဖိနပ်တစ်ရံ၊ ကတ္တီပါသဲကြိုးအနက်ရောင်က ပြောင်နေသည်။

"ကျော်မောင်မောင်ကိုသတ်ပြီး ဇရပ်ပေါ်ကမှူးရှူးထိုးဆင်းလာပြီး လှေကားအောက်ဆုံးထစ်မှာချွတ်ထားတဲ့ ကျော်မောင်မောင်ဖိနပ်ကို မင်း မှားစီးသွားခဲ့တယ်၊ အလင်းပျောက်လို့ အမှောင်ထဲမှာဆိုတော့ မှားတာတွေ၊ မှန်

www.burmeseclassic.com

တာတွေ မင်းမှာ စဉ်းစားဖို့ အချိန်မရှိတော့ဘူးလေ၊ ဒီဇရပ်နဲ့ အဝေးဆုံးကို မင်းရောက်အောင်သွားရတော့မယ်၊ ဒီတော့ - စက်ဘီးကိုအမြန်နင်းလာတာ မင်းနေတဲ့ရပ်ကွက်က အရက်ဆိုင်ရောက်မှ ရပ်သွားတယ်၊ အဲဒီမှာ အရက်ဝင်သောက်တော့မှ အလင်းရောင်ထဲမှာ ကျော်မောင်မောင်ဖိနပ်ကို မှားစီးလာမိမှန်း မင်းသိလိုက်ရတာ၊ မှားစီးလာတဲ့ဖိနပ်က အသစ်ဆိုတော့ ဖျောက်ဖျက်ပစ်ရမှာ နမြောတာနဲ့ အရက်သောက်ပြီး အရက်ဖိုးအဖြစ် ဖိနပ်ကို အပေါင်ထားခဲ့လိုက်တယ်"

"ခင်ဗျား - မဟုတ်တာတွေ မပြောနဲ့ဗျာ"

လေသံပြောင်းသွားသူက သာစည်ထွန်း၊ စုံထောက်ဝီလီသိန်းက ကျေနပ်စွာပြုံးလိုက်သည်။

"အဲဒီဖိနပ်ဟာ ကျော်မောင်မောင့်ဖိနပ်ဆိုတာ သူ့အဖေနဲ့ အမေက ကောင်းကောင်းမှတ်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဖိနပ်ကို အထူးအော်ဒါမှာပြီး သူတို့သားအတွက် ချုပ်ပေးခဲ့တဲ့ဖိနပ်လို့ ဦးမောင်မောင်က ငါ့ကို ပြောထားခဲ့တယ်၊ ဇရပ်မှာ ကျန်ခဲ့တဲ့ဖိနပ်က မင်းဖိနပ်ဆိုတာ သက်သေခံမယ့်သူတွေ ရှိလာမှာပါ၊ မင်း ဘာမှငြင်းဖို့ မကြိုးစားနဲ့ - သာစည်ထွန်း၊ ကျော်မောင်မောင်ကို မင်းသတ်ရတဲ့အကြောင်းရင်းကို ငါ ဆက်ပြောရမလား၊ မင်းကိုယ်တိုင်ပြောမလား"

"ခင်ဗျား - ကျုပ်နောက်ကို လိုက်ကြည့်ထားသလား - ဦးဝီလီသိန်း၊ ခင်ဗျားပြောတာတွေ အကုန်မှန်ပါတယ်၊ မနေ့ကညနေ မိုးချုပ်ချုပ်မှာ ကျုပ်ဒိန်းမ ကြည်ကြည်ဦးကို စက်ဘီးနောက်ခုံမှာတင်ပြီး အိမ်အပြန် လိုက်ပို့တာကို လမ်းထိပ်အရက်ဆိုင်ထဲကနေ ကျုပ်တွေ့လိုက်ရတယ်၊ ဒီကောင်လေးရဲ့ ခါးကို ကျုပ်မိန်းမက ကိုင်ထားတယ်၊ ကောင်လေးနဲ့ ရယ်လို့ပြုံးလို့ စကားပြောလာကြတာမြင်ရတော့ ကျုပ် အူနကွဲခဲတ်သလို ခံစားလိုက်ရတယ်၊ ဒီကောင်လေးက ကျုပ်မိန်းမအပြန်ကိုလိုက်ပို့တာ ခဏခဏတွေ့လာရတော့ စိတ်ထဲမှာ သက်မကောင်းဖြစ်လာတယ်၊ ဒီကြားထဲမှာ ကျုပ်ကိုလာပြောတဲ့သူ



တွေကလည်းရှိလာတော့ ကျုပ်အချစ်စိတ်ဟာ ငယ်ထိပ်ကိုတက်လာတယ်၊ ကျုပ်မိန်းမ ကြည်ကြည်ဦးကို ကျုပ်တစ်ယောက်တည်း ချစ်ပိုင်ခွင့်ရှိသလို ကြည်ဦးချစ်တဲ့ကောင်ဟာလည်း ကျုပ်တစ်ယောက်တည်းပဲ ဖြစ်ရမယ်ဆိုပြီး အရက်ဆိုင်ထဲကထွက်ပြီး ကျုပ်မိန်းမကိုလိုက်ပို့ပြီးပြန်လာမယ့်ကျော်မောင်မောင်ကို လမ်းထိပ်က ရပ်စောင့်နေလိုက်တယ်၊ အဲ - အရက်ဆိုင်နောက်ကို ဝင်ပြီး ကြည်သွန်လှီးတဲ့ဓားတစ်ချောင်းကို မိုးလာခဲ့တယ်၊ သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး၊ စက်ဘီးတစ်စီးနဲ့ လမ်းထဲက ပြန်ထွက်လာတဲ့ ကျော်မောင်မောင်ကို ကိစ္စတစ်ခုရှိလို့ ကျုပ်နဲ့ အဖော်လိုက်ပေးဖို့ ခေါ်လိုက်တယ်၊ ဒီကောင်လေးက ကျုပ်ကို အစ်ကိုတစ်ယောက်လို ခင်နေတော့ လိုက်လာပါတယ်၊ ကျန်တာကတော့ ဦးဝီလီသိန်းသိတဲ့အတိုင်းပါပဲ၊ ဇရပ်ပေါ်ရောက်တော့ အရက်တစ်လုံး ကုန်အောင်သောက်ပြီးတော့ ထွက်နေတဲ့ဒေါသကို ဖွင့်ထုတ်ပစ်လိုက်မိတယ်၊ မသက်သာတဲ့စိတ်က ကြီးစိုးနေတော့ မှားမှန်း၊ မှန်မှန်း မစဉ်းစားနိုင်တော့တာလည်း ပါပါတယ်"

"အချစ်စိတ် ငယ်ထိပ်တက်နေတဲ့အချိန်မှာ အရက်ကို အလွန်အကျွံသောက်တာလည်း မင်းကို မှားပြီးရင်း မှားစေတယ်ကွ"

ဌာနာအုပ်ကြီး ဦးဟာဒီက သာစည်ထွန်း ဖြောင့်ချက်ပေးအပြီးမှာ ဝင်ပြောလိုက်ခြင်းဖြစ်ပါလေသည်တကား။

→ ကျော်အေးဌေး

www.burmeseclassic.com

www.burmeseclassic.com






# ခဲငုပါတဲ့ကူးကြီး

မောင်ညိုမှိုင်း
(သန်လျင်)

မတ်လ (၇)ရက်။ တနင်္ဂနွေနေ့က ကျွန်တော်တို့ ညောင်တုန်း၊ ဇလွန်နဲ့ ဓနုဖြူတို့ မြို့သုံးမြို့မှာရှိတဲ့ ဆရာများတွေကို ဖူးမြော်ဖြစ်ကြတယ် ခင်ဗျာ။ ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆိုရင် ရောက်ချင်မှ ရောက်မှာ။

အခုခရီးစဉ်က မရမ်းကုန်းမြို့နယ်၊ စာရေးဆရာအသင်း ဥက္ကဋ္ဌကြီး ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း) ဦးဆောင်တဲ့ မြို့နယ် စာရေးဆရာအသင်း စုရုံးမှု ဒေသန္တရလေ့လာရေး အစီအစဉ်ကြောင့် ရောက်ခဲ့ရတာပါ။

ဆရာဦးခင်ဇော် (မရမ်းကုန်း စာရေးဆရာ အသင်းဥက္ကဋ္ဌ)နဲ့ အတွင်းရေးမှူး ဆရာသင်းကျော်မိုးတို့ကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျ။ ညောင်တုန်း၊ ဇလွန်နဲ့ ဓနုဖြူက စာရေးဆရာများကလည်း ဧည့်ဝတ်ကျေပြုပါတယ်။ ဆရာစောမွှေးလွင်ဦး (တက္ကသိုလ်)က ညောင်တုန်းသားဆိုတော့ ဆရာမိတ်ဆက်ပေးလို့ အားလုံးနဲ့ ရင်းနှီးကျွမ်းဝင်ရတာပေါ့။ မရမ်းကုန်းမြို့နယ်၊ စာရေးဆရာအသင်းက အဖွဲ့ စည်းလုံးညီညွတ်ပြီး အင်အားတောင့်တင်းတဲ့အသင်းပါ။

တဆိုင်တော်နေ့ရောက်ရင် မရမ်းကုန်းမြို့နယ်မှာပါဝင်တဲ့ ရပ်ကွက်တွေအသေးစိတ်သုံး လေးနေရာမှာ စာပေဟောပြောပွဲ သုံးကြိမ်ကနေ လေးကြိမ်နှစ်စဉ်နီးပါး မိတ်ဦး ရေးနိုင်ပါတယ်။

www.burmeseclassic.com

ဆရာ ဦးခင်ဇော်ရဲ့ မေတ္တာစေတနာကြောင့် ကျွန်တော် မရမ်းကုန်းမြို့နယ်၊ ဒေသစိတ် အတော်များများမှာ သုံးလေးကြိမ်မက စာပေဟောပြောပွဲ ဟောပြောခဲ့ဖူးပါတယ်၊

(၂၀၁၄)ကုန်ခါနီးမှာပဲ ဥက္ကဋ္ဌကြီး ဆရာဦးခင်ဇော်ရယ်၊ အတွင်းရေးမှူး ဆရာထင်ကျော်မိုးရယ်၊ ကျွန်တော်ရယ် စာပေဟောပြောပွဲ သုံးနေရာမှာ အတူတွဲပြီး ဟောခဲ့ရတယ်၊

ဟောပြောရတဲ့ နေရာများက ...၊

ဝါးခယ်မမြို့နယ်၊ ဇုက်ပျောချောင်း၊ အ.ထ.က၊

ပုတီးကုန်းမြို့နယ်၊ ဘုရားဂေါပကကြီးမှူးကျောင်းယတဲ့ စာပေဟောပြောပွဲနှင့် မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ကျောက်ရေတွင်းစာပေ ဟောပြောပွဲများပါပဲ ခင်ဗျ၊

ဆရာဦးခင်ဇော်ကလည်း ဟာသတိုထွာတွေ ညှပ်ပြီး ဥပဒေရေးရာ မှတ်ရာဟောတာ၊ ပရိသတ်ပွဲကျပေါ့ဗျာ၊

ဆရာထင်ကျော်မိုးကတော့ ဆရာဇော်ဂျီရေးတဲ့ "ဗေဒါလမ်း" ကဗျာကို အသံထည့်ပြီး ရွတ်တယ်ခင်ဗျ၊

ဆရာထင်ကျော်မိုးရဲ့ မျက်နှာကလည်း ကရုဏာသက်ဖွယ် ရုပ်ရည်လေးဆိုတော့ ဗေဒါလမ်းကဗျာကို ရွတ်ရင် နားဆင်ရတဲ့ ကျွန်တော့်ကောင်ရင်ထဲ နင့်ခနဲ ဖြစ်သွားရတယ်ဗျာ၊

ဒီလို သနားစရာ အသံကြောင့် မျက်နှာပေးကြောင့်ထင်ရဲ့ နိုင်ငံကျော် ရုပ်ရှင်မင်းသမီးတစ်ဦးနဲ့ ရုပ်ချင်းဆင်ဆင်တူတဲ့ အပျိုချောချောနဲ့ ဖူးစာဆုံပြီး အိမ်ထောင်ကျခဲ့တယ်၊ ကံကောင်းလိုက်တာ၊

အဲဒါတောင် ဆရာထင်ကျော်မိုးက ဘာပြောမှတ်လို့တုံး၊

"ကျွန်တော့်ကိုမှ မယူရရင် ကြွက်သတ်ဆေး သောက်မယ်ဆိုလို့ သနားပြီး ယူလိုက်တာ" တဲ့ ဗျာ၊

သူ့ကြည့်တော့လည်း နဖူးက သောလီသောကွင်း တစ်ခုစာနီးပါး ပြောင်



လို့၊ သူက ကျွန်တော့်နဖူးကိုကြည့်ပြီး ပြောလေ့ရှိတယ်၊

"ဆရာမှိုင်းရဲ့ မဟာနဖူးမျိုး လိုချင်လိုက်တာဗျာ"

"ဘာလို့ လိုချင်တာတုံး - ဆရာထင်ကျော်မိုးရဲ့"

"ဆရာမှိုင်းရဲ့ မဟာနဖူးမျိုးနဲ့သာဆို ကျွန်တော် ကမ္ဘာကျော်မှာဗျ"

အဲဒါသာကြည့်တော့ ...၊

ကျွန်တော့် နဖူးမျိုး အားကျလိုချင်သူထဲမှာ စာရေးဆရာ သန်လျင်မောင်မောင်ဦးလည်း ပါတယ်ခင်ဗျ၊

ကိုမောင်မောင်ဦးက ဘာပြောလဲဆိုတော့ ...

"ဒီလို နဖူးမျိုးကြောင့် အချုပ်ထဲ ထောင်ထဲ တန်းရောက်တာတဲ့၊ ရှိပါစေတော့ဗျာ ..."

ကျွန်တော့် နဖူးကို ငှားစားချင်သူ စာရင်းမှာ စာရေးဆရာ စိတ်ဓာတ်မြသန်းနဲ့ ကိုကြည်တင့်နိုင်လည်း ပါတယ်၊

ဆရာ တင်ထွန်းဦး (ယဉ်ကျေးမှု) ကတော့ အကြံပေးတယ်၊

နဖူး အာမခံထားပါ ဆရာမှိုင်းတဲ့ ...၊

ကျွန်တော် ကံကောင်းပါတယ်၊ လက်ရှိဇနီးသည်က မြို့ထဲကို အတူသွားရင် ဝါးတစ်ပြန်အကွာကပဲ ခွာလိုက်လေ့ရှိတယ်၊ လင်နဲ့မယား အတူယှဉ်တွဲသွားချင်တာပေါ့ဗျာ နော်၊

မနေ့ဖြူကို ဘုရားဖူးသွားတုန်းက ဆရာထင်ကျော်မိုးဆို သူ့မိန်းမနားက မခွာဘူး၊

ရေသောက်ဦးမလား၊

အချဉ်ထုပ် စားမလားဟင် ...၊

မောင် လက်ဖက်ရည်ဘူး ယူလာတယ်၊ သောက်လေ ...၊

လာ - မူးသေးလား အချစ် ...၊

ဟိုက သူ့စိတ်ကူးနဲ့သူ ထိုင်လိုက်လာတာ၊ ရေဆာတယ်၊ ထမင်းဆာ ဘာမှ မပြောရှာဘူး၊



www.burmeseclassic.com

www.burmeseclassic.com

သို့သော် – ဆရာထင်ကျော့်မိုးက ရုစ်လွန်းတော့ တတွတ်တွတ် မေးရှာတာပေါ့။ အားတျလိုက်တာဗျာ ...။

ကျွန်တော့်မိန်းမက ပြောပါတယ်ဗျာ၊ အပြင်ကို သူနဲ့အတူသွားရင် ဦးထုပ်ဆောင်းပါတဲ့။ ဦးထုပ်ဆောင်းရင်လည်း မျက်နှာမွေးနားထိအောင် ဦးထုပ်ကို ဆွဲချထားပါတဲ့၊ ဘာလို့လဲမေးတော့ ...။

နဖူးကို လိုက်ဝယ်နေမှာစိုးလို့တဲ့၊

ဒီဘုရားဖူးခရီးမှာ ကျွန်တော် ကိုလှမင်းနိုင်နဲ့ ရင်းနှီးသွားတာ၊ သူက စီးပွားရေးမဂ္ဂဇင်းက အယ်ဒီတာ၊ ကျွန်တော် ရေးတဲ့ဝတ္ထုတွေလည်း သူဖတ်ဖူးတယ်တဲ့၊ ညောင်တုန်းမြို့နယ်၊ မိုးဟုတ် ဘုရားဝင်းထဲမှာ ကိုလှဝင်းနောင်က အလွန်ထူးခြားတဲ့ သူတို့ မိသားစုအတွေ့အကြုံကို ကျွန်တော့်ကို ပြောပြတယ်၊

ဟုတ်တယ် – စိတ်ဝင်စားစရာကောင်းတယ်ဗျာ၊

ယခုပြောပြတဲ့အကြောင်းကို နားထောင်ရင်း ကျွန်တော် ဇာတ်လိုက်ကြီး ဘတိုက်ပုံ ဦးရာကျော်ကို ပြေးသတိရလိုက်တယ်၊

သို့သော် ဘတိုက်ပုံ ဦးရာကျော် မဟုတ်ဘူး၊

သူ့နာမည်က "ဂိုးကြီး" တဲ့ ...။

* ❋ *

ကျွန်တော့် အဖေနာမည်က ဦးမှတ်ကြီးလို့ ခေါ်ပါတယ် ဆရာ၊ အဖေရဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းက ...။

ကုန်သည် ...။

ကွမ်းသီးတွေကို ပြည်တွင်းမှာလည်း ဖြန့်တယ်၊ တစ်ဖက် အိမ်နီးချင်း နိုင်ငံကိုလည်း ပို့တယ်၊

အဖေ (ဦးမှတ်ကြီး) တို့နေတာက ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်၊ ပန်းမော်ကျေးရွာပါ၊

အဖေ့ရဲ့စီးပွားရေးလုပ်ငန်းက အောင်မြင်တယ် ခင်ဗျ၊



အောင်မြင်လို့ စီးပွားတက်ခဲ့တယ်၊

အဖေက ငွေလည်း ရှာတယ်၊ ငွေလည်း မနှမြောဘူး၊ ဆင်းရဲနွမ်းပါးသူတွေ့ရင် ပေးတယ်၊ လှူတယ်၊ ရက်ရောတယ်၊

တစ်နေ့ – အဖေ မော်တင်စွန်းဘုရားကို ဘုရားဖူးသွားတယ်၊ ဘုရားပေါ်မှာလည်း ဘုရားဖူးတွေ အများကြီးမဲ့တဲ့၊

ဘုရားဖူးပြီး ပြန်အလှည့်မှာ လူကြီးတစ်ဦး အဝတ်အစားတွေကလည်း နွမ်းရိစုတ်ပြဲလို့၊

အသက်က (၅၀) ကျော်ခန့်ရှိမယ်ထင်သတဲ့၊ ပိန်ချောင်းချောင်းနဲ့ ဆံပင်တ ဖွာလန်ကြဲ၊ သူ့ခန္ဓာကိုယ်က အရက်နံ့ကလည်း နံနေသေးရဲ့၊

တွေ့သမျှ ဘုရားဖူးတွေရှေ့မှာ လက်ဖြန့်ပြီး ပိုက်ဆံတောင်းနေတာ၊ အရက်နံ့ နံလို့ လူတွေက သူ့ကို ရှောင်သွားကြတယ်၊

ပိုက်ဆံလည်း မပေးကြဘူး၊

ဒီလူ့ထံ တောင်းလို့မရရင် နောက်တစ်ယောက်ထံမှာ ထပ်တောင်း၊ ဘယ်သူမှ သူ့ကို ပိုက်ဆံ မပေးကြဘူးတဲ့၊

စုတ်ပြတ် အရက်သမားကြီး အဖေ့ရှေ့ကို ရောက်လာတယ်၊

"ညီလေး – ပိုက်ဆံလေး ငါးမူးတစ်ကျပ် စွန့်ခဲ့ပါ ညီလေးရယ်၊ ထမင်းစားချင်လို့ပါကွယ်"

သူတောင်းစားကြီးရဲ့လက်ဟာ တုန်ခါနေတယ်၊

ရပ်နေတဲ့ ဒူးအစုံလည်း တုန်တုန်ယင်ယင်နဲ့၊ ပါးသိုင်းမွေးတွေပေါ်မှာ ချွေးတွေစိုပြီး စီးကျလို့၊

"ထမင်းဆာလို့ပါ – ညီလေးရယ်"

အဖေ သနားသွားတယ်၊

စဉ်းစားတယ်၊ ထမင်းဆာတဲ့လူက အရက်တော့ ဝယ်သောက်ထားပုံရဲ့၊ သို့သော် – အားနည်းချက်ကို မကြည့်တော့ဘူး၊

သူ ဆာလောင်နေတာက သိသာနေတယ်လေ၊

www.burmeseclassic.com

ဒါကြောင့် - လွယ်ထားတဲ့လွယ်အိတ်ထဲလက်နှိုက်ပြီးငွေစက္ကူတစ်ဆုပ် ပေး(လှူ)လိုက်တယ်၊

ပိုက်ဆံတစ်ကျပ်၊ တစ်ရာ ပေးတာ မဟုတ်ဘူးတဲ့ ဆရာ၊

လက်တစ်ဆုပ်နှိုက်ပြီး သူတောင်းစားလူကြီး လက်ထဲ ထည့်ပေးလိုက်တာတဲ့၊ သူတောင်းစားကြီး အရမ်းအံ့သြသွားပြီး အဖေ့ရဲ့မျက်နှာကို ငေးကြည့်နေတယ်၊

ပိုက်ဆံအချို့ဟာ သူတောင်းစားကြီးလက်ထဲကနေ ဘုရားရင်ပြင်ပေါ်ကျပြီး လေနဲ့ လွင့်ပါသွားတယ်၊

ကလေးအချို့က ကောက်ပြီး သူတောင်းစားကြီးလက်ထဲကို ပြန်ထည့်ပေးကြတယ်၊

ဘုရားဖူးတွေကလည်း အဖေက သူတောင်းစားကြီးလက်ထဲကို ငွေစက္ကူလက်တစ်ဆုပ် ထည့်ပေးလို့ အံ့သြပြီး ကြည့်ကြ၊

"ယူသွားပါ - ကြိုက်သလောက် စားပါ"

ပြောပြီး အဖေက ဘုရားပေါ်က ဆင်းလာလိုက်တယ်၊ ခဏနေတော့ နောက်ကနေ လှမ်းခေါ်သံ ကြားရတယ်တဲ့၊

"ညီ - ညီလေး - ခ - ခဏ - ခဏ"

လှည့်ကြည့်တော့ သူတောင်းစား အရက်သမားကြီး၊

ပိုက်ဆံတွေလည်း လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လို့၊

"ဘာဖြစ်လို့ပါလဲ ..."

"ဟို - ဟို - ပိုက်ဆံတွေ - ပေးတာ - များများလို့ - ပြန် - ပြန်ယူပါ၊ ညီလေး ကျပ် တစ်ရာလောက်ဆို ရ - ရ - ပါတယ်"

သူတောင်းစားကြီးက ကတုန်ကယင် လက်နဲ့ ငွေစက္ကူ တစ်ရာတန်၊ နှစ်ရာတန်၊ ငါးရာတန်၊ ငါးဆယ်တန်တွေကို အဖေ့ပြန်ပေးနေတယ်တဲ့ဗျာ၊

"ကျွန်တော် မယူပါဘူးဗျာ၊ နောင်ကြီး အကုန်သုံးပါ၊ ကျွန်တော် စေတနာနဲ့ ပေးတာပါ၊ ပြန်ယူသွားပါ"

သူ အံ့သြပြီး ကြည့်နေတုန်းပဲ၊





ဘုရားဖူးပြီး ပြန်အလှည့်မှာ လူကြီးတစ်ဦး အဝတ်အစားတွေကလည်း နွမ်းရိစုတ်ပြဲလို့။ အသက်က (၅၀)ကျော်ခန့် ရှိမယ်ထင်သတဲ့။ ပိန်ချောင်းချောင်းနဲ့၊ ဆံပင်က ဖွာလန်ကြဲ။ သူ့ခန္ဓာကိုယ်က အရက်နံ့ကလည်း နံနေသေးရဲ့။ တွေ့သမျှ ဘုရားဖူးတွေရှေ့မှာ လက်ဖြန့်ပြီး ပိုက်ဆံတောင်းနေတာ။ အရက်နံ့နံလို့ လူတွေက သူ့ကို ရှောင်သွားကြတယ်။

"ကျေး - ကျေးဇူးတင်ပါဘိ - ဝ့်ညီရယ်"

"ရပါတယ်ဗျာ၊ မရှိတဲ့သူ ဆာလောင်နေတဲ့လူကို ကူညီရလို့ကျုပ်လည်း ဝမ်းသာပါတယ်"

"ညီငယ်"

"ဗျာ"

"စိတ်မဆိုးပါနဲ့ - ညီငယ်၊ ညီငယ်နာမည်လေးများ ပြောပြပါလား ညီရယ်၊ ညီငယ်ရဲ့ကျေးဇူးကြီးလွန်းလို့ သေတဲ့နေ့အထိ မှတ်ထားချင်လို့ပါ ညီငယ်"

"ကျွန်တော့်နာမည် ကိုမှတ်ကြီးလို့ ခေါ်ပါတယ်ဗျာ"

"ကိုမှတ်ကြီးတဲ့လား၊ အင်း - အင်း - ညီငယ် နေတော့ရော၊ ဘယ် - အရပ်မှာ - အော့ - နေပါလိမ့်မယ်ကွယ်"

နေရပ်ကိုပါမေးတော့ အဖေက သူတောင်းစားကြီးကို စိုက်ကြည့်လိုက်ရော၊ သူတောင်းစားကြီးက ပျာပျာသလဲပြောရော၊

www.burmeseclassic.com

www.burmeseclassic.com

"အို - ဟို - ဟို - အထင်မလွဲပါနဲ့ ညီငယ်၊ နောက်ထပ် လာတောင်းဖို့လည်း မ - မဟုတ်ပါဘူးကွယ်၊ ရိုးရိုးပဲ သိ - သိချင်လို့ပါ"

"ကျုပ် - ရောဝတီတိုင်း၊ ငပုတောမြို့နယ်၊ ပန်းမော်ရွာမှာ နေပါတယ်"

"အေး - အေး - ကျေးဇူး - ကျေးဇူးနော် ညီငယ်၊ ငါ့ညီငယ် ကျန်းမာချမ်းသာပါစေ၊ အသက်ရှည် အနာကင်းပါစေ၊ သူတော်ကောင်းတို့၏ စောင့်ရှောက်မှုကို ရရှိခံစားနိုင်ပါစေ၊ သာဓု - သာဓု - သာဓု -"

အဲဒီလိုပြောပြီး ချာခနဲ လှည့်ထွက်သွားတယ်၊

အဖေလည်း လူကြီးရဲ့နောက်ကျောကို ငေးကြည့်ရင်း တောင်းစားရတဲ့ဘဝ၊ ဒုက္ခဆင်းရဲမှ ကင်းဝေးပါစေလို့ ဆုတောင်းမေတ္တာ ပို့လိုက်တယ်၊

❋ ❋ ❋

ဒီမှာ အဖေ အိမ်ထောင်ကျပြီ၊ သားသမီးသုံးဦး မွေးခဲ့တယ်၊ အဲဒီ အချိန်အထိ အဖေ စီးပွားဖြစ်နေတုန်းပဲ၊

ရှင်းအောင်ပြောရရင် အဖေက မောင်ဒိုလုပ်ငန်း လုပ်တယ်ဆရာ၊ ရရှိစုဆောင်းထားတဲ့ ကွမ်းသီးတွေကို စက်လှေနဲ့ တစ်ဖက်နိုင်ငံကို ပို့တာ၊ ဟိုမှာက ဈေးကောင်းရတာကိုး၊

ရေကြောင်းစစ်ဆေးရေးကို ရှောင်ပြီး သက်စွန့်ဆံဖျား လုပ်ရတာတဲ့၊ လွတ်သွားရင် ငွေသောက်သောက်လဲ ရတယ်တဲ့၊ ရွှေရော၊ ငွေရော အိမ်ကြီးအိမ်ကောင်းနဲ့ ပြည့်စုံနေတာပေါ့၊

ရွာမှာ လူချမ်းသာတစ်ဦးဖြစ်ခဲ့တာပေါ့ဗျာ၊

အဖေက မောင်ခိုပစ္စည်းပို့တဲ့ လုပ်ငန်းလုပ်ပေမယ့် လူ့တဲ့နေရာမှာတော့ ရက်ရောတယ်၊ အကြောင်းကိစ္စရှိလို့ အလှူခံလာရင် ထိုက်ထိုက်တန်တန် လှူတယ်၊

မတွန့်တိုဘူး ....၊

ဒီလိုနဲ့ အငယ်ဆုံးသား ကျွန်တော့်ကို မွေးခဲ့တယ်၊

ကျွန်တော့်ကို မွေးပြီးရော အဖေတို့ စီးပွားပျက်ပြီး မွဲကိန်းဆိုက်တော့တာပဲတဲ့၊

ဖြစ်ပုံက ဒီလို ....၊

တစ်နေ့ - အဖေ အရှုံးကြီး လုပ်ခဲ့တယ်၊ ကုန်ပစ္စည်းတွေ တစ်လှေအပြည့်တင်ပြီး ဟိုဘက်နိုင်ငံကို ပို့တာ၊ ခါတိုင်း ရှာဖွေရေးနဲ့ ပင်လယ်ရေပြင်မှာ မတွေ့ခဲ့ဖူး၊ ခုခေါက်မှာ ကြုံပါရော၊ ပင်လယ်ပြင်မှာ ရှာဖွေစစ်ဆေးရေး သင်္ဘောက အဖေတို့ စက်လှေကို ရပ်ခိုင်းတယ်၊

အဖေတော့ စက်လှေပေါ်မှာ မပါဘူး၊

စက်ဆရာကလည်း လုံးဝမရပ်ဘူး၊

ဟိုဘက်ကိုရောက်အောင် စက်ရှိန်မြှင့်မောင်းတယ်၊

ဒီမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေက သင်္ဘောပေါ်ကနေ လက်နက်နဲ့ ခြောက်လှန့်ပစ်ပြီး ရပ်ခိုင်းတယ်၊ စက်မောင်းကလည်း လုံးဝမရပ်ဘူး၊ မောင်းပြေး ....၊

ဒီမှာ စက်လှေ လက်နက်ကျည်ဆန် ထိမှန်ပြီး စက်လှေပျက်စီးလို့ ပင်လယ်ကြမ်းပြင်အောက်ကို နစ်မြုပ်သွားခဲ့တယ်၊

အဖေက ရှိသမျှရင်းပြီး ပုံအောလိုက်တာ၊

စက်လှေ ပေါက်ကွဲနစ်မြုပ်ပျက်စီးသွားပြီဆိုတဲ့ သတင်းရချိန်ကစပြီး ရင်းစရာငွေမရှိတော့ပဲ ဆင်းရဲမွဲတေသွားတဲ့ဘဝကို ချက်ချင်း ရောက်သွားခဲ့တယ်၊

အဖေ့ကို ငွေရင်းထုတ်ပေးမည့်သူ မရှိဘူး၊

အိမ်ကြီးကနေ အိမ်သေးလေးဘဝကို ရောက်၊

မရှက်မကြောက်ပြောရရင် ထမင်းတောင် ဟင်းနဲ့မစားရတဲ့ဘဝ ရောက်ခဲ့ရတယ်၊ ဒါပေမဲ့ - အဖေရော၊ အမေရော စိတ်မာတ်မကျဘူး၊

ဘယ်သူ့ထံမှာမှ လက်ဝါးမဖြန့်ဘူး၊

www.burmeseclassic.com

ခွေမျိုးတွေထဲမှာလည်း တစ်ပြားတစ်ချပ်မှ မချေးငှားခဲ့ဘူး၊ သို့သော် အကြီးကလေးတွေကတော့ ဖိုးအေး၊ ဖွားအေးထံ ရောက်နေကြပေါ့၊ လူ့ဘဝမှာ ချမ်းသာရင် လိုတဲ့သူလည်း ရှိတာပဲ၊ မလိုတဲ့သူလည်း ရှိတာပဲ၊

စီးပွားပျက် မွဲတေ၊ စားစရာမရှိတဲ့ဘဝရောက်တော့ သနားတဲ့လူလည်း ရှိတာပဲ၊

ဝမ်းသာ စောင်းတေ့ရိသ့ဲသ့ဲပြောတဲ့လူလည်း ရှိတာပဲ၊

ကိုးကွယ်နေကျ ဆရာတော်မိန့်သလို ဖြစ်ချိန်တန်လို့ဖြစ်၊ ပျက်ချိန်တန်လို့ ပျက်ကြတာ၊ ဘယ်အရာမှ မမြဲဘူး၊ တရားနလုံးသွင်း၊ မေတ္တာစိတ်ပဲ မွေးဆိုတဲ့စကားအတိုင်း၊

တရားနဲ့ဖြေတယ်၊ ရရာအလုပ်မျိုးစုံလုပ်ပြီး မိသားစုဝမ်းရေးကို ကြိုးစားရှာတယ်၊

အမေက ဘုရားရှိခိုး မေတ္တာပဲ ပို့နေတယ်၊

အဖေ နေဝင်ခါနီးမှ ပြန်ရောက်လာလေ့ရှိတယ်ဗျ၊ ဒါနဲ့ - ထမင်းဝိုင်းပြင်ပြီး အဖေ့ကို စောင့်နေကြတာပေါ့၊

မရှက်တမ်း ပြောရရင် ....၊

ဒီထမင်းပွဲက နောက်ဆုံးထမင်းနဲ့ဟင်းပဲ၊

နက်ဖြန် ချက်စရာ ဆန်မရှိတော့ဘူး၊ လင်သားခင်ပွန်းကို ဦးစားပေးကျွေးရည့်ညနေတာပေါ့၊

အရေးထဲ မိုးတွေ သည်းကြီးမည်းကြီး ရွာချပြီး မီးပျက်သွားပါရောဗျ၊ အလောင်းတိုင်မီးထွန်းနေတုန်း အဖေ ရောက်လာတယ်၊ မိုးရေစိုရွှဲလို့ အဝတ်လဲပြီး စားဖို့ထိုင်တုန်းမှာပဲ၊

"ကိုမှတ်ကြီး - ဗျို့ - ကိုမှတ်ကြီး"

"ကိုမှတ်ကြီး - ရှိလားဟေ့"

အိမ်ရှေ့က ခေါ်သံတဲ့ဗျ ....၊

"ဘယ်သူတုံး - ခေါ်နေတာ"



"ချွှေပ်ပါ - ဝင်လာပါရစေ"

"ဝင်ခဲ့လေ - လာ - လာ"

မိုးရေစိုရွှဲနဲ့လူတစ်ဦး ဝင်လာတယ်၊ ကြည့်လိုက်တော့ ....၊

"ဟင်"

အရက်သမား သူတောင်းစားကြီးပဲ၊

မော်တင်စွန်းဘုရားမှာ အဖေငွေတစ်ဆုပ်ပေးပစ်ခဲ့တဲ့ သူတောင်းစားကြီး၊ မိုးထဲလေထဲ ရောက်လာတယ်၊

ချမ်းလို့ တုန်နေသတဲ့၊

"ခင်ဗျားပါလား၊ ဘယ်က လာခဲ့တာတုံး"

"ဒီကို လာခဲ့တာဟေ့၊ ဟင်း - ဟင်း - ဟင်း"

"ကျုပ်လည်း ခင်ဗျားကို ပေးစရာငွေမရှိတော့ဘူး၊ ကျုပ် မွဲသွားပြီ၊ ထမင်းတစ်နပ်တော့ စားသွားပေါ့ဗျာ"

"အေးပါ - အေးပါ - ငါ ပိုက်ဆံလာတောင်းတာ မဟုတ်ပါဘူး၊ မင်းကို ကူညီမလို့ပါ"

"အဝတ်လဲဗျာ၊ ပြီးရင် - ထမင်းစား"

အဖေ ထမင်းမစားဘဲ သူတောင်းစားကြီးကို သူ စားမည့် ထမင်းကျွေးလိုက်တယ်၊

သူတောင်းစားကြီးကလည်း စကားဝဲ (     )တိုင်းရင်းသားပဲ၊

ကျွန်တော်တို့ မိဘများကလည်း (     )တိုင်းရင်းသားပဲ၊

သူ့ထမင်းကို အားရပါးရ စားပြီးနောက် -

"မနက်ဖြန် ငါ လာခဲ့မယ်"

"ဘာလုပ်မလို့လဲ"

"မင်းကို ငါ ပြန်ကူညီမလို့"

"ဘယ်လိုကူညီမှာတုံး၊ ခုလည်း ခင်ဗျားကို ကျုပ်ထမင်းကျွေးနေရတယ်လေ"

www.burmeseclassic.com

"အေးပါ - ကျေးဇူးတင်ပါတယ်၊ ဒီမှာ မနက်ဖြန်ကျရင် ငါ့ကို လှေငယ်တစ်စီးနဲ့ သံဖြတ်လွှတစ်ချောင်း ရှာပေးပါ"

"ဘာလုပ်ဖို့တုံး ..."

"မင်းတို့အတွက်ပါ၊ ငါ ပင်လယ်ထဲ သွားမယ်၊ မဖြစ်မနေ ရှာထား။ သွားပြီဟေ့ ..."

သို့ကလိုပြောပြီး ပါးစပ်ကို ပုဆိုးခါးပုံစနဲ့ သုတ်ရင်း မိုးရေထဲ ထွက်သွားတယ်၊ နေပါဦး - မိုးစဲမှ သွားပါလို့ ပြောလည်း မရဘူး။

"ကိုမှတ်"

"ဘာလဲ - မခင်သိန်း"

"သူက ဘယ်သူတုံးရှင့်"

အဖေက သူနဲ့ မော်တင်စွန်းဘုရားမှာ တွေ့ခဲ့၊ ပေးခဲ့ပုံအကြောင်းပြန်ပြောပြတယ်၊

ထင်းရဲမွဲရတဲ့ကြားထဲ ဒုက္ခသည်က ဝင်လာသေးလို့ပြောသတဲ့၊ နောက်ဆုံး ရှိတာလေးမျှစားပြီး အိပ်ရာဝင်ကြတယ်၊ အမေက နက်ဖြန်အတွက် ဆန်မရှိဘူးလို့ပြောတော့ အဖေက သက်ပြင်းရှည်ကြီးချပြီး မှောက်အိပ်ပစ်လိုက်သတဲ့၊

* ❁ *

မိုးလင်းတော့ သူတော်ကြီးစားလို လူကြီး အိမ်ရှေ့ရောက်လာတယ်၊ မှတ်ဆိတ်ကျင်စွယ်လည်း မရိတ်၊ ပုဆိုးတိုတို ဝတ်လို့၊ လက်ထဲမှာ ဂုန်နီအိတ်ကြီး နှစ်လုံး သုံးလုံးလည်း ကိုင်လို့တဲ့ဗျ။

"ဗျို့ - ကိုမှတ်၊ ညီလေး"

"ရှိတယ်ဗျ"

"ငါ ရှာခိုင်းတာ အသင့်ဖြစ်ပလားဝေ့"

"ဟော ဟိုမှာ - လှေတစ်စင်း၊ လှေထဲမှာ သံဖြတ်လွှပါ ရှိတယ်"



"အေး - ဒီလိုမှပေါ့ ညီငယ်ရာ၊ လာ - ရေဆိပ်ကို သယ်ချကြစို့"

လှေကို ပင်လယ်ရေစပ်ရှိရာ သယ်သွားပြီး ရေချတယ်၊

ရေချပြီးရော လှေထဲပါလာတဲ့ ပစ္စည်းတွေ ထည့်ပြီး လှော်တက်ကို ကိုင်ပါရော၊

"ဝိုးကြီး"

အဖေနဲ့ အမေက ( ) လူမျိုး စကားနဲ့ ဝိုးကြီးလို့ ခေါ်ကြတယ်တဲ့၊ (ဝိုးကြီး) ဆိုတဲ့ စကားအဓိပ္ပာယ်က (အစ်ကိုကြီး) လို့ အဓိပ္ပာယ်ရတယ်၊

နောင်တော့ အမေတို့ ခေါ်သလိုပဲ၊ အဲဒီ လူကြီးကို တစ်ရွာလုံးက ဝိုးကြီး ခေါ်ကြတယ်၊ ခင်လည်း ခင်ကြတယ်၊

"ဘာလဲ - ကိုမှတ်ကြီး"

"ဒီလှေနဲ့ ပင်လယ်ထဲသွားမလို့၊ ဟုတ်လား ..."

"အေး"

"အန္တရာယ်များတယ် - ဝိုးကြီး၊ မသွားပါနဲ့"

"ဟင်း - ဟင်း - ဟင်း - ဟင်း - သွားပဟေ့"

သူ ပင်လယ်ထဲကို လှေကလေး လှော်သွားတယ်၊ အန္တရာယ်များလိုက်တာ၊ သို့သော် ဒီအရပ်က လူတွေက ပင်လယ်ကို မကြောက်ကြပါဘူး။ တံငါလှေတွေနဲ့ ပင်လယ်ထဲ ထွက်ငါးရှာနေကြပါ။

ဒီလိုနဲ့ ညနေလည်း စောင်းရော ဝိုးကြီး လေးလံတဲ့ အထုပ်ကြီးထမ်းပြီး အိမ်ပေါ် ရောက်ချလာပါရောတဲ့ဗျာ၊ အထုပ်ကြီးနဲ့ ဂုန်းခနဲ ပစ်ချတယ်၊ သူ့တစ်ကိုယ်လုံး ချွေးသံရွှဲရွှဲနဲ့ ညစ်ပတ်လို့၊

"ဝိုးကြီး - ဘာတွေတုံးဗျာ ဟင်"

"ဖွင့်ကြည့်ကွာ"

ဒါ - အဖေက ဂုန်နီအိတ်ကြီးကို ဖွင့်ကြည့်ရော၊ ခဲတွေ ဖြစ်နေပါရောဗျာ၊ ဒီခဲဖြတ်စထုပ်ကြီးကို ပင်လယ်ကမ်းစပ်ကနေ သူ ထမ်းလာတာ၊ ဘုရားရေတော်ရုံလူ မထမ်းနိုင်ဘူးတဲ့ - ဆရာရေ၊



www.burmeseclassic.com

www.burmeseclassic.com

"ဂိုးကြီး - ခဲတွေပါလား"

"ဟုတ်တယ် - မြို့ပေါ်တက်ပြီး သွားရောင်း"

"ဗျာ"

"ဂိုးကြီး - ဒီခဲတွေ ဘယ်က ရလာတာတုံး ဟင် - ဟင်"

"မမေးနဲ့ကွာ၊ မြို့ပေါ်မှာ သွားရောင်း၊ ငွေရရင် ကက်ဆက်တစ်လုံးရယ်၊ ပြဇာတ် ဇာတ်လမ်းတွေ ရသမျှဝယ်ခဲ့"

"ဘာလုပ်ဖို့တုံး"

"မင်းက စကားမေးတယ်များပဲ - ညီငယ်၊ ငါ ပြောသလိုသာလုပ်၊ ရတဲ့ငွေနဲ့ ဆန်၊ ဆီ၊ ဆား၊ နို့ဆီ၊ သကြား၊ စားစရာတွေ များများဝယ်ခဲ့၊ ပိုတဲ့ငွေ မင်းတို့သုံး ..."

"ဗျာ ..."

"ရှင် ..."

"မဗျာနဲ့ - မရှင်နဲ့၊ ငါ တောင်းစားရတဲ့အချိန်တုန်းက ညီငယ်က ငါ့ကို ငွေလက်တစ်ဆုပ် ပေးခဲ့တယ်၊ ဒီတုန်းက ငါ ဝမ်းသာလိုက်တာကွာ၊ အခု မင်းတို့ ဆင်းရဲဒုက္ခရောက်နေပြီလေ၊ မပူနဲ့ ငါ ရှာကျွေးမယ်၊ စိတ်ကြိုက်သုံး၊ သွားရောင်းတော့ ..."

နောက်ဆုံး အဖေလည်း မြို့ပေါ်တက်ပြီး ခဲတွေရောင်းရတယ်၊ တံငါသည်တွေ၊ ကွန်သမားတွေကလည်း ခဲကောင်းတော့ ဈေးကောင်းပေးတာကိုး။

ဂိုးကြီးပြောတဲ့အတိုင်း ငွေလည်း ရရော၊

ကက်ဆက်တစ်လုံးနဲ့ ပြဇာတ်အခွေတွေ ဝယ်လိုက်တယ်၊

ဒီတုန်းက တွံတေးသိန်းတန်ရဲ့ ရွှေမြရုံခြယ်ပြဇာတ်ခွေ၊ မြညို ငိုတဲ့နေ့မြညို ချစ်တဲ့ ကိုရင်ဩ၊ ပျဉ်းမငုတ်တို စတဲ့ ပြဇာတ်တွေကို မြို့ရော၊ ရွာရော ကြိုက်နေချိန် ခင်ဗျ၊

ပြီး - ဆန်၊ ဆီ၊ ဆား၊ မုန့်အမျိုးမျိုး၊ အဝတ်အစားပါမကျန် ဝယ်ပြီးပြန်လာခဲ့တယ်၊ ရောက်တာနဲ့ ဂိုးကြီးက ကက်ဆက်ကို ဘတ်ထရီအိုးနဲ့ ဆက်ပြီး ဖွင့်တယ်၊



ပြဇာတ်ဖွင့်သံကြားရော ရွာထဲက လူတွေ ဝိုင်းလာနားထောင်ကြတာ၊ ညဥ့်သန်းခေါင်ကျော်မှ ပြန်ကြတယ်တဲ့ဗျာ၊

တစ်ရွာလုံး ဒီကက်ဆက်တစ်လုံးပဲ ရှိတာကိုး။

ညနေစောင်းရင်အဖေတို့အိမ်မှာကက်ဆက်ပြဇာတ် နားထောင်သူတွေ ပြည့်နေတာပဲ၊ ဂိုးကြီးကိုလည်း ခင်ကြ၊ လေးစားကြပဲ၊

ဂိုးကြီးကလည်း နေ့စဉ်ရက်ခြား ပင်လယ်ထဲ ထွက်တယ်၊

ပြန်လာရင် ခဲတွေ ပါလာတာပဲ၊ အဲဒါတွေ ရောင်းနိုင်းပြီး ရတဲ့ငွေ အဖေနဲ့ အမေ့ကို ပေးတာတဲ့ဗျာ၊ အဖေတို့ ဂိုးကြီးရဲ့ကျေးဇူးကြောင့် စီးပွားရေး ပြန်နာလန်ထလာခဲ့တယ်၊

ဂိုးကြီး သွားရင် နှစ်နာရီနီးပါးခန့် ကြာတယ်၊

ဘယ်သူမှလည်း အဖော်မခေါ်ဘူး။

ရွာကလည်း ပင်လယ်ကမ်းခြေမှာကိုး။

ရွာအနောက်ဘက်မှာ ရခိုင်ရိုးမတောင်တန်း ရှိတယ်၊

ပြီး - ရှေ့မှာ ပင်လယ်ရှိတယ်၊ ပင်လယ်ထဲမှာ ကျွန်းတွေ အများကြီးပဲ၊ ရွာနဲ့ အနီးဆုံးမှာ ကျွန်းနှစ်ကျွန်းရှိတယ် ခင်ဗျ၊ ဦးဂိုးကြီးသွားတာ ပုဂံကျွန်းလို့ နောင်အခါ သိရတယ်၊

• ❁ •

ဦးဂိုးကြီး ရွာကိုရောက်တာ နှစ်နှစ်ခန့်ရှိပြီ၊ အရက်တော့ အချိန်ပြည့်သောက်ပဲ၊ အမြဲမူးနေတာပဲ၊ ကြာတော့ မေးရတယ်၊

"ဂိုးကြီး"

"ဘာလဲဟေ့"

"ခဲတွေ ဘယ်က ရတာလဲဟင်၊ ကုန် မကုန်နိုင်ဘူးလားဗျာ"

ပင်လယ်ထဲက ရတာပေါ့ ညီငယ်ရ"

"ဟုတ်ရဲ့လား ဂိုးကြီးရာ၊ တော်ကြာ ..."



www.burmeseclassic.com

www.burmeseclassic.com



အခု ငါသွားတဲ့ ပင်လယ်ထဲမှာ လွှန်ခဲ့တဲ့( )နှစ်က နိုင်ငံခြားသင်္ဘော တစ်စီး ပင်လယ်ဓားပြတွေရဲ့ ဓားပြတိုက်တာ ခံရတယ်။ သင်္ဘောမှာပါတဲ့ လူအားလုံးလည်း အသတ်ခံရတယ်။ ဓားပြတွေက ရွှေနဲ့ငွေတွေယူပြီး သင်္ဘောကို ပင်လယ်ထဲ မျှောလိုက်တယ်။ နောက်ဆုံး နိုင်ငံခြား သင်္ဘောကြီးက ပုဂံကျွန်းအရောက်မှာ ကျောက်ဆောင်နဲ့ တိုက်ပြီး နစ်မြုပ်သွားတယ်။ ငါ အဲဒီသင်္ဘော ပျက်ရှိရာကိုသွားပြီး ရေငုပ်ကြည့်တော့ သင်္ဘောပျက်ထဲက ခဲတွေ တွေ့ခဲ့တာ။

"ငါ မဟုတ်တာ မလုပ်ပါဘူးကွာ။ မင်းတို့က ငါ့ရဲ့ကျေးဇူးရှင်ဖြစ်ဖူးလို့ ငါ မြန်ကူညီနေတာပါ"

ဝိုးကြီးက အရက်သောက်မပျက် ပြောတာတဲ့။

အရက်ကတော့ အမြဲတမ်း သောက်၊ မူးပဲ။ အမေတို့က ဝိုးကြီးကို ဖွယ်ဖွယ်ရာရာ ချက်ကျွေးတာ၊ အဖေနဲ့ အမေကို မိသားစုလို ဝိုးကြီးက သဘောထားပြီး စောင့်ရှောက်တာ။

အထူးသဖြင့် ဝိုးကြီးက အငယ်ဆုံးကလေးဖြစ်တဲ့ ကျွန်တော့်ကို အရမ်းချစ်တယ်။

"မောင်မှတ်ကြီး"

"ဗျာ - ဝိုးကြီး"

"မင်းသားက လူဝင်စားကွ"

ဟုတ်တယ်ဗျ - လူအတော်များများကလည်း ပြောကြတယ်။ ကလေးရဲ့ လက်ပြင်မှာ ကြည့်ပါလား ဝိုးကြီးရ၊ ကျည်ဆန်ဝင်ထားသလိုမျိုး။ အမာရွတ် က မွေးကတည်းက ပါလာတာဗျ။ ဟိုးပင်လယ်သင်္ဘောပျက်က သေသွားတဲ့ မျက်နှာဖြူ ဝင်စားတာလို့ ပြောကြဗျ။

"အေးကွ - ငါလည်း ဒီကလေးကို မြင်မြင်ချင်း သံယောဇဉ် ဖြစ်ရပါကွာ"

ဒီမှာ အမေက မေးသတဲ့၊

"ဝိုးကြီး"

"ဘာတုံး - မခင်သိန်း"

"ဝိုးကြီး - မိန်းမ ယူမလားရှင့်"

"မိန်းမ - ဘာလုပ်ဖို့တုံးဟ"

"ဆေးပေးမီးယူပေါ့တော်"

"မယူချင်ပါဘူးဟာ"

"ဘာလို့တုံး - ဝိုးကြီးလိုချင်ရင် အသင့်ပဲရှင့်"

"နေ - နေ - နင့်မိန်းမက ငါ့အရက်လောက်မူးမှာ မဟုတ်ဘူးဟေ့၊ ဘာလဲ နင်တို့က ငါ့ကို အလိုမရှိလို့လား"

"အမလေး - မြတ်စွာ စူးပါစေတော်၊ ဝိုးကြီးကို ကျွန်မတို့က အစ်ကိုကြီး တိုနေရာ ထားတာပါရှင်၊ တစ်သက်လုံး နေပါရှင်၊ မိန်းမလည်း မပေးစားတော့ ပါဘူးရှင်"

"ဟား - ဟား - ဟား - ဟား - ငါ့ညီရယ်၊ ငါ့နမရယ်၊ ငါ့တူလေးတွေ၊ တူမ တွေနဲ့ နေရရင် ငါ ပျော်တယ် နမရဲ့ - ဟား - ဟား - ဟား - ဟား"

ဝိုးကြီးက မူးမူးနဲ့ပြောရင် အားရပါးရ ရယ်သတဲ့၊

အမေတို့ကလည်း ဝိုင်းရယ်သတဲ့ဗျ။

"ဝိုးကြီး"





www.burmeseclassic.com

www.burmeseclassic.com

"ဘာတဲ့းဟ - တစ်ဂိုးထဲ ဂိုးနေတာပဲ"

"ဂိုးကြီး - ခဲတွေ ဘယ်နေရာက ရတာလဲ"

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပါ"

"နင်တို့ သွားယူမလို့လား"

"မယူရဲပါဘူးတော်။ ဂိုးကြီးနဲ့ ညီမတို့ နေလာတာ ကြာပြီလေ။ သွေးရင်းသားရင်းလို ဖြစ်နေတာဥစ္စာ၊ သိချင်လို့ပါ။ ခဏ ခဏလည်း မသွားပါနဲ့ ဂိုးကြီးရယ်"

"ဘာလို့တဲ့း ..."

"လေနဲ့ မိုးနဲ့ မုန်တိုင်းနဲ့မို့ပါ"

"အရေးလုပ်လို့ ..."

"အရေးမလုပ်ရင် ပြောပြပေါ့ - ဟွန်း"

ဂိုးကြီးက အရက်တစ်ခွက် သောက်ပြီးနောက် ...

"အေး - ပြောမယ်၊ ငါလည်း ဘယ်နေ့ သေရမလဲ မသိဘူး"

"အရက်မသောက်ရင် မသေဘူးပေါ့"

"အရက် ကတော့ သေတဲ့ နေ့အထိ သောက်မှာပဲ၊ နားထောင် ဒီအကြောင်း - နင်တို့လင်မယားကလွဲ၊ ဘယ်သူ့မှမပြောနဲ့"

"ဟုတ်ကဲ့"

"အခု ငါသွားတဲ့ ပင်လယ်ထဲမှာ လွန်ခဲ့တဲ့ ( ) နှစ်က နိုင်ငံခြားသင်္ဘောတစ်စီး ပင်လယ်ဓားပြတွေရဲ့ ဓားပြတိုက်တာ ခံရတယ်။ သင်္ဘောမှာပါတဲ့ လူအားလုံးလည်း အသတ်ခံရတယ်၊ ဓားပြတွေက ရွှေနဲ့ ငွေတွေယူပြီး သင်္ဘောကို ပင်လယ်ထဲ မျှောလိုက်တယ်၊ နောက်ဆုံး နိုင်ငံခြားသင်္ဘောကြီးက ပုဂံကျွန်းအရှေ့ဘက်မှာ ကျောက်ဆောင်နဲ့ တိုက်ပြီး နစ်မြုပ်သွားတယ်၊ ငါ အဲဒီသင်္ဘောပျက်ရှိရာကို သွားပြီး ရေငုပ်ကြည့်တော့ သင်္ဘောပျက်ထဲက ခဲတွေ တွေ့ခဲ့တာ၊ ငါသိတာကြာပြီကွ။ အဲဒီခဲတွေယူပြီး နင်တို့ လင်မယားကို ငါ ပေးနေတာ"



"မသွားပါနဲ့တော့ - ဂိုးကြီးရယ်၊ ရသလောက်နဲ့ပဲ ရပ်ပါတော့၊ ဂိုးကြီးကို ကျွန်မတို့ တစ်သက်လုံး ကျေးလို့ရနေပါပြီ"

"အေး - အေး - အေး - အေး"

* ❁ *

နောက်တစ်ရက်မှာ အရက်တွေ တရကြမ်းသောက်ပြီး လှေပြင်တော့တယ်၊ ဂုန်နီအိတ်နဲ့ သံဖြတ်လွှယူပြီး အိမ်ကထွက်ဖို့ လုပ်တယ်။

အဖေနဲ့အမေက မေးရော -

"ဂိုးကြီး - ဘယ်တဲ့း"

"ခဲသွားယူမလို့ပါဟ"

"မသွားပါနဲ့ - ဂိုးကြီးရယ်"

"ဘာလို့တဲ့း"

"ညက ကျွန်မ အိပ်မက် မကောင်းဘူး - မသွားပါနဲ့"

"ဖွီ - အိပ်မက်ပဲဗျာ။ ကောင်းကောင်းကန်းကန်း လုပ်လို့သွားမယ်"

"ဂိုးကြီး - မသွားပါနဲ့၊ တောင်းပန်ပါတယ်ဗျာ"

အဖေရော အမေပါ ဝိုင်းတားကြတာ။

"ငါ - ဒီတစ်ခေါက် သွားပြီးရင် မင်းတို့ ပြောသလို ငါ နားမယ်၊ ဒီတစ်ခေါက်ပဲ ဖယ်ကြ"

"မသွားပါနဲ့"

"ဒီမှာ ငါ့ရေရော၊ လေရော၊ မုန်တိုင်းရော လုံးဝမကြောက်ဘူး၊ ငါ ပင်လယ်ထဲမှာ ဆယ်ရက် တစ်ယောက်တည်း ဖောင်နဲ့ မျောပါသွားဖူးတယ်၊ ငါ မသေရှာပြန်ပါ။ ငါ့ညီငယ်နဲ့ ငါ့နှမကိုရော ငါ့တူသားတွေကိုရော၊ ငါ ချမ်းသာအောင် လုပ်ပေးမှာ။ မင်းတို့ကျေးဇူးကို ငါ တစ်သက်လုံး မမေ့ဘူးကွ၊ ဖယ်"

"ဂိုးကြီး"

"ဂိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com

သူ ဒယီးဒယိုင်နဲ့ လှေတက်ကိုဆွဲပြီး ရှောင်သွားတယ်၊ တားလို့မရဘူး၊

ခါတိုင်းကြာလှ နှစ်နာရီ အလွန်ဆုံးပဲ၊

ခု – သုံးနာရီကြာသွားပြီ၊ ဂိုးကြီး ပြန်မလာသေးဘူး၊ အမေက မြဲဝကနေ မျှော်တယ်၊ ဘာလို့ကြာနေပါလိမ့်၊ အဖေက ရေဆိပ်ကိုသွားပြီး စောင့်တယ်၊ ဒီမှာ တံငါလှေ သုံးစီးဝင်လာတာ မြင်ရလို့ လှမ်းအော်မေးရတယ်၊

"ဝေး – မြသာဒွန်း"

"ဝေး – မှတ်ကြီးလားဝေ့"

"အေးဟေ့ – ငတို့ ဂိုးကြီးရော တွေ့ခဲ့လားဟေ့"

"အဲဒါပြောမလို့ကွ၊ နေဦး – လှေကပ်ဦးမယ်ဟေ့"

သူတို့ လှေကပ်ကြတယ်၊ ပြီး – ကမ်းပေါ်တက်ကြတယ်၊

"ငါ့ဂိုးကြီး မလာသေးလို့ကွ၊ သူ့လှေတွေ့ကြလားဟေ့"

"တွေ့တယ် – မှတ်ကြီးရေ"

"လာနေပြီပေါ့၊ ဟုတ်လား – မြသာဒွန်း"

"သူ့ လှေမှောက်သွားတယ်"

"ဟေ – ဂိုးကြီး လှေမှောက်သွားတယ်၊ ဟို – ဟို – ဂိုး – ဂိုးကြီးရော၊ ငါ့တို့ ဂိုးကြီးရော"

"ငါတို့က ပုဂံကျွန်းပေါ်မှာ နားနေတဲ့အချိန် မင်း ဂိုးကြီးလှေ ပုဂံကျွန်းနား ကို ဝင်လာတာ မြင်ရတယ်၊ သူ မူးနေတော့ လှေက လှိုင်းတွေကြားမှာ ဟန် ချက် မညီဖြစ်ပြီး မှောက်သွားတာ၊ အဲဒီနားမှာ ကျောက်ဆောင်တွေ ရှိတယ် ကွ၊ ငါတို့ တံငါလှေသမားတွေ မြင်တာနဲ့ လှေတွေနဲ့ သွားကူရှာ ဆယ်တော့ ရလာတယ်၊ ကုန်းပေါ်ရောက်တဲ့အထိ အသက်ငွေ့ငွေ့ ပါသေးတယ်၊ ငါတို့ လည်း တတ်စွမ်းသမျှ ရေအန်အောင် ပြုစုလုပ်ပေးကြပေမယ့် စကား တလုံး မထွေးပြောပြီး အသက်ပျောက်သွားတယ် – မှတ်ကြီး"

"အမလေး – ဂိုးကြီးရဲ့ – ဟီး၊ ဒီနေ့ မသွားပါနဲ့လို့ အတန်တန် ကျွန်မ တားပါတယ်တော့၊ ခုတော့ – ခုတော့ – ဟီး – ဟီး"

ရောက်လာတဲ့အမေက ရင်ထုပြီးငို၊



အဖေက မျက်ရည်တွေ စီးလိမ့်ကျ၊

နောက်ဆုံး လှေအုပ်ဖွဲ့ပြီး ပုဂံကျွန်းကို သွားခဲ့ကြတယ်၊ အဖေနဲ့အမေက ဂိုးကြီးအလောင်းကို ဖက်ပြီး ငိုကြတယ်၊ နောက်ဆုံး ကျေးရွာရှင်ဂိုးကြီး (အစ်ကိုကြီး)ရဲ့အလောင်းကို ကောင်းမွန်စွာ မြေမြှုပ်သဂြိုဟ်ပေးခဲ့ကြတယ် တဲ့၊

အဖေက ကျွန်တော်တို့အရွယ်ရောက်လာတော့ မကြာခဏ ဂိုးကြီး အကြောင်း ပြောပြောပြတယ် – ဆရာ၊

ဂိုးကြီး – ဘယ်အရပ်သားမှန်း အဖေတို့မသိ၊

ရွာနီးဝန်းကျင်က လယ်သမားနဲ့ ရေတံငါတွေလည်း မသိ၊

နာမည် ပြောပါဦး –ဂိုးကြီးရဲ့လို့ မေးလည်းမပြောတဲ့ အရက်သမား ကြီး …၊

မိန်းမ ရှိလား – မေး၊

သူမပြော၊

ဆွေမျိုးသားချင်းတွေ ဘယ်အရပ်မှာ နေတုံး၊ မေး – သူမပြော၊

အရင်တုန်းက ဂိုးကြီး ဘာအလုပ်တွေ လုပ်ခဲ့ဖူးတုံး၊

သူ အတိတ်ကအကြောင်း လုံးဝမဟ၊ မပြော၊ သူ့ကို ပိုက်ဆံ လက်တစ် ဆုပ် ပေးစွန့်ကူညီဖူးတဲ့ကျေးဇူးကို ပြန်ဆပ်ဖို့ …၊

အဖေတို့ကုန်းကောက်စရာမရှိအောင် မွဲပြာကျချိန်၊ နောက်ဆုံးညစာကို စားဖို့ ပြင်နေတဲ့အချိန်၊ မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံ၊ လျှပ်စီးလက်ဟန်အကြား၊ မိုးသီးမိုးပေါက်တွေ ဝုန်းဒိုင်းကြဲ ရွာနေချိန်၊ သူ မိုးရေ စိုရွှဲနဲ့ ရောက်လာခဲ့ တယ်၊

ဒုက္ခပေးဖို့ သူ ရောက်လာတာ မဟုတ်ဘူး၊

ဒုက္ခကို ကယ်ကူဖို့ သူ ရောက်လာတာ၊

ပင်လယ်ထဲ အသက်စွန့်ပြီး နိုင်ငံခြားသင်္ဘောပျက်ထဲက ခဲတွေကို ရေငုပ်ဆယ်ယူလာပေးတာ အကြိမ်ကြိမ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ဇစ်လုတ်စားဖူး သူ့ကျေးဇူး၊ တစ်ခါရယူဖူး သူ့ကျေးဇူးကို အသက်သေသည့်တိုင် မသွားပါနဲ့၊ မယူပါနဲ့လို့ အတန်တန် အမျိုးမျိုးထားတဲ့ကြားက ပေးဆပ်သွားတဲ့ဂိုးကြီး၊

တိုင်းရင်းသား အရက်ကြိုက်သူ အစ်ကိုဂိုးကြီးလို လူစားမျိုးကို ဒါဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ဘူးတဲ့၊

[ဤဖြစ်ရပ်မှန် ဇာတ်လမ်းကို ပြောပြပေးသည့် Business မဂ္ဂဇင်းအယ်ဒီတာဆရာ ကိုလှမင်းနိုင်အား ကျေးဇူးတင်ရှိပါသည်။]

➔ **မောင်ညီမှိုင်း (သန်လျင်)**

- လူသေများ စကားပြောသည်ဟု မြင်မက်က အကြံအစည် အောင်မြင်သည်၊
- လူသေကို ရေချိုးပေးရသည် မက်က အောင်မြင်ခြင်း၊ အနိုင်ရခြင်းဖြစ်မည်၊
- လူသေနှင့် ထမင်းစားရသည်မက်က ကောင်းသောကံကြမ္မာနှင့်ကြုံမည်၊
- လူသေနှင့် အတူလဲလျောင်း အိပ်စက်ရသည် မက်က အသက်ရှည်မည်၊
- ကြည်လင်သော မြစ်ရေ၊ ဂျုံစပါးကို မြင်မက်က စည်းစိမ်ဥစ္စာနှင့် ပြည့်စုံကာ ကျန်းမာမည်၊
- ဆင်၊ မြင်း၊ နွားတို့ကို စီးရခြင်း၊ သစ်ပင်တက်ရခြင်း စသည်မက်ပါက စည်းစိမ်ဥစ္စာရမည်၊ နာမည်ကျော် ဂုဏ်သတင်းမွှေးမည်၊




www.burmeseclassic.com

www.burmeseclassic.com

## နမ္မတူမြို့ကို
## နတ်မတူမြို့ဟု သရော်ခေါ်လိုက်သည့်
## အကြောင်းရင်းကို
## သိလိုလျှင် ..

"**မုလင်းခွံတွေ** ဘူးခွံတွေ ဝယ်ဒယ်၊ သံတိုသံစတွေ ဝယ်ဒယ်"

"ဘတ္တရီအိုးအဟောင်းတွေ ဝယ်ဒယ်"

ဟူသော လက်တွန်းလှည်းကို တွန်း၍ အစုတ်ပလုတ်ပစ္စည်းဟောင်းများလိုက်လံဝယ်ယူကြသည့်ကုလားကလေးများအားတွေ့လျှင် ကျွန်တော် မိတ်ဆွေဦးမောင်အေးကို သတိရမိသည်။ သူကတော့ နေပူ၊ မိုးရွာမရှောင် လက်တွန်းလှည်းကလေးကို တွန်း၍ လမ်းကြိုလမ်းကြားရပ်ကွက်ပေါင်းစုံ လှည့်လည်သွားလာပြီး ပစ္စည်းဟောင်းများ ဝယ်ယူသောကုလားမဟုတ်ပါ။

မန္တလေးမြို့ကြီးသား မြန်မာလူမျိုးစင်စစ်တစ်ဦးဖြစ်ပါသည်၊ ဆင်းရဲသူလည်းမဟုတ်ပါ။ မန္တလေးမြို့ စိန်ပန်းရပ်တွင် အိမ်ကြီးအိမ်ကောင်းဖြင့် စမတ်ကျကျနေထိုင်သူတစ်ဦးဖြစ်ပြီး ကိုယ်ပိုင်လန်ရိုဗာကားနှင့် စတိုင်ကျကျ နေထိုင်သူတစ်ဦးဖြစ်သည်။ စပို့ရှပ်နှင့် ဘောင်းဘီရှည်ကိုဝတ်ပြီး ပြောင်လက်သော (cat globe) ရှူးဖိနပ်ကိုစီးပြီး အတော်စတိုင်ကျသည်။ လုပ်ငန်းက အစုတ်ပလုတ် ရောင်းဝယ်ခြင်းလုပ်ငန်းဖြစ်သော်လည်း သူဌေးတလေးတစ်ဦးဟု ဆိုနိုင်ပါသည်၊ အသက်တတော့(၄၀)ကျော်ခန့် မြန်မာပြည်မြို့အနှံ့၊ ရွာအနှံ့သို့ လှည့်လည်ပြီး ပစ္စည်းအဟောင်းများ ရှာဖွေဝယ်ယူတတ် သည်။

မြန်မာပြည်တစ်နံတစ်လျား ဦးမောင်အေး မရောက်ဘူးသော မြို့ရွာများက အလွန်ရှားပါးပါလိမ့်မည်။

ကျွန်တော်တို့နှင့် သိကျွမ်းခင်မင်ရသည်က အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မန္တလေးဗဟိုအကျဉ်းထောင်တို့တွင် (၆)လတစ်ခါ မီးစာရင်း (Ripe out) ပြု၍ ပယ်ဖျက်သောအကျဉ်းထောင်သုံးပစ္စည်းဟောင်းများနှင့် အကျဉ်းသားများ၏ သုံးစွဲပြီး စွန့်ပစ်ရန်ရှိသော အဝတ်အထည်ဟောင်းများ ဒန်ပန်းကန်၊ ဒန်ရေလုံများ စသဖြင့် စွန့်ပစ်ပစ္စည်းအဟောင်းများကို လေလံတင် ရောင်းချရာတွင် ဦးမောင်အေးက အမြဲတမ်း လေလံဆွဲ၍ ဝယ်ယူသူတစ်ဦးဖြစ်သည်။

လေလံဆွဲ၍ ဝယ်ယူရာ၌လည်း သင့်လျော်သောပေါက်ဈေးကို ပေးတတ်ပါသည်၊ ထို့ကြောင့် နောက်ပိုင်းတွင် အခြားသူများအား မရောင်းချတော့ဘဲ ဦးမောင်အေးကိုသာ ဖောက်သည်တစ်ဦးအနေဖြင့် အမြဲတမ်းရောင်းချဖြစ်ပါသည်၊ ထို့ကြောင့်လည်း အကျဉ်းထောင်၏ ပုံသေပစ္စည်းအဟောင်းများကို ကိုင်တွယ်ရသော ကျွန်တော်နှင့် ဦးမောင်အေးတို့ ခင်မင်ရင်းနှီးကြပါသည်။ ယခင်အခါများက (၆)လတစ်ကြိမ်ခန့်သာ မီးစာရင်းပြု၍ ပယ်ဖျက်လေ့ရှိသော အကျဉ်းထောင်သုံး အလေအလွင့်ပစ္စည်းများကို ရောင်းချခဲ့ရာမှ ၁၉၈၈ – ခုနှစ်၊ အရေးအခင်းကာလအပြီးတွင် အင်းစိန်ထောင်ကြီးလည်း မီးလောင်ပျက်စီးသောကြောင့် အဝတ်အဲဟောင်းများနှင့် အစုတ်ပလုတ် ဒန်အိုး၊ ဒန်ခွက်များသာမက အင်္ဂလိပ်ခေတ်လက်ကျန် သံထည်ပစ္စည်းများ တို့လည်း အလေအလွင့်ပစ္စည်းအဖြစ် စွန့်ပစ်သန့်ရှင်းရေးလုပ်ရာမှ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

ဟောင်းများ ဝယ်ယူသော ဦးမောင်အေး ကန်ထရိုက်ရပြီး အတော်အလုပ်ဖြစ်သွားသည်ဟု သိရှိရပါသည်။

ကျွန်တော်လည်း ၁၉၈၈ – ခုနှစ် အရေးအခင်းကာလပြီးနောက် အကျဉ်းဦးစီးဌာနရုံးချုပ်သို့ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရပြီးနောက်ပိုင်းတွင် စခန်းများသို့လည်း ထွက်၍ တာဝန်ထမ်းဆောင်ရသောကြောင့် ပစ္စည်းဟောင်းများ ဝယ်ယူသူ ဦးမောင်အေးနှင့် မတွေ့ဆုံဖြစ်တော့ပါ။

သို့နှင့် မြစ်ကြီးနားမြို့နယ် ထွမ်ပရာဘွမ် ရဲဘက်စခန်းမှ ၁၉၉၁ – ခုနှစ်တွင် ကျွန်တော် အလုပ်က ထွက်လာပြီးနောက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့တွင်နေထိုင်သော ကျွန်တော်၏မိတ်ဆွေဟောင်းကြီး ဦးခင်မောင်သန်းတစ်ယောက်ကျွန်တော်နေထိုင်ရာအိမ်သို့ရောက်ရှိလာပါသည်။ သူနှင့်ကျွန်တော်မှာ ငယ်ပေါင်းသူငယ်ချင်းများမဟုတ်ကြသော်လည်း လွန်စွာခင်မင် ရင်းနှီးကြပါသည်။ သူက ဘွဲ့ရသူတစ်ဦး၊ ကျောင်းဆရာတစ်ဦးဖြစ်သလို 'မန္တလေးအကျဉ်းထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးကျော်ထွန်း၏ယောက်'ဖ တော်စပ်သူလည်းဖြစ်သည်။ ထို့ကြောင့် သူက ကွမ်းခြံကုန်းမြို့မှ မန္တလေး'မြို့ရှိ ဦးကျော်ထွန်းတို့အိမ်သို့ မကြာခဏ သွားရောက်လည်ပတ်တတ်သ(ပို ရန်ကုန်မြို့ရှိကျွန်တော်၏အိမ်သို့လည်း ရောက်ရှိတတ်ပါသည်။

ထိုနေ့က ဦးခင်မောင်သန်းတစ်ယောက် ရောက်ရှိလာပြီး –

"ကိုသိန်းဝင်းရေ – မန္တလေးမြို့က ပစ္စည်းအဟောင်း အစုတ်ပလုတ်တွေ ဝယ်ယူတဲ့ ဦးမောင်အေးကို ခင်ဗျား သိတယ်မဟုတ်လား"

"သိပါ့ဗျာ – ကျွန်တော်နဲ့ အင်းစိန်ထောင်မှာ ပစ္စည်းအဟောင်းတွေ ရောင်းဝယ်ရင်း အတော်ခင်မင်ခဲ့ပါတယ်။ အဲဒါ ဘာဖြစ်လို့လဲ – ကိုခင်မောင်သန်းရေ"

"အခု – အဲဒီလူကြီးက မန္တလေးမြို့မှာ အတော်ကောင်းစားနေတယ်။ ထုံးစံအတိုင်း မန္တလေးဗဟိုအကျဉ်းထောင် မှ အစုတ်ပလုတ်ပစ္စည်းတွေဝယ်ရင်း ကျွန်တော်နှင့်ရင်းနှီးတာ။ အဲဒါ ခင်ဗျားအကြောင်းကိုမေးလို့ ကျွန်တော်



က ပြောပြတော့ သူ အလွန်တွေ့ချင်ကြောင်း ကျေးဇူးရှိကြောင်း ပြောတယ်ဗျာ။ ခင်ဗျားတို့ထောင်မလို့အရေးအခင်းပြီးတဲ့နောက်ပိုင်းမှာ အင်းစိန်ထောင်က အပျက်အစီးပစ္စည်းတွေကို သူ လေလံရတာကြောင့် အတော်ရလိုက်တယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် – ခင်ဗျားကလည်းအလုပ်ထွက်သွားတာကြောင့် မန္တလေးကိုလာလည်ပါ။ သို့ တတ်နိုင်သမျှ ကျေးဇူးဆပ်ချင်တယ်လို့ ကျွန်တော်နဲ့ မှာပါတယ်။ ကျွန်တော်လည်း လကုန်ရက်ကျရင် မန္တလေးမြို့ကို သွားမှာမို့ ခင်ဗျား လိုက်ခဲ့ပါလား"

"ကျွန်တော်က လိုက်ခဲ့ပြီဆိုပါတော့ ဘယ်မှာတည်းခိုရမှာလဲ။ မန္တလေး ဆိုတော့ ခရီးကဝေးပြီး ရက်ကြာမယ်ထင်ပါရဲ့"

"အဲဒါတွေအားလုံး ဦးမောင်အေးက တာဝန်ယူတယ်လို့ ပြောပါတယ်။ သူက ခင်ဗျားကို တကူးတက ဖိတ်တာမို့လို့ သူ့အိမ်မှာတည်းပေါ့ဗျာ။ ကျွန်တော်ကတော့ မန္တလေးမြို့ နန်းတွင်းက ယောက်ဖညွှန်မှူးအိမ်မှာပဲ တည်းမယ်။ ကျွန်တော်က မန္တလေးမြို့ခံလူဖြစ်နေတော့ ခင်ဗျားစားဝတ်နေရေးအတွက် ပံ့ပိုးကူညီပေးနိုင်ပါတယ်"

"ရက်ကြာမယ်ဆိုတော့ အားတော့ အားနာစရာဗျာ။ ကျွန်တော့်မှာ မန္တလေးမြို့က မိတ်ဆွေအပေါင်းအသင်းတွေရှိပေမယ့် မန္တလေးမြို့မှာ ရက်ကြာကြာမနေဖူးဘူးဗျ"

"လုပ်ပါဗျာ – ကျွန်တော်လည်း မန္တလေးမြို့ကို လာစဉ် အခေါက်ပေါင်းများစွာ တစ်ယောက်တည်းသွားနေရတာ၊ ပျင်းလွန်းလို့။ ခင်ဗျားနဲ့ကျုပ် အဖော်ရတာပေါ့ဗျ။ ဦးမောင်အေးက မဆင်းရဲပါဘူးဗျာ။ ကိုယ်ပိုင်ကားနဲ့ ကိုယ်ပိုင်အိမ်နဲ့ ချမ်းသာပါတယ်"

သို့နှင့် လကုန်ရက်တွင် အားအားလျားလျားဖြစ်နေသော ကျွန်တော်တို့မန္တလေးအ ဆန်မီးရထားကြီးဖြင့် မန္တလေးမြို့သို့ ထွက်ခွာလာကြပါသည်။ မန္တလေးမြို့ဘူတာကြီးမှ ကိုခင်မောင်သန်းအား လာရောက်ကြိုဆိုသော မန္တလေးဘောင်ကားဖြင့် နန်းတွင်းသူ၏ယောက်ဖရှိရာ ညွှန်မှူးအိမ်သို့ သွား



www.burmeseclassic.com

www.burmeseclassic.com

ရောက်ကြပြီးနောက် ထိုမှတစ်ဆင့် အကျဉ်းထောင်ကားဖြင့် ကိုခင်မောင်သန်းက ကျွန်တော့်အား မန္တလေးမြို့စိန်ပန်းရပ်ရှိဦးမောင်အေး၏နေထိုင်ရာအိမ်သို့ လိုက်ပို့ပါသည်။

နေ့လယ် ထမင်းစားချိန်ဖြစ်သောကြောင့် ချိန်းဆိုမထားသော်လည်း ဦးမောင်အေးက အိမ်ကြီးအပေါ်ထပ်တွင် နေ့လယ်စာထမင်းစားရန်ပြင်ဆင်နေချိန်နှင့် တိုးတော့သည်၊ သူက လှိုက်လှဲစွာ ကြိုဆိုရင်း ကျွန်တော်တို့အား နေ့လယ်စာ ထမင်းအတင်းကျွေးပါသည်၊ ချိန်းဆိုမထားဘဲ ရုတ်တရက်ဖြစ်သောကြောင့်စားရေးသောက်ရေးအဆင်မပြေမည်ကိုစိုးရိမ်သောကျွန်တော်တို့အား ဦးမောင်အေးက အားမနာစေရန် ပြောဆိုသည့် အိမ်ချက်ဟင်းလျာများအပြင် အခြားစားဖွယ်သောက်ဖွယ်များကိုလည်း သူ၏သားတော်မောင်အား ဆိုင်ကယ်ဖြင့် စေလွှတ်ပြီး ဝယ်ယူ၍ ပြည့်စုံအောင် ကျွေးမွေးပြုစုပါသည်။ စားသောက်ရင်း ဦးမောင်အေးက -

"ဆရာသိန်းဝင်းရေ - ဆရာ့ကိုကျွန်တော်အလွန်တွေ့ချင်လွန်းလို့ဆရာ ဦးခင်မောင်သန်းနဲ့ မှာရတာပါ။ ဆရာက အလုပ်ထွက်သွားပြီဆိုတော့ ဘယ်မှာလိုက်ရှာမှန်းလည်း မသိဘူးလေ။ အခုတော့ - အခန့်သင့်လိုက်လေဗျာ။ ဆရာတို့ ကျွန်တော့်အိမ်မှာပဲ တည်းပါ၊ စားပါ၊ ပြည့်စုံအောင် ကျွန်တော် ဧည့်ခံပါ့မယ်၊ အခုဆိုရင် ကျွန်တော်က ကျောက်ဆည်မြို့က ကျောက်မြားတွေ ရော နမ္မတူမြို့က သံတိုသံစတွေပါ အများကြီး ပါမစ်ရထားတော့ အဆင်ပြေပါတယ်။ မကြာမတင် ခရီးတော့ ထွက်ရလိမ့်မယ်။ ကျွန်တော့်အတွက် ခရီးသွားဖော်ရတာပေါ့။ လန်ရှိဗာကို တစ်ယောက်တည်း ကိုယ်တိုင်မောင်းပြီး မြန်မာပြည်အနှံ့ ခရီးသွားနေရတာ၊ အခု ဆရာတို့ရောက်လာကြပြီး အဖော်ရတော့ ပိုအဆင်ပြေတာပေါ့။ ဆရာ ကိုသိန်းဝင်းအနည်းဆုံး (၁)လလောက်တော့ ကျွန်တော့်အိမ်မှာ တည်းနိုပြီး ကျွန်တော်နဲ့ ခရီးအနှံ့သွားကြတာပေါ့ ဆရာရယ်။ အကျိုးအမြတ်ရရင်လည်း ဆရာ့ကို ကျွန်တော် ကန်တော့မှာပါ"

"ထားပါဗျာ၊ အဲဒါတွေ မလိုပါဘူး။ စားသောက်နေရေးအဆင်ပြေပြီး ခရီးသွားနေရရင် အတွေ့အကြုံရလို့ ကျွန်တော်ပျော်မှာပါ။ ဒါပေမဲ့ - (၁)လ (၉) သီတင်းတော့ ကျွန်တော် ခင်ဗျားတို့ဆီမှာ မနေနိုင်ဘူးဗျ။ ရန်ကုန်မှာ အလုပ်တစ်ခုခုလုပ်ဖို့ စီစဉ်ထားလို့ပါ"

"ရန်ကုန်မှာ လုပ်တာလည်း လုပ်ပေါ့ - ဆရာရယ်၊ အခုလက်ရှိတော့ ကျွန်တော်နဲ့အတူနေပြီး ကျွန်တော့်လိုအလုပ်ကိစ္စတွေကိုလည်း လေ့လာပါဦး အကျိုးရှိမှာပါ - ဆရာရယ်"

"ဟုတ်ပါပြီဗျာ။ ကျွန်တော်လည်း အခုလောလောဆယ် အားလပ်နေတာမို့ ခင်ဗျားရဲ့လုပ်ငန်းတွေ လေ့လာရင်း ခရီးသွားရတာပေါ့၊ ကျွန်တော့်ဘဝမှာ အငြိမ်မနေဘဲ လှည့်လည်ခရီးသွားရတာ အလွန်ကြိုက်ပါတယ်။ ခြေထောက်မှာ ဇွဲပါတယ် ထင်ပါရဲ့ဗျာ"

"ဟဲ - ဟဲ - အဲဒါဆိုရင်တော့ ကျွန်တော့်အလုပ်နဲ့ အံဝင်ခွင်ကျပဲ - ဆရာရေ၊ ဆရာကလည်း ကားမောင်းတတ်တော့ ပိုအဆင်ပြေပါတယ်၊ ဒါပေမဲ့ ဆရာ့ကို ပင်ပင်ပန်းပန်း မခိုင်းရက်ပါဘူး။ ကျွန်တော်နဲ့ အဖော်လိုက်ရင်ဖြင့် ပြည့်စုံပါပြီ"

သို့နှင့် ထိုနေ့က ကျွန်တော်တို့ ဦးမောင်အေး တည်ခင်းကျွေးမွေးသော နေ့လယ်စာကို ဟင်းစုံလင်စွာဖြင့် စားသောက်ကြပြီးနောက် ကျွန်တော် ဦးမောင်အေးနေအိမ်တွင် တည်းခိုကျန်ရစ်ခဲ့သည့်ကိုခင်မောင်သန်းကတော့ သူတည်းခိုရာ မန္တလေးမြို့ နန်းတွင်းရှိ ယောက်ဖဥ္စနမှူးအိမ်သို့ ပြန်သွားပါသည်။

စိန်ပန်းရပ်ရှိ ဦးမောင်အေးအိမ်မှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်ပြီး အတော်ကျယ်ပြန့်သည်၊ သူတို့တွင် ဇနီးဖြစ်သူ ဒေါ်စိန် သန်းနှင့် သားဖြစ်သူ မောင်လှိုင်ဘွားအပြင် သမီးဖြစ်သူ မစုစုမာတို့ရှိကြသည်၊ လွန်စွာသဘောကောင်းကြပြီး ဧည့်ဝတ်လည်း အလွန်ကျေပါသည်၊ ဘာသာရေးကိုင်းရှိုင်းသူများဖြစ်ကြတော့ ညဘက်ဘုရားဝတ်ပြု တရားထိုင်ရာတွင် ဧည့်ခန်းရှိ စောင်းဆောင်ရှေ့၌ ကျွန်တော်တို့အတူ ဗျာကလေးပြုကိုယ်စီဖြင့် ဘုရား

www.burmeseclassic.com

ဝတ်ပြု တရားထိုင်ကြသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ရှင်းလျှင်မြန်စွာ ရင်းနှီးခင်မင်ကြပါသည်။ သားဖြစ်သူ မောင်လှိုင်ဘွားက ကားတာယာ အရောင်းဆိုင်ဖွင့်ထားသည်။ သမီးဖြစ်သူ မရုးရုးမာကတော့ အိမ်တွင် မိခင်နှင့်အတူ အချက်အပြုတ်၊ အလျှော်အဖွပ်အလုပ်များကို တာဝန်ယူပါသည်။

◆◆◆

နောက်(၂)ရက်၊ (၃)ရက်ခန့်အကြာတွင် ကျောက်ဆည်မြို့သို့ ခရီးသွားမည်ဟု ဦးမောင်အေးက ဆိုပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် ဦးမောင်အေးတို့ ကျောက်ဆည်မြို့သို့ (LAND ROVER) ကားကလေးဖြင့် ထွက်ခွာခဲ့ကြပါသည်။ ကျောက်ပြားစက်ရုံများဆီသို့ ဖြစ်ပါသည်။ ဦးမောင်အေး ပါမစ်ရရှိထားသော ကျောက်ဖြူပြားများကို ထုတ်ယူရန်အတွက် သွားရသောခရီးစဉ်ဖြစ်ပါသည်။

ကျောက်ဆည်မြို့ ကျောက်ပြားစက်ရုံတွင် ဦးမောင်အေးမှာကြားထားသော ကျောက်ဖြူပြားများ အရေအတွက်ပြည့်စုံအောင် မရရှိသေးသောကြောင့် မန္တလေးမြို့သို့ ပြန်ခဲ့ကြပါသည်။ လမ်းတွင် ကျွန်တော်က -

"ဦးမောင်အေး - ကျောက်ဖြူပြားတွေက ဘာလုပ်ဖို့လဲ၊ ကျွန်တော်သိတာတော့ စကျင်ကျောက်ဖြူပြားတွေကို မြန်မာတိုက်အိမ်တွေမှာ သုံးလေ့မရှိကြဘူး၊ ဘုရားဆင်းတုတော်ထုတဲ့ကျောက်သားဆိုပြီး ရှောင်ကြတာပဲ၊ အခု ခင်ဗျားက ဘာလုပ်ဖို့လဲ"

မန္တလေးမြို့ ဘုရားဂေါပကအဖွဲ့က မှာထားတာနဲ့ စက်မှု(၁)က ပါပစ်ရအောင် ကျွန်တော် လုပ်ထားတာပါ၊ ဆရာသိန်းဝင်းပြောတာ မှန်တယ်ဗျ၊ မန္တလေးမြို့က ဘာသာရေးမြို့ဆိုတော့ စကျင်ကျောက်ဖြူပြားတွေကို အိမ်မှာ မခင်းချင်ကြဘူးဗျ၊ သူတို့က အဖြူအမည်းအကွက်တွေပါတဲ့ တာရာဇိ ကျောက်ပြားတွေကိုသာ ဝယ်ချင်ကြတာ၊ ကျွန်တော်လည်း ဘုရားဂေါပကအားကိုးနဲ့ စကျင်ကျောက်ဖြူပြားတွေကိုရအောင် စက်မှု(၁)မှာ မနည်းလိုက်ထားရတာ၊ အခုတော့ - ဘုရားဂေါပကအဖွဲ့က ဘဏ္ဍာရေး မပြည့်စုံလို့ဆိုပြီး ကဂျိကကျောင်လုပ်နေတယ်၊ တော်ပါသေးရဲ့ စက်ရုံက ကျောက်ပြားတွေလည်း အရေအတွက်ပြည့်စုံအောင်မပြီးစီးသေးလို့ ပြည့်စုံအောင်ပြီးရင်တော့ ကျွန်တော်က စက်မှု(၁)ရုံးချုပ်မှာ စံပေါ်ငွေတင်ထားရတာကြောင့် မယူမနေရ ယူရမှာပဲ၊ အကယ်လို့ ဘုရားဂေါပကအဖွဲ့က ပြောဆိုထားပြီး မဝယ်ရင်တော့ ကျွန်တော့်စပေါ်ငွေဆုံးပြီ၊ သိန်းဂဏန်းတောင် စပေါ်ငွေက တင်ထားရတာ"

"စကျင်ကျောက်ဖြူပြားတွေကို တခြားအကြောင်းအကြား ရောင်းစုံပါတဲ့ တာရာဇိကျောက်ပြားတွေနဲ့ လဲယူလို့မရဘူးလား"

"အဲဒီ့ကိစ္စကို ကျွန်တော် စက်ရုံမှူးနဲ့ ညှိနှိုင်းနေတာ၊ တကယ်တမ်းတော့ စကျင်ကျောက်ဖြူပြားက ဘာသာရေးသုံးပစ္စည်းဖြစ်တာကြောင့် အရောင်းအဝယ်ထိုင်းတယ်၊ ဈေးကတော့ တာရာဇိကျောက်ပြားထက် ပိုကြီးတယ်"

ထိုနေ့ညနေက ကျွန်တော်နှင့် ဦးမောင်အေးတို့ ကျောက်ဆည်မြို့မှ စိန်ပန်းရပ်နေအိမ်သို့ ပြန်ရောက်ချိန်တွင် ဦးမောင်အေး၏အိမ်၌လူပျိုကြီး ဦးခင်မောင်သန်း ရောက်ရှိနေပြီး ထိုင်စောင့်နေပါသည်။ သို့နှင့် ထိုညနေကလည်း ကျွန်တော်တို့ထမင်းအတူစားကြသည်။ ဦးခင်မောင်သန်းက နန်းတွင်းဆွန်မှူးအိမ်မှ ချက်ပြုတ်ယူလာသောဟင်းများကြောင့်လည်းကောင်း၊ ခရီးသွားရသောကြောင့်လည်းကောင်း ညစာ ထမင်းစား၍မြိန်ပါသည်။ ညစာစားနေချိန်တွင် ဦးမောင်အေးက -

"ကိုခင်မောင်သန်းရေ - ည ကျွန်တော့်အိမ်မှာပဲ အိပ်ပါလား၊ မနက်ဖြန်တော့ နမ္မတူမြို့ဘက် အလုပ်ကိစ္စနဲ့ ခရီးသွားဖို့ရှိတာကြောင့် လိုက်ခဲ့ပါလား၊ မြို့မှာ ကျွန်တော် လေလံရထားတဲ့ မီးရထားစက်ခေါင်းတို့ သံတိုသံစတွေများကြီးရှိတယ်၊ အဲဒါကို ဝယ်လက်နဲ့ ချိန်းပြီး ဈေးဆိုင်ဖို့ပါ၊ အဲဒီမှာ ကျွန်တော့်မိတ်ဆွေရှိတာကြောင့် စားရေးသောက်ရေး၊ နေရေးထိုင်ရေး အဆင်ပြေပါတယ်၊ ရာသီဥတုကတော့ အတော်အေးတယ်ဗျ၊ မန္တလေးမြို့နဲ့ တခြားစီပဲ"

www.burmeseclassic.com

ဦးခင်မောင်သန်းက – "ကျွန်တော် ဒီမှာ ညအိပ်ဖို့ ပြောမလာတော့ အပေတ စိတ်ပူနေလိမ့်မယ်။ ခင်ဗျားတို့မနက်ဖြန် ဘယ်အချိန်ခရီးစထွက်မလဲ။ ကျွန်တော် ရောက်အောင်လာခဲ့မယ်"

"မနက်(၇)နာရီလောက်ပေါ့ဗျာ။ မနက်စာလည်း လမ်းမှာ စားကြတာပေါ့ – ကိုခင်မောင်သန်း၊ ခင်ဗျား လာနိုင်ပါ့မလား"

"ရပါ့ဗျာ – မန္တလေးထောင်က မနက်ပိုင်း အမြဲတမ်းထွက်တဲ့ဈေးကားနဲ့ ကျွန်တော် လာခဲ့မယ်၊ အမြည်းအတွက်လည်း ကြုံသလို ဆွဲခဲ့ပါ့မယ်"

သို့နှင့် စားသောက်ပြီး ဦးခင်မောင်သန်း ပြန်သွားတော့ ကျွန်တော်တို့ အိမ်သားများထုံးစံအတိုင်း ဘုရားကျောင်းဆောင်ရှေ့တွင် ဝတ်ပြုကြပြီး တရားထိုင်ကြသည်၊ ဤသည်မှာ အလွန်ကောင်းမွန်သော ဓလေ့စရိုက် တစ်ခုဖြစ်ပါသည်၊ ထို့ကြောင့် ထိုညက ဘုရားဝတ်ပြုပြီးသည်နှင့် အိပ်ရာဝင်ကြတော့သည်၊

◆◆◆

နောက်တစ်နေ့မနက်တွင် (၆)နာရီခန့် ကျွန်တော်တို့ အိပ်ရာတန်းထကြပြီး သမီးဖြစ်သူ စုစုမာဖျော်ပေးသော ကော်ဖီနှင့် မုန့်များကို စားသုံးကြပြီးနောက် စုပေါင်း၍ ဘုရားဝတ်ပြုတရားထိုင်ကြပါသည်၊ ကျွန်တော်တို့ တရားထိုင်ပြီးနောက် မေတ္တာပို့ အမျှဝေနေကြစဉ် နောက်ကျမည်ဟုထင်သော ကိုခင်မောင်သန်းက မနက်(၇)နာရီမထိုးခင်၌ပင် စောစီးစွာ ရောက်ရှိလာပါသည်၊ ထို့ကြောင့် ဦးမောင်အေးက သူ၏လန်ခရိုဇာကားအား ခရီးဝေးသွားရန် အတွက် စစ်ဆေးပြင်ဆင်နေပါသည်၊ (၇)နာရီကျော်ခန့်တွင် ကျွန်တော်တို့ (၃)ဦး ခရီးစ၍ထွက်ဖြစ်ကြသည်၊ ကိုခင်မောင်သန်းမှာ မနက်စာ မစားရသေး သောကြောင့် ပြင်ဦးလွင်အတက် ကျောက်မီးတာဆုံရွာကလေးတွင် မနက် စာအဖြစ် အကြော်စားပြီး လက်ဖက်ရည်ရှိုသောက်ကြသည်၊ ထိုရွာကလေး မှာ ပဲဆီ၊ နှမ်းဆီစစ်စစ်ဖြင့် ကြော်ထားသော အကြော်မျိုးစုံနှင့် နွားနို့စစ်စစ်



သောကြောင့် လွန်စွာအရသာရှိသော မြန်မာ့ရိုးရာစားစရာကို စားသုံးရခြင်း ကြောင့် ကျွန်တော်တို့ ကျေနပ်နှစ်သိမ့်မိပါသည်၊

စားသောက်ကြပြီးနောက် ကျွန်တော်တို့အဖွဲ့ လုပ်ငန်းအောင်မြင်စေရန် အတွက် ရှမ်းရိုးမတောင်ခြေတွင်ရှိသည့် မိဖုရားစောမွန်လှ၏ ရွှေစာရံဘုရား သို့ သွားရောက်ကြပြီး ဖူးမြော်ပူဇော်၍ အလှူငွေများလည်း ထည့်ကြသည်၊ ထို့နောက်ပြင်ဦးလွင်တောင်ပေါ်သို့တက်ခဲ့ကြပါတော့သည်၊ လမ်းဘေးဝဲယာ၌ စိမ်းစိုပြီး အေးချမ်းလှသောသဘာဝမြင်ကွင်းကြောင့် စိတ်အလွန်ချမ်းမြေ့ ရပါသည်၊ (၂)မိုင်စခန်းသို့ ရောက်သည်နှင့် ရာသီဥတုမှာ ချက်ချင်းကြီး ပြောင်းလဲသွားပြီး စိမ့်ခနဲ ချမ်းအေးသွားသည်၊ မကြာပါ၊ ဦးမောင်အေးမိတ် ဆွေနေထိုင်ရာ အနီးစခန်းရွာအတွင်း ဝင်ရောက်ခဲ့ပြီးနောက် ခြံကျယ်ကြီး အတွင်းသို့ ကားကလေးကို ချိုး၍ဝင်ပါသည်၊ ခြံကျယ်ကြီးအတွင်း ဆောက် လုပ်ထားသော ရှမ်းပုံစံတစ်ထပ်အိမ်ကြီးရှေ့သို့ရောက်သောအခါ အမျိုးသမီး ငယ်(၂)ဦး ထွက်၍ကြိုပါသည်၊

"အန်ကယ် ဦးမောင်အေးတို့ ရောက်လာကြပြီပဲ၊ ကျွန်မတို့ကို အဖေမှာ ထားလို့ နေ့လယ်စာ ရှမ်းလက်ရာနဲ့ အဆင်သင့်ပြင်ဆင်ထားပါတယ်၊ ရေမိုး ချိုးကြဦးမလား၊ ဒါမှမဟုတ် ခေတ္တခဏနားပြီးမှ နေ့လယ်စာစားကြမလား အန်ကယ်"

"ရာသီဥတုက အေးချမ်းသွားပြီ – သမီးရယ်၊ ရေမချိုးတော့ပါဘူး၊ ခဏ နားပြီး နေ့လယ်စာ စားကြတာပေါ့၊ ဦးတို့က ဒီနေ့ နမ့်တူမြို့အထိ ခရီးဆက် ကြရဦးမှာ"

"အော် – ဒီမှာ ညအိပ်မှာမဟုတ်ဘူးလား၊ အဖေမရှိပေမဲ့ ကျွန်မတို့ကို အသေအချာ မှာသွားပါတယ်၊ ညအိပ်တည်းခိုဖို့လည်း ဒီမှာ အဆင်ပြေပါ တယ်"

"ရပါတယ် – သမီးရယ်၊ အပြန်ကျလို့ အချိန်ရရင် ညအိပ်ပါ့မယ်၊ ဒီနေ့ တော့ – နမ့်တူမြို့ကို အရောက်သွားပြီး မနက်ဖြန်မနက် အလုပ်ကိစ္စရှိလို့ပါ"

www.burmeseclassic.com

"ဟုတ်ကဲ့ပါ–ဦး၊ ကျွန်မတို့ နေ့လယ်စာ ပြင်ဆင်လိုက်ကြတော့မယ်နော်"

အိမ်ကြီးမှာ မှန်ကုပ်ကုပ်ဖြင့် အလင်းရောင်အားနည်းသည်၊ ချမ်းအေးသောဒေသတွင်ဆောက်လုပ်လေ့ရှိသော အိမ်ကြမ်းပုံစံအတိုင်းလေလုံမိုးလုံ ဆောက်လုပ်ထားဟန် တူပါသည်၊ ကျွန်တော်တို့အဖွဲ့နေ့လယ်စာစားတော့ ရှမ်းလက်ရာထမင်းချဉ်သုပ်နှင့်ခေါက်ဆွဲသုပ်များဖြစ်ကြသည်၊ သောက်စရာ ဟင်းရည်က ဆွန်တန်ခေါ် မုန်ညင်းချဉ်ခြောက်၊ ဒေသရိုးရာဟင်းရည် ဖြစ်ပါသည်၊ လက်ရာပြောင်း၍ စားကောင်းပါသည်၊ ရှမ်းထမင်းချဉ်မှာ ရှမ်းမကလေးများကိုယ်တိုင် လုပ်ထားခြင်းဖြစ်သောကြောင့် လွန်စွာအရသာကောင်းသည်၊ ချမ်းအေးသောအရပ်ဒေသဖြစ်သောကြောင့်ရိုးရာဓလေ့အရ ငရုတ်သီးအစပ်ကို ကဲထားသဖြင့် စားသောက်၍မြိန်သော်လည်း ကျွန်တော်တို့အဖွဲ့ တရှူးရှူး တရှဲရှဲ ဖြစ်နေကြသည်၊ ရှမ်းငရုတ်သီးမှာ အလွန်စပ်နေပါသည်၊ ချမ်းအေးသောဒေသဖြစ်၍သာ အတော်အတန်စံနိုင်သော်လည်း အစပ်ကြောက်သော ကျွန်တော်တို့အဖွဲ့ ချမ်းအေးသောရာသီဥတု၌ ချွေးစေးများ ပြန်လာပါသည်၊

ကျွန်တော်တို့အဖွဲ့ စားသောက်ပြီးတော့ မွန်းတည့်(၁၂)နာရီခန့် ရှိပါသည်၊ ထို့ကြောင့် အနီးစခန်းအိမ်တွင် အချိန်ဆွဲ၍ နားမနေတော့ဘဲ ခရီးဆက်၍ ထွက်ခွာလာခဲ့ကြပါသည်၊

ပြင်ဦးလွင်ကိုလွန်တော့ ဂုတ်ထိပ်တံတားသည် လွန်စွာအံ့ဩစရာဖြစ်ပြီး တောင်ကြီးတောင်ကြားတွင်မြင့်မားစွာဖောက်လုပ်ထားသော အင်္ဂလိပ်ခေတ်လက်ရာတံတားကြီး ဖြစ်ပါသည်၊ ရှမ်းပြည်နယ်နှင့် အောက်ပိုင်းဒေသကို ဆက်သွယ်ပေးသော အဓိကအရေးပါသောတံတားကြီးဖြစ်ပါသည်၊ တံတားကြီးတစ်ဖက်ထိပ်သို့ ရောက်သည်နှင့် ရှမ်းပြည်နယ်ထဲသို့ ဝင်သည်၊ ညနေစောင်းတွင် တောင်ဆင်းတောင်တက်များ ပေါများလှသည့် နမ္မတူမြို့သို့ ရောက်ရှိကြပါသည်၊

◆◆◆

နမ္မတူမြို့မှာ လွင်ပြင်ကျယ်ကျယ် မရှိပါ၊ နေရာတိုင်းတွင် တောင်ကုန်းကလေးများပေါ်၌ တိုက်အိမ်ကလေးများ ဆောက်လုပ်ထားသည့် လှပသော တောင်စခန်းမြို့ကလေးဖြစ်သော်လည်း သွားလာရန်အတွက် တောင်ဆင်းတောင်တက်ပေါများလှသောကြောင့် စည်ကားခြင်းမရှိသော တောမြို့ကလေး ဖြစ်ပါသည်၊ ထိုမြို့မှ မီးရထားအင်ဂျင်နီယာကြီးအိမ်တွင်ဝင်ရောက်နှုတ်ဆက်ကြပြီး စကားစမြည်ပြောဆို၍ ကျွန်တော်တို့ ညအိပ်တည်းခိုရန် နမ္မတူချောင်းအနီးရှိ ဦးမောင်အေး၏အသိအိမ်သို့ သွားရောက်ကြသည်၊

ထိုအိမ်တွင် ခရီးဆောင်ပစ္စည်းများ ချထားပြီးနောက် ဦးမောင်အေးက ကျွန်တော်တို့အား သူ၏လုပ်ငန်းခွင်သို့ လိုက်လံပြသပါသည်၊ လုပ်ငန်းတစ်နေရာက နမ္မတူချောင်းအတွင်း သံထည်ပစ္စည်းများ ဆယ်ယူနေခြင်းလုပ်ငန်း ဖြစ်သည်၊ ညနေပိုင်းတွင် ချမ်းအေးလှသောရာသီဥတုကြောင့် လုပ်ငန်းခွင် ရပ်နားထားသည်ဟု သိရှိရသည်၊ နောက်တစ်နေရာက တောရုံများဖုံးလွှမ်းနေသည့်ကွင်းပြင်အတွင်း၌ နေရာအနှံ့ ပြန့်ကျဲစုပုံနေသော မီးရထားစက်ခေါင်းနှင့် ဘွိုင်လာအဟောင်းသံထည်ပစ္စည်းများ ဖြစ်ပါသည်၊

ဤတောင်ပေါ်မြို့ကလေးမှာ ထုထည်ကြီးမားလှသော သံထည်ပစ္စည်းကြီးများကို မည်သို့မည်ပုံ သယ်ဆောင်ကြမည်တော့ ကျွန်တော် မသိပါ၊ သို့သော် ဒုတိယကမ္ဘာစစ်လက်ကျန် သံထည်ပစ္စည်းများကတော့ ထုထည်ကြီးမားပြီး လွန်စွာအချိန်စီးမည့်ပုံစံ ပေါ်နေပါသည်၊ ထိုညက တည်းခိုအိမ်တွင် ရေငုပ်ဆယ်ယူရေးသမားများနှင့် တွေ့ဆုံကြပြီးနောက် စကားပြောဆိုရာ အလုပ်သမားများက ဦးမောင်အေးအား ဤဒေသမှာ အစောင့်အရှောက်နတ်များ အလွန်များကြောင်း သူ့နေရာနှင့်သူ ပွဲပေးပြီး လုပ်ဆောင်ပါမှ လုပ်ငန်းအောင်မြင်နိုင်မည်ဟု ဒေသခံများက ပြောဆိုကူညီပေးကြကြောင်း အစအခါတွင် ဦးမောင်အေးက ယုံကြည်မှုမရှိ၍ ကန်တော့ပွဲ မပေးသောကြောင့် လုပ်ငန်းများမအောင်မြင်ပဲ အခက်အခဲအမျိုးမျိုးဖြင့် ကြုံနေရကြောင်း တင်ပြကြပါသည်၊ ဦးမောင်အေးက –

www.burmeseclassic.com

www.burmeseclassic.com

"ဟ – ငါက မယုံကြည်ပေမဲ့ မင်းတို့တောင်းဆိုတဲ့အတိုင်း ကန်တော့ပွဲပေးရတာ ဘယ်နှကြိမ် ဘယ်နခါရှိပြီလဲ"

"ဒါကတော့ဒါပေါ့ – ဆရာရယ်၊ နမ္မတူမြို့ဆိုတာ တကယ်တော့နတ်မတူတဲ့မြို့ဗျ၊ နေရာတိုင်း၊ ဌာနတိုင်းမှာ သူ့ဟာနဲ့သူ ရှိကြတယ်၊ အဲဒါကို မသိလို့ ဖျက်ကွက်ရင် လုပ်ငန်းမအောင်မြင်ဘဲ အနှောင့်အယှက် အဖျက်အဆီးတွေ တွေ့ရတော့တာပါပဲ"

"အေး – မင်းတို့နဲ့တော့ ဒီလုပ်ငန်း အဆင်ပြေမယ်မထင်ပါဘူး၊ ငါကတော့ ဘုရား၊ တရား၊ သံဃာကလွဲရင် တခြားနတ်တွေ အယုံအကြည်ရှိတာ မဟုတ်ဘူး၊ ဒါပေမဲ့ – လုပ်ငန်းအဆင်ပြေဖို့အတွက် မင်းတို့ကို လိုက်လျောပြီး လုပ်ခဲ့တာ၊ ကန်တော့ပွဲဖိုးချည်း မနည်းကုန်နေပြီ"

"ထောင်မြင်ရင်ရာစွန့်ပေါ့ – ဆရာရယ်၊ အဲလိုမှမလုပ်ရင်လည်း လုပ်ငန်းက အောင်မြင်မှာမဟုတ်ဘူး၊ ရက်ကြာပြီး အချိန်တွေကုန်ရင် ဆရာလည်း ငွေကုန်မယ်၊ ကျွန်တော်တို့လည်း နေ့တွက်မကိုက်ဘူး – ဆရာရယ်"

ထိုညက ဦးမောင်အေးနှင့် အလုပ်သမားများ လုပ်ငန်းကိစ္စတိုင်ပင်နေကြစဉ် အင်ဂျင်နီယာကြီး ခေါ်သည်ဆိုသဖြင့် ဦးမောင်အေးအရေးပေါ်ထ၍ လိုက်သွားသည်၊ မကြာပါ၊ ရှုံ့ရှုံ့ရှုံ့ရှုံ့ဖြင့် ခေါင်းဖောင်း၍ ပြန်လည်ရောက်ရှိလာသည်၊ ကျွန်တော်က –

"ဘယ်လိုဖြစ်တာလဲ – ဦးမောင်အေး" ဟု မေးရာ –

"ပြော – မပြောချင်တော့ပါဘူး – ဆရာရယ်၊ လုပ်ငန်းအင်ဂျင်နီယာကြီးက ကျွန်တော့်ကို သူသတ်မှတ်တဲ့ရက်အတွင်း မပြီးစီးရင် တခြားအဖွဲ့ကို တင်ဒါပေးမယ်လို့ ခြိမ်းခြောက်နေတယ်၊ ဒီကိစ္စကလည်း ကျွန်တော်က ပါမစ်ရထားပေမယ့် တကယ်လုပ်မယ့်ဝယ်လက်က လွှပ်ရှားမှ အလုပ်ပြီးမှာ မနက်ဖြန် ပစ္စည်းဝယ်မယ့် ဦးကျော်တင့်တို့အဖွဲ့က အင်ဂျင်နီယာကြီးအိမ်မှာ တည်းခိုပြီး လိုင်းဝင်ကြဟန်တူပါတယ်၊ အခု – အင်ဂျင်နီယာကြီးက လေသံပြောင်းပြီး ကျွန်တော့်ကို ဝမ်နင်ပေးနေတာ၊ စိတ်ညစ်ပါတယ် – ဆရာတို့ရယ်၊ ဒီဂေလေလံပါမစ်ကလေးကိုရအောင် ကျွန်တော် မနည်းအပင်ပန်းခံ၊ ငွေကုန်ခံပြီး ရင်းနှီးထားရတာ"

"ဦးမောင်အေးက အယုံအကြည်မရှိဘူးဆိုပေမယ့် အလုပ်သမားတွေ ပြောသလို သူတို့နယ်မြေမှာ ဆိုင်ရာပိုင်ရာကိစ္စတွေ သင့်လျော်သလို လုပ်လိုက်ပေါ့ဗျာ၊ မလုပ်ရင် ဦးမောင်အေးလည်း မြှုပ်နှံထားတဲ့အရင်းအနှီးတွေ ဆုံးရှုံးကုန်ဦးမယ်"

"အေးဗျာ – အဲလိုပဲ – လိုက်လျောညီထွေလုပ်ရတော့မှာပေါ့"

ထိုညက ကျွန်တော်တို့အဖွဲ့ လုပ်ငန်းအဆင်မပြေသောကြောင့်လည်းကောင်း၊ ချမ်းအေးလှသောရာသီဥတုကြောင့်လည်းကောင်း နှစ်မြိုက်ကောင်းမွန်စွာ အိပ်မပျော်နိုင်ခဲ့ပါ၊ နောက်တစ်နေ့မနက်တွင် အင်ဂျင်နီယာကြီးခေါ်သည်ဟုဆိုသဖြင့် ဦးမောင်အေးမနက်စာ ထမင်းကြော်နှင့် လက်ဖက်ရည်ကို ပင်စားသုံးမသွားဘဲ အလျင်အမြန် ထသွားသည်၊ အပြန်တွင် မျက်နှာမကြည်မသာ "တောက်" ခေါက်ပြီး ပြန်လာသည်၊ ဦးမောင်အေး ရရှိထားသော



ကျွန်တော့်အမြင်ကတော့ အလုပ်သမားများ အကြံပေးသလို မတူညီသောနတ်များကို ပသခြင်း မပြု၍ ဟုတ်မည်မထင်ပါ။ တကယ် အရေးပါသည့်လုပ်ငန်း အင်ဂျင်နီယာကြီးကို ပေးကမ်းပူဇော်ခြင်း နည်းသောကြောင့်သာ လုပ်ငန်း ဆုံးရှုံးခြင်း ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com


လေလံလုပ်ငန်းများမှာ သတ်မှတ်ချိန်အတွင်း မပြီးစီးနိုင်သောကြောင့် လက်တွေ့လုပ်ကိုင်မည့်ဝယ်လက် ဦးကျော်တင့်တို့အဖွဲ့အား ပါမစ်ပြောင်းလဲချပေးရန် အင်ဂျင်နီယာကြီးက အမိန့်ထုတ်လိုက်ပြီဖြစ်ကြောင်း ကြားသိရပါတော့သည်။

ကျွန်တော်တို့၏နေရာတကာတွင် အလွှန်လိမ္မာပါးနပ်လှသည်ဟု ဆိုရမည့် အစုတ်ပလုတ်ပစ္စည်းများနှင့် ချမ်းသာကြွယ်ဝလာသည့် ဦးမောင်အေးမှာ ဤတစ်ခါတွင်တော့ နမ္မတူမြို့နယ်တွင် အလူးအလဲ ရှုံးနိမ့်ပြီး ခံစားနေရပြီဖြစ်ပါသည်၊ ကျွန်တော့်အမြင်ကတော့ အလုပ်သမားများ အကြံပေးသလို တော့ညီသောနတ်များကို ပသခြင်းမပြု၍ဟုတ်မည်မထင်ပါ၊ တကယ်အရေးပါသည့်လုပ်ငန်း အင်ဂျင်နီယာကြီးကို ပေးကမ်းပူဇော်ခြင်းနည်းသောကြောင့်သာ လုပ်ငန်းဆုံးရှုံးရခြင်း ဖြစ်ပါလိမ့်မည်။

ဦးမောင်အေးကလည်း ဌာနဆိုင်ရာ၊ အပိုင်စားများ ရှိပါသည်၊ သို့သော် ဤမြို့တွင်တော့ သူနောက်မဆုတ်ဘဲ ဆက်၍လိုက်မည်ဆိုပါကလည်း လမ်းစရိတ်၊ စရီးစရိတ် အလုပ်သမားများနှင့် အတော်အကုန်အကျ များပေလိမ့်မည်၊ လုပ်ငန်းလုပ်ကိုင်ရာတွင် ကျယ်ပြန့်ကြီးမားလာသည်နှင့်အမျှ အရှုံးအမြတ်က ကြီးမားမည်မှာ ဓမ္မတာသဘောပင် ဖြစ်ပါသည်၊ ထို့ကြောင့် ကျွန်တော်တို့အား ၎င်း၏လုပ်ငန်းများကိုပြ၍ ကျေးဇူးဆပ်လိုသော အစုတ်ပလုတ်ပစ္စည်းရောင်းဝယ်သူ ဦးမောင်အေးမှာ အရှုံးကြီး ခံလိုက်ရပြီဖြစ်သောကြောင့် ဝါးစပ်ပင် မဟနိုင်တော့ပါ။

တော့ညီသောအုပ်ချုပ်သူအကြီးအကဲနတ်များအား ပသရသည်ဆိုသည်မှာ ဤသို့ပါလားဟု ကျွန်တော် တွေးတောမိရင်း စိတ်မကောင်းဖြစ်မိပါတော့သတည်း။

→ ထောင်ကျူးကြီး သိန်းဝင်း



www.burmeseclassic.com

**စစ်ပြေးဖက်ဆစ်တို့၏
ရတနာသိုက် မြှုပ်နှံဖွက်ထားသည်
ဆိုသောနေရာကို ရွှေရှာကိုရီယာဖြင့်
ရှာပါသော်လည်း ..**

**မြို့အာရှေ့ဘက်သို့** စီးမိုးပြီးကြည့်လေလျှင် မိန်းမလှတစ်ဦး အိပ်မောကျသည့်နယ်၊ တောင်တန်းပြာ ရှည်မျောကြီးအား ချိုင့်ဝှမ်းထဲတွင်မိုးသားနောက်ခံထားလျက် ထင်းထင်းကြီးမြင်နေရပေသည်။

တချို့က မိန်းမသေတောင်အဖြစ် သိထားကြသည့်အနီ မိန်းမလှတောင်တန်းသည် မိုးအကုန် ဆောင်းအကူးရက်များတွင် မြူခြေဆိုင်းသည်နှင့် သင်တိုင်းဖြူလွှာဖြူဖြူအောက်ဝယ် မြုပ်ချည်တစ်ခါ၊ ပေါ်ချည်တစ်လှည့်ဖြင့် သာမောဖွယ်အတိ ရှိနေလှချေ၏။

ဝိဘိ၊ မိန်းမပျိုတစ်ဦးတွင် ရှိအပ်သည့် ကုဏ္ဍိယတို့၏ဥစ္စာ၊ ခါး၊ တင်၊ ရင်အမို့အမောက်၊ ရှိက်ဖိုကြီးငယ်တို့၏အသွင်သဏ္ဍာန်ဆင်းအင်္ဂါနှင့်ပြည့်စုံကုံလုံနေ၍လည်း ဤတောင်တန်းပေါ်တွင်အမျိုးအမည်စုံလှသည့်သစ်ပင်ကြီးငယ်တို့စီရရီပေါက်နေကြပြီး တောထနေသည့်အတွက် ထာဝရစိမ်းမြ ရွှန်းစိုသည့်အသွင်ကို ဆောင်နေချေသည်။

ကျွန်ုပ်သည် အရှေ့ဘက်ယွန်းယွန်းတွင် အခန့်သား လျောင်းစက်နေသည့် ဤတောင်တန်းအား တာဝါ(မျှော်စင်)ပေါ်မှကြည့်ပြီး အံ့ဩငေးမောခဲ့ရပါသည်။

"သည်တောင်တန်းက ထူးခြားဆန်းကြယ်သလိုတကယ့်မိန်းမပျိုလေးတစ်ဦး အိပ်နေတဲ့အတိုင်းပါပဲလား"

တာဝါပေါ်မှ ဆီးပြီးကြည့်လျှင် သည်တောင်တန်းကြီးအား အနီးကပ်မြင်နေရသလို အထင်သား ပေါ်လွင်နေသည်။ တစ်ခါတစ်ရံ ကျွန်ုပ်လည်း လေကြောင်းထိန်းမျှော်စင်(တာဝါ)တွင် အသုံးပြုသည့်မှန်ဘီလူးနှင့် Focus (ဖိုးကပ်)ပြတ်သားမှုကိုလိုသလိုညှိကာ ဆွဲကြည့်ရင်းအနီးကပ်လေ့လာလေ့ရှိပါသည်။

"အင်း - သည်တောင်ကိုကြည့်ရတာ ဂမ္ဘီရဆန်နေသလိုပါပဲလား။ ငါတစ်နေ့နေ့တော့ အနီးကပ်သွားပြီးလေ့လာဦးမှ"

ကျွန်ုပ်အတွေးထဲတွင် အမြဲလိုလို ပဟေဠိဖြစ်နေသည်။ သည်မိန်းမလှ(ဝါ)မိန်းမသေတောင်မှာ ကျွန်ုပ် တာဝန်ကျသည့်မျှော်စင်နှင့်ဆိုလျှင် သိပ်မဝေးလှ၊ အလွန်ဆုံးရှိလှ တစ်မိုင်ပျပျလောက်သာ ဝေးပါလိမ့်မည်။ ကျွန်ုပ်ရောက်ခါစက လေကြောင်းထိန်းစစ်သည်ဆို၍ လေးဦးသာ ရှိပေသည်။ ကျွန်ုပ်တို့ဌာနတာဝန်ခံ အရာခံဗိုလ် ခင်မောင်မြင့်၊ တပ်ကြပ်ကြီး မင်းမော်၊ တပ်ကြပ်ကြီးထွန်းလင်းနှင့် ကျွန်ုပ် တပ်ကြပ်ကြီး ညိုမြင့်တို့ပင် ဖြစ်သည်။

တပ်ကြပ်ကြီးထွန်းလင်းသည် ကျွန်ုပ်နှင့် သင်တန်းအတူတက်ဖက်ဖြစ်ပြီး သင်တန်းဆင်း၍နမ့်စန်သို့ရောက်သည့်အချိန်မှာလည်း အတူတူပင်ဖြစ်ပေသည်။

ထိုအချိန်က လေယာဉ်ကွင်း G.E (ဂျီအီး) အလုပ်သမားခေါင်း (ကျွန်ုပ်တို့က အန်ကယ်ခွေးဟုခေါ်သည်) ဦးခွေးနှင့်ဂုဏ်လက်အောက်ငယ်သားများဖြစ်သည့် ဦးကာကီး၊ ဦးချစ်ဆွေ၊ ကိုမြထွန်းနှင့် ကိုလှသောင်းတို့က ဂျီအီး

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားများအဖြစ် နေ့စဉ် မျှော်စင်တွင် စုရုံးပြီး ဗာဟီရအလုပ်စုံ လုပ်ကြရချေသည်။ ထိုသူတို့မှာ ရှေ့မီနောက်မီ အလုပ်သမားများဖြစ်၍ အားလပ်ရက်တစ်ရက်တွင် ကျွန်ုပ်သည် ကျွန်ုပ် စိတ်ဝင်စားနေသည့် မိန်းမသေအကြောင်းအား စပ်စုမိတော့သည်။

ထိုစဉ်က ကျွန်ုပ်ကိုယ်တိုင်အားလပ်ရက်ကလေးဖြစ်၍ တာဝါအောက်ဘက် မြက်ခင်းပြင်ပေါ်တွင် ခြေဆင်းထိုင်ရင်း အလုပ်သမားများနှင့် တွေ့ရာလေးပါး ဝိုင်းဖွဲ့စကားဆိုနေချိန်ဖြစ်သည်။

"အန်ကယ်ဒွေး - ဒီမိန်းမသေတောင်ပုံစံက တော်တော်ဆန်းတယ်နော်။ တကယ့်မိန်းမလှတစ်ဦးအိပ်နေပုံကို ပန်းပုဆရာတစ်ယောက် လက်ရာမြောက်စွာ ထုဆစ်ထားသလိုပဲ"

"ဟုတ်တယ် - ဆရာကြီး။ ဒီတောင်က နယ်နယ်ရရမဟုတ်ဘူး။ သမိုင်းနောက်ခံရှိတယ်၊ ပြောရရင်တော့ - ဂျပန်ခေတ်က ဂျပန်ရတနာတွေ မြှုပ်ထားတဲ့တောင်ပေါ့။ ဂျပန်သတ်လို့သေတဲ့ ပေါ်တာ(အထမ်းသမား)တွေရဲ့ အလောင်းတွေဆိုရင် ဒီတောင်တစ်ကြောမှာ တင်းကျမ်းလို့ ပြည့်လို့ပေါ့"

"ဟင် - ဒါဆိုရင် - ဒီတောင်မှာ ဂျပန်တွေ မြှုပ်ထားတဲ့ရတနာတွေ ခုထိရှိနေဦးမှာပေါ့နော်"

အန်ကယ်ဒွေး၏ ဂျပန်ရတနာသိုက်ဆိုသည့်စကားကြောင့် ကျွန်ုပ်လွန်စွာ စိတ်ဝင်စားသွားရသည်။

"ရှိပြီလား - ဆရာကြီးရယ်၊ ဒီအကြောင်းနဲ့ နောက်ခံဇာတ်လမ်းတွေကို ကျွန်တော် တော်တော်လေ့လာထားတယ်။ အဖော်ကောင်နဲ့တွေ့ရင် သွားရှာဖို့အထိ ..."

"ဗျို့ - အန်ကယ်ဒွေးနဲ့အဖွဲ့ - လေယာဉ်ကွင်းမြောက်ဘက်ထိပ်မှာ နွားအုပ်တွေ ဖြတ်နေတယ်။ မကြာခင် လေယာဉ်ဆင်းတော့မယ်။ အမြန်မောင်းထုတ်ဖို့သွားတော့"

တာဝါ(မျှော်စင်)ပေါ်မှ တာဝန်ကျ တပ်ကြပ်ကြီး မင်းမော်မှ "ထရန့်ရှယ်လာ (Transhaller) ခေါ် ဓာတ်ခဲထည့် လောက်စ်စပီကာ(လက်ကိုင်)နှင့်



အော်ဟစ်အမိန့်ပေးလိုက်သံကြောင့် အန်ကယ်ဒွေးသည် ပြောလက်စစကားကို ဖြတ်ပြီး အောက်လက်ငယ်သားများကိုခေါ်ကာ နွားမောင်းဖို့ အပြေးတစ်ပိုင်းဖြင့် ကသုတ်ကရက် ထွက်သွားကြတော့သည်။

ထိုစဉ်က လေယာဉ်ကွင်းအတွက် အရေးပေါ် လေယာဉ်ဆင်းချိန်တွင် လိုအပ်ပါက မီးငြှိမ်းသတ်နိုင်ရန် မီးသတ်ကားသေးတစ်စီးအား တပ်ရင်း (အမှတ် ၇၁ - အုပ်)မှ အသင့်ထားရှိပေးထားပေသည်။ ထိုမီးသတ်ကားမှာ အရေးပေါ်လေယာဉ်အဆင်း မီးလောင်ကျွမ်းမှုဖြစ်က ငြှိမ်းသတ်ရန်ဖြစ်သော်လည်း ဖြစ်တောင့်ဖြစ်ခဲသည့်ကိစ္စမို့ နွားမောင်းသည့်အလုပ်အနေနှင့်သာ စခန်းသွားနေရချေသည်။

အန်ကယ်ဒွေးတို့အဖွဲ့ နွားမောင်းဖို့မီးသတ်ကားနှင့် အရေးတကြီးထွက်သွားပြီးသည့်နောက် ကျွန်ုပ်နှင့်ဤရတနာသိုက်အကြောင်းတော်ရုံနှင့်စကားမစပ်မိကြတော့ချေ။

အန်ကယ်ဒွေးသည် ဂျပန်တစ်ခေတ်၊ အင်္ဂလိပ်ခေတ်ကို မီသူဖြစ်၍ ကျွန်ုပ်နှင့် အင်္ဂလိပ်စကားပြောသည့်အခါ ပိုင်နိုင်စွာ ပြောနိုင်ပေသည်။ ရှေ့မီနောက်မီအန်ကယ်ဒွေး၏အင်္ဂလိပ်စကားသည်ပိုင်းလော့(PILOT)လေသူရဲနှင့် အင်္ဂလိပ်လိုသာ ဆက်သွယ်မှု ယူနေရသည့် ကျွန်ုပ်အတွက် များစွာပင် အထောက်အကူပြုခဲ့ပေသည်။

ရံဖန်ရံခါ အလုပ်အားချိန်များတွင် အန်ကယ်ဒွေးသည် ဘယ်ကရလာမှန်းမသိသည့် ရွှေရှာကိရိယာတစ်ခုအား ယူဆောင်လာတတ်ပါသည်။

လေယာဉ်ကွင်းတစ်လျှောက် ဘီးပါသည့်ရွှေရှာကိရိယာ (Golden Instrument)အား တွန်းပြီးလျှင်အပျင်းပြေသဘောဖြင့် ဟိုစမ်းရှာ၊ သည်စမ်းရှာလုပ်နေသည့်ရင်းအား ကျွန်ုပ်သည် တာဝါပေါ်မှ အပေါ်စီးမြင်နေရတတ်ပေသည်။ တာဝါပေါ်တွင် controller (ပိုင်းလော့များနှင့် လေကြောင်းထိန်းသိမ်းသူ) တာဝန်မကျသည့်အားလပ်ရက်များတွင် ကျွန်ုပ်သည် အန်ကယ်ဒွေးနှင့် အတူလိုက်ပါပြီး အပျော်တမ်း ရွှေရှာဖြစ်လေသည်။ ထိုကိရိယာသည် ရွှေနှင့် အခြားသတ္တုပစ္စည်းများ၊ မြေအောက်တစ်နေရာတွင်ရှိပါက သင်္ကေတများ



www.burmeseclassic.com

www.burmeseclassic.com

ပြတတ်ပေသည်။ တစ်နေ့တွင် ကျွန်ုပ်တို့ရွှေရှာအဖွဲ့သည် ရှာရင်းဖွေရင်း ရယ်စရာအဖြစ်တစ်ခုနှင့် ကြုံရလေတော့သည်။

"သင်္ကေတတော့ အချက်ပြနေပြီ - ဆရာကြီး၊ မြေအောက်တစ်နေရာမှာတော့ ရွှေလား၊ ငွေလား တစ်ခုခုပဲဗျို့"

အန်ကယ်ဒွေးစကားကြောင့် ကျွန်ုပ်တို့အဖွဲ့မှာ ဝမ်းသာအားရဖြစ်လိုက်ကြသည်။

"ကဲ - ကိုလှသောင်းနဲ့ ကိုမြထွန်းတို့ရေ - အောက်တည့်တည့်မှာတော့ အချက်ပြနေပြီ၊ သံတူးရွင်းနဲ့သာ တူးကြည့်ကြပေတော့"

ကျွန်ုပ် အကြံပေးသည့်အတိုင်း အလုပ်သမားအဖွဲ့တို့သည် သံတူးရွင်းတစ်ချောင်းစီဖြင့် စတင်တူးကြတော့သည်။

"ဟော - ဒုတ်ခနဲ တူးမိသွားပြီ - ဆရာရေ၊ ဖော်ကြည့်လိုက်တော့မယ်နော်"

ပြောပြောဆိုဆို ကိုမြထွန်းသည် တူးထားသည့်မြေတွင်းထဲသို့ လက်တစ်ဆုံးနှိုက်ပြီး တစ်စုံတစ်ခုကို အားစိုက်ကာ ဆွဲထုတ်လိုက်သည်။

"ဟာ - နို့ဆီခွက်စုတ်ကြီးပါလား"

ကိုမြထွန်းလက်ထဲတွင် ကိုင်ထားသည့် နို့ဆီခွက်စုတ်ကိုကြည့်ပြီး ကျွန်ုပ်တို့အဖွဲ့အူတက်မတတ် ရယ်လိုက်ကြတော့သည်။

"အင်း - အန်ကယ်ဒွေးရဲ့ရွှေရှာကိရိယာက တကယ့်ကို စွမ်းမှစွမ်း၊ တွေ့လား - တို့အန်ကယ်ဒွေးကြီး "နို့ဆီခွက်ရှာကိရိယာနဲ့ မှားဝယ်လာတယ် ထင်ပါရဲ့ဗျာ - ဟား - ဟား"

ကျွန်ုပ်က တဟားဟားရယ်ရင်း အန်ကယ်ဒွေးအား ကလိလိုက်သည်။

"ဟဲ - ဟဲ - မှားတဲ့အခါလည်း မှားပေမပေါ့၊ ဝိုး - ဘာလယ်ဒီဖူးပဲ"

အန်ကယ်ဒွေးသည် "လူကြီးရှက်တော့ရယ်" ဆိုသည့်အတိုင်း တဟဲဟဲနှင့် ရှက်ရယ်ရယ်ရင်း သူ့ရွှေရှာကိရိယာကို ထမ်းပိုးပြီးလျှင် တာဝါရှိရာသို့ လျှောက်သွားလေတော့သည်။

နောက်ရက်များတွင်အန်ကယ်ဒွေး ရွှေရှာကိရိယာမှာ ကျွန်ုပ်တို့အတွက် အသုံးမတည့်သော်လည်း နို့ဆီခွက်ကောက်ရောင်းသည့် ကလေးများအတွက်မူ အဖိုးမဖြတ်နိုင်ကြောင်း ပြောစမှတ်ပြုရပေတော့မည်။ ဤသို့ဖြင့် ကျွန်ုပ်တို့အဖွဲ့သည် ရွှေရှာကိရိယာအား တစ်စန်းရပ်စေပြီး တကယ့်လက်တွေ့ရတနာသိုက်ရှာမည့်ကိစ္စဘက်သို့ မြားဦးလှည့်လိုက်ကြတော့သည်။

ထိုစဉ်က မိန်းမသေတောင်ဘက် ဂျပန်ရတနာရှာမည်စိတ်ကူးအား အကောင်အထည်ဖော်ဖို့အကြောင်းကလည်း ဖန်လာပေတော့သည်။ နမ့်စန် တာဝါမှကြည့်လျှင် မိန်းမသေတောင်၏ မြောက်ဘက်တစ်နေရာတွင် အကျဉ်းဦးစီးဌာန၊ ရဲဘက်စခန်းတစ်ခုအား တည်ဆောက်ထားသည်ကို မြင်တွေ့ရမှာဖြစ်သည်။ တစ်နေ့တွင် ရဲဘက်နှစ်ဦးတို့သည် တောင်စောင်းတစ်နေရာရှိ ကြီးမားသည့် ကျောက်ချပ်လွှာအား မိုင်းခွဲရင်း သေတ္တာတစ်လုံးကို တူးဖော်မိကြောင်း ကြားသိလိုက်ရသည်။

ထိုစဉ်က တူးဖော်ရရှိသည့်သေတ္တာမှာ ရတနာသေတ္တာလော သို့တည်းမဟုတ်ကျည်ဆန်သေတ္တာလားဆိုတာ ကျွန်ုပ် လုံးစေ့ပတ်စေ့ မသိရှိခဲ့ပေမဲ့ ထိုသေတ္တာကြောင့်ပင် ရဲဘက်နှစ်ဦးအနက် တစ်ဦးမှာ မိုင်းကွဲသည့်အက်ချက်ကြောင့် အသက်ပေးသွားရပြီး ကျန်တစ်ဦးမှာ ဆွံ့အပြီး အရူးတစ်ယောက်လို ဖြစ်သွားကြောင်း သိလိုက်ရတော့သည်။

တချို့က သည်မိန်းမသေတောင်သည် နတ်ကြီးကြောင်း၊ တချို့ကျတော့လည်း ဂျပန်ရတနာသိုက်မြှုပ်နှံထားသည်မှာ နှစ်ပရိစ္ဆေဒများစွာကြာပြီဖြစ်၍ ဥစ္စာစောင့်တို့သိုက်အဖြစ် ပိုင်စိုးပြီး စောင့်ရှောက်နေကြကြောင်း သိထားရပြန်သည်။ သို့ကြောင့်ပင် သိုက်ကို ဖျက်ဆီးသည့် ရဲဘက်နှစ်ဦးတို့အား သေစေ၊ ရူးစေလုပ်လိုက်ကြကြောင်း သတင်းစကားအမျိုးမျိုးတို့ဖြင့် မိန်းမသေတောင်၏ရာဇဝင်အား တန်ဆာဆင်ထားကြပေ၏။

ကျွန်ုပ် ရောက်ခါစမှာ အနီမိန်းမသေတောင်ကြီးအားကြည့်ပြီး ကျွန်ုပ်ရင်တွင်းဝယ် တစ်စုံတစ်ဦးနှင့်ပဋ္ဌာန်းဆက်ပါလာသည့်အလား လွမ်းသလိုလိုဆွေးသလိုလို ကျွန်ုပ်၏ ဆဋ္ဌမအာရုံအသိဝယ် ခံစားခဲ့ရဖူးလေသည်။

www.burmeseclassic.com

မိန်းမလှခေါ် မိန်းမသေတောင်၏ ဒဏ္ဍာရီဆန်ဆန်ပုံပြင်များစွာလည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ပြန့်ကားခဲ့ချေပြီ။ "ယင်း" (ယင်းလူမျိုး) အခေါ် "ကရန်စစ်" ဟူသည့် "ကျန်စစ်သား" မင်း၏မျိုးနွယ်တော်တစ်ဦးဖြစ်သူ "ယင်းမလေး" တစ်ယောက် မီးမဖွားနိုင်ပဲ သေခဲ့ရကြောင်း။

စစ်ထွက်သူ့လင်သားအား လွမ်းသည့်စိတ်ဖြင့် "ယင်းမလေး" သည် မသေမီ သစ္စာဆို ဆုတောင်းခဲ့လေသည်။ "ကျွန်တော်မျိုးမသည် မိမိချစ်လင်အား သစ္စာရှိရှိ ပေါင်းခဲ့ရိုးမှန်ပါက ကျွန်တော်မျိုးမ၏ရုပ်ခန္ဓာသည် မပုပ်မသိုးနိုင်သည့် ကျောက်သားကျောက်စိုင်ပမာ ရှိပါစေသား"

နှစ်ရှည်လများ စစ်ထွက်သူ ချစ်လင်ပြန်လာချိန်တွင် သေသူ၏ရုပ်ခန္ဓာကို မြင်နိုင်တော့မည်မဟုတ်မူ၍ ဤသို့ကျောက်သားခန္ဓာအဖြစ် တသသ လွမ်းရစ်စေရန် ဆုပန်ခဲ့ခြင်းပင် ဖြစ်ပေသည်။

ဤသည်မှ အစွဲပြု၍ မိန်းမလှ ယင်းမလေး၏ရုပ်ခန္ဓာမှာ ကျောက်သားအသွင်ပြောင်းပြီး "မိန်းမသေ" တောင်အဖြစ်တွင်ရစ်လေတော့သည်။ "ယင်းမလေး" နှင့်အတူ သူမဝိညာဉ်သည်လည်း မိန်းမသေတောင်အနီးတစ်ဝိုက် ဥစ္စာစောင့်မလေးအဖြစ် ကွန့်မြူးနေချေတော့၏။ တစ်ခုထူးခြားသည်မှာ မိုးဦးကျမှိုပေါက်ရာသီရောက်တိုင်း မှိုရှာသမားတို့မှာ မိန်းမသေတောင်အနီးတွင် အလှအယက် မှိုရှာထွက်ကြလေသည်။ လူ့ဘဝတုန်းက ယင်းမလေးသည် တောမလေ့အတိုင်း မှိုရှာရသည်ကို နှစ်ခြိုက်လှရကား ယခု "ဥစ္စာစောင့်" ဘဝမှာပင် မှိုတောကြီးအဖြစ် ဆုတောင်းခဲ့၊ ဖန်းဆင်းခဲ့လေသလား မသိ၊ ဖက်ဆွတ်မှို၊ ဝါဆိုမှို၊ မှိုနီစွပ်၊ ကြက်တူရွေးမှို၊ မှိုဖွေးနှင့် တောင်ပို့မှိုတို့မှာ မိန်းမသေတောင်ခြေတစ်လျှောက် ဖောချင်းသောချင်း ပေါက်လေတော့သည်။ သနားကရုဏာစိတ်အပြည့်ရှိသော ဥစ္စာစောင့်ယင်းမလေးကပင် မစလေသလားမသိ။

ကျွန်ုပ် နမ့်စန်လေယာဉ်ကွင်းသို့ရောက်ခါစ ကြားရသည့်သတင်း၊ ဇာတ်လမ်းများကလည်း စုံလှသည်။

"မှဆိုးမသားအမိနှစ်ယောက် တောင်ခြေမှာမှိုတူးရင်း ရွှေကွမ်းအစ်တစ်လုံး ရလိုက်သတဲ့"

"အဖေမအိုကို ထမင်းခွေပြီး လုပ်ကျွေးနေတဲ့ စိုင်းကံလှတစ်ယောက် ထင်းခြောက်ကောက်ရင်း ချောက်ထဲ ရွှေကရားအိုးတစ်လုံး ကောက်ရလိုက်သေး"

လုပ်ကျွေးမယ့် သားထောက်သမီးခံမရှိတဲ့ အမယ်အို (မဲထောတ်) တစ်ဦး၊ အသီးအရွက် ရှာခူးရင်း သစ်ခေါင်းခွေးထဲက ရွှေနားတောင်းတစ်စုံ ပိုင်ဆိုင်သွားတယ်ဆိုပါလား။

သည့်ပြင် ရတနာသိုက်ဂူပြင်ပတွင်ပင် ကံထူးသူ၊ စိတ်နှလုံးကောင်းသူများအတွက် မမျှော်လင့်ဘဲ ရတနာပုံဆိုက်သည့်အကြောင်းများကို ဇာတ်လမ်းတစ်ပုဒ်ပမာ ကြားနေရ၍လည်း ကျွန်ုပ်သည် ထိုမိန်းမလှတောင်အား အထူးပင် စိတ်ဝင်စားခဲ့ပေသည်။

လေယာဉ်အဆင်းအတက်မရှိသည့်တစ်နေ့တွင်ကျွန်ုပ်သည်အန်ကယ် ဒွေးအပါအဝင် အလုပ်သမားများနှင့်အပျင်းပြေ (၁၃) ချပ်ဝိုကာဆွဲရင်း နမ့်စန်တာဝါ၏ မှန်ပေါင်းချောင်ထဲတွင် စုရုံးရောက်ရှိနေကြလေသည်။ တာဝါခေါ် လေကြောင်းထိန်းမျှော်စင်မှာလေယာဉ်အဆင်းအတက်အားလေးဖက်လေးတန် ရှုမြင်နိုင်စေရန် ခန်းလုံးပြည့်မှန်ချပ်ကြီးများဖြင့် လိပ်ပြာတောင် သဏ္ဍာန်ကာရံထားပေသည်။ လေယာဉ်အဆင်း၊ အတက်မရှိသည့်နေ့ရက် များတွင် တာဝန်ကျတစ်ဦးတည်းသာ တာဝန်ထမ်းဆောင်ရ၍လည်း "ဖန်ပေါင်းချောင်မင်းသား" အမည်ခံ ကျွန်ုပ်တို့ လေကြောင်းထိန်းသိမ်းသူ (Air Traffic Controller) မှာ မိမိတာဝန်ကျသည့်နေ့တွင် မိမိသာဘုရင်၊ မိမိသာ "သမ္မတ" ဖြစ်ချေတော့သည်။ ဆိုလိုသည်မှာ မိမိတာဝန်ကျသည့်နေ့မှာ ဖြစ်သမျှအရေးအခင်းမှန်သမျှအား မိမိသာ ဖြေရှင်းရပေလိမ့်မည်။ မိမိ လေကြောင်းထိန်းနေစဉ် (ပိုင်းလော့နှင့် ကွန်ထရိုလာ) ဆက်သွယ်စကားပြောသတင်းပို့နေစဉ် အတွင်း မိမိ၏များယွင်းသတင်းပို့မှုကြောင့် ရာသီဥတုအခြေအနေ (weather condition) အပေးမှားခြင်း၊ လေတိုက်နှုန်းဦးတည်ရာ (Wind Direction)

www.burmeseclassic.com

မမှန်မတာန်ပေးမိခြင်း၊ အခြားလေယာဉ်နှင့်မလွတ်ဘဲ ဆင်းခွင့်၊ တက်ခွင့် (Clear to Land, Clear to Take-off)ပြုလိုက်၍လေယာဉ်တစ်စီးနှင့်တစ်စီး တိုက်မိခြင်း၊ လေယာဉ်မှူး (Pilot)နှင့် ခရီးသည်များ ထိခိုက်ရှုနာ သေဆုံးမှုများဖြစ်က မိမိတာဝန်သာ ဖြစ်တော့သည်။ ထိုရော အခါ စစ်ခုံရုံးဖွဲ့ စစ်ဆေးခြင်းခံရပြီး ပြစ်မှုထင်ရှားပါက ကြီးလေးသောပြစ်ဒဏ်၊ ထောင်ဒဏ်များပင်ကျတတ်ပေသည်။ ယနေ့တွင်တော့ လေယာဉ်အဆင်း အတက်မရှိပြီ၊

မိမိတို့ နမ့်စန်ကွင်းပေါ် Over Head (ခေါင်းပေါ်ဖြတ်) ဖြတ်သန်းသွားသည့်လေယာဉ်များသာရှိ၍ Flight Level ပုံမှန်အတိုင်း ဆက်လက်ပျံသန်းရန် လေယာဉ်မှူးသို့ ညွှန်ကြားပြီး Change Over to Heho, Change over to Kanston (ဟဲဟိုးသို့ လွှဲလိုက်ပြီ၊ ကျိုင်းတုံသို့ လွှဲလိုက်ပြီ) စသဖြင့် လေယာဉ်မှူးမှ နမ့်စန်ပေါ်ရောက်ရှိကြောင်း သတင်းပို့အပြီး မိမိမှ သွားလိုရာတွင်းသို့ လွှဲလိုက်ရပေတော့သည်။ ဤကား လေယာဉ်မဆင်းပဲ ဖြတ်ပျံသတင်းပို့စဉ်ပိုင်းလော့နှင့်ကွန်ထရိုလာတို့၏ပြုနေကျလုပ်ထုံးလုပ်နည်းများပေတည်း၊ ပိုင်းလော့နှင့် ကွန်ထရိုလာဆက်သွယ်မှု ယူစဉ်မှာတော့ ပုံသေသတ်မှတ်ထားသည့် အင်္ဂလိပ်စကားအသုံးအနှုန်းနှင့်သာ ပြောရပေသည်။

အားလပ်ခွင့်လည်းရှိပြန်၊ ဝိုင်းဖွဲ့စကားပြောလည်းကြုံလာပြန်၍တစ်နေ့က ပြောလက်စတန်းလန်းဖြင့် ရပ်ခဲ့ရသည့် အန်ကယ်ဒွေးစကားအား အစဖော်ရန် အကြောင်းတိုက်ဆိုင်လာချေတော့သည်။

"ဒါနဲ့ - အန်ကယ်ဒွေးရေ - ဟိုတစ်နေ့ကပြောလက်စ၊ ဂျပန်ရတနာသိုက်အကြောင်း ဆက်ပြောစမ်းပါဦး"

အန်ကယ်ဒွေးသည်ပိုကာဖဲထုပ်မှအောက်ဖဲတစ်ချပ်ကိုဆွဲလိုက်သည်။ ပြီးမှလက်တွင်ထွေထားသည့်မလိုသောဖဲချပ်အားအောက်အိမ်သို့ပစ်ချပေးရင်း -

"အင်း - ပြောရရင်တော့ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်တော့် "ဂျပန်ခေတ်" ကို အစဆိုရမှာပေါ့၊ ကျွန်တော်ကလည်း အဲဒီနောက်ခံဇာတ်လမ်းကို



အနည်းအကျဉ်းသိထားတော့ မိုးနဲမြို့(နမ့်စန်မြို့တောင်ဘက်မိုင် ၃၀ ကျော်)တို့ ရောက်နေတဲ့ ကိုယ်တွေ့ကြုံဖူးသူတစ်ယောက်ဆီ ရောက်ခဲ့တယ်လေ"

အန်ကယ်ဒွေးသည် ပြောလက်စနှင့်ပင် ဆေးလိပ်ပြာခွက်ထဲ ချထားသည့် "မအုပ်" ဆေးပေါ့လိပ်အား ကောက်ယူပြီး မီးညှိလိုက်သည်။ ပြီးလျှင် ဆေးလိပ်မီးခိုးငွေ့များအားမှုတ်ထုတ်နေရင်းအောင် ရှိုက်ဖွာရင်း သူ့စကားစကို ဆက်လိုက်လေသည်။

"အင်း - ကျုပ်လည်း ဂျပန်မြှုပ်ထားတဲ့ရတနာတွေအကြောင်းတစ်စွန်းတစ်စကြားထားတော့ ကာယကံရှင် "လုံးညှာ" ဆိုတဲ့ ရှမ်းပေါ့ထောက်နဲ့ သွားတွေ့ပြီး ဒီပုရဲ့ဘယ်နေရာမှာမြှုပ်ထားသလဲ စပ်စုချင်တာနဲ့အစ်အောက်မေးခဲ့ရသေးတယ်။ အဲသည်တုန်းက ဂျပန်တွေဟာ "ယင်း"၊ ရှမ်း၊ ပအို့ဝ် အထမ်းသမားအယောက်(၄၀)တိတိကို "ပေါ်တာ" ဆွဲပြီး ခေါ်သွားတယ်လို့ လုံးညှာပြောပြတယ်။ ဒါနဲ့ တစ်ညတော့ ..."

အန်ကယ်ဒွေးစကားအပေါ် စိတ်ဝင်တစားရှိနေကြသည့် ကျွန်ုပ်အပါအဝင် လေယာဉ်ကွင်း G.E (ဂျီ - အီး)အလုပ်သမားတို့မှာ ပိုကာပင် မခေါင်းနိုင်ကြတော့၊ အိမ်ထောင်သည် (၆)ခန်းတွဲလိုင်းမှ အလှည့်ကျ ပို့ထားသည့် ရေနွေးကြမ်းနှင့်အမြည်းမြေပဲလှော်၊ ထန်းလျက်ခဲတို့ကိုစားရင်းသောက်ရင်း အန်ကယ်ဒွေးအနားတွင် ဝိုင်းဝိုင်းလည်နေကြတော့၏။

ကျွန်ုပ်သည်အန်ကယ်ဒွေး၏ပြောလက်စစကားကိုဖြတ်ပြီးအလျှင်စလိုဝင်ပြောလိုက်သည်။ "ဟဲ - အန်ကယ်ဒွေးရေ - ကျွန်တော်က စာရေးလည်း ဝါသနာပါတော့ အန်ကယ်ဒွေး "ဗျူး" (အင်တာဗျူး)ခဲ့တဲ့ဇာတ်ကောင်းဘယ်သူတဲ့။ အဲ - "လုံးညှာ" နော်၊ သူကိုယ်တိုင်ပြောခဲ့သလို ဇာတ်လမ်းလေးနဲ့ပေါ့။ အဲသလို ပြောပြပါလား"

"အင်း - တို့ဆရာကြီးက စာရေးဆရာလုပ်မယ့်အလောင်းအလျာဆိုတော့ ကျုပ်လည်း "လုံးညှာ" နေရာမှာ ဝင်ယူပြီး လုံးညှာလေသံအတိုင်း ပြောရတာပ။ အင်း - အဖြစ်က ဒီလို"



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်းအန်ကယ်ဒွေးသည် ပါးစောင်ထဲ ကိုက်လက်စဆေးလိပ်အား စိန်ပြေနပြေ ဖွာလိုက်သည်။ အန်ကယ်ဒွေး ရှိုက်ဖွာလိုက်သည့် မီးခိုးငွေ့များသည် သူ့စကားသံနှင့်အတူ ဟိုးအတိတ်ဆီသို့ပြာရီမှိုင်းဖွာ တလိပ်လိပ်တက်ရင်း လွင့်မျောသွားချေတော့သည်။

* * *

ကျုပ်နာမည် "လုံးညှာ" ပါ။ အဲသည်နေ့ကပေါ့၊ "ကံကြမ္မာကွက်ကျား" မိုးကြောင့်ပဲ ထင်ပါ့ဗျာ၊ "ကံဆိုးသူ မောင်ရှင်" အဖြစ် သည် "မရဏခရီးကြမ်း" အတွက် မဲပေါက်သွားတာက ကျုပ်ပဲပေါ့။

ကျုပ်က အခု မိန်းမသေတောင်ရဲ့အရှေ့ဘက်၊ ဘာဝေးလို့လဲ၊ တစ်မိုင်မရှိတရှိက "မက်မွန်မုန်း" ဆိုတဲ့ ရှမ်းရွာကလေးမှာ တောင်ယာလယ်လုပ်စားမခုတ်အဖြစ်၊ စားမဦးချ ဘိုးစဉ်ဘောင်ဆက်ကတည်းက ဆင်းသက်လာတဲ့လယ်သမား၊ ယာသမားပေါ့ဗျာ၊ အဲသည့်နေ့မှာ သူကြီးလုံးတိက ကျုပ်တို့ရွာသား လေးငါးဆယ်ဦးကို ဆင့်ခေါ်တယ်လေ၊ နိပ္ပွန်ပေါ်တာအဖြစ် ဂျပန်တွေခေါ်ရာ လိုက်သွားဖို့တဲ့၊ အဲ - ဒါပေမဲ့ - ကျုပ်တို့အထဲက ငါးယောက်ပဲလိုလို့ မဲနှိုက်ရမယ်၊ မဲပေါက်တဲ့သူလိုက်စေသတည်းပေါ့ဗျာ၊ အေးလေ - ကျုပ်ကြားဖူးတာက သူကြီးအိမ်မှာ ခွဲတမ်းပစ္စည်းတွေချပေးလို့ လူစုတက်စု မပေးနိုင်ရင်သာ မဲနှိုက်ရတယ်မှတ်လား၊ မဲပေါက်သူဟာ ကံထူးသူပေါ့လေ၊ အင်း အခုတော့ - သေမင်းတမန်လမ်းကိုသွားဖို့ မဲနှိုက်ရမယ်တဲ့ဗျာ၊ ကြားပဲမကြားဖူးပါဘူး၊ မဲနှိုက်လို့ ပျော်ရတာပဲရှိတယ်၊ အခုနှိုက်မယ့်မဲကတော့ သေမင်းတမန်မဲပါလားကရို့။

မနှိုက်ချင်လို့လည်းမရဘူး၊ ဟိုး - ရွာနီးချုပ်ငပ်က ရှမ်းရွာ၊ ယင်းရွာ၊ ပအိုဝ်ရွာတွေဖြစ်တဲ့ နမ့်ကြုတ်၊ လွယ်ဆိုင်း၊ ပုတ်ပြန်၊ မောင်ကျန်၊ ၀၀၊ နမ့်ဆွယ်၊ လွယ်ကြန့်ရွာတွေကတော့ ခွဲတမ်းကျလို့ သုံးဆယ့်ငါးယောက်ရပြီးပြီတဲ့၊ ကျုပ်တို့ရွာအတွက် ငါးယောက်ခွဲတမ်းကျတယ်ဆိုတော့၊ အေးလေ - ဘယ်



သူမှ မလိုက်ချင်၊ မလိုက်ရဲကြတော့၊ သူကြီးကပဲ မဲစနစ်နဲ့ ဆုံးဖြတ်ရတော့မှာပေါ့၊ ကျုပ် ရှေ့ရှမ်းလေးယောက်ကတော့ မဲပေါက်သွားကြပြီ၊ အခု ကျုပ်အလှည့် ရောက်လာပြီလေ၊ ကျုပ်လည်း မျက်စိစုံမှိတ်ပြီး စိတ်ထဲက "ဥုံဖွလွဲပါစေ - ဖယ်ပါစေဆိုပြီး ဂဂ်ဝိဋ္ဌ သဲစုမက ပွင့်တော်မူပြီးသမျှ ဘုရားအဆူဆူကိုအကုန်တမ်းတပြီး တုန်လှုပ်ချောက်ချားစွာနဲ့ပဲ သူကြီးကိုင်ထားတဲ့ယွန်းအစ်ထဲက မရဏမဲတစ်လိပ်လို့ နှိုက်လိုက်ရတယ်၊ ကျုပ်နလုံးက တဒိန်းဒိန်းခုန်နေသလို ကျုပ်လက်ကလည်း မဲလိပ်ကို ဆုပ်ကိုင်ထားရလွန်းလို့ ချွေးစေးတွေတောင် ပြန်နေပြီလေ၊ ဒီမဲလိပ်က ကျုပ်ဘဝကို အဆုံးအဖြတ်ပေးမယ့် သေလမ်းရှင်လမ်းပဲမှတ်လား၊ "ဂျပန်ပေါ်တာ" အဖြစ် လိုက်သွားပြီး ပြန်လာတဲ့သူဆိုလို့ ကျုပ်တစ်သက်မှာ တစ်ယောက်မှ မတွေ့ဖူးဘူးလေ၊

"ဟိတ်ကောင် - မဲလိပ်ကို ပြစမ်း၊ မင်း ကလီကမာလုပ်မယ်မကြံနဲ့၊ ပေးစမ်း - မင်းမဲလိပ်၊ ငါကြည့်စမ်းမယ်"

ဂျပန်ငပုကောင်တွေနဲ့ အတူပါလာတဲ့ ဂျပန်အလိုတော်ရိလည်းဖြစ်၊ ဂျပန်စကားပြန်လည်းလုပ်တဲ့ မျက်နှာပေါက်ခပ်ဆိုးဆိုး၊ ခေါင်းတုံးဆံတောက်နဲ့လူက ကျုပ်ကို ဟိန်းဟောက်ပြီး ကျုပ်လက်ထဲက မဲလိပ်ကို လုယူလိုက်တယ်လေ၊ "ဘုရား - ဘုရား - ဒီသောက်မဲကို မပေါက်ပါစေနဲ့ဗျာ၊ မဲပေါက်လို့တော့ ဒီတစ်သက် ကျုပ်မိန်းမနဲ့ ဖက်အိပ်ရဖို့ ဝေလာဝေးပေါ့ဗျာ"

ကျုပ်လည်း ကျုပ်နဲ့ တစ်သက်လုံး ပေါင်းလာတဲ့မိန်းမကို တမ်းတပြီး ရင်တထိတ်ထိတ်နဲ့ပဲ အလိုတော်ရိကြီးဖတ်ပြမယ့်မရဏစကားသံကို တဒိတ်ဒိတ်ခုန်နေတဲ့နလုံးနဲ့ နားစွင့်နေမိတော့တယ်၊

"ဟဲ့ - ဟဲ့ - ပေါက်မဲရှင်ကတော့"

သေနာကောင်အလိုတော်ရိက သူများဒုက္ခရောက်လို့ မျက်ရည်ပေါက်ကြီးငယ်ကျမှ ထမင်းစားဝမယ့်မျက်နှာပေးနဲ့ ကျုပ်မျက်နှာကို ပြုံတီတီစိုက်ကြည့်ပြီး ပြောလက်စ စကားကို ရပ်ထားတယ်ဗျာ၊

ကျုပ်မှာ "သေမိန့်" ကိုစောင့်နေတဲ့ "ကြိုးသမား" လိုဒီကောင့်ကျက်သရေမဲ့တဲ့စကားကိုပဲ ဘယ်ရှေးရေစက်ကြောင့်လည်းမသိဘူး၊ ဘဝဆေးကုသိလ်



www.burmeseclassic.com

www.burmeseclassic.com

အရဆိုပါတော့။ နားစွင့်ရတော့မယ့်ကိန်း ဆိုက်နေရတယ်မဟုတ်လား။ "ကဲ နားထောင်၊ မဲပေါက်သူကံထူးရှင်က "အိုက်ညှာ" တဲ့ ခင်ဗျ" မအေပေး။ နိုင်ငံ့ သစ္စာဖောက် အမျိုးယုတ်ကောင်၊ ငါ့နာမည်ကိုများ မြိန်ရေရှက်ရေနဲ့ အားမနာ လျှာမကျိုး ကြေညာရတယ်လို့ကွာ။

ဂျပန်ငပုတွေနဲ့ သူကြီးရှေ့မှာမို့ ကျုပ်ပါးစပ်က မဖွင့်ဟရဲပဲ ဒီကောင့်ကို စိတ်ထဲကပဲ ကျိန်ဆဲလိုက်မိတယ်၊ အဲသည်တုန်းကများဗျာ၊ ကျုပ်နာမည် ကြားကြားချင်း သုတ်ခြေတင် ထွက်ပြေးဖို့ ကျုပ် စဉ်းစားမိသေးတယ်၊ "ဂျပန် ပေါ်တာလိုက်ရလို့ ထွက်ပြေးတာတို့၊ ခုခံတာတို့လုပ်ရင် တစ်ဆွေလုံး တစ်မျိုးလုံးကို မီးလောင်တိုက်သွင်းပြီး သတ်ပစ်မယ်၊

စကားပြန်ကတစ်ဆင့် သူကြီး "အမိန့်တော်မြတ်" ချမှတ်ထားတဲ့ သည် စကားတစ်ခွန်းကြောင့် ပြေးဖို့ ဖင်တကြွကြွလုပ်နေတဲ့ကျုပ်လည်း ဖင်ထိုင်ရ သက်ပြင်းမျှင်းခနဲ ချပြီး စိတ်လျှော့လိုက်ရတော့တယ်ဗျာ။ ဒီညမှာ ဂျပန်စစ် သားတွေ သေနတ်ချိန်ပြီး ဝိုင်းထားတဲ့ကြားမှာပဲ ကံဆိုးသူ ကျုပ်တို့ငါးယောက် မှာ ကွေးကွေးလေး ဖင်ချပ်ပူးအိပ်လိုက်ရတယ်၊

"အောက်အီးအီးအွတ်"

ဟော - သန်းခေါင်ယံကြက်လည်း တွန်ပြီ၊

"ဟေ့ကောင်တွေ - ထကြတော့၊ မအေပေးတွေ၊ မင်းတို့ကို အပန်းဖြေ နိုင်းထားတာမဟုတ်ဘူး။ ဒီသေတ္တာတွေ၊ ဒီပုံးတွေ ထမ်းခိုင်းဖို့ လူစုထားတာ ကဲ - ထတော်မူတော့ - အခုပဲ စထွက်ကြမယ်"

ဂျပန်ကင်ပေတိုင်အဲလိုတော်ရိရဲ့သာယာနာပျော်ဖွယ်စကားသံကြောင့် ကျုပ်တို့ငါးယောက်လည်း ငေါက်ခနဲ ထထိုင်လိုက်ရတော့တယ်၊ သူကြီးအိမ် ကွပ်ပျစ်ပေါ်က ဆင်းလာတော့မှ -

"အားပါးပါး - ကျုပ်တို့လို အထမ်းသမားပေါ်တာတွေ တင်းကျမ်းပြည့် သူကြီးအိမ်ရှေ့မှာ စုရုန်း စုရုန်းနဲ့ လိုက်ရတော့တယ်၊ တစ်ယောက်နဲ့တစ် ယောက်ကိုလည်း ထွက်မပြေးနိုင်အောင်လို့ ထင်ပါရဲ့ ကြိုးတွေနဲ့တုပ်ပြီးလည် လျှောက်သာရုံ၊ ခါးပေါ်မှာ ချည်ထားကြတယ်လေ။ ကျုပ်တို့မက်မွန်မုန်ရွာ



သားငါးယောက်လည်း ဘယ်နေမလဲ၊ ထိုသူတို့နဲ့ ဆက်ပြီးချည်လိုက်တော့ နံပါတ်စဉ်အတိုင်းဆိုရင် ကျုပ်က နောက်ဆုံးမှာ နေရာရလိုက်တယ်လေ၊

တစ်ယောက်တစ်ယောက်စီရဲ့ရှေ့မှာတော့ ကိုယ်ထမ်းပိုးရမယ့် သေတ္တာ တွေ၊ ကျည်ဆန်ထည့်တဲ့ပုံးတွေကို အစီအရီချထားလို့ပေါ့၊ အဲ - ကျုပ်ခြေ ထောက်အောက်မှာတော့ "ဂျယ်ရီကန့်" (ကျည်ဆန်ပုံးခွံ)ပုံးတစ်ပုံးက "ဂျပန် ထမ်းတက်လက်မှတ်" ရထားတဲ့ ကျုပ်အတွက် အသင့်ရှိနေပြီကော၊

အင်း - ကျုပ်စဉ်းစားမိတယ်၊ ဒီဂျပန်ငပုတွေဟာ တော်တော်ကောက် ကျစ်ပြီး ညစ်များတဲ့ကောင်တွေ ကျုပ်တို့ကို ပေါ်တာမဆွဲခင်ကဆိုရင် ကျုပ် တို့ရွာနဲ့ ရွာနီးချုပ်စပ်တွေမှာ သားရဲမင်းရဲစီးပြီး စုဆောင်းနေကြတာ ကျုပ် ကြားနေရတယ်လေ၊

ဒါ - ရတနာသေတ္တာတွေ၊ ရတနာပုံးတွေကလွဲလို့ ဘာများဖြစ်နိုင်စရာ ရှိတော့မလဲလို့ပေါ့၊ ဒီတော့ - ကျုပ် စဉ်းစားရပြီ၊ "အသက်ကို ညာစောင့် တယ်မှတ်လား။ ကျုပ် သည်တစ်ခါမှ အသက်လုမပြေးနိုင်ရင် ကျုပ်ကိုယ် ကျုပ် "ရှော့ - အင့်" ဆိုပြီး ဂျပန်လက် ဝကွက်အပ်ရတော့မှာလေ၊ အဲဒီညက ကျုပ်တို့ မထွက်ခွာခင်လေးမှာပဲ ဂျပန်စစ်ဗိုလ်နဲ့ သူ့လက်အောက်ငယ်သား တွေက ကျုပ်တို့ "ပေါ်တာ" တွေကိုကြည့်ပြီး တီးတိုးတီးတိုး သဖန်းပိုးနဲ့ "ဘိရုမာ" တွေရော "ခူးယား၊ ခူးယား" တွေရော - အို - စုံစေ့နေတာပဲ၊ ဂျပန်လို ဝလုံးဗတွေးနဲ့ အတင်းတုပ်နေကြပါပကော၊

ကျုပ် ရိပ်မိလိုက်ပါပြီ၊ ဒီဂျပန်ငပုအယုတ်တမာကောင်တွေက ကျုပ်တို့ ပင်ပန်းတကြီး ချွေးဒီးဒီးကျ ထမ်းပိုးခဲ့ရတဲ့ ဒီရတနာသေတ္တာတွေကို ဂူတစ် ဂူထဲ စုပုံမြှုပ်ပြီးတာနဲ့ ကျုပ်တို့တစ်ဖွဲ့လုံးကို ဂျပန်ရိုင်ဖယ်တွေနဲ့ တဒိုင်းဒိုင်း ပစ်သတ်မယ်၊ ရတနာသိုက်သတင်းကို အစဖျောက်တဲ့အနေနဲ့ ကျုပ်တို့ကို နှုတ်ပိတ်ပစ်မယ်၊ မည်းမှောင်ပြီး ထွက်ပေါက်မရှိတဲ့ ဒီဂူကြီးထဲမှာ "တစ်သက် လုံးစောင့်စေသတည်း" ဆိုပြီး နာနာဘာဝ မကောင်းဆိုးဝါးကောင်အဖြစ် စောင့်ခိုင်းထားမယ်၊ ဒါပဲမှတ်လား၊ ဘာရမလဲ၊ ကျုပ်ကလည်း ဆော်ကြံကြံနေ

www.burmeseclassic.com

တဲ့အကောင်ဆိုတော့ ဂျပန်တွေရဲ့ အငိုက်အလစ်ကိုချောင်းပြီး အသက်လုပြေးဖို့ နိုင်နိုင်မာမာ ဆုံးဖြတ်ပြီးသားလေ။

"ကဲ - ကဲ - ပေါ်တာတွေစထွက်ကြမယ်။ မင်းတို့တစ်တွေဘေးဘယ်ညာကို မကြည့်နဲ့။ ရှေ့တည့်တည့်ကြည့်ပြီးသာသွား။ လမ်းမှာမြွေတွေရှင်တောင် မရှောင်နဲ့၊ တက်နင်းပြီးသာသွား၊ ပြေးမယ်လို့တော့ မကြံနဲ့၊ သိတယ်မှတ်လား၊ ဂျပန်သေနတ်နဲ့ ဂျပန်ဘက်နက်(လှံစွပ်)က မင်းတို့ နမကိုတောင် မရှောင်ဘူးလို့သာမှတ်"

ဂျပန်စကားပြန်လည်း ဟုတ်၊ အလိုတော်ရိလည်းဟုတ်တဲ့ ခွေးမသား၊ အသားထဲက လောက်ထွက်နေတဲ့ကောင်က ပြောအပြီး၊ ကျုပ်တို့လည်း နွားချည်တဲ့လျှော်ကြိုး တိုးလိုးတွဲလောင်းနဲ့ ကိုယ့်သေတ္တာ ကိုယ့်ပုံးကိုထမ်းပြီး နွားမောင်းသလို အမောင်းခံ၊ အဝေါက်ခံလိုက်ရသဗျ။ အဲသည်တုန်းက "သေမင်းအုသံ" တွေကြားထဲမှာပဲ ပေါက်ပေါက်ရှာရှာ၊ ကျုပ် ဘာကိုတွေးမိသလဲ သိလား"

ကျုပ်တို့ လယ်ထွန်၊ ယာထွန်ရင် ကျွဲတွေ နွားတွေကို ထွန်ရှေ့မှာထားလို့ ကြိုးတွေနဲ့ဆွဲပြီး တက်ခေါက်သံပေးရင် လယ်ထွန် ယာထွန်နိုင်းခဲ့တာကိုလေ၊

"အင်း - ကျုပ်အဖြစ်ကလည်း ပြောပဲ မပြောချင်ဘူး၊ လယ်ထွန်နေတဲ့ ဂျပန်နွားလိုဖြစ်နေပါပကောလား။ ဒါထက် ပြောရဦးမယ်၊ ကျုပ်တို့ကိုပေါ်တာဆွဲလာတာက အယောက်လေးဆယ်(၄၀)ဆိုတော့ ရွှေသေတ္တာ၊ ရွှေပုံးချည်း (၄၀)ပေါ့နော်"

သည်စဉ်ကတည်းက ဂျပန်နဲ့ အင်္ဂလိပ်တို့ဟာ မြန်မာ့မြေပေါ်မှာ စားခွက်လု၊ စားမာန်ခုပ်နေကြတော့ ဂျပန်တွေရဲ့အကြံက စစ်နိုင်ရင် ဒီရွှေသေတ္တာတွေကို လေယာဉ်ပျံနဲ့ ပေါ်ပေါ်ထင်ထင် လာသယ်ကြမယ်၊ စစ်ရှုံးတော့လည်း အခြေအနေပေးတဲ့တစ်နေ့မှာ နိုးကြောင်နိုးဝှက်နဲ့ ဒီရတနာသေတ္တာတွေကို ကဲ့ထုတ်ကြမယ်မဟုတ်လား၊



ကဲ - ခင်ဗျားတို့ သိပ်သိချင်နေတဲ့အချိန်ကို ရောက်လာပြီမို့ တိုတိုတုပ်တုပ်ပဲ ကျုပ် ပြောတော့မယ်ဗျာ၊

တောလမ်းခရီးက သိပ်အဝေးကြီးမဟုတ်ပေဘူး၊ ကျားတွေ၊ ဆင်းတွေ၊ ဝက်ဝံတွေ၊ တောဝက်တွေ၊ စပါးကြီးမြွေ၊ တောကြီးမြွေဟောက်တွေရဲ့ရန်စွယ်က အချိန်တိုင်းလိုလိုရှိနေလို့ တစ်ရှဖောက်ကန်းဂျပန်တွေက တစ်လမ်းလုံး သေနတ်တွေ တဒိုင်းဒိုင်း ပစ်ဖောက်ပြီး တောခြောက်ချီတက်နေကြတာ၊ သေနတ်သာမပါရင် ကျုပ်တို့အထဲက ဘယ်နှယောက်လောက် ကျားဆွဲခံရပြီးမာလကီးယားဖြစ်မယ် မဆိုနိုင်ဘူးဗျ၊ ဂျပန်တွေဟာ ဘယ်တုံးကတည်းက စစ်စစ်ပေါက်ပေါက် ရှာထားတယ်မသိဘူး၊ မိန်းမသေတောင်ရဲ့ဦးခေါင်းစိုင်းက ဂူကြီးတစ်ဂူဟာ အလင်းရောင်အားနည်းနေတဲ့ကြားကပဲ ကျုပ်တို့ရှေ့မြင်ကွင်းမှာ "ဘွားခနဲ" ပေါ်လာတော့တယ်၊ ကျုပ်တို့များ ဒီတောင်ပတ်ပတ်လည်မှာ မွေးရာ၊ မျှစ်ချိုးရင်း ဒီလောက် အခေါက်ခေါက် အခါခါ ခြေရာချင်း ထပ်မက သွားဟယ်၊ လာဟယ် လုပ်နေတာတောင် လုံးဝမမြင်မိပါဘူးဗျာ၊

တစ်ခုတော့ရှိတယ်၊ ဒီဂျပန်ကောင်တွေက နစ်ပရိန္ဓေဒ တောထနေတဲ့ ချုံနွယ်ပိတ်ပေါင်းတွေကို တောရှင်းထားလို့ထင်ပါရဲ့၊ ဂူကြီးက ခုတော့လည်း အုံ့မခန်း ဟည်းထနေတာပဲ၊ အဲ - ဂူပေါက်ဝလည်း ရောက်ရော၊ ကျုပ်တို့ပေါ်တာသမားတွေကို ဂျပန်လို ဆူဆဲ၊ ဟိန်းဟောက်၊ ခြေဟန်လက်ဟန်ပြပြီး ဂူထဲကိုခွေးမောင်းသလိုကန်ကျောက်မောင်းသွင်းတော့တယ်ဗျာ၊ "အသတ်ကိုညက်စောင့်" လို့ကျုပ်ပြောထားပါပကောလား၊ ခင်ဗျားတို့လည်း သေမြေရှင်ပြေး၊ အသက်ဘေးနဲ့ကြုံလာရင် ကျုပ်လို၊ "ဘာတဲ့၊ ဗမာတွေပြောပြောနေတဲ့ တခဲကာပွတ္တိညက်ဆိုလား၊ ဖျတ်ခနဲ ဖြတ်ထိုးညက်ကို လွှာသုံးတတ်ရဲ့လိုတယ်မဟုတ်လား၊ အဲသည်တုန်းက ကျုပ် ဘာလုပ်ခဲ့လဲသိလား၊ လက်မသာသာလောက်ရှိတဲ့ ပုလင်းကွဲစတစ်စကို ဝှက်ယူလာခဲ့တယ်လေ၊ တစ်လမ်းလုံး ကျုပ်တို့ခါးမှာချည်ထားတဲ့ နွားချည်တဲ့လျှော်ကြိုးကို မြှတ်လုပြတ်ခါနီး လှီးဖြတ်ထားတာပေါ့၊ ယုတ္တိရှိအောင် အကုန်လှီးပစ်လို့က မရသေးဘူးမှလား၊ ဒီလိုနဲ့ ဂျပန်တွေရတနာဝှက်မယ့် ဂူရှေ့လည်း ရောက်ပါလေရော၊

www.burmeseclassic.com

ကျုပ်က နောက်ဆုံးဆိုတော့ ဂျပန်ကင်ပေတိုင်တွေဟာ ရှေ့က ပေါ်တာတွေကို ဘယ်ဂူသေး၊ ဘယ်ဂူမြောင်မှာ ပစ္စည်းချဆိုပြီး နေရာသတ်မှတ်နေတုန်း နောက်ဆုံးတစ်မျှင် နစ်မျှင်သာ ကျန်တော့တဲ့ကြိုးစကို အပြီးတိုင် တိခနဲ ဖြတ်။ ကျုပ်ထမ်းပိုးထားတဲ့ ဂျယ်ရီကန်ပုံးကို ဝုန်းခနဲ ပစ်ချ။ ဂျပန်စစ်သားတွေ ကြောင်တိကြောင်တောင်နဲ့ မှင်တက်မိနေတုန်း။ ဖနောင့်နဲ့တင်ပါးတစ်သားတည်း သစ္စာမဖောက်စတမ်း၊ ခြေဦးတည့်ရာ စွပ်ပြေးလိုက်တော့တယ်။ အသက်လုပြေးသူနဲ့ လိုက်သူတို့ရဲ့ "ဇော" က မတူဘူးမှတ်လား။ ဂျပန်စစ်သားတွေက သေနတ်နဲ့ ကျောပိုးအိတ်၊ ကျည်ဆန်သေတ္တာတွေ တနင့်တပိုးကြီးဆိုတော့ ကျုပ်လောက် ဘယ်ပြေးလိုက်နိုင်ပါ့မလဲ။ ပြီးတော့ - ကျုပ်က ဒီလမ်းဒီခရီးကို "ထုံးလိုချေ ရေလိုနှောက်" သူဆိုတော့၊ ဘယ်ပြောကောင်းမလဲ။

"မာရသွန်" သမားတောင် လိုက်မမီတဲ့ခြေလှမ်းမျိုးနဲ့ တက်သုတ်နှင်လိုက်တာ ကျုပ်ရဲ့ကံ၊ ဉာဏ်၊ ဝီရိယကြောင့်လို့ပဲ ဆိုရမလားမသိဖူး။ အမှောင်လွှမ်းတဲ့ သေမင်းစံတွင်းဝက လွတ်မြောက်ခဲ့ပြီလေ။ ဒီလိုနဲ့ ကျုပ်ကလည်း ပြေးသထက်ပြေး၊ ဂျပန့်သေနတ်သံတွေလည်း ဝေးသထက် ဝေးခဲ့ရပြီ။



ရတနာတွေလည်း ဟိုးမြေအောက် ဖောက်နက်နက်ထဲမှာ ရှာမရအောင် တိမ်မြုပ်နေတော့မယ်။ ကျုပ်ကတော့ အဲဒီတုန်းကတည်းက အရမ်းကို အကြောက်ကြီး ကြောက်သွားတယ်။ ခုနေခါ ပြန်စဉ်းစားတိုင်း ကျုပ်ဘဝတစ်လျှောက်လုံး အိပ်မက်ဆိုးလို့ အမြဲခြောက်လှန့်နေတုန်းပါပဲဗျာ။



ခင်ဗျားတို့ဓာတ်ရှင်(ရုပ်ရှင်)ကြည့်ရင်တွေ့ တွေ့နေရတဲ့ ဘာတဲ့၊ ဆလိုးမိုးရှင်း (slow motion) ဆိုလား။ အဲဒီပြကွက်ကို ဂျပန်စစ်သားက အပြေးလိုက်၊ ကျုပ်က အမူးရူးထိုးအပြေး၊ အနေးပြကွက်ထဲမှာ "ကွက်တိ" မြင်ကြည့်စမ်းပါ။ တကယ်တမ်း ကျုပ်တို့က အသက်လုပြေးသူနဲ့ ဇိဝိန်ခြွေနေသူတွေလေ။ အနေးပြကွက်မှာ တင်လိုက်ရင်တော့ ထင်းထင်းကြီးပေါ့။

အင်း - ကျည်ဆန်တွေ၊ ကျည်ဆန်တွေဆိုတာ ကျုပ်ခေါင်းပေါ်က ဖြတ်ပြေးသွားတာများ မြွေတွန်သလို တရှီးရှီးနဲ့ပေါ့။ တစ်နည်းပြောရရင်တော့ ကျုပ်ခေါင်းပေါ် "ဒါကိုတာ" လေယာဉ်အုပ်ကြီး ဖြတ်ပျံနေတဲ့အတိုင်းပဲဗျ။ အဲသည်တုန်းကများ လွတ်မြောက်သွားသူဆိုလို့ ကျုပ်တစ်ယောက်ထဲ ရှိမှာပါ။ ကျန်ရစ်ခဲ့ရှာတဲ့ သုံးဆယ့်ကိုး(၃၉)ယောက်တို့ရဲ့ကံကြမ္မာကိုတော့ ကျုပ်စိတ်မကောင်းပါဘူးဗျာ။ "ကမ္ဘာမီးလောင် သားကောင်ချနင်း" လို့ပညာရှိတွေဆိုထားကြတယ်မှတ်လား။ ကျုပ်က သားကောင်ကို ချမနင်းရပေမဲ့ ကိုယ်လွတ်တော့ ရုန်းခဲ့ရပြီကော။ အဲ - ကျုပ် လည်း ရွာထဲရောက်လို့ ကျုပ်အိမ်ပေါ် ကျုပ်တက်တာတောင် သူခိုးရှောင်းရှောင်းပြီးမှ တက်ရဲတော့တယ်။ မတော်လို့ ကျုပ်အိမ်ကို စောင့်ကြည့်နေတဲ့ ကာလီကမာကောင်ကင်ပေတိုင်နဲ့များ တန်းတိုးလေမလားလို့ပေါ့။

သေနတ်သံကြောင့်ကတုန်ကယင်ဖြစ်နေရှာတဲ့ကျုပ်မိန်းမကိုဟိုးလူမျိုး အပျိုဘဝက သူ့ကိုခိုးခဲ့သလိုပေါ့ဗျာ။ ဘုရားကျောင်းဆောင်ရှေ့မှာ ကျောက်ရုပ်လိုမလှုပ်မယှက်ဖြစ်နေတဲ့ ကျုပ်မိန်းမ "အီမွန်" ကို ဘာမပြော ညာမပြော ဆောင့်ဆွဲပြီး တောလမ်းတောင်လမ်းကနေ အသက်လုပြေးခဲ့ရတယ်။

မိန်းမခိုးတုန်းကတောင် သူ့မှာ အဝတ်ထုပ်ကလေးကို ရင်ဘတ်မှာပိုက်လို့၊ ဟော - ခုတော့ - နှစ်ယောက်သားမှာ "အဝတ်တစ်ထည် ကိုယ်တစ်ခု" နဲ့အသက်ကိုဖက်နဲ့ထုပ်ပြီး ပြေးခဲ့ရပြီပေါ့။ ဒီလိုနဲ့ ကျုပ်တို့လင်မယား ပြေးလာလိုက်ကြတာ။ မိုးနဲ့ကို ဘယ်လိုရောက်သွားမှန်းတောင်မသိပါဘူး။ အင်း တိုတိုပြောရရင်မိုးနဲ့က တောကျကျ "ဆယ့်နှစ်ပါးဂူ" တောင်ခြေမှာပဲ တောင်ယာလုပ်ရင်း ဘဝကို ဇာတ်မြှုပ်လိုက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲ - ခဏ - ခဏ။ ကျုပ်ပြောဖို့ မှာဖို့မေ့နေတာ တစ်ခုရှိတယ်။ ခင်ဗျားတို့ အနေနဲ့ ယောင်လို့မှ နိပွန်ရတနာသိုက်ကို တူးဖို့၊ ရှာဖို့ စိတ်မကူးကြနဲ့။ ဒီကင်ပေတိုင်ငပုကောင်ဂျပန်တွေဟာ ကလိန်ကကျစ်ညက်များတဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ ညက်နီညက်နက်များသလို ဖြတ်ထိုးညက်လည်း ပြေးပါဘီသနဲ့။ ဒီကောင်တွေ ရတနာ့ဌာကို ပိတ်ဆို့ပြီးတာနဲ့ ထင်မထားတဲ့နေရာတွေမှာ မမြင်နိုင်တဲ့မိုင်းကြိုးတွေ ထောင်ပြီးထားတတ်တယ်မို့လား နှစ်ပရိစ္ဆေဒ ဘယ်ကလောက်ကြာကြာ အဲဒီမိုင်းကြိုးကို ထိမိတာနဲ့ "ဝုန်းခနဲ" ပေါက်ကွဲမယ်။ ဒီတော့ - ရတနာသိုက်ရှာသူတွေလည်း တစ်စစီ မာလကရာန် ကြွပြီး အတုံးအရုံးသေကြမယ်၊ ရတနာတွေလည်းဟိုးမြေအောက်၊ ဖောက်နက်နက်ထဲမှာ ရှာမရအောင် တိမ်မြုပ်နေတော့မယ်၊ ကျုပ်ကတော့ အဲဒီတုန်းကတည်းက အရမ်းကို အကြောက်ကြီး ကြောက်သွားတယ်၊ ခုနေခါပြန်စဉ်းစားတိုင်း ကျုပ်ဘဝတစ်လျှောက်လုံး အိပ်မက်ဆိုးလို့ အမြဲခြောက်လှန့်နေတုန်းပါပဲဗျား

လူတွေဟာ မိမိအသက်ထက် ဘာများမက်မောစရာရှိလို့လဲ။ ဂျပန်တွေတော့ "ဖော်ကောင်" ဖြစ်လာနိုင်တဲ့ကျုပ်ကို အဲဒီတုန်းကများ မြေလှန်ပြီး "တွေ့ရာသင်္ချိုင်း မားမဆိုင်း" ပေါ့။ အသည်းအသန်ရှာကြတယ်။ အေးလေ ကျုပ်တစ်ခုကံကောင်းတာက ဂျပန်တွေ စစ်ရှုံးချိန်မို့လို့ ကျုပ်လည်း သက်သာရာ ရတော့တယ်ထင်တာပဲ၊

ခုဆိုရင်ကျုပ်ဘဝတစ်လျှောက်လုံးဒီမြို့ဒီရွာဒီတောင်ခြေမှာပဲဖတ်မြုပ်လိုက်တော့တယ်။ "ကဲ - ကျုပ် သည်းတုန်အူတုန် ကြုံလိုက်ရတဲ့အဖြစ်ကတော့ ဒါပါပဲဗျာ"

"ရတနာသိုက်ရှာရန်ထွက်ကြခြင်း"

အန်ကယ်ဒွေးသည် ပုံပြောကောင်းသူတစ်ယောက်၏ လေသံအတိုင်း ဂျပန်ရတနာသိုက်နှင့် သေရွာပြန်လုံးညှာ၏ဇာတ်လမ်းကို အားတက်သရော စိတ်ဝင်စားဖွယ်ပြောအပြီး မောသွားဟန်ဖြင့် ရေရှိရေနွေးကြမ်းတစ်ခွက်အား အားပါးတရ မော့ချလိုက်တော့သည်။ "အင်း - "လေ" ဆရာကြီး (လေတစ်မှုတကကအား ဆိုလိုသည်) ရေ။ ခင်ဗျားတို့သိချင်တဲ့ "သည်းထိတ်ရင်ဖို" ဇာတ်လမ်းကိုတော့ ကျုပ် ပြောပြလို့ပြီးပြီ။ ဘယ်လိုလဲ၊ ရတနာရှာဖို့ကိစ္စကို ဘယ်လိုဆုံးဖြတ်ကြမှာလဲ၊

ကျွန်ုပ်သည် အန်ကယ်ဒွေးအမေးကြောင့် ရုတ်တရက် ဆုံးဖြတ်ရခက်နေရချေ၏။ အန်ကယ်ဒွေးပြောခဲ့ဖူးသလို "အဖော်ကောင်းနဲ့တွေ့ရင် သွားရှာဖို့" စကားအခံရှိထားသည်မို့ အန်ကယ်ဒွေးအားကြည့်ပြီး မေးမိတော့သည်။

"ကျွန်တော့်သဘောထားကို နောက်ထားပြီး အန်ကယ်ဒွေးကရော အဖော်ကောင်းတွေ့ရင် သွားမှာလား"

"ဒါပေါ့ဗျာ။ ငါးမရလည်း ရေချိုးပြန်တာပေါ့။ ရတနာမရလည်း အဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံတစ်ခုတော့ ရကောင်းပါရဲ့"

"ကဲ - ဒါဆို စိမ်လိုက်"

"ဟုတ်တယ် - ဟုတ်တယ်၊ ကျွန်တော်တို့လည်း ဆရာလုပ်တို့သွားဖြစ်ရင် လိုက်ဖို့အသင့်ပါပဲဗျ"

တပည့် ဂျီအီးအလုပ်သမားများကပါ ဝိုင်းဝန်းဆန္ဒပြကြ၍ ကျွန်ုပ်သည် နောက်တစ်ပတ် အလုပ်နားရက်တွင် မိန်းမသေတောင်သို့ လေ့လာရေးခရီးထွက်ရင်း အကြောင်းသုံးပါး တိုက်ဆိုင်ပါက ရတနာသိုက်ရှာရန် သဘောတူလိုက်တော့သည်။

ချိန်းဆိုထားသည့် တစ်နံနက်ခင်းတွင် ကျွန်ုပ်နှင့်အတူ အန်ကယ်ဒွေး၊ တို့မြတွန်းနှင့် ကိုလှသောင်းတို့သည် မျှော်စင်အရှေ့ဘက်ရှိမိန်းမသေတောင်သို့ ခရီးဆက်ကြတော့၏။ အလှမ်းမဝေးသည့် "ခရီးတာ" ပေမို့ ကျွန်ုပ်တို့သည် ခြေစောင့်လက်စောင့်အဖြစ် လေယာဉ်ကွင်း(တပ်ဆွယ်)လုံခြုံရေးအတွက် အသင့်ဆောင်ထားသည့် G-3, G-2 (ဂျီသရီး၊ ဂျီတူး) သေနတ်ဘာ ယူလာခဲ့ပေသည်။ ကျွန်ုပ်က G-3၊ အန်ကယ်ဒွေးက G-2 ကို ကိုင်ဆောင်လျက်၊





www.burmeseclassic.com

www.burmeseclassic.com

ကိုမြထွန်းနှင့် ကိုလှသောင်းက ရှမ်းဓားရှည်တစ်လက်စီ ယူဆောင်လာကြသည်။ "သေရွာပြန်လုံးညှာ" ပြောပြသည့် "မပည" (မြေပုံညွှန်း)အတိုင်းဆိုလျှင် ကျွန်ုပ်တို့သည် မိန်းမသေတောင်၏ ဦးခေါင်းပိုင်းသို့ ရောက်ရှိပြီး တစ်ချိန်က ဂျပန်ရတနာများသိုဝှက်ရာ ဂူပေါက်ကို လှမ်းမြင်ရလိုက်ကြသည်။

ဂူပေါက်ကြီးတားထူးဆန်းစွာပင် ပျောက်ချက်သားကောင်းနေချေတော့သည်။ "အင်း - ဂျပန်တွေတော့ မျက်လှည့်ပြသွားပြီ၊ ရှေ့တစ်နေရာမှာ အယောင်ပြပြီး မထင်တဲ့တစ်နေရာမှာ ဂူဝတံခါးကို ထားချင်ထားမှာ၊ ကဲ ဒီတော့ - တောင်ပတ်ပတ်လည်က နေရာတိုင်းမှာ ဂူပေါက်ကို တွေ့လိုတွေ့ငြား လိုက်ရှာကြရအောင်"

အန်ကယ်ဖွေး၏ အကြံပေးချက်ကြောင့်ပင် ကျွန်ုပ်တို့အဖွဲ့သည် မိန်းမသေတောင်၏ဦးခေါင်းပိုင်းမှ နေးကန်သောခြေလှမ်းများဖြင့် ထွက်ခွာလာကြပြီး ခြေရင်းဘက်သို့ ဦးလှည့်လိုက်ကြပြန်သည်။ ခြေရင်းပိုင်းမှာလည်း ထူးခြားမှုတစ်စုံတစ်ရာမတွေ့၍မိန်းမသေတောင်၏ခါးလယ်ပိုင်းနှင့်ရင်သားပိုင်း တောင်ကျနံရံဆီသို့ နွယ်ကြိုးနွယ်တန်းများကို ခုတ်ထွင်အားပြုကာ တက်လိုက်ကြတော့သည်။ သည်ရှုခင်းတစ်နေရာကတော့ မိန်းမတစ်ဦး၏ရိုက်သားပြင်တမျှ မြင့်မြူမှုရှိလှပေသည်။

"ဆရာ - ဟိုရှေ့ကဥစ္စာ ဘာကြီးလည်းမသိဘူး၊ ဂျပန်က တူဝတ်ကျင်းများလား"

ဟောဟဲလိုက်ရင်း မပီမသပြောလာသည့် ကိုမြထွန်းစကားကြောင့် ကျွန်ုပ်လည်းပင်အိုကြီးသုံးလေးပင်ဝန်းရံနေသည့်ကြားမှအဆောက်အအုံ၏ အတွင်းဘက်သို့ ငုံ့ကြည့်လိုက်သည်။

"အလိုလေး - ရေတွေ အပြည့်နဲ့ပါလား၊ နှစ်ရှည်လများရွာတဲ့မိုးတွေသည်တန်ထဲမှာ စုနေပုံရတယ်၊ တကယ့်ရေကူးကန်ကြီးအတိုင်းပါပဲလား၊ ကဲ - ကန်ရဲ့အောက်ဘက်ဆင်းကြည့်ရအောင်"

ကျွန်ုပ်တို့လည်း စတက်ခါစ အနောက်ဘက်လမ်းမှ မဆင်းတော့မူဘဲ အရှေ့ကုန်းဆင်းလေးမှ သတိကြီးစွာထားပြီး ဂျပန်အုတ်ရေတန်အား ပတ်ဆင်းလိုက်တော့သည်။ ကုန်းမြေပြေသို့ ရောက်ရှိ၍ ရေသိုလှောင်ရာအုတ်တန်(မာကြောကျစ်လစ်၊ မည်းပြာနက်မှောင်ပြီး မည်သည့်အင်္ဂတေဖြင့် စပ်ထားမှန်းမသိသည့်ကန်) အောက်ခြေသို့ အတွင်းလှိုက်ပြီး ငုံ့ကြည့်လိုက်မိသည်။

"ဟာ - ဒါဂျပန်စစ်သားတွေ စွန်းခိုတျင်းလုပ်ထားတဲ့ လူလုပ်လိုဏ်ဂူပဲ၊ ဒီဂျပန်ငပုတွေဟာ တော်တော်တတ်နိုင်တဲ့ကောင်တွေပဲ၊ ကြည့်စမ်း - ဘေးဘယ်ညာ အပေါ်စီးက ကြည့်တော့ တကယ့်ရေကန်၊ ဟော - စေ့စေ့စပ်စပ်အတွင်းလှိုက်ကြည့်တော့မှ တကယ့်ပုံးခိုကျင်း လျှို့ဝှက်လိုဏ်ဂူအဖြစ် ဖန်တီးထားကြတာကိုး၊ အံ့ဘနန်းဆန်းကြယ်ပြီး ဉာဏ်ပြေးလွန်းတဲ့ ကိုရွှေဂျပန်တွေပဲ"

ကျွန်ုပ်၏အံ့ဩတကြီးပွင့်ထွက်လာသည့်အာမေဋိတ်စကားရိုးကြောင့် ကျီအီးအလုပ်သမားများသည် ထိုမြင်ကွင်းအားကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် မင်တက်မိနေကြတော့သည်၊ တဒင်္ဂမြိမ်ဆိတ်နေမှုအား ကျွန်ုပ်ကစတင်၍ဖြိုခွင်းလိုက်သည်။

"ကဲ - လာလာ - အံ့ဩတကြီးကြည့်နေဖို့ အချိန်မရှိတော့ဘူး၊ နေဝင်ခါနီးပြီ၊ ဒီလိုဏ်ဂူကြီးထဲလည်း ရောက်တုန်းရောက်ခိုက် ဝင်လေ့လာရအောင်"

ကျွန်ုပ်ပြောအပြီး အန်ကယ်ဖွေးနှင့် သူ့အဖွဲ့လည်း စကားမဆိုပဲ ကျွန်ုပ်နောက်မှ တိတ်တဆိတ်ပင် ကပ်လိုက်လာကြသည်။

အမှောင်ထုက ဂူအတွင်းပိုင်းအား ဝါးမျိုသွားပြီမို့ အန်ကယ်ဖွေးသည် အသင့်ဆောင်ယူလာသည့် လက်နှိပ်ဓာတ်မီးကိုထိုးပြီး လမ်းပြပေးပါတော့သည်။

ရှေ့တိုက်နှစ်ဆယ် (၂၀)ခန့်အရောက်ဝယ် လိုဏ်ဂူလမ်းကြောင်းမှာ တိခနဲ အဆုံးသတ်သွားပေတော့သည်။

"အန်ကယ်ဖွေး - ခဏရပ်ဦး၊ ရှေ့မှာ ဘာကြီးလည်းမသိဘူး၊ ကျွန်တော့်စိတ်ထင် ဂူပေါက်တံခါးလားပဲ၊ ဓာတ်မီးနဲ့ သေသေချာချာထိုးကြည့်စမ်းပါဦးဗျ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်စကားပင် အဆုံးမသတ်ရသေး၊ အန်ကယ်ဒွေးသည် ကျွန်ုပ်ရှေ့တူရူရှိ ဂူနံရံအား ဓာတ်မီးနှင့် လျှပ်တစ်ပြက်အတွင်း ထိုးလိုက်တော့သည်။

ငါးတောင့်ထိုးဓာတ်မီး၏စူးရှစွာဖြာထွက်နေသည့်အလင်းရောင်ကြောင့် ကျွန်ုပ်တို့သည် ရှေ့မြင်ကွင်းအား ထင်းထင်းကြီး မြင်လိုက်ရတော့သည်။

"ဟာ - ဟင် - အမလေး - လေး - လှည်းဘီးလို ကျောက်တံခါးကြီးပါလား။ ဒီဂျပန်ကောင်တွေ ဘယ်လိုများ ဒီလောက်ခက်ခက်ခဲခဲ လုပ်ထားကြပါလိမ့် - ဘုရား - ဘုရား"

မြင်လိုက်ရသည့်ရှေ့မြင်ကွင်းကြောင့် ရင်သပ်ရှုမောစွာ ပါးစပ်အဟောင်းသားဖြစ်နေကြသည့် အန်ကယ်ဒွေးတို့အဖွဲ့သားများမှာ ကျွန်ုပ်နည်းတူ "ဒုတိယမွှိ" မင်တက်နေမိကြတော့၏။

တံအားလျော့စွာ မြင်လိုက်ရသည့် ကျောက်တံခါးကြီးမှာ သာမန်လှည်းဘီးနှင့် နှိုင်းစာပါက လေး၊ ငါးဆမကပင် ကြီးလောက်ပေသည်။ သို့သော် ပုံမှန်လှည်းဘီးနှင့်မတူသည့်အချက်မှာ ယင်းတွင်ကြက်ခြေခတ်သဏ္ဍာန်ကျောက်ချပ်အား အရစ်ဖော်ထားခြင်းပင်။

"ဟာ - ဒီကျောက်တံခါးကြီးကိုသာ မ,ရွှေ့ လှည့်ဖွင့်ဖို့ဆိုရင် ကျုပ်တို့လူအင်အားနဲ့တော့ မရလောက်ဘူး။ "ရောမ" က "ခေါ်ဘကီ" တပ် တစ်တပ်လုံးလောက်မှ ဖြစ်မယ် - ဟဲ - ဟဲ"

ဂျပန်ပေတွေ ယန္တရားအတတ်နဲ့ စီရင်ထားလို့ အားလုံး အရိုးတခြား၊ အသားတခြားဖြစ်ရုံမကဘူး စိစိညက်ညက်ကြေပြီး အမှုန့်တောင် ဖြစ်သွားလောက်တယ်"

အန်ကယ်ဒွေးက ကျောက်မောင်းကြီးအားကြည့်ပြီး စိတ်ပျက်လက်ပျက် မှတ်ချက်ချတော့၏။

"ဟင် - အန်ကယ်ဒွေးက ဂူတံခါးကြီးမဖွင့်နိုင်လို့လက်မှိုင်ချနေတာလား။ "အလီဘာဘာနဲ့ ခိုးသားလေးဆယ်" လို "တစ်ထောင့်တစ်ညပုံပြင်" ထဲက အတိုင်းပေါ့ဗျာ။

"ဥုံဖွ - ဂူတံခါးကြီးဖွင့်လေလော့" ဆိုပြီး အန်ကယ်ဒွေးယူလာတဲ့ ရွှေရာတဲ့ဆေးကြိုမ်လုံးနဲ့ တို့ပြီး ဂါထာတစ်ပုဒ်လောက် မန်းမှုတ်လိုက်ပါလား။

အန်ကယ်ဒွေးပဲ ပြောပြီးတော့။ ငါးမရလည်း ရေရှိုးပြန်မယ်ဆို၊ ဒီဂူပေါက်ကြီးရှေ့မှာ ဂျပန်တွေ ဂူပေါက်ပိတ်ပြီးမှ ကျကျန်နေတဲ့ ရတနာအတိုအထွာတွေ မြှုပ်ထားချင် မြှုပ်ထားသလားမှမသိတာ၊ ကဲ - သည်တော့ - ရသမျှရတနာတွေကို မှုးစု၊ ပဲစု၊ တုလားစု စုပြီး ကောက်သင်းကောက်ရှာဖွေကြတာပေါ့ဗျာ"

ပြီးတော့ - ကျွန်တော်တို့တာဝါမှာ ပို့ကာခေါင်းသလို အန်ကယ်ဒွေးကို ဓဲလိမ်ရိုက်တာလည်းမဟုတ်တော့။ ကဲ - ခုချိန်ကစပြီး အန်ကယ်ဒွေးရဲ့ "လက်သုံးတော်ဓားကိုလ၊ ယောင်မှားကာကိုင်" ဟိုင်း - ဟိုင်း၊ အဲ - ဟုတ်ပါဘူး၊ အန်ကယ်ဒွေးရဲ့လက်စွဲတော်ရွှေရှာတဲ့ "ဗွာရွှာသယ" နတ်မျက်စိကိရိယာနဲ့ သာ ရှာလိုက်စမ်းပ - ရွှေရှာမှုဆိုးကြီးရေ့"

ကျွန်ုပ်သည် အန်ကယ်ဒွေးကြီးအား စနေ၊ နောက်နေ့ကျအတိုင်း စချင်၊ နောက်ချင်သည်ကတစ်ကြောင်း "ငါးမရ ရေရှိုးပြန်ရနည်းသလား" ဆိုသည့် ခပ်မြူးမြူးအတွေးဖြင့် ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်၊ ဒါကိုပင် အဟုတ်ထင်သည့်အန်ကယ်ဒွေးက သူ့လက်စွဲတော်ကြီးအား ကောက်ယူပြီးလျှင် ဂူသွားလမ်းကြောင်းတစ်လျှောက် ဟို "စမ်း" သည် "ထောက်" လုပ်နေပေတော့သည်၊ မကြာပါချေ။

"ကဲ - ဗိုလ်မြတ်ထွန်း (ရှူပြီး ကိုမြထွန်းအား ဗိုလ်တပ်ပေးလိုက်သည်) ဒီအောက်မှာတော့ တီးတိ၊ တီးတီနဲ့ အချက်ပြနေပြီ၊ အချိန်မရှိတော့ဘူး။ အမြန်သာ တူးပေတော့ ငယ်ကျွန်အကောင်းစားကြီးရေ့"

"အလဲ့ - နို့(တို့)အန်ကယ်ဒွေးကြီးက အလာကြီးပါလား" တော်ကြာ တပ်ဆွယ်လေယာဉ်ကွင်းမှာလို တူးရင်းတူးရင်း နို့ဆီခွက်တွေ ပေါ်လာမှဖြင့် ပေးစရာနို့ဆီခွက်ကောက်ကုလားလေးတွေလည်း မရှိဘူးနော်" အန်ကယ်ဒွေးက သူ့ အမိန့်ပေးအပြီး အထွန့်တက်လာသည့် ကိုမြထွန်းကို သူ့ပါးစောင်ဖောင်းဖောင်းကြီးအား ပွရည်စေ့ရည်လုပ်ပြီး "တူး" ဟုဆိုကာ အချက်ပေးလိုက်တော့သည်၊ ကိုမြထွန်းသည် အသင့်ယူလာသည့်တူရွင်းဖြင့် အန်ကယ်ဒွေး ညွှန်ပြသည့်နေရာသို့ စတူးလေတော့၏။

တစ်ပေအနက်ခန့်တူးအပြီး တစ်စုံတစ်ခုနှင့် တူရွင်းတို့ ထိခတ်သည့် "ဒုတ်ခနဲ" မြည်သံတစ်ခုကိုကြားလိုက်ရသည်၊ ကိုမြထွန်းလည်း မြေမာများကို

www.burmeseclassic.com

ရေးကြီးသုတ်ပျာ ယက်ထုတ်ပါတော့သည်။ ငြိမ်းလျှင် - တစ်စုံတစ်ရာအား အားစိုက်ပြီး ဆွဲထုတ်လိုက်သည်။ "ဟင် - ဂျပန်ကင်ဒိုဓားတစ်လက်ပါလား။ မှန်းစမ်း။ ဓားရိုးလောက်သာ ကျန်တော့တဲ့ဓားရှည်တစ်ပိုင်းကျိုးပေါ့ဗျာ"။ လက်နှိပ်မီးရောင်အောက်တွင် တစ်ပိုင်းတစ်စသာ ရှိရှာတော့သည်။ ကင်ဒိုဓားအားကြည့်ပြီး ကျွန်ုပ်မှတ်ချက်ချလိုက်သည်။ ကိုမြထွန်းနှင့်မရှေးမနှောင်း မှာပင် ကိုလှသောင်းကလည်း ခပ်လှမ်းလှမ်းရှိမြေမှုတွင် တူးရွှင်းတစ်ချောင်း ဖြင့် အားကျမခံ တူးဆွနေပေသည်။ ခဏမျှအကြာ၊ ကိုလှသောင်းသည် တစ်စုံတစ်ရာအား ပွေ့ပိုက်ပြီး ကျွန်ုပ်နှင့် အန်ကယ်ဒွေးထံ စပ်ဖြီးဖြီးနှင့် ရော လာတော့သည်။

ငြိမ်းလျှင် - ဇင်၊ ပွေ့ထားသည့်အရာအား အန်ကယ်ဒွေးထံသို့ လက်ဆင့် ကမ်းလိုက်သည်။ "အပာမ်း - အပာမ်း - ဒီပစ္စည်းကတော့ ကျွန်တော်တို့ "ရွှေမှုဆိုးဂုရုကြီး" အန်ကယ်ဒွေးအတွက် "အိမ်ပြန်လက်ဆောင်" ပေါ့ဗျာ၊ အဲ - ဒီတော့ - ဒီလူ့ခေါင်းခွံကိုယူပြီး အန်ကယ်ဒွေးကြီးတစ်သက်တာ "မျက် လှည့်ဆရာ" လုပ်စားပေတော့ဗျို့ ကိုလှသောင်းသည်သူတူးဆွပြီးရလာသည့် "မိန်းမသေတောင်မှအပြန်လက်ဆောင်အဖြစ်ထိုခေါင်းခွံကြီးအားအန်ကယ် ဒွေးလက်ထဲသို့ ထိုးထည့်ပြီး ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

"ဘလယ်ဒီဖူး၊ ငါ့လန္ဒီးမှပဲ - အဲဒါမင်းပဲယူ၊ မင်းပဲဥစ္စာစောင့်သိုက်တူးစား တဲ့အောက်လမ်းဆရာ လုပ်ပေတော့ကွ" အန်ကယ်ဒွေးက သူပြောနေကျ အင်္ဂလိပ်အဆဲဖြင့် ဆဲလိုက်သည့်အသံကြောင့် ကျွန်ုပ်တို့မှာ "ဝါးခနဲ" သံပြိုင် ရယ်လိုက်ကြတော့သည်၊ သည်တော့မှပင် ကျွန်ုပ်တို့လည်း တစ်နေ့တာ ပင်ပန်းလာသမျှ အတိုးချပြီး ရယ်နိုင်ကြပေတော့သည်။ "နေဦး - နေပါဦး ဒီဇာတ်လမ်းက ဒီမှာတင် အဆုံးသတ်လို့မရသေးဘူး၊ တို့ဆရာကြီးအတွက် လည်းတာဝါပြန်လက်ဆောင် ကျန်သေးတယ်၊ ဒီဂျပန် "ကင်ဒို" ဓားရိုးလေ "။ လုပ်လိုက်ဟ၊ ကိုမြထွန်းကလည်း အားကျမခံ၊ တစ်စခန်းထကာ ကျွန်ုပ်အား ထေ့လှောင်လိုက်ပြန်သည်။ သည်တစ်ခါ ရယ်ရအခေါက်၊ စိတ်ဆိုးရအခေါက် ဖြစ်လိုက်ရသည်က ကျွန်ုပ်ပါပေ။

"ကဲ - ကဲ - အချိန်လည်း သိပ်မရှိတော့ဘူး။ ဂူအပြင်ဘက်မှာ မှောင်စ တောင် ပျိုးလောက်ရောပေါ့။ ကျွန်တော်တို့ သင်ခန်းစာတော့ ရလိုက်တယ်၊ ငွေတွင်းဟာ နက်တယ်လေ၊ ရတနာသိုက်ဆိုတော့ ပိုဆိုးပေါ့။ တယ် - လွယ် လွယ်နဲ့ရပ့ါမလဲ၊ ကျွန်တော် အကြံတစ်ခုတော့ ရလိုက်တယ်၊ ကျွန်တော်တို့ ကိုယ်ကျိုးအတွက်မဟုတ်ပဲ နိုင်ငံတော်ကို ဒီဂူထဲက ရတနာသိုက်အကြောင်း တင်ပြလိုက်ရရင် မကောင်းဘူးလား။ ဒါမှ ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ စနစ် တကျတူးဖော်နိုင်ရင် တိမ်မြုပ်နေတဲ့သည် နိပ္ပန်ရတနာသိုက်ဟာ တိုင်းပြည် အတွက် အကျိုးရှိလာမယ်မဟုတ်လား၊ "ဟုတ်တယ်၊ မှန်တယ်၊ ဆရာကြီး စကားကို ထောက်ခံတယ်"၊ အန်ကယ်ဒွေးနှင့်အဖွဲ့တော်သားများက ကျွန်ုပ် စကားအား အားတက်သရော ထောက်ခံလိုက်ကြသည်၊ "ဒါနဲ့မပြီးသေးဘူး။ ဒီဂူကြီးမှာအစတေးခံလိုက်ရတဲ့ကျွန်တော်တို့သွေးရင်းသားရင်းတွေအတွက် ကောင်းရာမွန်ရာဘဝရောက်အောင်ဒီနေရာကနေပဲ ဆုတောင်းပေးလိုက်ကြ ရအောင်ဗျာ"၊ ကျွန်ုပ်စကားဆုံးသည်နှင့် အန်ကယ်ဒွေးအဖွဲ့သားတို့က သံပြိုင်ဆုတောင်းလိုက်ကြတော့၏၊ "ဒီဂျပန်ရတနာသိုက်ဂူမှာ အသက်ပေး သွားတဲ့ ဗီအိုင်(အစ်ကို)တို့ရေ ကောင်းရာသုဂတိ လားပါစေလို့ ကျုပ်တို့ ဆုတောင်းပေးခဲ့ပါတယ်ဗျာ - အမျှ - အမျှ"

ထိုစဉ် ဂူပေါက်မှာ တစ်ဖက်တစ်ချက်စီမှ တရှူးရှူးဖြင့် နာမှုတ်နေသည့် အသံတို့ကို ချောက်ချားဖွယ် ကြားလိုက်ရတော့သည်၊ "အလိုလေး - အမျှ သည်းဝေပြီးရော ဂူထဲက ဘာကောင်ကြီးတွေလဲဟေ့"၊ "ပြေး - ပြေးကြဟေ့"၊ "ချောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲဟေ့"။ ။

➔ ညိုရှောင်

www.burmeseclassic.com



**လူမဆန်စွာ ယုတ်မာသူ၏**
**နောက်ဆုံးလမ်းကား ခံရသူ**
**အားစိုက်စရာမလိုပဲ သူ့စရိုက်နှင့်သူ**
**သွားခဲ့ရကား ..**

**လျှပ်စစ်မီး**ပြင်ဆင်သူက မီးခလုတ်များကို စမ်းသပ်စစ်ဆေးနေသည်၊ မီးခလုတ်တစ်ခုပြီးတစ်ခုကိုမှိတ်ချည်၊ဖွင့်ချည်လုပ်လျက်ရှိသည်၊ ဦးအောင်ဝင်းက စိတ်မကြည်လင်စွာဖြင့် လှမ်းကြည့်ပြီးပြောသည်၊

"မီးပြင်တာ ပြီးပြီလားဟေ့"

"ဟုတ်ကဲ့ - ပြီးပါပြီ၊ စစ်ဆေးကြည့်နေတာပါ၊ လိုအပ်တာရှိရင် ပြောပါ၊ စမ်းကြည့်ပါဦး"

"မလိုပါဘူး - ပြင်ပြီးရင် ပြီးတာပဲ၊ ရော့ မင်းရဲ့လုပ်အားခ"

ဦးအောင်ဝင်းက ငါးထောင်ကျပ်တန်တစ်ရွက်ကို စားပွဲပေါ်သို့ပစ်တင်လိုက်သည်၊ မီးပြင်သူက သူ၏ဦးထုပ်ကိုဆောင်းပြီး အနီးသို့လာ၍ ငါးထောင်တန်ကို ယူလိုက်သည်၊

"ကျေးဇူးတင်ပါတယ်၊ နောင်လည်း လိုအပ်ရင် ..."

"အေး - ရပြီ - ကဲ - သွားတော့"

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ဝင်းက မီးပြင်သူ၏စကားကို အဆုံးအထိ မစောင့်ချေ။ အိမ်တွင် လူစိမ်းသူစိမ်းကို မလိုလားဟန်ဖြင့် အမြန်သွားစေလိုက်သည်။ မီးပြင်သူကလည်း အလိုက်သိဟန်ဖြင့် အလျင်အမြန် ထွက်ခွာသွားသည်။

ဦးအောင်ဝင်းသည် စောစောစီးစီး စိတ်တိုနေ၏။ ဆီဈေးကောင်းနေသဖြင့် ယနေ့ ဆီစက်ကို တစ်နေကုန်လည်ပတ်ရန် ကြံစည်ထားသည်။ လုပ်ငန်းကို အစပျိုးရုံ ရှိသေး၏။ မီးက ပြတ်လေသည်။ အိမ်မီးပျက်သည်ထင်ပြီး အိမ်ရှေ့ထရန်စဖော်မာမှ ခိုးယူသွယ်တန်းထားသော ဆီစက်သုံးမီးကို ဖွင့်ကြည့်သည်။ မီးက မလာချေ။

ခေတ္တအကြာတွင် လျှပ်စစ်ဌာနမှ လူအချို့ရောက်ရှိလာပြီး ဟိုပြင် သည်လုပ်နှင့် အလုပ်ရှုပ်နေကြသည်။ သူတို့ ပြင်ဆင်ပြီး ပြန်သွားကြသောအခါ အိမ်မီးအချို့လင်းလာသည်။ ဦးအောင်ဝင်း၏အိမ်က မီးမလာချေ။ ပါဝါလိုင်းတလည်း အလားတူမီးမလာပေ။ စိတ်က ရှည်သဖြင့် သုံးနေကျမီးပြင်ဆရာတိုခေါ်သည်။ မီးပြင်ဆရာ မရှိသဖြင့် သူ၏တပည့်ကို ခေါ်လာခဲ့သည်ဟု ဆီစက်လုပ်သားက ပြောသည်။ ဦးအောင်ဝင်းက ဘာမျှထည့်မပြောချေ။ တွေ့နေကျလူဖြစ်သောကြောင့် လိုအပ်သည်ရှည်းများကို စစ်ဆေးပြင်ဆင်ရန် ပြောလိုက်သည်။ ရိုးရိုးအိမ်သုံး၊ စက်ရုံသုံး အစုံအလင်ဖြစ်သည်။

မီးပြင်သမားပြန်သွားပြီးနောက် ဦးအောင်ဝင်းမျာပင်နှမှစိတ်ချမ်းသာသည်။ မီးလာသည်။ ဆီစက် လည်နိုင်သည်။ အိမ်သုံးမီးလာသဖြင့် စကိုင်းနက်ကိုဖွင့်ပြီး နစ်သက်ရာ ဇာတ်လမ်းတစ်ပုဒ်ကို ကြည့်နေသည်။ ထိုစဉ် အိမ်ဖော်မလေးတစ်ဦးက ရိုကျိုးစွာ လာပြောသည်။

"ဘဘ - အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်"

အစောပိုင်းက ဆီကုန်သည်တစ်ဦးလာမည်ဟု တယ်လီဖုန်းဖြင့် ချိန်းထားသည်။ ရောက်လာသည်ဟုထင်သည်။ အများက ဝေဖန်သကဲ့သို့ "ရ" နှင့် "ဝ"သာ နားလည်သည်ပြောပြော၊ ဘာပြောပြော ရရန်လာသည့် ဧည့်သည်ဖြစ်၍ဝမ်းသာသည်။

"အေး - ဒီကိုခေါ်လာခဲ့၊ ဧည့်ခံဖို့ပြင်ဆင်ပြီးယူလာခဲ့"



"ဟုတ်ကဲ့ - ဘဘ"

အိမ်ဖော်မလေးက ရိုကျိုးစွာပြောပြီး အိမ်ရှေ့သို့ ထွက်သွားသည်။ ဦးအောင်ဝင်းကအသက်ငါးဆယ်ကျော်အရွယ်နှင့်မလိုက်အောင်ဖော့ပါးဖျတ်လတ်စွာ ထရပ်လိုက်သည်။ ဧည့်ခန်းအနေအထားကို ဧည့်သည်အထင်ကြီးစေရန် စိတ်ကြိုက်ပြင်ဆင်လိုက်သည်။ ပြီးမှ - ဆက်တီခုံ၏ထိပ်တွင် မိန့်မိန့်ကြီး ထိုင်နေလိုက်သည်။

အိမ်ဖော်မလေး၏ ဦးဆောင်မှုဖြင့် ဝင်လာသူက အသက်လေးဆယ်ကျော်ခန့်ရှိသည်။ နေလောင်ထားသော အသားညိုညို၊ တောင့်တင်းသန်မာဟန်ရှိသော ကိုယ်ခန္ဓာဖွဲ့စည်းမှု၊ စိတ်ဓာတ်ခိုင်မာဟန်ပြသည့် တင်းမာသော မေးရိုး၊ တင်းကြပ်စွာ စေ့ထားသော နှုတ်ခမ်းတို့က ဦးအောင်ဝင်းလိုစီးပွားရေးသမားအဖို့ မျှော်လင့်ထားသောပုဂ္ဂိုလ်မဟုတ်မှန်း ခန့်မှန်းမိသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ကျွန်တော် - ဦးအောင်ဝင်းနဲ့ တွေ့ချင်လို့ပါ"

"ကျုပ်ပဲ - ဘာကိစ္စလဲ၊ မြန်မြန်ပြောပြီးပြန်ပါ - ထိုင်"

ဦးအောင်ဝင်းက စိတ်မရှည်ဟန်ပြောသည်။ မိမိ၏ခန္ဓာကိုယ်ကိုလည်း အလေးဂရုမပြုဟန်ဖြင့် လျော့ရိလျော့ရဲထိုင်လိုက်သည်။ ဧည့်သည်က ပြောရန်စကားကို ချီတုံချတုံ ဖြစ်ဟန်တူလေသည်။

"ပြောလေ - ဘာကိစ္စလဲ"

"ကျွန်တော် - မြမဥ္စူရဲ့အဖေပါ"

ဦးအောင်ဝင်း၏ကိုယ်ခန္ဓာက ဆတ်ခနဲ တွန့်သွားသည်။ သို့သော် မည်သို့မျှမမှုဟန်ဖြင့် အေးဆေးတည်ငြိမ်စွာ တုံ့ပြန်သည်။

"အော် - ပဲရွှေးအဖွဲ့ထဲက ကလေးမပဲ၊ ထွက်သွားတာ ကြာလှပြီ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ဝင်းက သူ့စက်ရုံမှ အလုပ်သမားမို့ သိကြောင်းပြောသော်လည်း မည်သည့်ကိစ္စမှန်းမသိဟန်ပြန်မေးသည်။ ဦးအောင်ဝင်းသည် ထိုသို့ မေးခွန်းမေးနေစဉ် မြမဥ္ဇူလေး၏ရုပ်သွင်ကို မြင်ယောင်ကြည့်သည်။ ဆင်းရဲ ချို့တဲ့သူဖြစ်၍ အဝတ်အစားနွမ်းသော်လည်း ရုပ်ရည်က မနွမ်းချေ။ ကြည်လင် ရွှင်ပျပြီး ဖြူဝင်းသောအသားအရေနှင့် သွက်လက်လှပသူဖြစ်သည်။ အဖေ တူတော့ မဖြစ်နိုင်။ အမေတူမို့ ချောမောလှပခြင်းဖြစ်ပေမည်။ အရပ်အမောင်း ကလည်း အသက်(၁၆)နှစ်နှင့် မကိုက်ညီသော ကိုယ်ခန္ဓာအချိုးအဆက် ကျနမှု၊ ဖွံ့ဖြိုးသော အဆစ်အပေါက်နှင့် ငါးပေလေးလက်မခန့်ရှိသော အရပ် အမောင်းတို့ က ငေးမောဖွယ်ဖြစ်သည်။

"ကျွန်တော့်သမီးမှာ ကိုယ်ဝန်ရှိနေတယ်"

"အဲဒါ - ဘာလုပ်ရမှာလဲ"

ဦးအောင်ဝင်းက ထိုလူ၏စကားကို မမှုဟန်ဖြင့် မသိကျိုးကျွံပြောသည်။ ညှိုးသည်မှာ မေးကြောကြီးများ ထောင်ထလာသော်လည်း အရှုံးသမားမို့ တိုးနှိမ့်စွာပြောသည်။

"တာဝန်ရှိတဲ့သူအနေနဲ့ တာဝန်ယူဖို့ပါ"

ဦးအောင်ဝင်းက မျက်နှာတစ်ချက်ပျက်သွားသော်လည်း ခပ်တည်တည် ခပ်တင်းတင်း ရင်ဆိုင်သည်။

"ခင်ဗျား - ဘာလာပြောတာလဲ"

ထိုစဉ် အိမ်ဖော်မလေးက အချိုရည်နှင့် မုန့်ကို ယူလာသည်။ ဦးအောင်ဝင်းက လက်ကာပြပြီး ပြန်ယူသွားစေလိုက်သည်။

"ကျွန်တော့်ကို သမီးက အကုန်ပြောပြပါတယ်။ ကျွန်တော် ပြောမထွက်လို့ပါ"

ဦးအောင်ဝင်းက အတိတ်ကို တရိပ်ရိပ် စဉ်းစားကြည့်သည်။ ထိုနေ့က မိုးသည်းထန်စွာ ရွာသည်။ အိမ်ဖော်မလေး နေမကောင်းသဖြင့် မြမဥ္ဇူကို လေးငါးရက်ခန့် အိမ်အကူလုပ်ပေးရန် ခေါ်ထားသည်။ ဇနီးသည်နှင့် မိသားစု ကလည်း ဆွေမျိုးများရှိရာသို့ အလည်သွားသည်။ နှစ်ပတ်ခန့်ကြာမည်ဟု



သိရသည်။ မြမဥ္ဇူက သုံးလေးရက်အထိ ပုံမှန်လုပ်နေကျအတိုင်း လုပ်သည်။ ထူးထူးထွေထွေ မရှိချေ။

ငါးရက်မြောက်နေ့တွင် အဘ ဦးအောင်ဝင်း နေမကောင်းသဖြင့် ဆန်ပြုတ်နှင့် ကြက်ကြော်ပို့ပေးရသည်။ မိုးသည်းနေစဉ် ခြေဆစ်လက်ဆစ် များကိုက်သည်။ နှိပ်ပေးပါဆိုသဖြင့် နှိပ်ပေးရသည်။ ဤသို့နှိပ်ပေးရာမှ မြမဥ္ဇူ လည်း လူစင်စစ်က ကြက်ကြော်ဖြစ်သွားရသည်။

နောက်ပိုင်းတွင် ဦးအောင်ဝင်းက ပါးနပ်စွာ ပြုမူဆက်ဆံရာမှ သုံးလခန့် ကြာသော် အထုပ်အထည်ဖြစ်လာသည်။ ဦးအောင်ဝင်းက ဇနီးသည်မသိမီ ငွေနှစ်သိန်းထုတ်ပေးပြီး မိမိအစီအစဉ်ဖြင့် ရှင်းရန် မှာကြားလွှတ်လိုက်သည်။ အလုပ်မှလည်း ထွက်သွားစေသည်။ ယခုတော့ "သည်အရှုပ်က ဘယ်လိုဖြစ်ပါလိမ့်"။ မည်သို့ဖြစ်ဖြစ်၊ မိမိက ယခုအချိန်တွင် ကင်းရှင်းနေသည်မဟုတ်ပါလား။

"ခင်ဗျား - ဘာတွေလာပြောနေတာလဲ၊ ခင်ဗျားသမီးက ဒီမှာလည်း အလုပ်ထဲက အလုပ်သမားတွေနဲ့ ထိကပါး၊ ရိကပါးနေတာ၊ ကြာရင်ပြဿနာ ဖြစ်မှာစိုးလို့ အလုပ်ထုတ်လိုက်တာ။ အလကား - ဒီမှာပြဿနာရှာနေတယ်၊ ခင်ဗျားပြန်ရင် ကောင်းမယ်"

ဦးအောင်ဝင်းက ခပ်တည်တည် ပစ်ဟောက်လိုက်သည်။ ထိုလူနှင့် အဖက်မတန်ဟန် ထိုင်ရာမှ ထရပ်လိုက်သည်၊ ထိုလူကိုရှောင်ပြီး အိပ်ခန်း အတွင်းသို့ဝင်ရန် ခြေလှမ်းလိုက်သည်။ ထိုလူက ဦးအောင်ဝင်း၏ရှေ့တွင် ပိတ်ရပ်ပြီး စူးစူးဝါးဝါးကြည့်သည်။ ထိုလူ၏မျက်လုံးများက မီးညွှန့်မီးတောက် များ ထလာသည်ဟု ထင်ရသည်။ သူ၏ဆုပ်ထားသော လက်သီးနှစ်ဖက် ကြောင့်လားဟု မသိရချေ။ အသားတွေက တဆတ်ဆတ်တုန်ပြီး ချွေးတွေ စီးကျလာသည်။ ဦးအောင်ဝင်းသည် ထိုသူကိုကြည့်ပြီး တုန်ယင်သလို ဖြစ် လာသည်။ အတန်ကြာမှ ထိုလူက ပြောသည်။

"မိသားစုချင်း၊ သားသမီးချင်း ကိုယ်ချင်းမစာနာတဲ့လူပဲ၊ ကိစ္စမရှိဘူး ကျုပ်က သမီးရှင်ဆိုတော့ အရှုံးပဲ၊ ဖြစ်သမျှ ကျုပ် တာဝန်ယူရမှာပေါ့၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com

လို ယုတ်မာတဲ့လူကတော့ နေ့ကူးတဲ့အထိ အသက်မရှည်သင့်ဘူး။ ကျုပ်စကားကို ခင်ဗျား အသေအချာမှတ်ထား"

ထိုလူက စကားကို တစ်လုံးချင်း အေးဆေးတည်ငြိမ်စွာပြောပြီး လှည့်ထွက်သွားသည်။ မည်သို့မျှ တုန်လှုပ်ခြင်းမရှိဟန်ဖြင့် အေးဆေးစွာ ထွက်ခွာသွားခြင်းဖြစ်လေသည်။

• ● •

ဦးအောင်ဝင်းသည် ထိုလူထွက်ခွာသွားပြီးနောက် ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဦးအောင်ဝင်းက အသေအချာ စဉ်းစားတွေးတောခြင်းမပြုမီ အိမ်ဖော်မလေးကို သတိတရ ခေါ်လိုက်သည်။

"စောစောကလူ ပြန်သွားပြီလား။ စက်ရုံထဲမှာ ရှိသေးလား - သွားကြည့်စမ်း"

အိမ်ဖော်မလေးက ကပျာကယာ ပြေးထွက်သွားသည်။ အချိန်အတန်ကြာသည်အထိ ပြန်ရောက်မလာချေ။ မိနစ်နှစ်ဆယ်ခန့်ကြာမှ ပြန်ရောက်လာပြီး ဦးအောင်ဝင်းကို ပြောသည်။

"စက်ရုံထဲမှာ မရှိဘူး - ဘဘ။ ပြန်သွားပြီလို့ခြံစောင့် ပြောတယ်။ လမ်းမကြီးအတိုင်း လျှောက်သွားတာပဲလို့ ထပ်ပြောသေးတယ်"

"သေချာလား"

"သေချာတယ် - ဘဘ။ ဒီလူထွက်သွားမှ တံခါးပိတ်တယ်လို့ ပြောပါတယ်"

ဦးအောင်ဝင်းက ဘာမျှထပ်မပြောတော့ချေ။ စိတ်အေးသက်သာဟန်ဖြင့် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ နားထဲကမူ ထိုလူပြောသွားသော "ခင်ဗျားလို ယုတ်မာတဲ့လူကတော့ နေ့ကူးတဲ့အထိ အသက်မရှည်သင့်ဘူး" ဟူသောစကားကို ကြားယောင်နေမိသည်။ သို့သော် ဦးအောင်ဝင်းလို့လူစားမျိုးကမူ ဂရုစိုက်ရန်မလိုဟု ထင်ထင်သည်။

• ● •





အချိန်နဲ့အမျှ အရေးကြီးတယ်ကွ။
ငါက ဖခင်၊ အိမ်ထောင်ဦးစီး၊ ငါ့သမီး၊
ငါ့ဇနီး၊ ငါတို့ရဲ့အရှက် ဂုဏ်သိက္ခာက
အချိန်တိုင်း စက္ကန့်တိုင်းမှာ
အရေးကြီးတယ်။ တာဝန်မဲ့ပြီး
သားသမီးချင်း မစာမနာပြောတဲ့
စကား တန်ရာတန်ကြေး ဖြစ်ရမယ်။
လူယုတ်မာကို သူတော်ကောင်း
စိတ်နဲ့ ရင်မဆိုင်ဘူး။
မိုက်မိုက်ရိုင်းရိုင်း ရင်ဆိုင်မယ်။
ဒါက ငါ့ဆုံးဖြတ်ချက်ပဲ။

ဦးအောင်ဝင်းအိမ်မှ ထွက်ခွာလာသူသည် စိတ်ပျက်လက်လျှော့ အားလျှော့ဟန်မပြချေ။ ပုံမှန်ခြေလှမ်းဖြင့် လေးလေးမှန်မှန် သွားလျက်ရှိသည်။ တားအရာ၌ အားလျှော့မာန်ကျဟန်ရှိသော်လည်း လူနေဟန်ထားကမူ စိုးစိမှု အားနွဲ့ပျော့ညံ့ဟန် မရှိချေ။ ပကတိတည်ငြိမ်အေးဆေးစွာရှိသည်။ သူ၏ အမီးအတွက် တစ်စုံတစ်ခုကို လုပ်ဆောင်ရန် ဆုံးဖြတ်ပြီးဟန်ရှိသည်။

လမ်းချိုးတစ်ခုသို့ရောက်လျှင် လူတစ်ယောက်က စောင့်နေသည်။ ထိုလူတာ ဦးအောင်ဝင်းအိမ်တွင် လျှပ်စစ်မီးပြင်ခဲ့သူဖြစ်သည်။ မီးပြင်သူက မဝံ့ခြင်း ပြန်လာသူကို ပြောသည်။

"အစ်ကို - ပြန်လာပြီလား"

ထိုလူက မီးပြင်သူကို မည်သို့မျှမပြော၊ ခေါင်းညိတ်ပြသည်။

"အစ်ကိုက စိတ်လောတာကိုး။ ကျွန်တော် ပြန်ရောက်တဲ့အထိ မစောင့်ဘူး။ ဟိုလူ့အိမ်ထဲ ဝင်သွားနင့်ပြီ။ ဟိုလူကလည်း စိတ်မြန်တယ်ဗျ။ စိတ်မြန်

www.burmeseclassic.com

www.burmeseclassic.com

တာလား၊ အဖက်မတန်တာလား မသိပါဘူးဗျာ။ ကြာကြာမထားဘူး။ အမြန်မြန်နိုင်းတယ်။ ကျွန်တော်တောင် သေသေချာချာ မစစ်ရသေးဘူး"

မီးပြင်သူက စိတ်ပျက်သံဖြင့် ပြောသည်။ မီးပြင်သူက သူ၏ဦးထုပ်ကို ချွတ်လိုက်စဉ် ထွက်လာသူက တည်ငြိမ်စွာပြောသည်။

"ငါက – အဖြေတစ်ခုကို ရှင်းရှင်းသိချင်တယ်။ ပြီးတော့ – မြန်မြန်သိချင်တယ်။ ပြီးတော့ – ငါ ဘာလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်တယ်"

"အစ်ကိုရာ – ဖြည်းဖြည်းပေါ့။ ခေါင်းအေးအေးထားပြီး အဖြေရှာကြည့်တာပေါ့၊ စိတ်လောကြီးရင် အမှားတွေ့တတ်တယ်နော်၊ ဟိုလူက ဘာများပြန်ပြောလဲ"

ခြံထဲမှ ထွက်လာသူက မီးပြင်သူကို စေ့စေ့ကြည့်သည်။ စကားတစ်လုံးမျှမဟဘဲ တင်းတင်းမာမာကြည့်နေသည်ကပင် စိတ်ရောက်ချားစရာကောင်းလှသည်၊ ခေတ္တကြာမှ တစ်လုံးချင်းပြောသည်၊

"အချိန်နဲ့အမျှ အရေးကြီးတယ်ကွ။ ငါက ဖခင်၊ အိမ်ထောင်ဦးစီး၊ ငါ့သမီး ငါ့ဇနီး၊ ငါတို့ရဲ့အရှက် ဂုဏ်သိက္ခာက အချိန်တိုင်း၊ စက္ကန့်တိုင်းမှာ အရေးကြီးတယ်၊ တာဝန်မဲ့ပြီး သားသမီးချင်း မစာမနာပြောတဲ့စကား တန်ရာတန်ကြေးဖြစ်ရမယ်၊ လူယုတ်မာကို သူတော်ကောင်းစိတ်နဲ့ ရင်မဆိုင်ဘူး။ မိုက်မိုက်ရိုင်းရိုင်း ရင်ဆိုင်မယ်၊ ဒါက ငါ့ဆုံးဖြတ်ချက်ပဲ"

မီးပြင်သူက ကယောင်ကတမ်းဖြင့် လက်တွင်းမှ ဦးထုပ်ကို ပြန်ဆောင်းလိုက်သည်၊ ပြောလိုသည့်စကားကို မြန်မြန်ပြောသော်လည်း အသံက တိုးတိတ်ညင်သာသည်၊

"အစ်ကိုတစ်ခုခုလုပ်ရင် ကျွန်တော့်ကိုအသိပေးပါ၊ တောင်းပန်ပါတယ်၊ အစ်ကိုက ဖခင်တော်သလို၊ ကျွန်တော်က ဦးလေးအရင်းပါ၊ ကျွန်တော်တအမိုအခိုကင်းတဲ့သူပါ၊ တွယ်ရာမဲ့ပါ၊ အစ်ကိုလုပ်ချင်တာကို ကျွန်တော် လုပ်ပါ့မယ် – ကတိပေးပါတယ်"

မြမဥ္ဖခင်က မြမဥ္၏ ဦးလေးတော်သူကို အသေအချာကြည့်သည်။ ဘာမျှထပ်မပြောတော့ချေ၊ သူသွားလိုရာသို့ တစိုက်မတ်မတ်ပြန်သွားသည်။ မီးပြင်သူက မြမဥ္၏ဖခင်နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားသည်။

"ပညာပါပါလုပ်ရမယ် – အစ်ကို၊ ပြီးတော့ – အချိန်နည်းနည်းယူရမယ်၊ ခြေစလက်န မကျန်အောင် ကျွန်တော်စီစဉ်မယ်၊ စိတ်ရှည်ပါ"

"ဟင့်အင်း – ဒီလိုလူယုတ်မာကို နေ့ကူးတဲ့အထိ အသက်ရှင်ခွင့်မပေးနိုင်ဘူး။ ဒီအတိုင်း သူ့ကို ငါပြောခဲ့တယ်၊ ဒါက ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ"

ည(၈)နာရီခန့်သာ ရှိသေးသည်၊

မြို့တွင်း လူသွားလူလာက မစဲသေး၊ စည်ကားမြဲစည်ကားဆဲဖြစ်သည်၊ အောင်မေတ္တာဆီစက်မှာ မြို့အစွန်မရောက်တရောက်တွင် ရှိသည်၊ မြို့ဆင်ခြေဖုံးတွင် လူစည်ကားသောကြောင့် ထိုနေရာလည်း အထိုက်အလျောက်စည်ကားလေသည်က မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး အသွားအလာရှိသော်လည်း ခြေကျင်သွားသူက အနည်းငယ်သာရှိသည်၊ ထိုအထဲတွင် လူနှစ်ဦးက စကားတစ်လုံးမျှမပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လှမ်းလျက်ရှိသည်၊

တစ်ဦးက လည်ပင်းတွင် မာဖလာကဲ့သို့ ပိတ်စတစ်ခုကို ပတ်ထားသော်လည်း တစ်ဦးက ဘာမှမပါချေ၊ ပကတိ ရှင်းလင်းပြတ်သားစွာ မြင်ရသည်၊ အသေအချာကြည့်လျှင် တစ်ဦးက မြမဥ္၏ဖခင်ဖြစ်ပြီး တစ်ဦးက မြမဥ္၏ဦးလေးဖြစ်လေသည်၊ သူတို့နှစ်ဦး၌ မည်သည့်ကြံရွယ်ချက်ရှိမှန်း မသိရသော်လည်း ဦးတည်ရာအရပ်ကား ဦးအောင်ဝင်း၏ အောင်မေတ္တာဆီစက်သို့ ဖြစ်လေသည်၊

သူတို့နှစ်ဦးသည် လမ်းချိုးတစ်ခုသို့ ကွေ့လိုက်သည်နှင့် အောင်မေတ္တာဆီစက်ဆီသို့ ဦးတည်ရောက်ရှိသွားသည်၊ ခေတ္တရပ်၍ လမ်းအတိုင်း လှမ်းကြည့်လိုက်သည်၊ ထို့နောက် ပုံမှန်ခြေလှမ်းအတိုင်း တဖြည်းဖြည်း ဆက်လျှောက်ကြသည်၊ အောင်မေတ္တာဆီစက်အနီးသို့ရောက်သောအခါ အထူးအဆန်းတွေ့ရသည်၊ နေ့လယ်ကရှုခင်းနှင့် မတူချေ၊ လူအများ ရှိတ်ရုတ်သဲသဲ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေကြသည်၊ ထူးခြားသည်က လူနာတင်ကားတစ်စီးကို ဆီစက်ရှေ့တွင် တွေ့ရခြင်းဖြစ်သည်။

မြမဥ္စူ၏ဖခင်နှင့် ဦးလေးတို့က အံ့ဩသွားသည်၊ တစ်ဦးနှင့်တစ်ဦး အဓိပ္ပာယ်တစ်မျိုးဖြင့် ကြည့်မိကြသည်၊ ထို့နောက် တိုင်ပင်ညှိနှိုင်းခြင်းမရှိပဲ လူအုပ်ရှိရာသို့ ချဉ်းကပ်သွားသည်၊ လူအများက တစ်ယောက်တစ်ပေါက်ဖြင့် ကြွက်စီကြွက်စီ ဖြစ်နေသည်၊ ရေရေရာရာ သေသေချာချာ ဖြေမည့်သူတစ်ဦး ကို ရွေးချယ်ပြီး မေးရသည်၊

"ဘာဖြစ်တာလဲဗျ"

"ဓာတ်လိုက်တာလေ"

"ဘယ်သူများပါလိမ့်"

"ဆီစက်သူဌေး ဦးအောင်ဝင်းလေ၊ မီးသွေးတုံးဖြစ်သွားတာပဲ"

မြမဥ္စူ၏ဖခင်က သူ၏ပါးစပ်ကို အံ့ဩတကြီး အသံထွက်မလာမီ လက်ဖြင့် ပိတ်လိုက်သည်၊ မြမဥ္စူ၏ဦးလေးကမူ စိတ်ပါဝင်စားဟန်ဖြင့် ဆက်မေး သည်၊

"ဘယ်လိုများဖြစ်ရတာလဲဗျာ၊ စိတ်မကောင်းစရာပဲ"

"ဒီလူက ထရန်စဖော်မာကနေ လျှပ်စစ်မီးခိုးသွယ်တယ်လေ၊ မြေအောက် ကြိုးကို ကွန်ကရစ်ပိုက်ထဲထည့်ပြီး မြေကြီးထဲမြှုပ်၊ ခိုးသွယ်ထားတာပေါ့၊ ညနေ ပိုင်းမှာ မိုးက သဲသဲမဲမဲရွာတယ်၊ ဆီသယ်တဲ့ကားက ကွန်ကရစ်ပိုက်ကို ကြိတ်မိ ပြီး ပိုက်ကွဲသွားတယ်၊ မြေအောက်ဆိုတော့ သေသေချာချာ မတွေ့ရဘူး။ မီးကြိုးကလည်း ကွန်ကရစ်နဲ့ထိုးမိလား၊ အစက ပေါက်နေလားမသိဘူး၊ ပေါက် နေတယ်၊ ဦးအောင်ဝင်းက ည(၃)နာရီလောက် မှောင်ရိုက်ိုးတဝါးနဲ့ အိမ်ထဲက နေပြီး ဆီစက်ကို လာတယ်၊ အဲဒီပိုက်အပေါက်နေရာကို နင်းမိတော့ ထရန်စဖော်မာကလာတဲ့မီးကြိုးဗျာ၊ မီးသွေးတုံးဖြစ်သွားတာပေါ့၊ မည်းသည်း နေတာပဲ၊ မတတ်နိုင်ဘူးလေ - သူ့ရဲ့ကုသိုလ်ပဲ၊ ကြံကြံဖန်ဖန်ဗျာ"

မြမဥ္စူ၏ဖခင်နှင့် ဦးလေးတို့က လက်တို့ပြီး ထွက်လာကြသည်၊ ထိုစဉ် လူနာတင်ကားဆီသို့ သယ်လာသောလူနာကို အရျားနည်းတူ တိုးဝေ့ကြည့်

လိုက်ရသည်၊ အမှန်တကယ် ဦးအောင်ဝင်း ဖြစ်လေသည်၊ လူသေကောင် မီးလောင်ဒဏ်နှံ့ပင် မပျောက်သေးချေ၊

မြမဥ္စူ၏ဖခင်နှင့် ဦးလေးတို့က လာလမ်းသို့ လှည့်ပြန်လာကြသည်၊ ထုတ်ဖော်မပြောကြသော်လည်း နှစ်ဦးစလုံးက ကျေနပ်အားရကြဟန်တူ သည်၊ ထိုစဉ် အနီးမှ ဖြတ်သွားသော လူနှစ်ဦးအနက် တစ်ဦးက သူ၏အယူ အဆကို သုံးသပ်သည်၊

"ဒီလူက ချမ်းသာပေမယ့် ခိုးစားတာ ဝါသနာပါပုံရတယ်ဗျ၊ အခြားကိစ္စ တော့ မသိဘူး၊ ဒီကိစ္စကတော့ သေတာတောင် အမှုတန်းလန်းနဲ့ ဖြေရှင်းရ ဦးမယ့်ပုံပဲနော်"

• ● •

မြမဥ္စူ၏ဖခင်သည် လမ်းချိုးသို့အရောက်တွင် လုံချည်ကိုပြင်ဝတ်လိုက် သည်၊ ခါးပုံစမှ တစ်စုံတစ်ခုကို ထုတ်ပြီး ညီဖြစ်သူ မြမဥ္စူ၏ဦးလေးတော်သူ သို့ ကမ်းပေးလိုက်သည်၊ ဦးလေးတော်သူက အမှတ်တမဲ့လှမ်းယူပြီး တောင် ကြည့်လိုက်သည်၊ မီးရောင်ကြောင့် လက်စနဲ့ အရောင်ထွက်လာသည်၊

အသွားရှစ်လက်မခန့်ရှိသော စတီးလ်ဓားမြှောင်တစ်ချောင်း ဖြစ်လေ သည်၊ မြမဥ္စူ၏ဦးလေးက မထူးဆန်းသလိုအကြည့်ဖြင့် ကြည့်သည်၊ မြမဥ္စူ ၏ဖခင်က ခပ်ပြုံးပြုံးပြောသည်၊

"တို့သုံးဖို့မလိုတဲ့ပစ္စည်းဖြစ်သွားပြီ၊ လွှင့်ပစ်လိုက်ပေတော့ - ငါ့ညီရေ"

→ နေမွှား

www.burmeseclassic.com

www.burmeseclassic.com



အမေ့ချိုင် ဥဩာပုဗ္ဗဦး
ပြိုဝေရာတွင် ကောသာ ဇေါသ
မောဟများပြင့် ဂူပ်တွေ
ပူပီလုသော မိသားစု
ကြီးသမှာကြိုးအကြီးတွင်
သက်တွေ ဆုံးရုံးပြီး
နက်ဆုံးတွင် ..

# နန္ဒသူ

## မျက်ရည်ဝဲဝဲ ချစ်သဲငယ်ငယ်

**သေံဖြူ**သည် သူ၏နမငယ် အိုချစ်ဖွယ်ကို လုံးဝမကျေနပ်သည့် မျက်နှာထားနှင့်ကြည့်ရင်း အသံခပ်မာမာဖြင့် ပြောသည်။

"ဒီမှာ မယ်မင်း - မြေခင်အတွက်တာကို ဘာမှဆင်ခြင်နေစရာမလိုဘူး။ သင်းဟာဖြူသည့်မည်းသည်လဲ ဝါတို့မသိ။ ဘောက်မဲ့ကြောင့် ကိုယ့်ဥစ္စာကို ဝေခြမ်းပေးရမှာလဲ။ နေရဟန်ပြည်ဟာ ဝေးလှပါတယ် - မယ်မင်း။ ဒီဒါန လောက်နဲ့ အရောက်မတန်သေးပါဘူး"

သေံဖြူ၏စကားကြောင့် အိုချစ်ဖွယ်သည် ဆတ်ဆတ်ခါသွားသည်။

"မောင်ကြီး - တရားမဲ့စကားကို ဆိုလှချည်ကလား။ လွန်သွားပြီဖြစ်တဲ့ အဖမျက်နှာကိုလည်း ထောက်ရှုစနာပါဦးလေ"



www.burmeseclassic.com

www.burmeseclassic.com

"အော် – အဖမျက်နှာသာ ထောက်ရှုချင် ထောက်ရှုပါ။ ငါတို့ တယ်မသိ၊ ဒင်းကလည်း မသိပါဘဲလျက် ငါတို့အပေါ်မှာ စိတ်နာကြည်းနေသသူ မြင်ခင်ရဲ့မျက်နှာကို ထောက်ရှုစရာ အခင်းမပေါ်ဘူးမှတ်တယ်"

"မောင်ကြီး – မိဘစကားကို နာတယ်ဆိုတာ မျက်မှောက်မျက်ကွယ် နှစ်ဌာနစလုံးမှာ ပြုကျင့်ရမှာပါ။ မျက်မှောက်မှာ ဝန်ယူပြီး မျက်ကွယ်မှာ ပလေပစာကျင့်ဖို့ဆိုတာဟာ မိချစ်ဖွယ်လို မိန်းမသားတောင် မကြံဝံ့ပါ။ မောင်ကြီးသာ ယောက်ျားတန်မဲ့ကျင့်ရင် မောင်ကြီးဟာ ယောက်ျားပေါက်ပန်းဖြစ်မှာပဲ"

အိုချစ်ဖွယ်၏အသံတွင် မခံချင်သည့်ဖော ကပ်နေသော်လည်း ဒေါသကား အလျှဉ်းမပါချေ။ ဝမ်းနည်းခြင်းကသာ အရင်းခံနေကြောင်းကို ကျလှာလေသော မျက်ရည်ပေါက်များက သက်သေခံနေသည်။ သူ့အာရုံထဲတွင်လည်း သေကောင်ပေါင်းလဲဖြစ်နေသော ဖခင်ကြီးကို တရေးရေး မြင်လာမိသည်။ ဖခင်ကြီးဖြစ်သူ ပျားရည်ကုန်သည်ကြီး ဦးပြည့်စွာသည် ကိုးလဆယ်လခန့် နာမကျန်းဖြစ်ရာက သေခါနီးညဥ့်တွင် သားနှင့်သမီးတို့ကို အပြည့်အစုံမှာကြားသွား၏။ ဖခင်၏လှုယုံတော်ကြီး ဦးမနောပင်လျှင် သက်သေအရာ၌ တည်နေခဲ့သည်။

"ချစ်သား ချစ်သမီးတို့ – အဖဟာ ဒီတောင်က မကျော်တော့ဘူးဆိုတာကို အဖ သိတယ်။ ဝမ်းမနည်းကြလင့်၊ အသက်ရှင်ခြင်းရဲ့အစဟာ သေခြင်းအဆုံး ရှိတယ်။ ဘုရားဟောစကား မှားတယ်မရှိရိုးကွဲ့။ မွေးခြင်းအစ သေခြင်းအဆုံးက ကမ္ဘာတ်ဖုံးရာမှာ အယူလည်းကောင်းရမယ်၊ အမှုလည်းမကောင်းစေရဘူး။ အဖ ပျက်ယွင်းခဲ့တာတွေ ဖြောင့်စင်းအောင် ပြုချင်တယ်။ ရောင်းတာဝယ်တာနဲ့ ပုဂံနေပြည်တော်ကြီးကို အဖ မကြာမကြာ ရောက်ရာမှာ ဝက်ကြီးအင်းဘက်က လုံမတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ဖူးတယ်။ သူနဲ့ သားတစ်ယောက် ထွန်းကားခဲ့ရာမှာ လုံမက စိတ်နာပြီး အဖကို ရှောင်တိမ်းနေခဲ့တယ်။ အခုဆိုရင် ဒီသားဟာ သေံဖြူထက် ငယ်မယ်။ မိချစ်ဖွယ်ထက်တော့ကြီးမယ်။ နှစ်ဆယ့်တစ်နှစ်၊ နှစ်ဆယ့်နှစ်နှစ်လောက် ရှိပြီပေါ့"

ဤသို့ အစချီ၍ ဦးပြည့်စွာသည် ပုဂံရောက်တိုင်း မယားအငယ်နှင့် သားတို့ခြေရာကို ခံခဲ့သော်လည်း လူချင်းမဆက်စပ်မိခဲ့။ ပုဂံနေပြည်တော်နှင့် ဤဖက်မည်ိုးရွာတို့မှာ နွားလှည်းခရီးဖြင့် အသွားအပြန် ငါးရက်တာမျှ ကွာဝေးသည်။

နောက်ဆုံးအခေါက်တွင်ကား သားဖြစ်သူ မြင်ခင်ကို ခြေရာကောက်မိခဲ့၏။

မြင်ခင်ကား အမတ်ကြီးရန္တသူ၏ စာချီကလေးဖြစ်နေသည်။ ဦးပြည့်စွာသည် မြင်ခင်နှင့် တွေ့ဆုံခဲ့၏။ မြင်ခင်၏မိခင်မှာ ကွယ်လွန်ခဲ့လေပြီ။ သို့သော် မြင်ခင်သည် သူ့အဖြစ်သူ ကောင်းစွာသိ၏။ အမည်မဖော်ဝံ့၍ မဖော်နိုင်သော်လည်း သူ့ဖခင်သည် ဖက်မည်ိုးရွာကြီးမှ ပျားရည်ကုန်သည်ကြီး ဦးပြည့်စွာဖြစ်ကြောင်းကို သိသည်။ မိမိမှာ ဦးပြည့်စွာ၏ မထင်မရှားမှ မယားမှ ဖွားသည့်သားမှန်းလည်း သိသည်။ ယခင်ကမူ ဦးပြည့်စွာတွင် သားတစ်ဦး သေံဖြူရှိကြောင်းကို မိခင်မှတစ်ဆင့် သိခဲ့၏။ ယခု ဦးပြည့်စွာနှင့်တွေ့မှ သမီး အိုချစ်ဖွယ် ရှိသေးကြောင်းလည်း သိသည်။

ဦးပြည့်စွာသည် သေံဖြူတို့၏မိခင် ရှိနေသေး၍ ယခင်က မြင်ခင်၏ မိခင်ကို ထင်ထင်ရှားရှား မယူထားဝံ့ခဲ့ကြောင်း၊ အိုချစ်ဖွယ်မျက်နှာမြင်ပြီး မိခင်ကွယ်လွန်သောအခါ ဦးပြည့်စွာသည် မြင်ခင်၏မိခင်ကို အထင်အရှား ယူဖို့ လိုက်ရှာသေးကြောင်း၊ သို့သော် မြင်ခင်၏မိခင်သည် မိမိကို နာကြည်းစွာ ဖဲကျဉ်သွားသဖြင့် ခြေရာပျောက်ခဲ့ရကြောင်းများကို ပြောပြပါ၏။

သို့သော် မြင်ခင်ကား မိခင်၏စကားဖြင့် နားပြည့်နေသူဖြစ်သည်။ ဦးပြည့်စွာကို ဖခင်အဖြစ် အေးစက်စက်နှင့် လက်ခံပါသော်လည်း ဦးပြည့်စွာကြောင့် မိမိ၏မိခင်မှာ ကမ့်ဘွဲ့ကို ယူထားရခဲ့ရသဖြင့် နာကြည်းလှသည်။ ထို့ကြောင့် မိမိကို အမွေပြတ်သား သဘောထား၍ နောင်ကိုလည်း မတွေ့တော့ပါရန် ခါးခါးသီးသီး ပြောလွှတ်သည်။

(ကမ့်ဟူသည်မှာ ပုဂံခေတ်တွင် မုဆိုးမများ၏အမည်ရှေ့တွင် တပ်ရသည်။ မြင်ခင်က မိမိ၏မိခင်မှာ မုဆိုးမမဟုတ်ပါဘဲလျက် လင်ကောင်မဖော်ဝံ့၍ မုဆိုးမအဖြစ်နှင့်သာ လူသိခံဝံ့ခဲ့ကြောင်း ပြောလိုခြင်းဖြစ်ပေ၏။)



www.burmeseclassic.com

www.burmeseclassic.com

ရှင်းရှင်းဆိုရလျှင် ဦးပြည့်စွာကသာ မြေင်ခင်ကိုသားအဖြစ် အသိအမှတ်ပြုသော်လည်း မြင်ခင်ကိုယ်၌ကမူ ဦးပြည့်စွာကို ဖခင်အဖြစ် အသိအမှတ်မပြုခြင်းပင်ဖြစ်ပေ၏။

သေံမြှုသည် တံတွေးကို ထွီခနဲ တစ်ချက်တွေးလိုက်၏။

"ခင်းအမိဟာ သူ့ဘာသာသူ ကမ့်ဒိုစံဖြစ်တာ ငါတို့နဲ့ ဘာများအပတ်အသက်ရှိရမှာလဲ၊ ဒါလောက်နာကြည်းသသူဟာ အမွေနဲ့ မတန်ရာပါဘူး၊ မယ်မင်းရယ်၊ သူမှာအမိလည်းမရှိတော့ အဖလည်းမရှိတော့လို့ အဖကိုပြောလွှတ်ပြီးမင့်ဟာ၊ ကိစ္စဒီတွင် တုန်းကရောပေါ့၊ သူ့တွက်တာ ဆင်ခြင်စရာမလိုပါ - မယ်မင်း"

"တရားလမ်းကြောင်းကို မြင်နေလျက်နဲ့တော့ အဘေးအဘိက ဆင်းပြီး မလျှောက်နိုင်ပါ - မောင်ကြီး၊ တန်တော့ - မောင်ကြီးဟာ ဥစ္စာမက်မောလွန်းတယ်"

သေံမြှုသည် နှုတ်ခမ်းကို ကိုက်လိုက်မိ၏။ မက်မည်ဆိုကလည်း မက်စရာပါ၊ ဦးပြည့်စွာ၏နှုတ်မှ ဖွင့်ဟချက်အတိုင်းသာဆိုလျှင် ဤနစ်ထပ်အိမ်ကြီး၏အောက်ထပ်မြေတိုက်ခန်းထဲတွင် ရွှေခွက်နစ်ဆယ်ရှိ၏၊ ငွေအိုးအလုံးငါးဆယ် ရှိသည်၊ ထို့ပြင် ရတနာတံတင်းထဲတွင် ပတ္တမြားလက်စွပ်များ၊ မြလက်စွပ်များ၊ နဝရတ်လက်စွပ်များ၊ ဤမျှမကသေး၊ အကွင်းလွှတ်ကျောက်သံပတ္တမြားတွေ ရှိသေး၏၊ ထိုမြေတိုက်ခန်းကို သော့ပနောက်လေးချက်ခတ်ထားပြီး သံကောက်(သော့တံ) နစ်ချောင်းကို သားနှင့်သမီးကို ခွဲပေးခဲ့၏၊ နစ်ဦးသား မျက်နာစုံညီမှ ဖွင့်ရန်ဖြစ်သည်၊

သို့သော် ဦးပြည့်စွာ၏အမှာတွင် သူ၏သားတစ်ဦးဖြစ်သူ မြေင်ခင်ကိုလည်း အညီအမျှ ခွဲဝေပေးပါဟု မှာကြားသွား၏၊

ဤသည်ကို သေံမြှုက မလိုက်နာလို၊ မြင်ခင်မပါဘဲ မောင်နှမနစ်ဦးထဲသာ ခွဲဝေလို၏၊ အိုချစ်ဖွယ်ကား တရားစောင့်သူဖြစ်သည်၊ ဖခင်၏စကားကိုလည်း နားစိုက်၏၊ မိမိကတိကိုလည်း လေးစားသည်၊ ထို့ကြောင့် မြင်ခင်ပါ ခေါ်၍ သုံးစု အညီအမျှ ဝေချင်သည်၊



သေံမြှုသည် စိတ်ကိုလျှော့လိုက်ပုံနှင့် ကိုက်ထားသော အောက်နှုတ်ခမ်းကို ဖြေလျှော့လိုက်သည်၊

"နေစမ်း - မယ်မင်း - ခင်းကို ဘယ်လိုခေါ်မလဲ"

"မပူလင့် - မောင်ကြီး၊ မိချစ်ဖွယ် မြှုလုပ်ပြီးပြီ၊ ယခုနေ့ ဓရိးထွက်သွားတဲ့ လူကြုံနဲ့ သဝဏ်ပါးလိုက်ပြီ၊ အမတော်ကြီး ရန္တသူရဲ့စရို၊ ကိုရင်မြင်ခင်ဆိုရင် ပုဂံမှာ အရှာရမခဲလှဘူးထင်ပါ့"

"ဟင်"

သေံမြှုသည် အံ့အားသင့်လွန်းသဖြင့် ပါးစပ်များပင် ဟသွားမိတော့၏၊

"ဟောဗျ - မြင်ခင်ကို အမှာတောင် ထည့်လိုက်ပြီတဲ့လား"

တောန်းရှူးသည် အံ့အားသင့်လွန်းသဖြင့် ကြားရချက်ကိုပင် မယုံသလို ပြန်၍မေးမိသည်၊ သေံမြှုသည် တောန်းရှူးကို ခပ်ပြုံးပြုံးကြည့်၍ -

"ဩဩ - လုလင်ကျော်မင်း - မိချစ်ဖွယ်လုပ်ပုံ ပြောမကောင်းပါတော့ဘူး"

ဟု အငေါ့ဖြင့် ရှိသေသလိုလုပ်ကာ ထပ်၍ပြောသည်၊

တောန်းရှူးသည် ငိုင်ကျသွားလေ၏၊

အိုချစ်ဖွယ်ကား မိမိနှင့် ရည်ငံနေသည့်ချစ်သူပင် ဖြစ်သည်၊ သို့သော် မြေင်ခင်ကိုမှာကြားသည့်ကိစ္စတွင်ကား မိမိကို ဘာတစ်ခုမျှ တိုင်ပင်ခြင်းမရှိ၊ အသိပေးခြင်းမရှိ၊ ဤအဖြစ်ကို ယခုကဲ့သို့ အပေါင်းအသင်းတွေကြားထဲတွင် ဘွားဘွားကြီး ပေါ်ပေါက်လာသောအခါ ရှက်စနိုးပင် ခံစားမိရသည်၊ ဦးသံခဲ၏ သေတင်းကုပ် (အရက်ဆိုင်) တွင် စုဝေးစကားပြောနေကြသော ငနောင်၊ သေန်မြန်၊ ထေန်းနှင့် တေလည်တို့မှာ တောန်းရှူးကဲ့သို့ပင် ဖက်မည်းရှာကလန်ကြီး ဦးလှိုင်သင်း၏ လုလင်ကျော်များ ဖြစ်ကြ၏၊ ထို့ကြောင့် သူတို့မှာ [illegible] လွယ်ကိုယ်စီနှင့်ဖြစ်ကြသည်၊ ကလန်ကြီးက ပေးသနားထားသော ရှင်ကြမ်းရင်စေ့အကျီတို့တွေနှင့် ဖြစ်ကြ၏၊

www.burmeseclassic.com

www.burmeseclassic.com

တကာယ်ဆိုတော့ သော်ဖြူသည် ကြေးရတတ်၏သားပီပီ အလုပ်အကိုင် မည်မည်ရရ မရှိ၊ ရွာထဲမှ မိန်းမပျိုတွေကိုသာ ကြံစည်နေသည်၊ ကြွေအန် ကစားသည်၊ ထန်းရည်သောက်သည်၊ သို့သော် အားကိုးစရာအဖြစ် လုလင် ကျော်အချို့ကို ပေါင်းသင်းထား၏၊ နှမဖြစ်သူ အိုချစ်ဖွယ်သည် လုလင်ကျော် တေန်းရှုးနှင့် ရည်ငံနေသည်ကိုပင် ကျေနပ်နေသူဖြစ်၏၊

"ဘောက်မဲ့ကြောင့်များ မြေင်ခင်ကို မမြင်ဦးမီက ခင်ချင်နေရတာပါလိမ့် နော်"

တေန်းရှုးက နားမလည်သလိုနှင့် ပြောသည်၊

"မမြင်ဦးမီကလည်း မခင်စေချင်ဘူး၊ မြင်ပြီးမှလည်း မခင်စေချင်ဘူး၊ ဒီတော့ - အတို့ကျွန်တို့လုပ်ရမယ့်အငန်းက ဒီမြေင်ခင်ကို ရွာထဲမဝင်နိုင် အောင်ရင်လည်း ဖြစ်ရမယ်၊ အနို့မှမဟုတ်ရင်လည်း မိချစ်ဖွယ်ကို မဆက်ဆံ မိအောင် ဖြစ်ရမယ်"

သော်ဖြူက ဤသို့ပြောလိုက်သောအခါတွင် တေန်းရှုး၏ ရောင်းရင်း တစ်ဦးဖြစ်သော တေလည်က -

"ပုဂံကို စကားထည့်လိုက်လို့ ပုဂံက ညေ့ဟာ ဒီရောက်ဖို့ဆိုရင် လေးငါး ရက်ကြာမယ်၊ ဒီတော့ - ရွာမရောက်ခင် လောကထိပ်ပန်ဘုရားကုန်းခြေရင်း က ဆီးကြိုစောင့်ကြပြီး မြေင်ခင်လာရင် သုတ်သင်ပစ်ကြစို့"

ဟု ခပ်ပြတ်ပြတ်ပင် ပြောချလိုက်၏၊ ထိုအခါ ငထန်းက မကျေနပ်သလို ဖြစ်သွားသည်၊

"ငံ့စမ်းပါဦး - တေလည်ရယ်၊ မြေင်ခင်ကို ဘယ်သူကမှ မမြင်ဘူးတာ၊ သင်းလာတော့ ဘယ်လိုသိမှာတဲ့တုံး၊ ဘွဲ့လဲမှ မဟုတ်တာ၊ နဖူးမှာ အမည် နာမကို စည်းလာမယ်တဲ့လား"

"ဟဲ့ - တစ်ရွာသားဆိုတာ လူတွေ့ရင် မေးလိမ့်မပေါ့၊ သူ့စကားအထွက် ကို တေခံရှုရင် သင်းဘယ်သူဆိုတာ သိလွယ်ပါတယ်ကွယ်"

တေလည်၏စကားမှာ မှန်သလိုလိုရှိသဖြင့် ငထန်းမှာ ငြိမ်၍ စကားကို မဆက်တော့ဘဲ အတွေးကိုသာ ဆက်နေသည်၊

သေန်မြန်က လှုပ်လှုပ်ရှားရှားဖြစ်သွား၏၊



"ဒါဖြင့်ရင် - ခရီးသည်တွေ မထွက်တတ်တဲ့ညနေစောင်းအချိန်တိုင်း လောကထိပ်ပန်ကုန်းခြေရင်းက စောင့်ကြတာပေါ့၊ ငါတို့က လုလင်ကျော် တွေပဲဟာ၊ ပုဂံစစ်သည်လည်း မဟုတ်နဲ့ လူသာမန်တော့ ဓားရေးကို ဟော သည်လို ဟောသည်လို ငင်လိုက်ရင် သင်းအသက် ခြေမက ထွက်ရမယ်"

စကားပြောရင်းကပင် သေန်မြန်သည် လက်ညှိုးကလေးကို ထောင်၍ ဓားခုတ်သလို ဟိုယိမ်းသည်ယိမ်း လိုက်ပြသည်၊

ထိုအခါ သော်ဖြူသည် ကျေနပ်သလိုနှင့် ပြုံးပြီးပြောသည်၊

"မြေင်ခင်ဟာအမတ်ကြီးရန္တသူရဲ့စာရှိပါတဲ့ကွယ်၊ ကညစ်ဘဲ ကိုင်တတ် ရှာမှာပါ"

ရယ်ရယ်မောမောနှင့် ပြောဆိုပြီးသော် သော်ဖြူသည် သေဘိုးကျသင့်ငွေ များကို အားလုံးအတွက် ပေးရှင်းကာ နှုတ်ဆက်၍ ထွက်ခွာသွားတော့ သည်၊

ငထန်းသည် သော်ဖြူကို မျက်စိတစ်ဆုံးကြည့်နေပြီးမှ -

"တစ်လုတ်စားဖူး ကျေးဇူးမဆုံး တင်တယ်တဲ့၊ ကိုရင်သံဖြူဟာ ငါတို့ အပေါ်မှာ အင်မတန်ကောင်းတဲ့လူကွဲ့၊ သည်အရေးမှာ ငါတို့ကူညီရိုင်းပင်း ကြရမယ်"

ဟု ပြောသည်တွင် တေန်းရှုးသည် ငိုနေရာမှ တစ်ခွန်းရှင်း ဝင်ပြော၏၊

"သစ္စာစကားကို သာ ဆိုရရင်တော့ ငါချစ်တာဟာ အနိမ့်ပိုင်းက အိုမလွှယ်ကို ချစ်တာပါ၊ သို့ပြားလည်း အိုချစ်ဖွယ်က ငွေကြေးကုံထံတယ် မဟုတ်လား၊ ဒါကြောင့်ဘဲ အိုချစ်ဖွယ်ကို မေတ္တာမျှနေရတာ"

တေလည်က ဦးခေါင်းကို ညိတ်ရင်း ထောက်ခံ၏၊

"ဟုတ်တာပ - ကိုရင်က အန်ကြွေးထူတယ်မဟုတ်လား၊ အလောင်း အစားမှန်ငွေကို တံစယ်စဥ့်အိုးကြီးတွေ ရာဝင်နဲ့ လှောင်နိုင်မှ တော်ရုံကျတာ ဟလား၊ ကျုပ်တို့ သိပြီးသားပါ၊ ကိုရင်ပါးစပ်ဟာရင် အူမကို မြင်ပြီးသားပါ၊ ဓားကုန်သည်ကြီး ဦးပြည့်စွာရဲ့ဥစ္စာကို နစ်စုသာ ဝက်ရမယ်၊ သုံးစုမဝက်ရ စေဘူး၊ ဒီတော့ကာ ..."

www.burmeseclassic.com

လောကထိပ်ပန်စေတီတော်ကလေးမှာ ကုန်းမြင့်ကလေးပေါ်တွင်ဖြစ်နေ၍ အာရုံခံတန်ဆောင်းကို ကျော်လွန်၍ ထွက်ပေါ်နေသောထီးတော်မှာ ဝင်ခါနီးနေရောင်ဖြင့် တဝင်းဝင်းလက်နေသည်။

အာရုံခံတန်ဆောင်းဆီမှ အုတ်လှေကားကလေးသည် ကုန်းကို ဆင်းသွားလေရာ လူသွားလမ်းစပ်နားအထိ ရောက်၏။ ကုန်း၏ခြေရင်း လူသွားလမ်းအစပ်တွင်လား - ဝေတန်းရှူး၊ ငနောင်နှင့် သေန်မြန်တို့သည် ပုဆိုးကိုအောက်ပိုးကျိုက်၍အကျီချွတ်များနှင့်မြက်များ၊ သစ်ပင်ငယ်များကိုရှင်းလင်းနေသယောင် ပြုနေကြသည်၊ သို့ရာတွင် မြင်တတ်သူများအတွက်ကား သူတို့ကိုင်ထားသည်မှာ မြက်ခုတ်ဓားများမဟုတ်ဘဲ တိုက်ပွဲဝင်ဓားများဖြစ်ကြောင်း သိနိုင်၏။

သူတို့သည် ဤသို့လာရောက်၍စောင့်နေကြသည်မှာ ယနေ့ပါဆိုလျှင် သုံးရက်မြောက်နေပြီဖြစ်၏။

လမ်း၏တစ်ဖက် ကိုက်ငါးရာခန့်တွင် ချုံနွယ်ပိတ်ပေါင်းများဖြင့် ဝန်းရံလျက်ရှိသည့် အိမ်ပျက်ကြီးတစ်ဆောင်ရှိသည်၊ ထိုခေတ်က ကုလားတိုက်တုခေါ်သော အုတ်တိုက်ပောင်းကြီး ဖြစ်သည်။

လမ်းအတိုင်းလျှောက်သွားလျှင် ဖက်ဆွတ်အိုင်ကြီးကိုဖြတ်ကျော်ပြီးမှ ရွာသို့ ရောက်နိုင်၏။

သို့ဖြစ်ရာ ဤနေရာကလေးမှာ ရွာနှင့် အတော်ကလေး အလှမ်းကွာသည်၊ ဤနေရာတွင် တိုက်ပွဲဖြစ်လျှင် ရွာက လူများ ရုတ်တရက်မသိနိုင်၊ ညနေစောင်းနေပြီဖြစ်သောကြောင့်လည်း ခရီးသွားတွေသာ ရှိတော့မည်၊ ခရီးသွားများဆိုရာတွင်လည်း ရွာကအထွက်သမား မရှိသလောက်ရှား၍ ရွာအဝင်ခရီးသည်သာ ရှိနိုင်သည်၊ ဤအချိန်မျိုးတွင် ပုဂံနေပြည်တော်ဘက်မှ ခရီးသည်များ ရောက်တတ်သောအချိန်ဖြစ်၏။

သို့သော် လှည်းသံ၊ မြင်းခွာသံများကိုလည်းကောင်း လူ၏ခြေသံကိုလည်းကောင်း မကြားရသဖြင့် စောင့်ရသည်မှာ စိတ်ပျက်စရာပင် ကောင်းလာသည်။



ငနောင်သည် ကုန်းကုန်းကွကွလုပ်ပြီး ဓားဦးဖြင့် မြိန်းမြက်ကလေးထိပ်များကို ခုတ်လိုက်၊ ဖက်ယားရွက်တို ခုတ်လိုက်နှင့် လုပ်နေရာက ခါးကို မတ်လိုက်သည်၊ ပြီးတော့ - လမ်းတစ်ဖက် ခပ်လှမ်းလှမ်းမှ အိမ်ပျက်ကြီးကို ငေးကြည့်ကာ ကြက်သီးထသလို ကိုယ်ကို ခါလိုက်၏။

"လူလူချင်း ယှဉ်ရရင် မိုးအောက်မြေပြင်မှာ ကြောက်ရမယ့်သူ မထင်ဘူး။ အနို့ပေမဲ့ - ဟောဟို အိမ်ပျက်ကြီးထဲတော့ တစ်ယောက်ထဲ ညမအိပ်ဝံ့ချင်ဘူး"

သေန်မြန်ကလည်း အိမ်ပျက်ကြီးဘက်သို့ မျှော်ကြည့်သည်၊

"တလေကချေစကားတွေ မဆိုစမ်းနဲ့ - ငနောင်ရယ်၊ ဓားပါရင် တစ္ဆေမဆိုထားနဲ့ နဂါးတွေ ဘီလူးတွေကိုတောင် ငါတို့ ယှဉ်ရဲပါတယ်"

ငနောင်ကြောက်မည်ဆိုကလည်းကြောက်စရာပါ၊ ထိုအိမ်ကြီးပိုင်ရှင်မှာ လောကထိပ်ပန်ဘုရားဒကာ ဖြစ်၏၊ စီးပွားပျက်သွားရာက အိမ်သားလေးယောက်မှာ သရောကြီးနိုင်း (ဝမ်းရောဂါတွေဖြစ်ပွား) စဉ်က ဆုံးပါးလေရာ ဘုရားဒကာကြီးကိုယ်တိုင်လည်း ဆွဲကြိုးချ၍ သေသွားခဲ့၏၊ ဖက်မည်ိုးရွာထဲမှ တူတော်သူတစ်ဦးသာ ချွေစဉ်ကျန်ခဲ့ရာမှ ထိုတူကလည်း ပစ္စည်းများယူငင်ပြောင်းရွှေ့ပြီး အိမ်ကြီးကို ပစ်ထားရစ်ခဲ့သည်ဟု စကားစဉ်ဆက် ပြောရိုးရှိသည်၊ ထိုအိမ်ကြီးကို လူကြောက်များသဖြင့် ချုံနွယ်များ ပို၍ပိတ်ဆို့ကာ အပျက်အစီးမှာလည်း ဖြစ်သင့်သည်ထက် ပို၍မြန်နေတော့သည်၊

ထိုအခိုက် ငတေန်းရှူးသည် အသံကို တိုးတိုးဖြင့် ခပ်သုတ်သုတ်ပြော၏၊

"ရောင်းရင်းတို့ - သတိရှိကြစမ်း၊ ဟိုမှာ ခရီးသည်တစ်စု"

ခရီးသည် လေးငါးယောက်သည် ရွာဘက်သို့သွားရန် လမ်းမှ လျှောက်လာကြ၏၊ များသောအားဖြင့် လှည်းများမှာ ဖက်မည်ိုးရွာအတွက် ခရီးသည်များကို လမ်းခွဲတွင် ထားရစ်၍ ကျေးတစ်ရာရွာဘက်သို့ ခရီးဆက်တတ်ကြသည်ဖြစ်ရာ ဖက်မည်ိုးသို့လာသော ခရီးသည်များမှာ လှည်းစီးလုံးမဟုတ်လျှင်သော်လည်းကောင်း၊ မြင်းစီးမဟုတ်လျှင်သော်လည်းကောင်း ဤသို့ပင် ခြေကျင်လျှောက်ကြရသည်ချည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ျာဘက်ယွန်းယွန်းမှ ထိုးဝင်လာသော ငနောင်၏ဓားဦးကို ခါးသွဲ့၍ ရှေ့သို့ တိမ်းဝင်ပြီး လက်ျာလက်မှဓားဖြင့် တင်ပါးအလွန်မှ ဖြတ်ကာ ခုတ်ချလိုက်ရာ ငနောင်၏ လက်ဖျံကို ဓားထိ၏။ ချက်ချင်းပင် မြင်ခင်သည် ရှေ့သို့ ခြေကို ပင့်၍ ခတ်ရာ ရှေ့မှဝင်သော ငတန်းခူး၏ လက်ဆုပ်ကို ဆတ်မိသဖြင့် ငတန်းခူး၏ဓားမှာ လက်က လွတ်၍ သူ့နောက်ဘက်သို့ပင် လွင့်၍ ကျသည်။

ငတန်းခူးတို့လည်း ကုန်ခြေရင်းမှ ခွာ၍ လမ်းဆီသို့သွားကာ မယောင်မလည်နှင့် ခရီးသည်များကို အကဲခတ်၏။

ခရီးသွားများတွင် မိန်းမသူများကို ဖယ်နုတ်လျှင် ယောက်ျားနှစ်ဦးသာ ပါသည်၊ တစ်ဦးမှာ ဦးပြည်းနှင့်ဖြစ်၍ အသက်လေးဆယ်နီးပါးခန့်ဖြစ်သည်၊ သျှောင်ထုံးနှင့်သူကား ဆံပင်တွေ ဖြူနေပြီဖြစ်၏။

ထိုနှစ်ယောက်စလုံးမှာ မည်သည့်နည်းနှင့်မျှ မြင်ခင်မဖြစ်နိုင်သဖြင့် ငတန်းခူးတို့သည် စိတ်ပျက်သွားကြကာ ဖက်ဆေးအိုင်ဘေးဆီသို့ သွားနေကြပြီဖြစ်သော ခရီးသည်များကို ကျောဘက်က ငေးကြည့်နေမိတော့သည်၊

ထိုအခိုက်တွင် ငနောင်၏ကျောကို တစ်စုံတစ်ယောက်က လာ၍ပုတ်သဖြင့် ငနောင်မှာ လန့်ကာ "အမယ်ဘုရား - ကယ်တော်မူပါ" ဟု လွှတ်ခနဲ အော်၍ လှည့်ကြည့်မိသည်၊ သူ့ရောင်းရင်းအားလုံးလည်း လှည့်ကြည့်မိကြတော့၏၊



ငနောင်၏ကျောကို ပုတ်မိသော ခရီးသွားယောက်ျားမှာ အားနာသွားသလိုဖြစ်ကာကျောကိုပုတ်သောလက်ျာလက်နှင့်ပင်ဦးတွင်ပေါင်းထားသော ပုဝါကိုဖြေ၍ ချွေးများကို သုတ်လိုက်၏၊

သူ၏အသက်မှာ နှစ်ဆယ်ကျော်ခန့်ရှိသည်၊ နဖူးဆံစအောက်မှ အမာရွတ်စင်းတစ်ခုသည် လက်ဝဲဘက်မျက်ခုံးနားအထိ ရောက်သော်လည်း ပါးလျှသေးသွယ်သဖြင့် အဲရုပ်ဆိုးလောက်အောင် ထင်းထင်းကြီးမဖြစ်ချေ၊ လက်ဝဲလက်ကမူ လက်ဝဲပခုံးထက်တွင် ထမ်းထားသော ပုဆိုးကြမ်းနှင့် ရစ်ပတ်ထားသည့် အထုပ်ရှည်မျောမျောကို ထိန်းထား၏၊

"ခွင့်ပန်ပါတယ် - နောင်ကြီး၊ ရှေ့က အိုင်ကြီးကျော်ရင် ဖက်မည့်ဦးရွာကို ရောက်မယ်ထင်ပ့ါ"

ငနောင်သည် မှာယီးမှာယာပင် ခေါင်းကို တဆတ်ဆတ်ညိတ်၏၊

"ဩ - ဩ - ဖက်မည့်ဦးကို ရောက်ပ့ါ၊ အနို - ဘယ်သူ့အထံကို သွားမယ်ကြံပါသလဲ"

"အိုချစ်ဖွယ်"

"အလို"

"အိုချစ်ဖွယ်အမည်ရ လုံမထံကိုပါ"

ခရီးသွားယောက်ျားက ငနောင် မကြားမိဘူးထင်သဖြင့် ထပ်၍သေချာစွာ ဖြေကြားသည်၊ ငနောင်သည်နောက်သို့အနည်းငယ်ယိုင်မိ၏၊ ငတန်းခူးနှင့် သေန်မြန်တို့သည်လည်း လူချင်းခွာကာ မသိမသာ နေရာယူလိုက်ကြသည်၊

"ဩ - အိုချစ်ဖွယ်ကိုသိပ့ါ၊ များသည့်ကြီး ဦးပြည့်စွာရဲ့သမီးပါ၊ အနို့ကိုရင်က ဘယ်အရပ်က ကြွရောက်"

"ပုဂံနေပြည်တော်ကပါ"

"အမည်နာမကို ကြားသိရပါရင်"

"မြင်ခင်လို့ သညာရှိပါတယ်"

"သွားပေရော့"



www.burmeseclassic.com

www.burmeseclassic.com

နောင်သည် လွှတ်ခနဲ ပြောလိုက်သလို လက်ကလည်း ဝှေ့ခနဲလွှဲ၍ ယမ်းလိုက်၏။ နေဝင်ရီတရောတွင် ဓားသွားသည် ဝင်းခနဲ လက်ပြက်သည်။

သို့သော် သူတို့ထင်ထားသလို ဓားရိုကလေး မြင်ခင်သည် လူကောင် တောင့်တင်းသလောက် မနေးကွေးချေ။ ပေါ့ပါးဖျတ်လတ်လှ၏။ ဒူးနှစ်ဖက် ကိုကွေး၍ပေးလိုက်ရာ သူ၏ဦးခေါင်းအထက် တစ်မိုက်ခန့်ဆီမှ နောင်၏ ဓားသွားသည် လေကို တိုးဝှေ့၍ ဖြတ်သန်းသွားပြီးသည်နှင့် တစ်ပြိုင်နက် နောက်သို့ ခြေစုံခုန်၍ လူရှင်းခွာလိုက်သည်။ သူ့မျက်စိများကလည်း နောင် နှင့်တကွ ပတ်ဝန်းကျင်လူအားလုံးကို ဝေ့၍အကဲခတ်လိုက်၏။

တေန်းရွှေရော၊ သန်မြန်ပါ လက်ထဲက ဓားဦးများကို ခါးအထက် ရော် အောင်ထောင်တင်ထားပြီး တစ်လှမ်းချင်း ရှေ့သို့တိုးကြသည်။ နောင်သည် လည်း ခုတ်ချက်လွဲသွားသောဓားကို ပြန်၍ထိန်းမိပြီး အသင့်အနေထားသို့ ပြန်ရောက်နေ၏။

မဲ့သလား၊ ပြုံးသလား ခွဲခြား၍မရသော ပါးစပ်အမူအရာတစ်မျိုးကို မြူလုပ်လိုက်၍ ခရီးသွားယောကျ်ားသည် လက်ဝဲပခုံးထက်မှ အထုပ်ကို လေထဲ လွှင့်မြောက်တင်လိုက်၏။ ပုဆိုးစကို လက်ဝဲလက်က ဆွဲကိုင်ထား လိုက်သည်ဖြစ်သောကြောင့်အထုပ်မှာလေထဲတွင်ပြေကာအတွင်းမှပစ္စည်း သည် ဘွားခနဲထွက်လာ၏။ မြင်ခင်သည် ပုဆိုးစကို မြေတွင် ပစ်လိုက်ကာ လက်ဝဲလက်ဖြင့် ကန့်လန့်ကျလာသော ဓားရှည်အအိမ်ကို ဖမ်းမိသည်နှင့် တစ်ပြိုင်တည်းပင် လက်ျာလက်က ဓားကို ဆွဲထုတ်လိုက်ရာ ရွှမ်းခနဲ မြည်သံ နှင့်အတူ တိုက်ပွဲဝင်ဓားကြီးမှာ အသွားတလက်လက်နှင့် သွေးတောင်းနေ သယောင် ရှိနေတော့သည်။ ဓား၏လက်ကိုင်အလယ်တွင် လိပ်ကျောက်ရေ ကို လက်တစ်ဝါးစာ ရစ်ပတ်မြှုပ်နှံထားသည်။

"ဘာအကြံအိုက်သလဲ၊ သုံးယောက်တစ်ယောက် မဖံ့သလားဟဲ့"

တေန်းရွှေက လှံ့ဆော်ကာ ကိုယ်တိုင်ကလည်း ရှေ့သို့ ဝင်လေတော့ရာ ဘေးတစ်ဖက်တစ်ချက်စီ ရှေ့သို့ရောက်နေကြသော သန်မြန်နှင့် နောင် တို့လည်း အတင်းဝင်ကြလေ၏။



မြင်ခင်သည် လက်ဝဲဘက်ယွန်းယွန်းမှ ဓားမိုးဝင်လာသော သန်မြန် ၏ လက်ကောက်ဝတ်ကို ဓားအိမ်ဖြင့် ပင့်ရိုက်လိုက်သည်။ လက်ျာဘက်ယွန်း ယွန်းမှ ထိုးဝင်လာသော နောင်၏ဓားဦးကို ခါးသွဲ့၍ ရှေ့သို့ တိမ်းဝင်ပြီး လက်ျာလက်မှဓားဖြင့် တင်ပါးအလွန်မှဖြတ်ကာ ခုတ်ချလိုက်ရာ နောင်၏ လက်ဖျံကို ဓားထိ၏။ ချက်ချင်းပင် မြင်ခင်သည် ရှေ့သို့ ခြေကိုပင့်၍ခတ်ရာ ရှေ့မှဝင်သော တေန်းရွှေ၏လက်ဆုပ်ကို ခတ်မိသဖြင့် တေန်းရွှေ၏ဓားမှာ လက်က လွှတ်၍ သူ့နောက်ဘက်သို့ပင် လွင့်စဉ်၍ကျသည်။

မှောင်စပျိုးနေသော နေ့နောင်းအလင်းရောင်ဝိုးတဝါးတွင် လူရှင်းခွာကြ ပြန်၏။ ကြည့်သာသွက်သွက်ကိုင်တတ်သည်ဟု သူတို့မျှော်လင့်ထားခဲ့သည့် မြင်ခင်သည် ဓားကို ချက်ချင်းကိုင်ပြသောအခါတွင် မကြံတတ်ကြတော့ဘဲ သုံးဦးသားမှာ တိုင်ပင်ထားသလိုဖြစ်သွားကြကာ ဓားကလေးတွေကို ကောက်ယူကြပြီး ရွာဘက်ဆီသို့ ထွက်ပြေးကြလေတော့၏။

ရယ်စရာအခင်းဖြစ်သည့်တိုင်အောင် မြင်ခင်မှာ ပြုံးပင် မပြုံးချေ။ ဇက် ဆေးအိုင်ကွေ့တွင် တရိပ်ရိပ် ပြေးသွားနေကြသူသုံးဦးကို ငေးကြည့်နေရာက မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။ တဖြည်းဖြည်း နိမ့်ကျလာသော ညဦးရုံလွှာ ဇာပုဝါကြားဝယ် ပြေးသွားသူတို့ကို မျက်ခြည်ပြတ်သည်တွင် မြင်ခင်သည် လက်ျာဘက်က လောကထိပ်ပန်ကုန်းမြင့်သို့ မျှော်ကြည့်၏။

မိန်ပျပျ မိုးကောင်းကင်ကို နောက်ခံပြု၍ စေတီတော်သည် နက်မှောင် စွာ ရပ်တည်နေသည်။

တစ်ဖန် လက်ဝဲဘက်သို့ မျှော်ကြည့်ပြန်သည်။

မည်းမှောင်သော ချုံနွယ်တွေကြားမှ အိမ်ပျက်ကြီး၏ ထုထည်သည် ခေါင်းဆိုးဝါးတစ်ကောင် မားမားရပ်ဘိ၏သို့ တည်ရှိနေသည်။

ခဏမျှကျောက်ရုပ်သဖွယ်ရပ်နေသော မြင်ခင်သည် အောက်နှုတ်ခမ်း ကို တစ်ချက်ကိုက်ပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သလိုနှင့် ဓားကို အအိမ် သို့ပြန်သွင်းသည်။ ပြီးတော့ – မြေပေါ်က ပုဆိုးကြမ်းဖြင့် ပြန်ပတ်၏။ ဗုလလာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့စဉ်ကကဲ့သို့ပင် လက်ဝဲပခုံးပေါ် ထမ်းလိုက်ကာ လမ်းကိုသွေ၍ အိမ်ပျက်ကြီးဆီသို့ ဦးတည်၍ ထွက်သွားတော့သည်။

ချုံနွယ်ပိတ်ပေါင်းများအကြားတွင် သူ ပျောက်ကွယ်သွား၍ မကြာမြင့်မီ အချိန်တွင် လောကထိပ်ပန် အာရုံခံတန်ဆောင်းတွင်းဝယ် သဒ္ဒါရှိသူတို့ ပူဇော်သော ကညင်တိုင်များ ဝင်းလက်ပြိုးပြောင်နေသည်ကို လမ်းကပင် ကြည်ညိုဖူးမြင်နိုင်တော့သည်။

"တောက် - နလင်ကျော် (လုလင်ကျော်) သုံးယောက်ကတောင် ဘာမဟုတ်တဲ့ စာရိုကလေးကို မနိုင်တာတော့ ရာဇဝင်ရိုင်းနေပေါ့"

သော်ဖြူသည် မကျေမချမ်းနှင့် ပြောသည်။ သို့သော် ဝမ်းထဲက အကျိတ်အခဲကြီးသလောက် စိတ်လိုက်မာန်ပါ ကျယ်လောင်စွာတော့ မပြောရှာ။ အောက်ထပ်မှတက်သော လှေကားဆီသို့ မျက်စိကို မကြာမကြာဝေ့ပြီး တောမပြောနေရသည်။

နောင်သည် အဝတ်စည်းထားသော သူ့လက်ကိုကြည့်၍ သော်ဖြူကို ပြန်ဖြေ၏။

"အလိုလေး - စာရိုကလေးသာဆိုတယ်၊ အတို့ကျွန်တို့မှတ်ထားသလို မဟုတ်ပါဘဲ။ အတို့ကျွန်က နေပြည်တော်သား စာရိုဆိုရင် ချည့်ချည့်နဲ့နဲ့ ကိုယ်လုံးသွဲ့ကလေးနဲ့ ကညစ်သာ ကိုင်တတ်တယ် အမှတ်ရှိခဲ့တယ်။ လားလား သင်းက တောင့်တောင့်တင်းတင်းနဲ့ တိုက်ပွဲဝင်ဓားလမ်း (ဓားရှည်) ကြီးကို လိမ်လိမ်မာမာ ကိုင်သွားတယ် - ကိုရင်။ ပေါ့သေးသေးမမှတ်နဲ့"

ဤနေရာတွင် တေလည်မှ ဝင်ပြောသည်။

"ကျုပ်မပါခဲ့တာ နာသပ။ ပြီးတာတွေ ရှိပါစေတော့လေ။ အနိ့ပေမဲ့ - ဈေးအိမ်တန်းနားက ညည့်ဇရပ်မှာရော၊ သံဃာတော်တွေ ကျောင်းတွေမှာရော ကျုပ်တို့ စုံစမ်းပြီးကြပြီမဟုတ်လား။ သင်းကို မတွေ့ပါကလား။ သင်း ဘယ်မှာ တည်းနိမလဲ"



တေလည်၏မေးခွန်းအတွက် အဖြေတော့ တောန်ရှုးတွင် ရှိပါသည်။

"စင်းပါတယ် - တေလည်ရယ်။ ကောက်တကျစ် စဉ်းစားဖွယ် မရှိပါဘူး။ ဒင်းဟာ ဒီရွာထဲမှာ မတည်းပါဘူး။ တစ္ဆေအိမ်ကြီးမှာ ခိုအောင်းမှာပါ။ ငါတို့ တပ်အပ်ပြောဝံ့တယ်၊ တစ္ဆေအိမ်ကြီးမှာ ခိုအောင်းမှာပါ"

"ရှူး"

သော်ဖြူ၏ အချက်ပေးသံကြောင့် တောန်ရှုးသည် စကားကို ရုတ်ခြည်းဖြတ်တောက်လိုက်ပြီး လှေကားထိပ်ဆီသို့ ကြည့်မိ၏။

အိုချစ်ဖွယ်သည် စားစရာများနှင့် ရေနွေးတို့ကိုလင်ဗန်းဖြင့် သယ်ဆောင်လာခဲ့ပြီး သူတို့ရှေ့တွင် ချပေး၏။ ထိုသို့ချပေးခိုက်တွင် ကော့နေသောမျက်တောင်များအောက်မှ မျက်နက်ဝန်းကလေးသည် ဝေ့၍ တောန်ရှုးကို ကြည့်သည်။ တောန်ရှုးကား စံစားမှုကင်းမဲ့သောမျက်လုံးကြောင်ကြီးများဖြင့် ပန်းကန်များကိုသာ ငေးစိုက်ကြည့်နေသည်။ နွေဦးညဥ့်တွင် သာသောလထက်အရေးကြီးတာ ရှိပါသေးသလား။ ဘဝတွင် ချစ်သူမျက်နှာထက်စိတ်ကို ဆွဲဆောင်ရာတော ရှိပါသေး၏လား။ တောန်ရှုး၏ စိုက်ငေးနေပုံကတော့ လောကတွင် ချစ်သူထက် အရေးကြီးသည်မှာ ရှိသေး၏ရှင့်။

အိုချစ်ဖွယ်သည် အသာထွက်ခွာသွားသော်လည်း အောက်ထပ်သို့ပြန်မဆင်းတော့ဘဲ အပေါ်ထပ်ရှိ သူ့အိပ်ခန်းထဲသို့သာ ဝင်သွားသည်။ တိမ်မည်းညိုတစ်အုပ်လုံးသည် သူ့နှလုံးသားကို ဖိနှိပ်ထားဘိ၏သို့ စိတ်ကျဉ်းကြပ်လှသည့်ကြားက နားများသည် အပြင်ဘက်က စကားဝိုင်းဆီသို့ စွင့်မိသည်။ သို့သော် သဲသဲကွဲကွဲစကားတွေကို မကြားရရှာ။

"... ရွာထဲတော့ မချလာမှာပါ ...၊ ... ကိုတွေ့ဖို့ ... သေတင်းကုပ်တွေ ... ညည့်ဇရပ် ... မျက်ခြည်မပြတ် ... မွှေနှောက်ရှာဖွေ ..."

လူတစ်ဦးထဲကမဟုတ်ဘဲ စုရုံး၍ တီးတိုးပြောနေသဖြင့် အသံမျိုးစုံဖြင့် စကားလုံးအပိုင်းအစတွေကိုသာ နားစွန်နားဖျားကြားနေရသည်။

အိုချစ်ဖွယ်သည် သက်ပြင်းရှည်ကို ချ၍ စိတ်ထဲက ညည်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေများပါလိမ့်နော်၊ ကိုရင်မြင်ခင်တစ်ယောက်ကလည်း လာမှ လာပါ့မလားမသိ၊ ငါတို့မျက်နှာမထောက်တောင်မှ အဖကို သနားဖို့ကောင်း ပါတယ်"

နေ့တစ်နေ့၏ညနေစောင်းဖြစ်သည်၊

ဦးသံခဲ၏ သေတင်းကုပ်တွင် လူတစ်စုသည် တစ်ဝိုင်းထိုင်နေ၏၊ ထိုအခိုက်တွင် ခရီးသည်ဟန်ရှိသောသူတစ်ယောက်သည် ခမောက်ကြီးကို ဆောင်းလျက်ပင် သေတင်းကုပ်ထဲသို့ ဝင်လာပြီး ခုံဝိုင်းတစ်ခုတွင် တစ်ဦး တည်း ဝင်ထိုင်၏၊

စောစောကဝိုင်းမှ လူစုသည် ထိုခရီးသွားကို တစ်ချက်ကြည့်ကာ သူတို့ ချင်း စကားကို ခပ်တိုးတိုး ဆက်ပြောကြသည်၊

ထိုခဏတွင် ပဝါကြမ်းကို ပေါင်းထားသော လူတစ်ဦး ဝင်လာပြန်၏၊ သူတား အခန်းထောင့်တစ်နေရာက ခုံဝိုင်းတွင် ဝင်ထိုင်သည်၊ ဝင်ပေါက်နှင့် နီးသောခုံဖြစ်၏၊

စကားဝိုင်းသည် ခဏမျှ တိတ်သွားပြီး လှည့်ကြည့်ရာက စကားကို ပြန် ၍ဆက်ကြဟန်နှင့် ခေါင်းတွေငုံ၍ ရှေ့ကို ကိုင်းကုန်ကြပြန်သည်၊

"ခုတလော – ကလန်ကြီးရဲ့နယ်လင်ကျော်တွေ ခြေသိပ်ရှည်နေကြတယ်၊ ညည့်တွေကိုလည်း အစိတ်အစေး သိပ်ပြုနေကြလေရဲ့"

"အိမ်း – ကျုပ်လည်း ကြားတယ်၊ ဘုရား – ဘုရား – စစ်မက်အင်္ဂါများ ကျိန်းရှိနေရော့သလား"

"မဟုတ်နိုင်တာ – ကိုရင်သုတ္တရယ်၊ ရှာနီးချုပ်စပ်တစ်ကြောလုံး အေး ငြိမ်းနေပါကမင့် ဘောက်မဲ့ကြောင့် ကျုပ်တို့တစ်ရွာထဲ စစ်ကျိန်းရှိဝံ့မှာလဲ"

"ကလန်ကြီးအနေအစားက ငြိမ်းချမ်းလှပါတယ်၊ ကလန်ကြီး နဲ့စပ်တဲ့ အရေးအခင်းဖြစ်ပုံမပေါ်ပါဘူး"

"အလို – တိတ်ကြစမ်း"



အားလုံးသည် သတိပေးလိုက်သူကြည့်မျှော်ရာဖြစ်သော ဝင်ပေါက်ဆီ သို့ မျက်လုံးများကို ရွှေ့လိုက်၏၊ တေန်းခူးနှင့် သူ့ရောင်းရင်းလေးယောက် စလုံး စုပြုံ၍ ဝင်လာကြသည်၊ ဝင်မိပြီဆိုကတည်းက သူတို့၏အာရုံမှာ ဝင်ပေါက်နှင့်အတော်လှမ်းသောခမောက်ကြီးနှင့် လူဆီသို့တန်းရောက်သွား ကြသဖြင့် ထိုခရီးသည်ကြီးရှိရာသို့ ခ်ပ်သော့သော့ သွားကြတော့သည်၊

"ဒီမှာ – ခရီးသည်ဦးကြီး – ကျုပ်တို့ဟာဒီရွာက ကလန်ကြီးဦးလှိုင်သင်းရဲ့ နယ်လင်ကျော်တွေပါ၊ တစ်ဆိတ်ကလေး ခမောက်ကို ချွတ်စမ်းပါဘိ"

ခရီးသည်ကြီးသည် စိတ်ထဲတွင် မကျေမနပ်ဖြစ်သွားဟန်ရှိသည်၊

"မောင်မင်းတို့ရွာမှာ ခမောက်မဆောင်းရတဲ့ဓမ္မသတ်ရှိရော့သလား ဟရို့"

"စကားတံ ရှည်ပါဘိကလား"

တေန်းခူးသည် ကွယ်ထားသောဓားအိမ်မှဓားကို ရွမ်းခနဲ ဆွဲထုတ်လိုက် ၏၊ သူ့မျက်လုံးများသည် ဝင်းဝင်းတောက်နေသည်၊

"ကဲ – ငါလေ – ချွတ်ဆိုလို့ ချွတ်ပေ့ါဟယ်"

ခရီးသည်ကြီးသည် စိတ်ပျက်ဟန်နှင့် ခမောက်ကြီးကို ချွတ်၏၊ လုလင် ကျော်တို့သည် ခါးတွေကို ကိုင်း၍ ခရီးသည်ကြီး၏နဖူးကို ဝိုင်းကြည့်ကြ သည်၊

သူတို့ဝင်လာကြကတည်းက မျက်ခြည်မပြတ် ကြည့်နေသော အဝင် ပေါက်နားက ခုံတွင်ရှိသည့် ပဝါကြမ်းနှင့်လူသည် လုလင်ကျော်တို့၏အပြု အမူကို မြင်သော မျက်မှောင်ကုတ်သွား၏၊ ထိုနောက် ပြုံးလိုက်သည်၊ ချက် ချင်းပင် ကျသင့်ငွေစကို ခုံပေါ်တွင် ချထားရစ်ကာ ခြေကိုဖော့နင်း၍အပြင်သို့ ထွက်သွား၏၊

လုလင်ကျော်တို့သည်နဖူးမှအမာရွတ်ကိုရှာနေကြသည်မှာ သေချာ၏၊ ရွာထဲမှ အိုချစ်ဖွယ်ကို မတွေ့ရခင် အန္တရာယ်ကို အရင်တွေ့ရမည်ကား မလွဲ တည်း၊ အိမ်ပျက်ကြီးသို့ပင် ပြန်၍ အကြံယူဦးမှ သင့်တော့မည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုလူသည်အမှောင်ဖုံးစလမ်းကြားကလေးတစ်ခုထဲသို့ခပ်သုတ်သုတ် ဝင်သွားလေတော့၏။ ထိုလမ်းကလေးမှ ကန်ပေါင်ရိုးကိုပတ်၍ ရွာဦးနတ်စင်သို့ ရောက်လျှင် ရွာပြင်သို့ ရောက်နိုင်လေတော့သည်။

"ကျုပ်က မေ့တတ်တယ်။ ခမောက်ကြီးပြန်ဆောင်းရတော့မှာလား။ ဘေးမှာချထားရင် ကျန်ရစ်ခဲ့ရော ..."

"ဆောင်းချင် ဆောင်းပါ။ လွှင့်ပစ်ရင် ပစ်"

တေန်းရှုးက ဓားကိုပြန်သွင်းပြီး လက်ဝဲလက်ဖနောင့်ဖြင့် ဓားလက်ကိုင်ရွှန်းကို အုပ်၍ထောက်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ ပြီးတော့ နေရာက မရွေ့ဘဲနှင့်ပင် ရွာထဲကလူအုပ်ကို မေး၏။

"ရောင်းရင်းတို့ - သူစိမ်းလာတာ မြင်ရင် ကျုပ်တို့ကို လက်တို့ပါ"

ထိုအခါ လူအုပ်ထဲက တစ်ယောက်က အပေါက်ဝနားသို့ လက်ညှိုးထိုးကာတစ်စုံတစ်ခုကိုပြောမည်ပြု၏။ သို့သော်သူ့ဘေးနားကအသက်ကြီးသူက ကြောက်တတ်လျှင် ဝန်ကင်းသဘောမျိုးနှင့် သူ့ကို လက်ကုတ်လိုက်သည် ဖြစ်သောကြောင့် သူသည် လက်ညှိုးထိုးလျက်ကပင် စကားမထွက်နိုင် ရှိတော့သည်။

စိတ်ဇောဟုန်ပြင်းပြနေသော တေန်းရှုးနှင့်အဖော်တို့သည်ဘာမှန်းညာမှန်းမှ မကွဲပြားမီပင် မျက်စိတွေက အပေါက်ဝသို့ကြည့်၏။ အပြင်ဘက်တွင်ကား မှောင်ရီပိုးတဝါးဖြစ်နေပေပြီ။ အတွင်းဘက်တွင် ဦးသံခဲက ကညင်တိုင်များကို မီးထွန်းညှိစပြုနေ၏။

ထိုအခိုက်တွင် တစ်စုံတစ်ယောက်သည် အပြင်ဘက်မှနေ၍ အတွင်းသို့ လှုံးခနဲခုန်၍ ဝင်လာလေသည်။

အတွင်းဘက်ရှိ လူအားလုံး၏ မျက်စိများမှာ သူ့ထံသို့သာ ရောက်ရှိနေပေတော့သည်။

ဝင်လာသူကား အသက်သုံးဆယ်ပတ်ဝန်းကျင်တွင် ရှိမည်ဟု ခန့်မှန်းရသည်။ သို့သော် ယင်းသို့ခန့်မှန်းခြင်းမှာလည်း မှန်နိုင်မည်ဟုတော့မည်သူမျှ အတပ်မပြောဝံ့ချေ။ အဘယ်ကြောင့်ဆိုသော် သူ၏မျက်နှာတွင် တသသ



မှန့်တွေကို ပိန်းပိတ်အောင် လိမ်းခြယ်ထား၏။ ပြီးတော့ ထူထဲသော မျက်ခုံးမွေးကြီးများပေါ်တွင် ဆေးမင်အုပ်၍ ခြယ်တန်းထားသဖြင့် အကြည့်ရ ခက်စရာဖြစ်သည်။ ဆိတ်သိုးကဲ့သို့ မုတ်ဆိတ်ကလေးရှိသည်၊ နှုတ်ခမ်းမွေးကြီးကလည်း ထင်းနေ၏။

ရဲရဲနီလွင်၍ ပါးလျသော ပိတ်ရှာစ်မျိုးနှင့် ချုပ်ထားသည့် သိုရင်းအင်္ကျီရှည်ကြီးကိုဝတ်၍ ခါးတွင် ဝါထိန်နေသောပဝါကို စည်းထားသည်။ ဘောင်းဘီသည်လည်းရဲရဲတောက်နေသော ဖဲဘောင်းဘီဖြစ်၏။ ခြေနင်းမရှိ။ ထွားကျိုင်းသော သူ၏အရပ်နှင့်စာလျှင် တစ်ရပ်ခွဲခန့်ရှိသည့် ဝါးတောင်ဝှေးကြီးကို ဖက်နောက်၌ ကန့်လန့်ထမ်းထား၏။

တေန်းရှုးသည် ရှေ့သို့ တက်ခဲ့သည်။

"မောင်မင်းက ဘယ်သူလဲ၊ ဘယ်အရပ်ကလာသလဲ"

သူစိမ်းသည် တေန်းရှုးကို မျက်လုံးများ ပြူးကြည့်၏။ ပြီးသော် - ဟတ်ဟက်ပက်ပက်ပင် အသံဝါကြီးနှင့် ရယ်လိုက်သည်။

"ကျုပ်တို့မေးသမား - ဘောလရယ်၊ ဇော်ဂီမှန်၊ ဇော်ဂီမှန်နဲ့ ပြည်နယ်တရိုး ဟိုးဟိုးကျော်နေ့မှ မောင်မင်းတို့နား ဝါဝွမ်းများ ဆို့ထားရော့သလားဟေ့။ တြိဘဝသုံးလောကဖြစ်ထကြွတဲ့၊ တိုက်ရင်လည်း ယူကြမ်ပဲ။ ကြွက်လည်း ဝါးကောင်၊ ကြောင်လည်းနစ်ရ၊ ကောလီတတ်မှာ အမှန်ရှ၊ ရှုတော့ ဘာဖြစ်သတုံး။ အိမ်း - တရကြီးယအောက်၊ ဝလေးထောက်၊ ပုဂံရှင်ကြီးထီးနဲ့ ပျောက်ခဲ့တာ အမှန်တရား - ဟား - ဟား - ဟား"

တေန်းရှုးသည် စိတ်ပျက်သွားသည်။

"အရေးတောင်းတုန်း ဒိန်းဒေါင်းဖျက်တဲ့ အခင်းပါကလား။ ရူးတာလား၊ ထူးတာလား ငါတို့မဝေခွဲတတ်။ ကိုင်း - ရောင်းရင်းတို့ - မြင်ခင်အရေးရှာပုံတော် ထွက်ရဦးမယ် - လာကြ"

တေန်းရှုးသည် ဦးဆောင်၍ ထွက်သွားတော့သည်၊ လူလုံးတုတ်ခိုင်တာချင်းတော့ တူသည်ထားဦး။ အရပ်မှာ သိသိသာသာမြင့်ပြီး မျက်နှာသည်သော ဤဇော်ဂီမှာ ဘယ်နည်းနှင့်မျှ မြင်ခင်ရုပ်ဖျက်လာခြင်းမဟုတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားသဖြင့် တေန်းရုးသည် ထိုဖော်ဂျီလှထူးကို စိတ်ကူးဖြင့်ပင် အရေး စိုက်ချင်ပုံမရဘဲ ထွက်သွားချေ၏။

သူတို့ထွက်သွားရာသို့ ဇော်ဂျီမှုန်သည် သမင်လည်ပြန် လှည့်ကြည့်သည်။ ပြီးတော့ - အသံဝါကြီးဖြင့် ဟက်ဟက်ပက်ပက် ခေါင်းလှန်ဖက်မော့ ရယ်ပြန်၏။

"နနနယ်ကျူးလွန် - ယုန်ဂန်တောင်ထိပ်စွန်၊ နနနယ်ကြာမှုကြီး၊ ဝသဝဏ္ဏိဘုံစံရီးတဲ့၊ ဒီတော့ဓါဘာလုပ်ကြမလဲ၊ ထွန်းအောင်ရေမိုးသောက်၊ သုညသုံးလုံးပေါက်ကရောဟဲ့၊ ဂဠုန်ကွက်သတ်၊ နဂါးရစ်၏တဲ့၊ သင်းတို့ဘာ နားလည်သလဲ၊ နဂါးမဟုတ်၊ ဖားကပြုတ်ကို၊ ဟုတ်လိမ်းနိုးဆင်ကန်းတိုးသလို နိုတျှင့်ထိုးကော၊ အမျိုးမမှန်ရင် ကျိုးတန်ရောင်စုံမပေါက်ပါဘူးလဟယ်၊ ပြော နေကြရော၊ သဘောကျစိတ်အကြံမှန်းပြီး သွားရမှာကြောင့်၊ ငါဇော်ဂီမှုန် တလေ - လောကထိတ်ပန်စခန်းမှာ နားမယ်ဟေ့၊ သေသောက်ကြူးတွေ"

ဝင်လာခဲ့စဉ်ကကဲ့သို့ပင် အထွက်တွင်လည်း လှားခနဲစုန်၍ ကြောင် တာလေးတစ်ကောင်ကဲ့သို့ ထွက်သွားလေရာ သေတင်းကုပ်အတွင်းမှ လူများမှာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့ကြလေတော့သည်။

❦ ❦

အိုချစ်ဖွယ်သည် အကြံရခဲကက်တိုင်းခေါင်းကို အားရပါးရကုတ်မိတော့ သည်။ မျက်စိဝိတ်၍ မိမိတို့ကို ကျော်နိုင်းသွားလေပြီဖြစ်သော ဖခင်ကြီးကို လည်း လွှန်စွာ တ.သမိသည်။ ဖခင်၏ဆန္ဒစကားသည် သားနှင့် သမီးအပေါ် အညီအမျှတာဝန်ချလှာပါသော်လည်း တစ်ဦးတည်းအပေါ်ပုံ၍ကျလာသော အခါတွင် မနိုင်ဝန်ကို ထမ်းရမည်ကို၏သို့ ရှိရတော့သည်။

ငသံဖြူက မိမိတို့၏အမွေကို လုယက်ချင်သော တစ်ရွာတစ်ကျေးမှ အမွေသားတွေ ရောက်နေသလိုလို ပြောသည်။ မိမိကိုလည်း နာမကျန်းချင် ယောင်ဆောင်၍အခန်းထဲမှ အပြင်သို့ပင် မထွက်နိုင်းသည်မှာ သုံးရက်ခွဲပင် ရှိပေပြီ။ အပေါင်းအသင်းတွေလည်း အိမ်ကို မလာရ၊ မိမိကလည်း မသွားနိုင်၊ လောကသည် ရှိနေလျက်ကပင် ဆိတ်သုဉ်းနေရသည်။

ဦးမနော သည် ညနေစာအတွက် ဒေါင်းလန်းနှင့် ရောက်လာ၏။

"ဘဘကြီး - မိချစ်ဖွယ်တို့ကို အကောက်ကြံဖို့တစ်ရွာသားတွေ ရောက် နေကြတယ်ဆိုတာ တကယ်ပဲလား - ဟင်"

ဦးမနောသည် သက်ပြင်းရှည်ကြီးကို ချလိုက်၏။

"ဒီအရေးတွေ မမေးတာ သင့်လျော်မယ် - လုံမရယ်၊ ကိုရင်ပြည့်စွာရဲ့ သားက ကိုရင်ပြည့်စွာကို မထောက်ထားဘူး၊ နှလင်ကျော်တွေဓားက ထက် လှပါဘိတယ်"

အိုချစ်ဖွယ်သည် မျက်မှောင်ကလေး ကုတ်သွားသည်။

"ဘဘ - ဘဘစကား အသွားမဖြောင့်လှဘူးထင်ပါ့၊ စင်းစင်းမိန့်စမ်းပါ ဘဘရဲ့၊ ကိုရင်သံဖြူနဲ့တော့ တွေ့လို့မဖြစ်ဘူးထင်တယ်၊ ကိုရင်မြင်ခင်က တချိုကလေးဆိုတော့ ကညစ်ကိုပဲ ကိုင်တတ်မှာ၊ နေပြည်တော်က လူပေါ် ကြော့ဟာ ကျေးတော့နဲ့ ထက်ဆံရင် အခက်အတန် ကြုံရမှာပ"

ဦးမနောသည် ခေါင်းကိုငုံ့လိုက်၏။ ပြီးမှ - သက်ပြင်းချပြန်ကာ ပြန်ပြော သည်။

"လုံမ - လောကဟာ ဆန်းတယ်၊ ထင်တိုင်းလည်း မမှန်တတ်ဘူး၊ အနီ ဘာ့ကြောင့်များ ဒါထောက်ပူပန်သလဲ၊ သူက ယောကျ်ားရင့်မကြီး၊ မယ်မင်း က မိန်းမသူ၊ ပူစရာမကြုံဖန်စမ်းပါလင့် - လုံမရယ်"

မိချစ်ဖွယ်သည် ငေးတေးတေးကလေး ဖြစ်သွားသည်။

"ကိုရင်မြင်ခင်စကားဒီတွင်ပြတ်စေတော့၊ အနို့ပေမဲ့ - ကိုရင်တန်းရုးကို မကျေနပ်တာ ကျန်သေးရှင့်၊ မိချစ်ဖွယ် ဖျားကျွန်နာ ကျွန်ပြုတဲ့ရက်ကစ ယခုနေ့ထိ ပေါ်မလာဘူး၊ သဘော ဘယ်လိုရှိစုံ"

"အိမ်း - ကျုပ်သဘောကို စောကြောတယ်ဆိုရင်လည်း ထင်ရာမှန်းဆ ဖြကြားရတော့မပ၊ သူလည်းတစ်ရွာသားအမွေသမားတွေဖြေရာကော နေရလို့ထင်ပါ့"



www.burmeseclassic.com

www.burmeseclassic.com

"ကိုရင်မြင်ခင်နဲ့များတွေ့ရင် မိချစ်ဖွယ်ဆီ အစေလွှတ်ဖို့ သူ့ကို စကား ထည့်ထားရကောင်းနိုး"

ဦးမနောသည် ဆတ်ခနဲ မော့ကြည့်၏။

"လုံမ - ရွှေအမှတ်နဲ့ နိုးတာ မြဲသေ့နိုးသွားမှ အခက်ကြီးနေဦးမယ်။ အနို့ အစတွင်က လုံမပြောတော့ မြေင်ခင်စကား ဒီတွင်ပြတ်စေဆို၊ တည်မိတဲ့ ဘုရား၊ ဆိုမိတဲ့စကား မြဲစေပ"

ဦးပြည့်စွာ၏ လူယုံတော်ကြီး ဦးမနောသည် သေဖြူနှင့် အိုချစ်ဖွယ်တို့ မောင်နှမကို ဆက်လက်၍ သစ္စာရှိသည့်မြတ်နိုးသည်၊ စောင့်ရှောက်သည်၊ ဆုံးမသည်၊

အိုချစ်ဖွယ်သည် ငေးငေးကလေးဖြင့်ပင် ဦးမနောကို မျက်လုံးရွှဲကြီး များဖြင့် မော့ကြည့်၏။

"ဘဘ - မိချစ်ဖွယ်ကို ပစ်မထားပါနဲ့နော်"

"လတ်ချထားစမ်း - လုံမ၊ မယ်မင်းအသက်ဘေးကြုံရင် ဘဘအသက် စေးပြီး စောင့်ရှောက်မယ်၊ သောကမကျရောက်စမ်းပါလင့်"

မည်သို့ပင်ဆိုစေ လုံမငယ်သည် ထမင်းစားရင်းက တွေးတောနေသည်၊ တကယ်လာ၍တွေ့ဖို့ လိုပါလျက် တေန်းရှူးသည် မိမိထံသို့ မရောက်လာ၊ မတော်တဆ တွေ့ရင် ဖုံးစရာစကားတွေ အန်ထွက်မှာစိုးရှေ့သလား၊ တစ်ညတာ သူတို့စကားပြောဆဲ မိမိရောက်တော့ စကားတွေ သိမ်းသည်၊ ပြီးတော့ တေန်းရှူးသည် မိမိကိုမကြည့်၊ စိတ်ထဲကို မြင်နိုင်စရာဆို၍ လူတစ်ကိုယ်လုံး တွင် မျက်လုံးနှင့်ပါးစပ်သာရှိသည်၊ အကြည့်ကို ဝှက်သူသည် စိတ်ကို ဖုံးခြင်း ဝင်ဖြစ်၏။ သူ့စိတ်ထဲတွင် ဖုံးထားစရာ တစ်စုံတစ်ခုတော့ ရှိပြီထင်ရသည်၊

တွေ့ဖို့လိုသည်၊ တေန်းရှူးကို မိမိတွေ့ဖို့လိုသည်၊ ညနေစောင်းများတွင် သေဖြူသည် အပြင်ထွက်နေတတ်၏၊ မိမိကို မျက်ခြည်မပြတ် ထိန်းနေသူမှာ ဦးမနောသာ ရှိသည်၊ ထမင်းစားပြီး အိပ်ချင်ယောင်ဆောင်နေလျှင် အဘိုးကြီး သည် စိတ်ချလက်ချ အောက်ထပ် နောက်ဘေးဘက်တွင် ထမင်းစားပန်းကန် ခွက်ယောက်များ ဆေးကြောသည်၊



ထိုအချိန်သည် တန်သင့်သောသမယတည်း။

ကောင်းပြီ၊ တေန်းရှူးကို ဘယ်ဆီတွင် ဆုံရပါ့၊

မခက်ပါ၊ ဦးသံခဲသေတင်းကုတ်တွင် စုံစမ်းလျှင် မြေရာခံမိရမည်၊ ကောင်းပြီ၊ အိုပေါက်တို့ အိမ်နားကဖြတ်၊ အိုပေါက်အိမ်တော့ မဝင်နှင့်၊ အချိန် လင့်မည်၊ သူတို့အိမ်နားကဖြတ်၊ ရှုလာမဏိ သဲပုံစေတီပရိဝုဏ်ဘေးကနေ သေတင်းကုပ်ထံ သွားလျှင် သင့်မည်၊ အပြန်တွင် မှောင်စေတော့၊ နေစောင်း နိုက်သွားမှ ကာလသင့်မည်ဖြစ်သည်၊ အပြန်မှောင်လျှင် ပို၍ကောင်း၏၊ နိုးကြောင်ခိုးဝှက်လုပ်သူသည် အမှောင်ကိုသာ ကြိုက်နှစ်သက်ရမည်မဟုတ် လော၊

များမကြာမီပင် အိုချစ်ဖွယ်ကို အိုပေါက်တို့အိမ်ဘေးက အမြေးကလေး ဖြတ်သွားသည်ကို တွေ့ရသည်၊ နေဝင်စဖြစ်၍ လောကသည် မှောင်တော့ မမှောင်သေး၊ သို့သော် ကျေးငှက်များပင် အိပ်တန်းဝင်ရန် ဆူညံစွာ ဟစ်ကြွေး နေကြပေပြီ၊ မှိန်ပျသောအလင်းရောင်သည် ရောက်လာတော့မည့်ညဦးအချိန် ကို ငံ့လင့်ကြိုဆိုလျက်ရှိချေ၏၊

လမ်းနှင့် ကိုက်တစ်ရာခန့်တွင် သဲပုံစေတီကလေးသည် ထိပ်ပိုင်းက ရွှေရောင်ဝင်းနေ၏၊ အုတ်ပရိဝုဏ်ကား ရင်ပြင်မှဆိုလျှင် တံတောင်လောက် သာ မြင့်သော်လည်း ကုန်းကလေးဖြစ်နေ၍ အိမ့်မြေကဆိုလျှင် လူတစ်ရပ် နီးပါးခန့် မြင့်နေသည်၊ ပရိဝုဏ်အုတ်တံတိုင်း အပြင်နားတစ်လျှောက်တွင် မြေကျွန်ကလေးသည် အချိုးနေရာ၌ တံတောင့်ထွာခန့် အချိုးနေရာ၌ တစ်ထွာ မပြည့်တပြည့် ရှိနေ၏၊

"ဟင် - အိုချစ်ဖွယ်"

ရင်ဆိုင်တွေ့ရချေပြီ၊ မားလွယ်ကြီးတကားကားနှင့် တေန်းရှူး၊ သူ့နောက် က ရှောင်းရင်းလေးယောက်၊

"ကိုရင် - အတော်ပဲ"

"ဘယ်သွားမှာလဲ"

"ကိုရင့်ကို အရှာလာတာ"



www.burmeseclassic.com

www.burmeseclassic.com

တေန်းရှုးသည် သူ့လူတွေကို လှည့်ပြော၏။

"ရောင်းရင်းတို့ သွားခင်နှင့်၊ ပြီးရင် – ကျုပ်လိုက်ခဲ့မယ်"

ရောင်းရင်းလေးဦးသည် သူတို့ကိုထားခဲ့၍ လမ်းကိုဆက်သွားကြသည်။ နစ်ယောက်ထဲ ကျန်ရစ်ခဲ့သောအခါတွင်ကား တေန်းရှုးသည် အိုချစ်ဖွယ်၏ လက်မောင်းကို ခပ်ကြမ်းကြမ်းပင် ဆုပ်ကိုင်ကာ သဲပုံစေတီပရိဝုဏ်ဆီသို့ ဆွဲခေါ်သွားလေ၏။

အချိန်ကား နွားရိုင်းသွင်းချိန်မို့ ပရဝုဏ်အေးတွင် ကပ်ထိုင်လျှင် လမ်းမှ လူများသည် လူလုံးကွဲမည်မဟုတ်ချေ။ တေန်းရှုးသည် သေရည်အတော်ပင် မူးနေ၏။ အိုချစ်ဖွယ်သည် ရုတ်တရက် ကြက်သီးထမိသည်။

"ကိုရင် – လမ်းမှာပဲ စကားဆိုမယ်"

"ရှည်မနေလင့်၊ နစ်ယောက်တည်း စကားဆိုတာ နစ်ယောက်ထဲနားပဲ ကြားရမှာပေါ့"

ဖွတ်ဆွဲခေါ်သဖြင့် အိုချစ်ဖွယ်မှာ ပါသွားရသည်။ ပြီးတော့ – သူထင်သည့် အတိုင်းပင် ပရဝုဏ်အုတ်တံတိုင်းကလေးအေးမှ တံတောင်ခန့်ကျန်သော မြေကျန်ပေါ်ထိုင်ကြ၏။ အိုချစ်ဖွယ်မှာ မိန်းမပင်ဖြစ်သော်လည်း အရပ်မပုလှ သဖြင့် မြေနိမ့်မှ ခြေဖျားသည် တစ်ထွာခန့်သာ လွတ်နေသည်။

"မယ်မင်း – ဘာကြောင့် လမ်းထွက်ရသလဲ"

"ပြောပြီးပါပကော၊ ကိုရင့်ကို တွေ့ချင်လို့"

"ဘာအကြောင်း ဘာကိစ္စ"

"ချစ်တဲ့သူကို တွေ့ဖို့က တစ်ပါးကိစ္စ ရှိထိုက်သလား"

"အိမ်း – ငါတို့မှာ ချစ်သူထက် မုန်းသူကိုတွေ့ဖို့ အရေးသာနေတယ်"

"ဘာသို့စကားဆိုသလဲ – ကိုရင်၊ ကိုရင့်မှာ မုန်းသူရယ်ရှိသလား"

"မြင်ခင်"

"ဟင် – ကိုရင်မြင်ခင် သူရောက်နေပြီလား"

တေန်းရှုးသည် တံတွေးကို မျိုလိုက်၏။



"အို – မရောက်သေးဘူး၊ အနို့ပေမဲ့ – ရောက်ရင်လည်း ဒီရွာမြေ မနင်းရ ခင် အသက်ကို ပေးဆပ်ရမယ်"

"ကိုရင်တန်းရှူး – ကိုရင်မြင်ခင်ဟာ မိချစ်ဖွယ် အမှာစကားနဲ့လာမှာ ဘောက်မဲ့ကြောင့် ကိုရင့်ရန်သူ ဖြစ်ရမလဲ"

တေန်းရှုးသည် အံကို ကြိတ်၏။

"ဟေ့ – မိချစ်ဖွယ် – မယ်မင်း ဥစ္စာဟာ ကျုပ်တစ်ဝက်ဆိုင်တယ်၊ ဒါတောင် လက်မဆက်ရသေးလို့၊ လက်ဆက်ပြီးရင် ကျုပ် လုံးလုံးပိုင်တယ်၊ ဒါကို ဘောက်မဲ့ကြောင့် မဆိုင်တဲ့မြင်ခင်ကို ခွဲပေးရမှာလဲ"

အိုချစ်ဖွယ်သည် တေန်းရှုးကို စက်ဆုပ်သလို ကြည့်သည်။

"ရည်းစားသနာအချိန်မှာ ငွေကြေးစကားကို ဆိုတယ်၊ ကိုရင်ဟာ မေတ္တာရဲ့အကျိုးနဲ့ မတန်ပါကလား၊ အသပြာရဲ့ထမ်းပိုးအောက်က လူ့နွားကပဲ"

တေန်းရှုးသည် ဆတ်ဆတ်ခါသွား၍ မြေနိမ့်ပေါ်သို့ လျှောဆင်း၍ စုံရပ် လိုက်သည်။ သူ၏လက်ျာလက်ကလည်း ဓားလက်ကိုင်ပေါ်သို့ ရောက်သွား ၏။

"အလို – မယ်မင်းပါးစပ်က စကားတန်ထွက်ပါပကော၊ တန်တော့ မင်းဟာ မြင်ခင်နဲ့ မေတ္တာဖောက်ပြန်ချင်လို့သာဖြစ်ရမယ်၊ သစ္စာမဲ့တဲ့ မြွေဟောက်မ၊ အမျိုးယုတ်တဲ့ ပန်းမိုက်ကျူး"

"ကိုရင် – မိဘမျိုးရိုးကို ခိုက်သပ"

အိုချစ်ဖွယ်သည် ထိုင်ရာမှ မြေနိမ့်ပေါ်သို့လျှောဆင်းကာ လျင်မြန်စွာပင် တေန်းရှုး၏ပါးကို လွှဲ၍ ဘယ်ပြန်ညာပြန် ရိုက်သည်။

"ကိုရင်မြင်ခင် – ရောက်နေပြီ၊ ကျုပ်မုန်းမိပြီ၊ တစ္ဆေအိမ်မှာများ ရှိမလား"

အိုချစ်ဖွယ်သည် စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ထားလိုက်မိတော့၏။ သေရည်မူးနေသော တေန်းရှုးသည် ဒေါသဖြင့် ဓားကို ဆွဲထုတ်သည်၊ ပြီးတော့ အိုချစ်ဖွယ်၏ ကြော့ရှင်းသောလည်တိုင်ကလေးဆီသို့ မှန်း၍ခုတ်ချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

အိုချစ်ဖွယ်မှာ မျက်စိများပင် ပြာ၍ မိုက်ခနဲဖြစ်သွားမိ၏။

"နွပ်"

"အလိုလေး"

သူတို့နှစ်ဦးစလုံး မမျှော်လင့်မိခဲ့သော ဖြစ်ရပ်တစ်ခုသည် ဖြစ်ပေါ်လာ၍ တေန်းရှူး၏လက်မှဓားသည် လွင့်စဉ်သွားကာ တေန်းရှူးမှာ သူ့လက်ကိုသူ ဆုပ်ကိုင်ပြီး အလန့်တကြား အော်လိုက်မိခြင်းဖြစ်သည်။

စေတီ၏ရင်ပြင်တော် ဘက် ပရိဂုဏ်၏အနောက်မှ လူတစ်ဦးသည် လဲလျောင်းနေရာမှ ထထိုင်သည်။ သူကား ဇော်ဂျီမှုန်ပင်တည်း။ သူသည် တောင်ဝေးရှည်ကိုအဖျားတစ်ဖက်မှကိုင်ကာ ဝှေ့ယမ်း၍ တစ်ဖက်ဖျားစွန်းဖြင့် လှဲ့ရိုက်လိုက်ခြင်းဖြစ်သည်။ ထိုနောက် ဇော်ဂျီမှုန်သည် ပရဂုဏ်တံတိုင်း ငယ်ပေါ်သို့ တက်ထိုင်ကာ ခြေနှစ်ဖက်ကို သိမ်းယူ၍ အပြင်ဘက်သို့ တွဲလောင်းချထား၏။

"အခါကာလဲမဲ့၊ လူသူကလဲဝေး၊ မိန်းမသားလဲဖြစ်၊ လက်နက်ကလဲ မပါ ဖြစ်နေတဲ့ အချိန်မှာ တောင်မှတိုက်ပွဲဝင်ဓားလမ်းကြီးနဲ့ အားပါးတရခုတ်သတ်ဝံ့တဲ့ မဟာ သတ္တိကျော်ကြီးကပဲ၊ ဆုတော်ဘွဲ့တော်ယူဖို့ နေပြည်တော်တို့ကြွတော်မူ"

ဇော်ဂျီက သာယာသောလေသံဖြင့် လေအေးအေးကလေး ပြောသည်။ အိုချစ်ဖွယ်မှာ အံ့အားကြီးသင့်၍ ငေးစိုက်ကြည့်နေ၏။ တေန်းရှူးမှာ ချက်ချင်း ပင် စက်ဆုပ်သောအသွင်ကို ဆောင်သွားသည်။

"သယ် - ဇော်ဂျီရူး - မောင်မင့်နေရာမဟုတ်၊ ဝင်ပြီးရှုပ်တာ ဖက်ပြုတ်ချင် တယ်ထင်ပဲ့"

ဇော်ဂျီမှုန်ထံမှ ရယ်သံတစ်ချက် ပေါ်လာသည်။ ပြီးတော့ - မြေနိမ့်ပေါ် သို့ ခုန်ချလိုက်၏။ သူ့တောင်ဝေးရှည်ကို လက်နှစ်ဖက်နှင့် အနေတော် အကွာ အဝေးထားပြီး ကန့်လန့်ဖြတ် ကိုင်ထားသည်။

တွံသင်တား - သမ္မာဝါဒကောင်းသောစကားကို ဆိုဖ၏တတား၊ သမ္မာ ကမ္မန္တာကောင်းသောအလုပ်ကိုလည်း လုပ်ပြုနိုင်စေခြင်းငှာ သင်အား ကိုးလှ စွာသော ဓားလက်နက်ကို တောက်၍ကိုင်ပါလော့၊ အဘယ်သူ၏ဖက်က ပို၍



နိုင်သည်ကို သင်သည် တမုဟုတ်ချင်းပင် မျက်ဝါးထင်ထင် တွေ့ရချေတော့ မည်။

တေန်းရှူးသည် ရှာခနဲလှည့်၍ ဓားကို ကုန်းကောက်၏။ ထိုအခိုက်တွင် ဇော်ဂျီမှုန်သည် သူ၏တင်ပါးကို တောင်ဝေးဖြင့် လှဲ၍လှဲ၍ရိုက်သည်။

"အလိုလေးလေး - သူရူး - သူရူး - ဒါမင်းမဲ့တိုင်းပြည် မဟုတ်ဘူး၊ မောင် မင်းကို အရေးအရာယူမယ်"

တေန်းရှူးသည် ဓားကိုကိုင်ကာ မူးမူးနှင့် ဟိုယိမ်းဒီယိမ်း ထွက်ပြေးသွား လေတော့သည်။

အိုချစ်ဖွယ်သည် လက်မထိပ်မှ လက်သဲလေးကို ကိုက်ရင်း ဇော်ဂျီမှုန်ကို ဝေ့ကြည့်လိုက်၏။ ထွက်သစ်စ လမင်း၏ လင်းရောင်ခြည်တွင် ကိန္နရီသည် မပီပြင်ဝိုးတဝါးနှင့် ယိုးမှားစဖွယ် လှရေးကြွယ်နေသည်။

"သူယောင်မယ် - သူယောင်မယ် - ဇော်ဂီမှုန် ဖွေရှာတာက ကျောက် စစ်၊ ဟော - ယခုတွေ့နေရတာက ကိန္နရီနဂါးမယ်၊ ပြိုင်ဆွယ်တိုင်း ရှုံးလောက် တဲ့ ဖုန်းမိသူယောင်ပါကလား"



သူယောင်မယ်

သူယောင်မယ် - ဇော်ဂီမှုန်

ဖွေရှာတာက ကျောက်စစ်။

ဟော - ယခုတွေ့နေရတာက

ကိန္နရီနဂါးမယ်။ ပြိုင်ဆွယ်တိုင်း

ရှုံးလောက်တဲ့ ဖုန်းမိသူယောင်

ပါကလား။



www.burmeseclassic.com

www.burmeseclassic.com

ဇော်ဂျီသည် ရှေ့သို့တစ်လှမ်းတိုး၍ ချဉ်းကပ်လာရာ အိုချစ်ဖွယ်မှာ ရင်တွေခုန်၍ မျက်ရည်ဝဲလာသည်။

"သည်းခံပါ - ဇော်ဂျီရှင်၊ မေတ္တာသိုက်ကို အမွှသံကောက်နဲ့ ဖွင့်တော့မှာလားရှင်"

မှုန်သည် ခြေစုံရပ်လိုက်၏။

"လုံမငယ် - ကျုပ်ကိုသူရှုးလို့မှတ်ယူချင်မှတ်ယူပါ။ သူရမ်းကားလို့တော့ နလုံးမသွင်းစေချင်ဘူး - နမငယ်၊ ကျုပ်ဟာ အလုံးစုံကို ကြားသိရပြီးပြီ၊ ပရိဂုဏ်တံတိုင်းနောက်မှာ လဲလျောင်းရင်းက ကြားခဲ့ရပြီ၊ ရည်ငံသူက သစ္စာဖောက်လို့ ချစ်ပန်းဧကွှ နွမ်းခြောက်ပြီး အသည်းကျောက်ဖြစ်ရတဲ့လုံမငယ်၊ မယ်မင..ရဲ့မေတ္တာရိပ်န..န်းမှာ နောက်ထပ်ခိုကိုးစရာ တစ်ယောက်စာမှ မရှိရှောသလား - ဟင်၊ ဖလာ ကထိပ်ပန်မှာ ငြိုးငွေ့စရာ ကောင်းလှပါတယ်"

အိုချစ်ဖွယ်သည် မှုန့်ဇ..ိမျက်နှာကို စိုက်ကြည့်မိ၏။ ရစ်ဝဲနေသောမျက်ရည်များကြားမှ ထူထဲသောမျ..ာက်ခုံးမွေး၊ ယောကျ်ားပီသသောမျက်နှာထား၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့အ..ကြားမှ လှပသောနှုတ်ခမ်း၊ အရွယ်ကောင်းရုပ်ချောသူတစ်ဦး ရှုးနေရှာရခြင်းက..ားသနားစရာ အမှန်ပင်ဖြစ်၏။ သို့သော် ချစ်သူက ရုတ်တရက် သစ်စိမ်းချိုး ချိုး..စ်လိုက်ရသော ပူပူနွေးနွေးအဖြစ်ကြောင့် မိမိကိုယ်မိမိ သနားစရာအလုပ်က ..ို၍နေရာယူနေသည်။ ဒါကြောင့် ဇော်ဂျီမှုန်၏စကားကို အရေးထား၍ ပြန်မပြော..ပါချေ။

"မြေပြင်ခင်ကို သဝဏ်ပွါးမှာတာ မယ်မင်းလား"

"အလို - ဇော်ဂျီ အရှင် ဘယ်သို့သိပါစ့်"

"လုံမငယ် - ဇော်ဂျီတန်ခိုးကိုအဖိုးစားနားကလေးမှ မထ..ားတော့ဘူးလားလေ။ မေးတာကို ဖြေစမ်းပါဘိဦး"

အိုချစ်ဖွယ်သည် ခေါင်းကို ညိတ်ပြ၏။

ထိုခဏတွင် ခပ်လှမ်းလှမ်းမှ လူသံသူသံတွေ ကြားရသည်။ အိုချစ်ဖွယ်သည် မျက်နှာကလေးပျက်သွားကာ ဇော်ဂျီမှုန်၏ရင်အုပ်ကျယ်ကြီးကို တစ်ချက်မျှကြည့်ပြီး - "ဇော်ဂျီအရှင် ခွင့်ပြုတော့ - မိချစ်ဖွယ် မြန်းရတော့မယ်" ဟု ပြောပြောဆိုဆိုနှင့် လက်အုပ်ချီနှုတ်ဆက်ကာ ပြေးထွက်သွား၏။

ဇော်ဂျီမှုန်ကားလမ်းဘက်ဆီသို့ တစ်ချက်မျှော်ကြည့်ပြီး လူအုပ်လိုလိုတွေ့သည်တွင် လက်ထဲမှ တောင်ဝေးကိုထောက်ကာ လွှားခနဲ ခုန်လိုက်ရာ ဖွေ့ခနဲ မြောက်တက်သွားပြီး မြေပြင်နှင့်တကွ ပရဂုဏ်တံတိုင်းငယ်ကိုပင် ကျော်ကာ ရင်ပြင်တော်အတွင်းဘက်သို့ တောကြောင်တစ်ကောင်သဖွယ် ရှုရှုကလေးကျသွားပြီးနောက် စေတီ၏ မှောင်ရိပ်သို့ လျှိုးဝင်ပျောက်ကွယ်သွားလေတော့၏။

❦❦

သော်မြနှင့်ရောင်းရင်းအပေါင်းတို့သည် ဒေါ်ကြီးမောကြီးနှင့် အိမ်ပေါ်ထပ်သို့ ဆောင့်နင်းတက်လာကြလေ၏။

ဘဝ၏အဆိုးဆုံးအချိန်ပိုင်းကို ငံ့မျှော်နေပြီဖြစ်၍ အိုချစ်ဖွယ်သည် ဖျာပေါ်၌ တည်ငြိမ်စွာပင် ထိုင်၍ ဦးခေါင်းကို ငုံ့ထား၏။

"လျှပ်ပေါ်မ - မယ်မင်းကို ငါက ဘယ်မှမသွားရပါဘူးဆိုထားပါလျက် ကနဲ့မြင်ရာတွေ့ရာလူနဲ့ - သယ် - ဟင်း"

သော်မြ၏ ဒေါသဖြင့် ကြိမ်းမောင်းသံကို ကြားသည်နှင့်တစ်ပြိုင်နက် အိုချစ်ဖွယ်သည် ဆတ်ခနဲ ခေါင်းထောင်ကြည့်သည်။

"ကိုရင် - မစိနိုပ်ပါနဲ့၊ မိချစ်ဖွယ် အနေမှန်တယ်"

"ဘာအနေမှန်သလဲ၊ စိတ်မကောင်းတဲ့အရှုးနဲ့လဲ စကားအမှာထားတာ မယ်မင်း ဘာအစားလဲ၊ သယ်လေ - ငါတို့မျက်နှာကို ဓားနဲ့ လှီးပစ်ရပြီ"

အိုချစ်ဖွယ်သည် ငတန်းရှုးကိုကြည့်၏။

"ကိုရင်တန်းရှုး - ယောကျ်ားသားစကားကိုဆိုပါ၊ မှန်ရာကို ပြောပါဘိ"

ငတန်းရှုးကာ မလှုပ်ချေ၊ သော်မြကသာ နီမြန်းစွာသောမျက်နှာဖြင့် -

"လျှပ်ပေါ်မ - နင်အောင်းရမှာ သိပ်ကြောက်တဲ့အခန်းထဲကိုဝင်၊ ဝင်အိုတာ နင့်နားပင်းနေရှောသလား"





www.burmeseclassic.com

www.burmeseclassic.com

"ကိုရင် – အဖ မျက်စိမှိတ်လို့ နိပ်စက်မယ်ကြံသလား။ တရားကို နတ်စောင့်ပါတယ်"

"ဘာစကားတွေ ရှည်ရှည်ထန်ထန်ပြောနေရသလဲ၊ မယ်မင်းလင်တွေဖြစ်တဲ့ မြင်ခင်နဲ့ ဇော်ဂီမှုန်တို့က နင့်အတွက် တရားကို လာစောင့်ကြပ်ပေးမယ်မှတ်သလား – သယ်လေ"

ပြောရင်းက သော်ဖြူသည် ဓါးသတွက်လှသည်နှင့် အိုချစ်ဖွယ်ကို မြေပြင့်တန်ပြီးလျှင် အခန်းဝသို့ ဆွဲ၍ခေါ်၏၊ ထိုနောက် အခန်းထဲသို့ ဆောင့်တွန်းပစ်ထည့်ကာ တံခါးကို ဆွဲပိတ်သည်၊

အိုချစ်ဖွယ်ကား အခန်းထဲတွင် ပုံ၍ကျသွား၏၊ မျက်ရည်ပူများ စီးဆင်းလျက်ရှိသည့်ကြားက နားများသည် အပြင်ဘက်သို့ စွင့်မိသည်၊

"တိုင်း – သန်းခေါင်ထက်တော့ ညဥ့်မနက်တော့ဘူး၊ ငါ့နှမပဲဖြစ်စေ အမွှနဲ့ မတန်တော့မှ သတ်ပစ်မယ်၊ ကိုရင်တို့ နှုတ်လုံကြစေနော်"

သော်ဖြူ၏စကားအဆုံးတွင် တေန်းရူး၏အသံသည် ထွက်ပေါ်လာ၏၊

"ကျုပ်အတွက် ဝေစုဝေတာပါသပဆိုရင် နှုတ်လုံရုံမက အကူအညီရပါစေမယ် – ကတိဆိုမလား"

"လာချေစမ်းပါ – ကိုရင်တန်းရူးရယ်၊ ဆုတောင်းပြည့်မှာ သစ္စာရေသောက်သွားကြမယ်"

"ဟော့ – ဓနောင်နဲ့ တေလည်တို့ ဒီမှာနေရစ်ကြ၊ မြွေဟောက်မကို စောင့်ကြပ်ရစ်၊ လုပ်တိုင်းမှာ ငါတို့ကျင်းတူးခဲ့မယ်၊ ပြန်ရင် မြွေဟောက်မကို သုတ်သင်ကြစို့"

သံသာဖြင့် ထုတွင်းထားသော နလုံးသားပိုင်ရှင်ပေလောမသိ၊ တေန်းရူးသည် ရက်ရက်စက်စက်စကားတွေပြောပြီး ဆင်းသွားကြသည်၊ အိုချစ်ဖွယ်တစ်ယောက်အတွက်ကား ဘီလူးနစ်ကောင် စောင့်ရစ်နေချေပြီတကား။

အိုချစ်ဖွယ်သည် အိပ်ရာပေါ်မှောက်၍ မျက်နှာကို လက်ဝါးနစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိတော့သည်၊ သမ္မာဒေဝနတ်တွေကို မျက်ရည်နဲ့ ပူဇော်နေရော့သလား – အိုချစ်ဖွယ်ရယ်၊



ဘဝ၏နေမင်းကြီးသဖွယ် မှီတွယ်အားကိုးနေခဲ့ရပါသော ဖခင်ကြီးမျက်စိမှိတ်သွားသည်နှင့်တစ်ပြိုင်နက် ခြေကုန်လက်ပန်းကျသွားစရာ ရှိပါသော်လည်း အသက်ပေး၍ ချစ်ရသူ တေန်းရူးသည် လမင်းကြီးသဖွယ် ဖြစ်ခဲ့ရပါ၏၊ တစ်ဖန် တစ်အူတုံဆင်း အနွယ်ကိုအရင်းဖြစ်သော သော်ဖြူသည်လည်း မှုံကြယ်ကြီးပမာ အားကိုးရပ်တည်ဖွယ်ရာဟု သံမှိုမယ်နဖြင့် စွဲထားသလိုမှတ်ယူထားခဲ့သည်၊

သို့သော် ချစ်သူရော၊ အစ်ကိုရင်းပါ မိမိကို မခင်တွယ်၊ အသပြာကိုသာ ခင်တွယ်ကြလေပြီကို စင်းစင်းကြီး သိရသည်တွင် ချစ်သဲတွေ ငယ်ခဲ့ရပါပြီကော၊ မည်သူ့ကို အားကိုးရပါတော့မည်နည်း။

လောကကြီးသည် ကျယ်ဝန်း၏၊ သို့သော် မိမိအတွက် ရပ်တည်မည့်သူကား တစ်ယောက်မျှမရှိ ရှားပါးလှချေ၏တကား။

အိပ်ခန်း၏တစ်ခုတည်းသောဝင်ပေါက်မှာ တံခါးရွက်တွေပိတ်ထား၏၊ မိမိ၏အိမ်တွင်ပင် မိမိမှာ တံခါးနှင့်စားနှင့်ဖြစ်နေသည်၊ သေမင်းတမန်နှစ်ဦးသည် ဓားလွတ်ဖြင့် တံခါးအပြင်ဘက်က စောင့်နေကြပြီမဟုတ်ပါလား။

ပြတင်းပေါက်တော့ ရှိသည်၊ သို့သော် နှစ်ထပ်အိမ်ဖြင့် ပြတင်းပေါက်မှ ခုန်ချရန်မှာ သူ့လိုမိန်းမငယ်ကို မဆိုထားနှင့် ယောကျ်ားရင့်မကြီးပင် ဖြစ်နိုင်လောက်သောအလုပ်မဟုတ်ချေ၊

ထိုခဏတွင် ပြတင်းနားတွင် တစ်စုံတစ်ခုသည် လှုပ်ရှားနေ၏၊

ကပျာကယာထ၍ ပြတင်းနားသို့ ကပ်၍ကြည့်သည်၊ ကြိမ်ကို ယက်လုပ်ထားသည့် ခြင်းကြီးတစ်ခုဖြစ်သည်၊ အိမ်ဘက် ကိုင်းနေသော သစ်ကိုင်းမှ တစ်ဆင့် ကြိုးဖြင့် လျှောတိုက်ချပေးသဖြင့် လှုပ်ရမ်းနေသည်၊

အိုချစ်ဖွယ်သည် ကြာကြာစဥ်းစားမနေဘဲ ခြင်းတောင်းကြီးထဲသို့ ပြတင်းဘောင်မှတက်၍ ဝင်ထိုင်လိုက်သည်၊ သူထိုင်ပြီးသည်နှင့်တစ်ပြိုင်နက် အောက်က လူသည် ကြိုးကို လျှော့ချလိုက်သဖြင့် ခြင်းကြီးမှာ မြေသို့ ရှောင်မြန်စွာနှင့် ညင်သာစွာ ကျရောက်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com

အိုချစ်ဖွယ်သည် ခြင်းထဲမှနေ၍ မြေပေါ်သို့ထွက်ကာ မတ်တတ်ရပ်လိုက်သည်တွင် လူတစ်ဦးသည် သူ့နားသို့ ရောက်လာ၏။

"ထွက်ပြေးပေတော့ – လုံမရယ်၊ မယ်မင်းအစ်ကိုက လောဘဇောဝင်လို့ လူစင်စစ်က ဘီလူးဖြစ်နေပြီ၊ ဒီငွေဟာ မယ်မင်းအတွက် လုပ်တိုင်းဖြစ်နေပြီမို့ လွှတ်ရာသာ ပြေးပေတော့"

ဝမ်းနည်းသံကြီးနှင့်တတွတ်တွတ်ပြောရင်းကျောကိုတွန်းလွှတ်သူကား ဦးမနောပင် ဖြစ်တော့သည်။

အိုချစ်ဖွယ်မှာ ဦးမနောကိုပင် ကျေးဇူးတင်စကား မဆိုနိုင်တော့ဘဲ သေသေးမှ ဝေးနိုင်သမျှ ဝေးရန်သာ မှောင်ရိပ်ခို၍ ပြေးထွက်လာခဲ့၏။

ဘယ်ကိုပြေးရပါမည်နည်း။ ဒီရွာထဲတွင် နိုနေသရွေ့တော့ ဦးမနောပြောသလို သူ့အတွက် သချိုင်းဖြစ်နေလေပြီ၊ လောကတွင် မိမိကို ကူညီနိုင်မည့်သူ ရှိတော့သလော။

သတိရပါပြီ – မြင်ခင်၊ သူရောက်နေပြီ၊ သေဲဖြူတို့အမှုပျက်ကြသောနေ့က ပြောစကားတွေ ပြန်၍ကြားယောင်မိသည်၊ ပြေးရင်းလှည့်ရင်းက ဆက်စပ်ကြည့်မိသည်။

"ဟုတ်တာ – ကိုရင်မြင်ခင်ဟာ တစ္ဆေအိမ်ကြီးမှာ နိုအောင်းနေရမယ်"

အားသစ်ဝင်လာ၊ ခြေပို၍သွက်လာ၏၊ ဖက်ဆေးအိုင်ကိုတွေ့၍ပင်ခရီးပေါက်ခဲ့ချေပြီ၊ တစ္ဆေအိမ်ကြီး၊ ကြက်သီးမထနိုင်ပါ၊ ဤရွာသည်ပင်လျှင်မိမိအတွက် သချိုင်းဖြစ်နေမင့်၊ အိမ်ပျက်သည် မိမိအတွက် နိုကိုးရာဒေသသာ ဖြစ်ရချေမည်ပေါ့။

ခပ်လှမ်းလှမ်းမှ မျှော်ကြည့်သည်။

ရှုပ်ထွက်နေသော ချုံနွယ်ပိတ်ပေါင်းတွေအကြားမှ အိမ်ပျက်ကြီးသည် မည်းမှောင်စွာ မားမားကြီးတည်နေ၏။

ဤအထဲတွင် မြင်ခင်ရှိရမည်၊ မြင်ခင်ကို အကျိုးအကြောင်း စုံလင်စွာ ပြောရလျှင် တစ်လောကလုံး၌ တစ်ယောက်တည်းသော အားကိုးရာ ဖြစ်လာရမည်ပေါ့။



သို့သော် မှောင်မိုက်လှချေ၏။

တစ်ဖက်သို့ လှမ်းမျှော်ကြည့်မိသည်၊ လောကထိပ်ပန်ဘုရားအာရုံခံတန်ဆောင်းထဲတွင် ဆီမီးရောင်များ ဝင်းနေသည်၊ သူတော်စင်ကြီး ဦးဗလ တစ်ယောက်သည် ညစဉ်ပင် ဆီမီးများ ကညင်တိုင်များ လာရောက်ထွန်းညှိပူဇော်လေ့ရှိသည် မဟုတ်ပါလား။

အိုချစ်ဖွယ်သည် လောကထိပ်ပန်ကုန်းမြင့်အုတ်လှေကားကလေးကို ပြေးတက်သွားသည်၊ ပြီးတော့ – လောကနတ်ရုပ်တုရှေ့တွင် ထွန်းညှိထားသည့် ကညင်တိုင်သုံးတိုင်အနက်မှ တစ်တိုင်ကို ဝတ်ချ၍ယူလိုက်သည်၊ အချိန်ကို များစွာလုနေရသည့်အတွက် အိုချစ်ဖွယ်မှာ ပျာလောင်ခတ်နေသည်၊ ပတ်ဝန်းကျင်မီးရောင်အောက်တွင် လူရိပ်လူယောင်မရှိသဖြင့် သူသည် စိတ်အေးသွားကာ ခပ်သုတ်သုတ်ပင် အုတ်လှေကားကလေးမှ ပြေး၍ဆင်းသွား၏။

သို့သော် ရုပ်ပွားတော်၊ ရုပ်တုတော်ကြီးများ၏အရိပ်ကြားမှ တောက်ပသောမျက်လုံးတစ်စုံသည် သူ့ကိုစူးစိုက်ကြည့်နေသည်ကိုတော့ သူမသိသွားချေ၊ သူတက်လာတာမြင်ကတည်းက ထိုမျက်လုံးရှင်သည် ရုပ်တုတော်တွေကြားတွင် မှောင်ရိပ်ခိုနေခဲ့၏၊ ပြီးတော့ – သူဆင်းသွားသည်ကိုလည်း မမှိတ်သောန်ကြည့်နေသည်။

ဒါတွေကို ဘာမျှမသိလေသော အိုချစ်ဖွယ်သည် မီးတိုင်ကို လေမတိုးအောင် လက်ခုပ်ဖြင့်ကာရင်းက အိမ်ပျက်ကြီးဆီသို့ ခပ်သုတ်သုတ်ကလေး ချီးကပ်သွားနေလေတော့သည်။

❦❦

အတွင်းက အမှောင်ထုကြီးကား ကြီးမားလှပါဘိ၏။

ဟင်းလင်းဖြစ်နေသော ပြတင်းပေါက်များက လေသည် ဝှေ့၍ဝင်လာတ်လေရာ အိုချစ်ဖွယ်သည် ကညင်တိုင်ကို လွှတ်လွှတ်မကိုင်နိုင်ချေ၊ လက်ခုပ်



www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ကာထားရသည်၊ ကြီးစိုးနေသော အမှောင်ထုအတွင်းဝယ် သူ့ထံမှ အလင်းရောင်ကလေးသည် အင်အားချည့်နဲ့လှပါပေသည်။

အတွင်းတွင် သူထင်သလို ဟင်းလင်းပြင်ကြီးသက်သက်မဟုတ်၊ တချို့နေရာများတွင် ဟင်းလင်းကွက်ရှိသည်မှန်သော်လည်း ဟိုနေရာ သည့်နေရာဆိုသလို အုတ်ကျိုး ကျောက်ပဲ့များ၊ မြက်များ၊ အပင်ငယ်များလည်း ရှိသဖြင့် သွက်သွက်လှမ်း၍မရ၊

ရင်ခုန်သံသည် ပြင်းစွာမြည်လာ၏၊ ခြေလှမ်းများလည်း ထွဲ့ချင်လာသည်၊ စိတ်ကသွားတိုင်း ဒူးဆစ်များသည် တုန်၍ ကိုယ်မပါချင်တော့ချေ၊ ပိုင်းနေသော မျက်လုံးကလေးများဖြင့် ပတ်ဝန်းကျင်ကို ကြည့်မိ၏၊

ယိုယွင်းပြိုပျက်နေသော နံရံပေါ်ဝယ် မိမိ၏အရိပ်မည်းကြီးသည် ယိမ်းထိုးကာ နတ်ဆိုးအသွင် ဆောင်နေသည်၊ လေတိုးမှုကြောင့် မပျက်သေးဘဲရှိနေသောပြတင်းတံခါးရွက် တစ်ချပ်တလေသည် ဝုန်းခနဲ ရိုက်၍ပိတ်သည်၊ ပိတ်လျက်သား တံခါးရွက်တစ်ချပ်တလေသည်ဝုန်းခနဲ ပွင့်သွားသည်၊ အထဲတွင် တိုင်ကြီးများလည်းရှိ၏၊ အခန်းတွေလည်းရှိသည်၊ မှောင်မည်းလှသော အခန်းတစ်ခုခုအတွင်းမှ မိန်းမပျိုအပြင်ဘက်ဆီသို့ တစ်စုံတစ်ယောက်သည်ပင် ထွက်လာတော့မယောင်ယောင် စိတ်က ထင်မိသည်၊

တံခါးရွက်မရှိ၍ ဟင်းလင်းဖြစ်နေသော ပြတင်းများကလည်း အားတက်စရာမရှိလှချေ၊ အပြင်ဘက်တွင်လည်း အထဲမှာ နည်းတူပင် မှောင်မိုက်နေ၏၊ သစ်ကြီးဝါးကြီး၏ လောင်းရိပ်ကြောင့်ပင်ဖြစ်သည်၊

တိတ်ဆိတ်လိုက်သည့်ဖြစ်ခြင်း၊ ဘာသံမျှမကြားရ၊ မိမိနားအလည်လွဲသည်များဖြစ်နေလျှင်ကား၊ ဒါးလောင်းသေ၍ပျက်စီးခဲ့ရသော ဤအိမ်ကြီးအတွင်းတွင် လူဆို၍ မိမိတစ်ဦးတည်းသာ ဖြစ်နေချေရော့မည်၊

ခြေတစ်လှမ်းကို လှမ်းလိုက်တိုင်း လေးလံနေးကွေးလာသည်၊ တိုးဝှေ့ဝင်လာသောလေသည်ပင် ပို၍အေးစက်လာသည်ထင်မိသည်၊ ဆိုးဝါးသော မြေခွေးနံ့လိုလို မကောင်းသောအနံ့အသက်တို့လည်း နှာဝတွင် ရောက်ရှိလာသယောင် ထင်မိ၏၊



အိုချစ်ဖွယ်သည် တုန်ရီသောနှုတ်ခမ်းတို့ဖြင့် မကျယ့်တကျယ် အော်ဟစ်လိုက်သည်၊

"ကိုရင်မြင့်ခင် - ကိုရင်မြင့်ခင်"

ခဏရပ်၍ နားစွင့်၏၊ ဘာသံမှမကြားရ၊ တုန်ရီစွာ တစ်လှမ်းလှမ်းပြန်သည်၊ အိုချစ်ဖွယ်ကတစ်ဦးတည်းဖြစ်နေသလိုထင်သော်လည်း အပြင်ဘက်မှောင်ရိပ်ထဲမှပြတင်းပေါက်များအနားသို့ လူခြောက်ဦးသည်တွား၍ချဉ်းကပ်လာကြသည်၊ အိမ်ကြီးမှာ ပျဉ်အိမ်ကြီးဖြစ်၍ အောက်ထပ်ပြတင်းတို့မှာ မြေမှာတံတောင်သာသာမျှသာရှိချေ၏၊

အိုချစ်ဖွယ်သည် ပို၍ကျယ်ကျယ်အော်လိုက်ပြန်၏၊

"ကိုရင်မြင့်ခင် ရှိနေရင် ထွက်တွေ့ပါ၊ မိချစ်ဖွယ်လေ - အိုချစ်ဖွယ်ပါ ကိုရင်မြင့်ခင်"

ရိပ်ခနဲ လှုပ်ရှားသွား၏၊

တိုင်တစ်ခုနောက်ကွယ်မှ လူတစ်ဦးထွက်ပေါ်လာခဲ့သည်၊ ရုတ်တရက်ရင်ဆိုင်တွေ့ရသဖြင့် အိုချစ်ဖွယ်ပင် ဖိတ်ခနဲဖြစ်၍ ကျောက်ရုပ်ပမာ ခြေစုံရပ်၍နေမိတော့သည်၊

အကျႌရှုတ်နှင့် ပုဆိုးကို အောက်ပိုးကျိုက်ထားသည့်လူကား စာရှိနင့်တော့၊ ဗလကောင်းကောင်း ခပ်ကြမ်းကြမ်းကိုယ်ဟန်ရှိသည်၊ မှိန်ပျသော အလင်းရောင်ပင်ဖြစ်လင့်ကစား လူချင်းမဝေးသဖြင့် နဖူးမှအမာရွတ်ကို မြင်နေရသည်၊ ထိုသူကား လက်ထဲတွင် ဓားလွတ်ကြီးကို ကိုင်ထားသည်၊

"အိုချစ်ဖွယ် - ကျုပ်ဟာ မြေင်ခင်ပဲ၊ အမွှေက ဘယ်လိုဝေခြမ်းမှာလဲ"

အိုချစ်ဖွယ်သည် တွေးသွားမိ၏၊ ပြီးတော့ပြီးတော့ - ဖြည်းညင်းစွာပြောနှန်ကြိုးစားသည်၊ ထိုခဏတွင် ခပ်ဝေးဝေးမှ မြင်းခွာသံများကို ကြားရ၏၊

မြေင်ခင်သည် ဖျားယီးဖျာယာ ဖြစ်သွားသည်၊

"ရန်များတယ် - မယ်မင်းတို့ရွာက ရန်သူချည်းပဲ - မြန်မြန်ဆိုစမ်းပါ၊ အမွှေက ဘယ်လိုဝေခြမ်းမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုရင်မြင်ခင် – ဥစ္စာကြောင့် မိချစ်ဖွယ်အသက်ပင် သေရပါတော့မယ်။ ဥစ္စာစကားကို ဖယ်ထားပြီး မိချစ်ဖွယ်ကို ကယ်ယူပါ။ ပုဂံနေပြည်တော်ကို ဆောင်ကျဉ်းသွားပါဘိ – ကိုရင်မြင်ခင်ရယ်"

မြင်ခင်၏မျက်နှာသည် သိသိသာသာ ပျက်သွား၏။

"သယ် – ငါ့အသက်တောင် ငါ အတော်စောင့်ရှောက်နေရတယ်။ မယ်မင်း – ငါ့ကို သက်သက်လိမ်ခေါ်တာပဲ – သူယုတ်မာမျိုးတွေ"

မြင်ခင်သည် ရှေ့သို့ တိုးသည်။ မှိန်ပျသောအလင်းရောင်၌ တလက်လက်ဖြစ်နေသော သူ၏မျက်စိမှာ အန္တရာယ်ရောင်တွေထွက်နေသဖြင့် အိုချစ်ဖွယ်သည် ခပ်သုတ်သုတ်ပင် နောက်သို့သုံးလေးလှမ်း ဆုတ်မိရာ အုတ်ကျိုးကို လေ့တ်တိုက်၍ မြေပေါ်သို့ နောက်ပြန်ထိုင်လျက် လဲကျသည်။ ကံကြီး၍ လက်ထဲ မီးတိုင်မငြိမ်းချေ။

ထိုအခိုက် ပြတင်းတစ်ခုမှ လူသုံးဦး ခုန်ဝင်လာကြသည်။ တေန်းရှူး၊ ငနောင်နှင့် ငထန်းတို့ ဖြစ်ကြ၏။ သူတို့၏လက်ထဲတွင် ဓားလွတ်ကိုယ်စီနှင့် ဖြစ်သည်။

မိချစ်ဖွယ်သည်မတ်တတ်ပြန်ရပ်ကာ အိပ်မက်ဆိုးကြီးမက်နေရသူပမာ မီးတိုင်ကိုကိုင်၍ ငေးကြည့်နေမိသည်။

မြင်ခင်သည်လှုပ်ရှားဝင်ရောက်လာသူများဘက်သို့လှည့်လိုက်သည်။ သူ၏မျက်နှာထားကား သုံးယောက်တစ်ယောက်ဖြစ်နေသည့်တိုင်အောင် အလေးဂရုပြုပုံတော့မရချေ။ မဲ့ပြုံးပင် ပြုံးလိုက်ချေသေး၏။

လှုပ်ရှားမှုတို့ကားမြန်ဆန်လွန်းလှသည်။ အချိန်သည် ရောတိုင်း၊ ဗီဇနာတိုင်း အရေးပါလှ၏။ တေန်းရှူးတို့သုံးယောက်သားသည် ပြိုင်၍ဝင်ကြ၏။ မြင်ခင်သည် ဝင်လာကြသူများကို လျှပ်တစ်ပြက် အကဲခတ်လိုက်သည်။ လက်ဝဲဘက်ယွန်းယွန်းက ငနောင်သည် ဓားကိုဝှဲ၍ဝင်လာသည်။ ရှေ့တည့်တည့်မှ တေန်းရှူးသည် ဓားကို ခါးနှင့်တည့်တည့်ဆီမှ ဝါးလုံးထိုးထိုး၍ဝင်လာ



သည်။ သို့သော် သူသည် မြင်ခင်နှင့် ခြေလေးလှမ်းစာမျှကွာဝေးသောနေရာမှ ဝင်လာရခြင်းဖြစ်၏။ လက်ျာဘက်ယွန်းယွန်းမှဝင်သော ငထန်းသည်ကား စလွယ်ခုတ်ဓားနှင့် ဝင်လာသည်ဖြစ်ပြီး သူတစ်ယောက်သည် အနီးဆုံးဖြစ်သည်။

မြင်ခင်သည် လက်ျာလက်ကို ကိုယ်မှခွာ၍ ဘေးတိုက်ဆန့်ထုတ်ကာ မြှောက်တင်လိုက်သည်တွင် သူ၏ဓားသည် ငထန်း၏လက်ဖျံကို ထိ၏။ ချက်ချင်းပင် မြင်ခင်သည် ဓားကို တွန်းဖိသပ်ဆွဲကာ လက်ဝဲခြေကို တစ်လှမ်းဆုတ်၍ လက်ျာခြေနှင့် တစ်တန်းတည်းထားလိုက်၏။ ထိုအခါ ငထန်းသည် ဓားလွှတ်၍ နောက်သို့ဖင်ထိုင်လျက်ကျသွားသည်။ လက်ဖျံမှ သွေးများ ယိုစီးထွက်ကျလာ၏။

ရှေ့မှ တံစူးထိုးဝင်လာသော တေန်းရှူး၏လက်ကောက်ဝတ်ကို မြင်ခင်သည် လက်ဝဲလက်ဖြင့် ဆတ်ခနဲ ဆုပ်ဖမ်းကာ မြှောက်တင်လိုက်ပြီး သူ၏လက်ဝဲခြေကို ရှိုးအောက်ဘက်သေးနားဆီသို့ရောက်သွား၏။ တေန်းရှူး၏ဓားမှာ ပင့်တင်ခြင်းခံလိုက်ရသည်တွင် တစ်ဖက်က ဝင်လာသော ငနောင်၏ လက်မောင်းရင်းကို ထိမိုက်လေသဖြင့် ငနောင်မှာ "အား" ဟု တစ်ချက်အော်ကာ နောက်သို့ ခုန်ဆုတ်သွားသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းတွင်ပင် မြင်ခင်သည် တေန်းရှူး၏ဝမ်းဗိုက်ကို မိမိ၏ဓားဖြင့်ထိုးလိုက်ရာ ဓားမှ ထုတ်ချင်းခတ်သွား၏။ ရုတ်တရက် ပြန်အနုတ်ရခက်သဖြင့် တေန်းရှူးကို ခြေဖြင့် ဖိတွန်းကန်ထည့်ပြီး ဓားကို ရုတ်ရသည်။ တေန်းရှူးကား မြေပေါ်သို့ ပုံလျက်သား ကျသွားသည်။

သွေးတွေကား စိမ့်၍ယိုစီးထွက်လာသည်နှင့်အမျှ ညှီစို့သောအနံ့တို့သည်လည်း ပျံ့လွင့်ပေါ်ထွက်လာ၏။

မြင်ခင်သည် ချာခနဲပြန်လှည့်ပြီး ရင်ဆိုင်သည်။ ငထန်းနှင့် ငနောင်တို့မှာ ဒဏ်ရာများကို လက်တစ်ဖက်စီဖြင့် အသီးသီးဆုပ်ကိုင်ထားကြ၏။ လက်

www.burmeseclassic.com

တွေထဲမှာတော့ ဓားတွေရှိသေးသည်။ ထို့ကြောင့် မြေခင်သည် လုပ်ငန်းကျန်သေးသလို သဘောထားကာ အသင့်အနေအထားကို ယူလိုက်၏။ သို့သော် သူသည် ပြတင်းတစ်ခုကို ကျော်ပေးလျက်သားဖြစ်နေသည်။ ဤကား သူ့အတွက် ကံဆိုးခြင်းတည်း။

ပြတင်းဝမှ တေလည်သည် လက်မှဓားရှည်ကို ချိန်ဆ၍ လှမ်းပစ်လွှတ်၏။ ငါးကိုက်ခြောက်ကိုက်မျှသာ ဝေးသည်ဖြစ်ရာ တေလည်၏ဓားရှည်သည် မြေခင်လက်ပြင်သို့ နစ်စွာဝင်သွားသည်နှင့်တစ်ပြိုင်နက် မြေခင်မှာ ပုံကျသွားလေတော့သည်။

"အို"

အိုချစ်ဖွယ်သည် ရင်တွေခုန်၍မျက်လုံးတွေပြာဝေသွားသည်။ မြေခင်ကိုသံယောဇဉ်ရှိစရာတော့မလိုပ။ ဤအိမ်ကြီးထဲရှိလူတွေသည် မိမိအတွက် ရန်သူတွေချည်းနှင်နှင်သာ ဖြစ်ပါသည်။ သို့သော် ရန်သူအချင်းချင်း တိုက်ပွဲသည် ဤမျှစောစီးစွာ ပြီးဆုံးခဲ့သွားသော် အန္တရာယ်သည် မိမိဆီသို့ လှည့်လာတော့မည်ဖြစ်၍ တသမိခြင်းဖြစ်လေသည်။

မှန်ချေ၏။ သေံဖြူနှင့် ငနောင်တို့သည် ပြတင်းမှ ကျော်ဝင်လာကြသည်။

"လျှပ်ပေါ်မ - ဘာငိုင်နေသလဲ။ မယ်မင်းလင်တော်မောင် အရေးနိမ့်လို့ စိတ်မသက်မသာဖြစ်သလား။ မပူပန်လင့်၊ မယ်မင်းကိုပါ တစ်ပါတည်း ငါ ထည့်လိုက်မယ်"

သေံဖြူသည် အချိန်မဖြုန်းတော့ချေ။ လက်ထဲမှဓားကို မြှောက်၏။

"မလျော်ကန်လှပါချေတကား"

အားလုံးသည် အသံထွက်ပေါ်လာရာသို့ လှည့်ကြည့်၏။



ကာသယ်မှုန့်တွေကိုတော့ ပိန်းပိတ်သား ခြယ်မထားပါ။ သို့သော် နီလွင်သော သိုရင်းအင်္ကျီရှည်၊ ဘောင်းဘီနီတို့နှင့် ဇော်ဂျီငမှန်ကား တောင်ဝှေးကို ကန့်လန့်ကိုင်ထားရင်း အတွင်းသို့ ရောက်နေသည်။

တေလည်နှင့် သေံဖြူတို့သည် ဇော်ဂျီကို ဓားများနှင့် ပြေးဝင်ခုတ်၏။

အိုချစ်ဖွယ်ကား အံ့အား သင့်နေရ၏။ သူမမျှော်လင့်တာတွေချည်း ဖြစ်ပျက်နေသည်။

ဇော်ဂျီငမှန်သည် တောင်ဝှေးရှည်ကို ကျင်လည်စွာ ကိုင်နေချေ၏။ သေံဖြူနှင့် တေလည်တို့နှစ်ယောက်ကြားကို ဝင်သည်။ လက်ဝဲခြေကိုတက်၍ တောင်ဝှေးစွန်းတစ်ခုကို အောက်မှပင့်၍ရိုက်တင်ရာ သေံဖြူ၏လက်ကောက်ဝတ်ကိုပြင်းစွာရိုက်၏။ သေံဖြူ ဓားလွတ်သွားသည်။ လက်ကောက်ဝတ်လည်း ကျိုးသွား၏။ တစ်ဆက်တည်းပင် ဇော်ဂျီသည် လကျ်ာခြေကို တစ်ကွက်ဆုတ်ကာ တောင်ဝှေး၏အနိမ့်ပိုင်းအစွန်းကို လက်ဖျံနှင့် ကပ်၍ တစ်ပြေးတည်းဖိဆွဲလာရာက လကျ်ာခြေကိုဝိုက်ယူဖိချလိုက်ရာ တောင်ဝှေး ရှန်းသည်အတင်းဝင်သော တေလည်၏ရင်ဝသို့အရှိန်နှင့် ပြေးဆောင့်သည်။ တေလည်ကား မြေပေါ်သို့ ဗုန်းဗုန်းကျ၍ သတိလစ်သွားတော့၏။

သေံဖြူကား ဇော်ဂျီကို ကြောက်ရွံ့သလို ကြည့်နေမိသည်။ မှန်ပါ၏။ တောင်ဝှေးရှည်ကို ကျင်လည်စွာ ကိုင်နိုင်သူကား သာမန်လူ မဟုတ်နိုင်ချေ။ အဲမောင်းကိုင် မြင်းစစ်သည်သာ ရှိ၏။ အဲမောင်းကိုင် မြင်းစစ်သည်ဆိုလျှင်လည်း ပုဂံရွှေတောင်၏ အတွင်းတော်သို့ ဝင်ထွက်နိုင်သသူသာဖြစ်ရမည်။ ဆိုင်းတစ်ပါးကပင် ဖိန့်ဖိန့်တုန်အောင် အလေးပြုရသော ပုဂံစစ်သည်တွေကို ဒီဘို့လို ပါမွှားကျေးတောသားများက မည်သို့တုဖက် ယှဉ်ပြိုင်နိုင်ပါမည်နည်း။

"အားလုံးငြိမ်ကြ - လက်စွဲလက်နက်တွေ မြေသို့ ချပစ်ကြလော့၊ ငါ ပြန်ကြီးရဲ့ထွေတော်"



www.burmeseclassic.com

www.burmeseclassic.com

ကျယ်လောင်အောင်မြင်သောအသံကြောင့် လှမ်းကြည့်လိုက်ရာ ကာလန်ကြီး ဦးလှိုင်သင်းနှင့် လုလင်ကျော် သုံးလေးဦးကို တွေ့ရသည်။ ဦးမနောလည်း ပါလာ၏။ လုလင်ကျော်အချို့မှာ မီးတိုင်ရှည်ကြီးများကို ကိုင်ဆောင်လာကြသည်။ စောစောက မြင်းခွာသံများကား သူတို့၏မြင်းခွာသံများဖြစ်၏။ သေံဖြူ တေလည်၊ ထေန်းနှင့် နေနာင်တို့သည် လက်ထဲမှဓားတွေကို ပစ်ချလိုက်သည်။ ဇော်ဂျီမှူနက်သည်လည်း ညင်သာစွာပင် တောင်ဝှေးကို လွှတ်ချလိုက်သည်။

"ငါရဲ့လုလင်ကျော်တချို့ခြေလှမ်းပျက်တာတွေ ငါ့နားရောက်လို့နောက်ယောင်ခံလိုက်ခဲ့တာ၊ ဒါတွေက ဘာအရေးအခင်းလဲ၊ ဒီအိမ်ကြီးထဲမှာ ငါးလောင်းသေခဲ့တာကို နည်းသေးထင်ပြီး အကူအလျောက်ပြုကြတာလားဟော"

အားလုံး ငြိမ်နေသည်။ ဇော်ဂျီမှူနက်ကသာ ပြန်ဖြေ၏။

"အတို့ကျွန်က သူစိမ်းပါ၊ ရှေးဦးစွာ ဒီလုံမကိုသာ စိတ်စေပါတော့ ကာလန်ကြီး ဘုရား"

အိုချစ်ဖွယ်သည် သူစိမ်းမဟုတ်သဖြင့် ကာလန်ကြီးကိုရေရေလည်လည် ရှင်းပြသည်။ သူ၏စကားအဆုံးတွင် သေံဖြူမှာလည်း မကွယ်ဝှက်သာဖြစ်သဖြင့် ကာလန်ကြီး၏လုလင်ကျော်များ ချည်နှောင်ခြင်းကိုခံရသည်။ တေန်းရှုကား ကျဆုံးသွားလေပြီ။ ဇာသန်မြန်ကို ပြတင်းဝက မိခဲ့၏။ ထေန်းတို့အုပ်စုမှာလည်း တရားအတွက် ဓားကို မတရားဘက်လိုက်ခဲ့သဖြင့် ချည်နှောင်ခြင်းခံရသည်။ ကာလန်ကြီးသည် မှောက်လျက်သားဖြစ်နေသော မြင်ခင်၏ အလောင်းကို ပခုံးမှ ခြေဖြင့် ကော်၍လှန်လိုက်၏။

"သင်းလည်းပဲ စာရိတ်တစ်ဝန်မလိုက်၊ ဥစ္စာလောဘရမ္မက်ကြွတော့ မရှာစခန်း မြန်းရရှာသပေါ့နော်"



အိုချစ်ဖွယ်သည် စိတ်မကောင်းစွာဖြင့် မြင်ခင်၏မျက်နှာကို ငုံ့ကြည့်သည်။ ထိုအခါတွင် ဇော်ဂျီမှူနက ပြုံး၍ဝင်ပြော၏။

"သူယောင်မလေးရယ် - စိတ်မညှိုးငယ်ပါနဲ့၊ ဒါ - မြင်ခင် မဟုတ်ပါချေဘူး၊ ပုဂံစစ်သည်ဟောင်း ကျောက်စစ်ပါ"

"ဟင် - ဒါဖြင့် ကိုရင်မြင်ခင်ရော့"

"မယ်မင်းတို့နဲ့ မတွေ့လိုသူမို့ မျက်ကွယ်မှာပဲ ဘဝပြောင်းသွားရှာပါပြီ"

ကာလန်ကြီးသည် ဇော်ဂျီမှူနက်ကို လှည့်ကြည့်၏။

"မောင်မင်းပညာထူးသလား၊ စိတ်ရှူးသလား"

"အတို့ကျွန်ဟာ ပညာလည်းမထူး၊ စိတ်လည်း မရှူးပါ၊ အမတ်ကြီးရှေ့သူရဲ့အစိုက စစ်ကြပ်သေခါဖြစ်ပါကြောင်း - ကာလန်ကြီးသခင်"

ထို့နောက်စစ်ကြပ်သေခါသည် အလုံးစုံကို ရှင်းပြတော့၏။ တချိန်ကလေး မြင်ခင်သည် သူနှင့် သိပ်ခင်သည်။ သို့သော် အိုချစ်ဖွယ်ထံမှ သဝဏ်ရောက်သောအခါ မိမိမသိခင် ကျောက်စစ်နှင့် မြင်ခင်က တိုင်ပင်ပြောဆိုသည်။ မြင်ခင်သည် ကွယ်လွန်သူဖခင်အပေါ် စိတ်ပြုမပြေနိုင်သဖြင့် သွားမည်မဟုတ်ကြောင်း ပြောဆိုရာတွင် အကောက်ကြံချင်စိတ် ပေါ်လာသော စစ်သည်ကျောက်စစ်က တူရှင်းတောင်ခြေသို့ဖြားယောင်းခေါ်ကာ မြင်ခင်ကို လုပ်ကြံခဲ့ပြီး သူကိုယ်၌က မြင်ခင် အယောင်ဆောင်၍ ထွက်ခဲ့ခြင်းဖြစ်သည်။ စစ်ကြပ်သေခါမှာ ကိစ္စတစ်ခုမှအပြန် ဒဏ်ရာဖြင့် တွားလာနေသော မြင်ခင်ကိုမြင်၍မြင်းပေါ်မှ ဆင်းသက်ပွေ့ထူရာမှ အကြောင်းစုံသိရခြင်းဖြစ်သည်။ သို့သော် မြင်ခင်ကား ပုဂံမြို့တွင်း သမားတော်ကြီးထံ အသွားလမ်းတွင်ပင် အသက်ပျောက်ခဲ့ရ၏။

ဤတွင် စစ်ကြပ်သေခါသည် ဇော်ဂျီမှူနက်ဘွဲ့ကိုယူကာ သူရူးအသွင်ဖြင့် မြင်ခင်အယောင်ဆောင် ကျောက်စစ်နောက်သို့ လိုက်ခဲ့ခြင်းဖြစ်လေသည်။ သူ့တွင် ကျောက်စစ်ကို ဖမ်းဆီးခေါ်ငင်ခဲ့ရန် အမတ်ကြီးရှေ့သူ၏ ထွေတော်စာချွန်ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကလန်ကြီး ဦးလှိုင်သင်းတို့သည် အကျဉ်းသားများကို ခေါ်ယူကာ ပြန်သွားကြသည်၊ အိုချစ်ဖွယ်နှင့် စစ်ကြပ်သခါရတို့ကား လောကထိပ်ပန်ဘုရားရင်ပြင်တော်ပေါ်တွင် ရောက်ရှိနေကြ၏၊

"အိုချစ်ဖွယ် – အနာဂတ်ဘဝစရီးလမ်း ဘယ်သို့မြန်းမယ် ရည်ရွယ်ပါသလဲ"

"မှန်ပါ – ကျွန်တော်မဘဝမှာနနယ်သလောက်ကြမ္မာကမထောက်မညာ ကြမ်းတမ်းလှပါသမို့ လောကီကို ပယ်ပြီး လောကုတ္တရာနယ်ကို ဝင်မယ် ကြံပါတယ် – စစ်ကြပ်အရှင်"

"အို – လောကီနယ်ဘက်က ဆုံးရှုံးလှပါသော်ကော – နမရယ်၊ လှပလွန်းတဲ့ မိသုယောင် – သာသနာ့ဘောင် မဝင်ရောက်စေလိုကြောင်း၊ ဆိုးငရဲကိုပဲ မျှော်ရ မျှော်ရ၊ ကျုပ်က ပန်တောင်းပါရစေ"

အိုချစ်ဖွယ်သည် လှဲ့ရှန်းသောမျက်စိများဖြင့် သခါကိုမော့ကြည့်သည်၊ တည်ငြိမ်အရောင်ဖြင့် သူ့မျက်လုံးများမှာ သောက်ရှူးကြယ်တစ်စုံကဲ့သို့ ရှိနေ၏၊

"စစ်ကြပ်မင်းရဲ့စေတွတော်လို့ အမှတ်ယူရမလားရှင်"

သခါသည် အိုချစ်ဖွယ်၏ပခုံးကို သိမ်း၍ဖက်သည်၊

"စစ်ကြပ်မင်းတွေ ဘာတွေမဆိုနဲ့၊ မိချစ်ဖွယ်ဟာ ချစ်စဖွယ်မို့ ကျုပ်ချစ်တယ်၊ မိချစ်ဖွယ် မေတ္တာမျှနိုင်ရင် ကျုပ် နေပြည်တော်က တစ်ခေါက်ပြန်ပြီး မိန်းမအတောင်းလာပါ့မယ်၊ ကြည်ဖြူပါ့မလား – နမ"

"ပုဂံသား စကားကြွယ်လို့ တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်ခဲ့မိတော့မှ အဦးစစ်ကြပ်ကတော်က အမျက်တော်ရှ"

"တန်စမ်းပါ – နမ၊ သခါဟာ စစ်ရေးဘက် အာရုံအရောက်များလို့ ချစ်ရေးမှာ ပျက်ပွင်းနေရတဲ့လူပျိုပါ – နမရယ်၊ ကိုင်းပါ – မောင်မောင် – ဖက်ထားပါ့မယ်၊ ရွှေမျက်နှာ မညှိုးစမ်းပါနဲ့ – ဖက်မညှိုးရွာသူလေးရယ်"

"ရှားပါ – မောင်မောင် – အတို့သခင် သုံးလောကာ ရှင်ပင်တို့ရဲ့မျက်မှောက်မှာ ကြောက်စရာတွေ မကြုံချင်ပါနဲ့၊ မောင်မောင်ဆွတ်ဖို့ မေတ္တာပန်းဟာ နမရင်မှာ ထာဝစဉ်လန်းရွှင်ပစေ့မယ်၊ ညောင်ရေအိုးသာ ယူရစ်ပါ – မောင်မောင်"

ရွှင်လန်းသွားသော သခါသည် ဖွေ့ခနဲ စုန်ထ၍ ရုပ်တုတော်ကြီးတစ်ဆူ ရှေ့မှ ညောင်ရေအိုးကို ယူလိုက်သည်၏

သစ္စာကို တိုင်ချည်ပြု၊ မေတ္တာကို ဖောက်ချည်ပြု၍ နှစ်ယောက်ထဲ အတွက် ရက်လုပ်သော သမုဒယဝတ်ရုံကို သူတို့ ဆင်မြန်းကြပါတော့မည် – တဲ့၊

➔

ရေပြည့် သောပန်းအိုးကို ရသည်ဟု အိပ်မက်မြင်မက်ပါက သားယောက်ျားကလေးနှင့် စီးပွားချမ်းသာကို ရမည်၊
- ပန်းကုံးကို မြင်မက်ပါက ကံကောင်းမည်၊
- အလံ၊ ထမင်း၊ ထောပတ်ကို မြင်မက်ပါက အရာရာကောင်းမည်၊ စိတ်ချမ်းသာမည်၊
- ရေကန်၊ ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်း၊ ဖြူစွတ်သောတောင်ကို မြင်မက်ပါက ကြံစည်သမျှ အောင်မြင်အံ့၊
- လူသေ၊ မကျန်းမာသူကို မြင်မက်က အသက်ရှည်မည်၊ ချမ်းသာမည်၊
- လက်စွပ်၊ သတ္တုအိုး၊ မှန်စသည်တို့ကို မြင်မက်က ကြွယ်ဝချမ်းသာမည် လက္ခဏာ၊

www.burmeseclassic.com

www.burmeseclassic.com




လူငယ်ဗီဗီ သချိုင်းထဲတွင်
ပီယဆေး ဖော်စပ်ရန် စီစဉ်ခဲ့ကြရာမှ
နောက်ဆုံးတွင် အဖျက်
ဝင်လာသော်အခါ ..

"**ဘောဒေဝမုတ္တ** . . . အိုနတ်သား၊ တလန် - သူမိုက်တို့ကို၊ ယာအသေဝနာစ - အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း ကောင်း၊ ပဏ္ဍိတာနံ - ပညာရှိသောသူတို့ကို၊ ယာသေဝနာစ - အကြင်မှီဝဲဆည်းကပ်ရခြင်း သည်လည်းဇကာင်း၊ ပူဇနေယျာနံ"

"ရှူး - မိုးဦး - မိုးဦး"

ကျောင်းထောင့်မှာ စာအော်ကျက်နေသည့် သူ့ထံကြွက်နီ အမောတကော ရောက်ချလာခြင်းပဲဖြစ်သည်။

"ဟိတ်ကောင်ကြွက်စုတ် - ငါစာမရသေးဘူးကွ၊ မင်း ဘယ်လျှောက်သွားနေတာလဲ"

နွေကျောင်းပိတ်ရက်တွင် အဖေက သူ့ကို ရွာဆရာတော့်ကျောင်း၌ ပို့ထားချိန်ဖြစ်သည်၊ ဆိုးတူကောင်းဖက် ကြွက်နီကလည်း သူနှင့် ကျောင်းအိပ်ကျောင်းစားဘဝနှင့်အင်အားဖြည့်

www.burmeseclassic.com

www.burmeseclassic.com

ရှာ၏။ သူတို့ အရင်ရောက်နှင့်နေကြသူ၊ သူတို့နောက်မှ ကျောင်းရောက်လာကြသူများလည်းရှိသည်။ ကျောင်းဝေယျာဝစ္စ အနည်းအပါးမျှသာ လုပ်ကြရပြီး ဆရာတော် သင်ကြားပို့ချသည့် မင်္ဂလသုတ်၊ ပရိတ်ကြီး၊ လောကနီတိ အစရှိသော စာများကို သင်အံကျက်မှတ်ရသည်။

ကောင်းစေချင်သည့်အဖေ့ဆန္ဒကိုမလွန်ဆန်နိုင်၍သာဖြစ်သည်။ သူတို့သဘောအရ ကွင်းထဲ၊ ချောင်းထဲ၊ မြောင်းထဲ၊ အင်းထဲ၊ အိုင်ထဲတွင်သာ လွတ်လွတ်ကျွတ်ကျွတ်ကြီး ငါးရှာ၊ ဖားနှိုက်၊ ကြွက်ထိုး ... အဲသလိုမျိုးသာ နေလိုလှသည်။

"ရှူး - လူကွ - လူလူ၊ အဲဒါ - ငါတို့ကျောင်းကို လာနေတယ်"

"ဟေ"

ကြွက်နီပြောသည့်အလိုဖြင့် သူတို့မှာ အလိုလိုနေရင်း နတ်တွေလိုလို၊ တစ်စေကာင်ကောင်လိုလို၊ ဘာတွေလိုလိုဖြစ်မှန်းမသိဖြစ်နေကြပြီလားထင်ရ၏။

"တို့နဲ့ အရွယ်တူကောင်မလေးနှစ်ယောက်လည်း ပါတယ်၊ အံ့ဩဖို့ကောင်းတယ် - ဆရာ၊ အဲဒီကောင်မလေးနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ချွတ်ပြီးစွပ်ထားတဲ့အတိုင်းပဲ၊ တစ်ပုံစံတည်း၊ တစ်ရုပ်တည်း။ တစ်ယောက်တည်းကို နှစ်ကိုယ်ခွဲထားတော့သလိုပဲ၊ အေး - အဲဒါ မင်းကို လာသတင်းပို့တာ"

"ဟ - အဲဒါကြီး - ငါက ဘာလုပ်ရမှာတုံး။ ဒီမှာ စာထဲ စိတ်မပါရတဲ့အထဲ၊ ဘောဓေဝပုဏ္ဏ အိုနတ်သား၊ ပတိရူပဒေသဝါသော စ ..."

"ရှူး - ဟိုမှာကွ"

သေချာသည်။ အသေအချာပဲဖြစ်၏။



"အဲလို - အဲလိုပဲ ကိုကြီးသာဂိရယ်၊ လူမှုရေး တော်တော်ခေါင်းပါးတယ်သိလား။ နတ်လေးဘာလေးတောင် ဆက်သွားဖော်မရဘူးဗျာ။ ကြေကွဲဖို့ကောင်းလိုက်တာ၊ ကျွန်တော့်ဘက်က ညှို့ဝတ်ကျေအောင် မာလကာသီးတွေ ခူးပေး၊ ပန်းတွေ ခူးပေးခဲ့တာ။ ကျွန်တော်ပေးတဲ့ပန်းတွေကိုများ သူတို့နှို လွှင့်ပစ်ရက်ကြတယ်၊ ရင်နာတယ် - တကယ် - တကယ်"

ကြွက်နီက မှုလလက်ပေါင်း ဘုန်းကြီးကျောင်းသားကြီး ကိုသာဂိတို့ မျက်နှာငယ်လေးနှင့် ရင်ဖွင့်ရှာပါသည်။ တော်တော့်ကို မချိတင်ကဲ ဝမ်းနည်းနေပုံမျိုးကြီးဖြစ်သည်။

"နို့ - နေပါဦး။ မင်းက ဘာပန်းတွေများ ခူးပေးလို့လဲ"

"သူတို့လွှင့်ပစ်ရက်ကြပေမယ့် ပန်းလေးတွေကိုသနားတာနဲ့ ကျွန်တော် သိမ်းထားတာ ... ဒီမှာ"

ကြွက်နီက အင်္ကျီရင်ဘတ်ထဲမှာ သိမ်းထားသည့်အဲသည်ပန်းလေးတွေကို ထုတ်ပေးသည်၊ တယုတယပဲဖြစ်၏။

"ဟေ - ဟာ - သေလိုက်ပါတော့ - ကြွက်နီရယ် - ဟား - ဟား - ဟား"

ကိုသာဂိကြီးက ကြွက်နီပြသည့်ပန်းတွေမြင်ပြီး ခွက်ထိုးခွက်လန်ရယ်နေပါရောလား။

"ဟကောင်ရဲ့ - အဲဒါ မသာအသုဘတွေမှာ အလှဆင်တဲ့ခေါင်ရန်းပန်းကွ၊ မင်းဟာကကွာ - ဟား - ဟား - ဟား"

"ခင်ဗျာ"

သူ့စိတ်အထင်တော့ အဲဒီနေ့ကစပြီး ကြွက်နီတစ်ယောက် ကိုသာဂိကြီးကို ဆရာတင်လိုက်ခြင်းပဲဖြစ်သည်။ ကျောင်းအိပ်ကျောင်းစားတွေထဲတွင် သူနှင့်ရွယ်တူသုံးယောက်ရှိ၏၊ ကြွက်နီ၊ အောင်ဘုနှင့် ချက်စုတို့ပဲဖြစ်သည်။ ကိုသာဂိကြီးကတော့ သူတို့ထက် တော်တော်အသက်ကြီးသော်လည်း သူ့အသက်သူ မမှတ်မိဟု ပြောဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

ညဘက် ကျောင်းကြီးအပေါ်ထပ်မှာ ဆရာတော်ထံ စာပြန်ပြီးလျှင် ကျောင်းအောက်ထပ်မှာ မအိပ်မချင်း ကိုသာဂိကြီး၏ပုံတိုပတ်စပြုတ်စပြင်း တောင်းတိုလီမိုလီ၊ ဘာညာကွိကွ တရားနာကြရသည်။ ရွှေရိုးဖြူနှင့် မူလခဲ၊ မြစ်မ်း၊ ကျိုက်ထီးရိုး စသည့် ဘုရားသမိုင်း၊ သိုက်ရာဇဝင်များ။ အင်းသူကြီး ဇိုးစံမှဲ့နှင့် ညီမလေး မဖဲဝါအကြောင်းများ ကိုယ်တွေ့ဆိုသည့် သူ့ကိုယ်တွေ့ အကြောင်းများမှာ နားညောင်းခါမှ အိပ်ရောပဲ။ အဲလိုမျိုး ပေါက်ပေါက်ရှာရှာ တွေပြောတတ်သည်။ သူတို့အတွက်တော့ ကိုသာဂိကြီးက တကယ့်ပညာရှိ အကြားအမြင်ရ၊ လူစွမ်းကောင်းကြီးတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်နေ၏။

"မင်းတို့လို လူပျိုပေါက်ကြီးတွေအနေနဲ့ သိသင့်သိထိုက်တာတွေကို ပြောပြတာပေါ့ကွာ။ ဆရာလုပ်တာမဟုတ်ပါဘူး။ မိန်းကလေးတွေပြန်ကြိုက် မယ့်ဝိယဆေးဆိုတာ ရှိတယ်ကွ"

"ဝိယဆေး"

ကိုသာဂိကြီး ကွမ်းတံတွေးထွေးဖို့အတွက် ကြွက်နီက ထွေးခံကိုယူပေး ရှာသည်။

"အေး - ဝိယဆေးကွ။ ပိယဆေးတွေထဲမှာ အစွမ်းတကာ့အစွမ်းဆုံး ဝိယဆေးကတော့ တို့ဆေးပဲ"

"တို့ဆေး"

"အေး - တို့ဆေးဆိုတာရှိတယ်၊ ကိုယ်ကြိုက်နေတဲ့ကောင်မလေးက ကိုယ့်ကို ပြန်ပြီးမကြိုက်ဘူးဆိုပါတော့ကွာ။ အဲဒီ့နေရာမှာ တို့ဆေးက ဘာ စွမ်းသလဲမမေးနဲ့ - ကိုယ့်လူ။ မာနကြီးတစ်ခွဲသားဖြစ်နေတဲ့အဲဒီ့ကောင်မလေး ကို တို့ဆေးနဲ့သာ နည်းနည်းလေးတို့ရုံတို့၊ မင်းတို့နောက် ကောက်ကောက် ပါလာရောမှတ်"

"ဟာ - တယ်ဟုတ်ပါလား"



"ကို - ကိုသာဂိကြီးဆီမှာ ရှိလား"

"ကျွန်တော်လည်း တစ်တို့လောက် တို့ကြည့်ချင်တယ်"

"နေဦးကွ - တစ်ခုလိုနေတယ်"

"တစ်ခုတည်းလား - ဘယ်မှာဝယ်လို့ရမလဲ။ ဘယ်လောက်ကုန်ကုန် ကျွန်တော် ဝယ်ပေးမယ်ဗျာ"

အင်းသူကြီးသား အောင်ဘုကပါ အရမ်းတက်ကြွနေပုံရ၏။

"ဝယ်လို့မရဘူးကွ - လုပ်ယူမှရမှာ၊ မင်းတို့လို ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ လူတွေနဲ့မှဖြစ်မှာ၊ သူရဲဘောကြောင်တဲ့ အခြောက်လိုလို၊ ဂန်ဒူးလိုလို လူစား မျိုးတွေနဲ့တော့ မဖြစ်ဘူး၊ နောက်ပြီးတော့ သူရဲဘောမကြောင်တဲ့လူပျိုပေါက် ယောက်ျားစစ်စစ်တွေနဲ့မှဖြစ်မှာ"

ဘာပြောကောင်းမတုံး၊ သူ့ထက်ငါအပြိုင် ယောက်ျားပီသကြောင်း၊ သူရဲဘောမကြောင်ကြောင်း၊ ရဲစွမ်းသတ္တိ တကယ်ရှိကြောင်းတွေပြောပြီး လေးယောက်သား အလုအယက်စာရင်းပေးသွင်းဖြစ်ခဲ့ကြရောဆိုပါတော့။

"တစ်ခုတော့ရှိတယ်နော်၊ နှုတ်လုံရမယ်၊ ဘယ်သူ့မှမပြောရဘူး၊ သူများ တွေသိရင် ဆေးမအောင်ဘူး"

"စိတ်ချ"

"စိတ်ချစမ်းပါဗျာ"

ခြော် - အရာရာကို စူးစမ်းချင်တဲ့ အတွေ့အကြုံ အကြားအမြင်၊ ဉာဏ် ပညာ မရင့်ကျက်သေးသည့် ကာလသားလူပျိုပေါက်စတွေ မဟုတ်ပါလား။

"စည်းမပေါက်စေနဲ့နော်"

"စိတ်ချစမ်းပါ - ကိုသာဂိကြီးရာ"

အဲဒီလိုနှင့် ...။



www.burmeseclassic.com

www.burmeseclassic.com

ရင်ခုန်မျှော်လင့်စောင့်စားခဲ့ကြသည့် လကွယ်ညကိုဖြင့် ရောက်ရှိလို့ လာခဲ့ပါပြီ။

ဆရာကိုသာဂိအဆိုအရ ဘာနက္ခတ်နဲ့ စန်းယှဉ်ပြီး ဘယ်ဂြိုဟ်တွေ ဘာဖြစ်တယ်ဆိုလဲ၊ ဆေးစွမ်းထက်စေသည့်အချိန်မှာ ညသန်းခေါင်ယံဖြစ်ကြောင်း၊ အဲဒီလိုတွေတော့ ပြောဖူးသည်။ ကိုသာဂိကြီး၏လွယ်အိတ်ထဲတွင် သိမ်ဝင်သပိတ်ကွဲဆိုတာပါ၏။ ဘယ်ကရလာမှန်းမသိသည့်ကျောက်ပျဉ်အပဲ့တစ်ခုပါ၏။ ရေသန့်ဘူးနှင့်ထည့်ထားသည့်ပရိတ်ရေဆိုတာပါ၏။ ကိုးသချိုင်းမြေနဲ့ စီမံထားတာဆိုသည့် ဆေးသနပ်ခါးခဲပါ၏။ ဆန်ကို မန်းမှုတ်ထားတာဆိုသည့် ဆန်မန်းပါ၏။

"ဒါတို့ ဆေးသွားကြိတ်ကြဖို့ အချိန်ကောင်းပဲ၊ မင်းတို့အထဲက သတ္တိမကောင်းတဲ့ သူရဲဘောကြောင်သူတွေ နေခဲ့နိုင်တယ်နော်၊ တကယ့်ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေပဲ ငါနဲ့ လိုက်လို့ရမယ်"



ဆေးစီရင်ထားတဲ့ ဝါးချွန်နဲ့
ထိုးလိုက်ရင် သင့်ခေါင်းကို သင်ဖွင့်၍
ထွက်ခဲ့ရမည်။ ပရိတ်ရေနှင့်
သနပ်ခါးသွေးပြီး မျက်နှာကို
လိမ်းရမည်။ အဲ–ပြီး–ပြီးတော့
ဘာဆိုလဲ–အဲ–သနပ်ခါးတွေ
ပြန်ခြစ်ချရမည်။ ဆရာ့အမိန့်၊
ငါ့အမိန့် တစ်–နှစ်–သုံး။



"ဝါး–အိပ်ချင်လိုက်–အဲ–သတ္တိရှိလိုက်တာမှ မပြောနဲ့၊ လာဗျာ–အခု သွားမယ်"

အောင်ဘုက လူးလဲထရင်း အပြတ်စိန်ခေါ်၏။

"အေး–ငါက အဲဒါမျိုးမှကြိုက်တာ၊ ရွှေလိုချင်ရင် ရွှေရေးတော့ပေးရမှာပဲ၊ ငါးပိလိုချင်ရင်တော့ ငါးပိရေးပေါ့ကွာ"

"ငါးပိ ဘယ်လောက်ယူမှာမို့လို့လဲ၊ ကျွန်တော့်အိမ်က ရာဝင်အိုးတွေထဲမှာ အများကြီး"

ချက်စုကလည်း အားကျမခံ၊

"အဲဒါပြောတာမဟုတ်ဘူးကွ၊ စွန့်စားတယ်ဆိုတာ စွန့်မှ စားရတာကို ပြောတာ၊ အဓိပ္ပာယ်ကတော့ကွာ–ရှုပ်ရှုပ်ရှုံ့ရှုံ့စွန့်စွန့်စားစားလုပ်ရဲမှ တကယ့်ယောကျ်ားကောင်းဆိုတာပဲလေ"

ကိုသာဂိတစ်ယောက် သတ္တိမကြောင်ဖို့ စကားတွေ နှီးဆွရင်း ကျောင်းပေါ်မှ ရွှတ်နင်းပြီး ဆင်းခဲ့ကြတော့သည်၊

"ရွာထဲကသွားရင် ခွေးတစီစီနဲ့ လူတွေ ရိပ်မိနိုင်တယ်၊ ဒါမျိုးဆိုတာက အတောက်အဖျက် အနှောင့်အယှက်တွေ ရှိတယ်ကွ"

သည်လိုနှင့် ရွာအနောက်ဘက်အစပ်တွင် ရှိသည့် တစ်ပင်တည်းသော ကုက္ကိုပင်ကြီးအောက်သို့ ရောက်ခဲ့ကြပြီ၊ ဒီအထိ ဘာဆိုဘာမှမဖြစ်သေး။ ကိုယ့်ကိုယ်ကိုယ် သွေးမကြောင်သူ၊ သတ္တိကောင်းလှသူတွေအဖြစ် သွေးနားထင်ရောက်နေကြသလိုလိုပုံစံမျိုး နေကြရသည်၊

"မင်းတို့ ငါသင်ပေးထားတဲ့ဂါထာကို ရွတ်ရမယ်"

"အခုလား"

"မဟုတ်ဘူးတွ၊ ဟိုရောက်မှ ရွတ်ရမှာ၊ ငါလည်း တစ်ခါမှ မလုပ်ဖူးဘူး၊ အဲဒါ–မနှစ်က သေသွားတဲ့ ဦးသူတော်ကြီးပေးခဲ့တဲ့ဆေးနည်းပဲ၊ ဒီညလက်



www.burmeseclassic.com

www.burmeseclassic.com

တွေအကောင်အထည်ဖော်ခွင့် ရပြီပေါ့ကွာ၊ လာ - လာ - သချိုင်းကုန်းကို သွားကြမယ်"

"ဗျာ..."

"ဘာမှမကြောက်နဲ့ - သိလား၊ မင်းတို့လက်မောင်းမှာ ဆရာတော့် သက်န်းစတွေ စည်းပေးထားတယ်၊ ဘာမှအန္တရာယ်မရှိဘူး"

"ကျ - ကျ - ကျွန်တော် - ရှေးယိုရှင်"

"ဟေ့ကောင် ချက်စု - မင်းယောက်ျားမဟုတ်ဘူးလားကွ၊ ခဏအောင့် ထား - ဆေးဖော်ဖို့ အချိန်ကျပြီ၊ လာ - သွားကြမယ်၊ ငါတို့ဘုန်းကြီးကျောင်း သားတွေကို ဘယ်တစ္ဆေသရဲမှ မကပ်ရဲဘူးကွ"

သူတို့ ဘာမှပြန်မပြောရဲ၊ သူ့ရဲဘောကြောင်သူ့အဖြစ် အထင်မခံရဲ၊ ကြွက်နီရဲ့လက်မှာ ချွေးစေးတွေ စေးထန်းထန်း၊ သူ့ရင်ထဲမှာ တလှပ်လှပ်၊ တို့နှစ်ကောင်တော့ဘယ်လိုနေသည်မသိ၊ သူတို့လေးယောက်တစ်ယောက် လက် တစ်ယောက်ဆုပ်ပြီး ခပ်ကုပ်ကုပ်နှင့် သချိုင်းကုန်းထဲ ဝင်လာခဲ့ကြ သည်၊

"အဲဒါမှ ယောက်ျားအစစ်တွေကွ"

ကိုသာဂိရဲ့အားပေးစကားသံကြောင့် ကြွက်သီးမွေးညင်း ဖြန်းဖြန်း ထောင်ထ၏၊ ရှူးထွက်ကျသူက ချက်စု၊ မြေပုံဘေးတွင်ရပ်၍ ကိုသာဂိက ဓာတ်မီးဖြင့် သေရာထိုး၏၊

"မဂ္ဂက်ထော် အသက် (၂၉)နှစ်"

ညောင်ကုန်းရွာက အပျိုကြီး မဂ္ဂက်ထော်၊ မနေ့ကမှ သင်္ဂြိုဟ်ထားတဲ့ မြေပုံ၊ ကိုသာဂိက လွယ်အိတ်ထဲမှ ဆန်မန်းများဖြင့် မြေပုံပတ်ပတ်လည်ကို ကြဲပက်ပြီး စည်းဝိုင်းလုပ်၏၊



သူနှင့်ကြွက်နီကိုခေါင်းရင်းဘက်က နေရာချ၊ ချက်စုကို ဘေးတစ်ဖက် စီမှာ နေရာချ၊ ကိုသာဂိက မြေပုံခြေရင်းမှာ နေရာယူ၊ ကျောက်ပျဉ်အပဲ့နှင့် ဆေးတောင့်သနပ်ခါးဆိုတာချ၊ သနပ်ခါးသွေးဖို့ ပရိတ်ရေဆိုတာချပြီး မာန် နှင့်ထန်နှင့် ပြော၏၊

"ဦး - ဆရာ့အမိန့် - ငါ့အမိန့်"

သချိုင်းတောအုပ်သည် အသက်သွင်းခံလိုက်ရတော့သလိုမျိုး လှုပ်လှုပ် ရွရွကြီး ဖြစ်လာနေသည်ဟုထင်ရ၏၊

"ဂီး - ဂစ် - ဂစ်"

ငှက်ဆိုးက ကျယ်ကျယ်လောင်လောင် ထိုးအော်သည်၊ လေတိုက်လာ သည်လားမသိ၊ မှောင်မှောင်မည်းမည်း သချိုင်းတောအုပ်မှာ ချီးချီးချွတ်ချွတ် ဖြင့် တစ္ဆေတွေ ယိမ်းကနေကြတော့သလိုမျိုးကြီး၊၊

သူနှင့်ကြွက်နီ တစ်ယောက်အနား တစ်ယောက်ကပ်ပြီး လက်ချင်းတွဲ ထားလိုက်ကြ၏၊

"ဆေးစီရင်ထားတဲ့ ဝါးချွန်နဲ့ထိုးလိုက်ရင် သင့်ခေါင်းကို သင်ဖွင့်၍ထွက် ခဲ့ရမည်၊ ပရိတ်ရေနှင့် သနပ်ခါးသွေးပြီး မျက်နှာကို လိမ်းရမည်၊ အဲ - ပြီး ပြီးတော့ ဘာဆိုလဲ - အဲ - သနပ်ခါးတွေပြန်ခြစ်ချရမည်၊ ဆရာ့အမိန့်၊ ငါ့အမိန့် တစ် - နှစ် - သုံး"

အဲဒီလိုပြောပြီး လက်ထဲမှာ စုံကိုင်ထားသည့် ဝါးချွန်ကို မြေပုံခြေရင်းမှာ အသားကုန် ထိုးစိုက်လိုက်တော့၏၊ သချိုင်းတောထဲက ချီးချီးချွတ်ချွတ် အသံများ ကျယ်လောင်လာကြရော့သလား၊

"ရွတ်ရွတ် - ဟီတ်ကောင်တွေ - ပရိတ် - အဲ - ဂါ - ဂါထာရွတ်တော့"

"အုံ"

"အင်"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူးကွ - ဩဘောင်း - ဩဘောင်း"

"ဩဘောင်း - ဩဘောင်း - ဘာဆိုလဲ"

"အိအိ - အိတိပိ - သံပုဒ္ဓဟော"

အရေးထဲ ဂါထာအစကို မမှတ်မိ၊ အလယ်အဆုံးလည်း မေ့ကုန်သည်။ ထိုစဉ် သချိုင်းတောထဲမှ -

"ဝေါ - ဝရှး - အစ် - အစ် - ငွိ"

"အောင်မလေး - ဝက် - ဝက် - ဝက်တွေဗျ"

"ဟော့ - ဟော့ကောင်တွေ - မပြေးနဲ့၊ စောင့် - စောင့် - ငါ့လည်း စောင့်၊ တာ - မလုပ်နဲ့ - မလုပ်ပါနဲ့ဗျ၊ ပုဆိုး - ငါ့ပုဆိုးကို ဆွဲ ချွတ်၊ အောင်မငီး - အောက်ခံဘောင်းဘီမပါဘူးဗျ - ဟီး"

ဘာပြောကောင်းမတုံး၊ သူရဲကောင်းကြီးလေးယောက်သား သူရသတ္တိ ပြောင်ပြောက်လှစွာနှင့် ခြေဦးတည့်ရာ စွတ်ပြေးခဲ့ကြတာမှ နောက်ကျတဲ့ နောင် သစ္စာဖောက်ပဲ၊

ဖြစ်ပုံများလည်း ပြောပါတယ်၊

❦

မိုးလင်းတော့ ကြားရသည့်သတင်းက မသက်သာလှ။

ကိုသာဂိကြီးတစ်ယောက် သူ့ပုဆိုးအောက်နားစကို သူ့ဘာသာ ဝါးချွန်နှင့်စိုက်မိပြီးသကာလ လန့်အော်လဲသွားသည်မှာ မနည်းမနော နာနတ်ယူကြရသည်ဆို၏။

ယခုတော့ - ဒိဋ္ဌိဝါးယောက်၊ ဆရာတော်ဘုရားရှေ့မှောက်မှာ ရောက်ရှိလို့နေကြရပါရောလား။

"တကယ်တော့ - ချစ်ခြင်းမေတ္တာဆိုတာကို ကြွေးတောင်းသလိုမျိုး တောင်းယူလို့မရဘူး၊ မသိအောင် ခိုးဝှက်၊ အနုကြမ်းစီး၊ ဓားပြတိုက်၊ အကြမ်း



ဖက်ပြီး ယူလို့လည်းမရဘူး၊ အထက်လမ်း၊ အောက်လမ်း ဂမ္ဘီရနည်းလမ်း တွေနဲ့ စီရင်လို့လည်းမရဘူး - ဟုတ်ပြီလား၊ သဘောပါသလားဟေ့"

"မှန်ပါ့ ဘုရား"

"သူ့ကိုမုန်းရင် ဘာဖြစ်လဲ"

"ကိုယ့်ကို ပြန်မုန်းမှာပါ ဘုရား"

"သူ့ကို မေတ္တာထားရင်ကော"

"ကိုယ့်ကို မေတ္တာပြန်ထားမှာပါ ဘုရား"

"ကိုယ့်ကို သူက မေတ္တာပျက်ရင် ပျက်နေပါစေ၊ ကိုယ်က သူ့ကို မေတ္တာ မပျက်ရဘူး၊ ဘယ်သူမေတ္တာပျက်ပျက် ကိုယ့်ဘက်က မေတ္တာမပျက်ရင်၊ စေတနာမပျက်ရင်၊ သဒ္ဓါမပျက်ရင် အဲဒီမေတ္တာတရားကို နားလည်လာတဲ့ တစ်နေ့မှာ ကိုယ့်ဆီကို မေတ္တာတုံ့ပြန်လာမှာပဲ၊ ဒါက တို့ဗုဒ္ဓမြတ်စွာရဲ့အလိုပဲ၊ ချစ်ခြင်းမေတ္တာကလွဲရင် မည်သည့်အကြွေးမှ မတင်စေနဲ့လို့ ခရစ်ယာန် ဘာသာမှာလည်း ပြဌာန်းထားတာပဲလေ၊ အဲဒီတော့ - ချစ်ခြင်းမေတ္တာကို ရအောင်ယူဖို့ ပီယဆေးတွေ၊ အဆောင်တွေ၊ လက်ဖွဲ့တွေ လိုဦးမှာလား"

"မလိုတော့ပါဘူး ဘုရား"

"ဟုတ်ပြီနော်၊ ဒီတော့ - ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကိုပဲ ကိုယ် လုပ်ပါ၊ ကျောင်းသားတွေရဲ့ အဓိကအလုပ်က စာတတ်အောင်သင်ဖို့ ...၊ ဘာတဲ့လဲ"

"စာတတ်အောင် သင်ဖို့ပါ ဘုရား"

"ကောင်းပြီ၊ ဒီတော့ - ကိုယ်လုပ်သင့်တာကို အရင်လုပ်ကြ၊ ကိုယ့် အလုပ်ပြီးစီးအောင် ကိုယ့်ဘာသာလုပ်ကြ၊ ကျန်တာတွေ မစဉ်းစားနဲ့၊ အဲဒါ တွေက သူ့အချိန်ကျရင် သူ့ဟာနဲ့သူဖြစ်လာမယ့်ကိစ္စတွေ - ဟုတ်ပြီလား ဟေ့ - သဘောပါရဲ့လား"

"မှန်လှပါ ဘုရား၊ ပါပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"အေး – အေး – ကိုယ်လုပ်စရာရှိတာကိုယ်လုပ်ကြ၊ ကိုယ်လုပ်တဲ့အလုပ်က သူတစ်ပါးကို မထိခိုက်၊ မနစ်နာစေနဲ့ – ဟုတ်ပြီလား၊ သွားကြ – သွားကြ ကိုယ့်အလုပ် ကိုယ်လုပ်ကြ"

သူတို့၏ပီယဆေး၊ တို့ဆေး မဟာစီမံကိန်းကြီးကား ပြီးဆုံးသွားခဲ့ချေပြီတည်း။ မပြီးဆုံးလို့မဖြစ်၊

ခလုတ်တိုက်ထားသည့် ဒဏ်ရာဒဏ်ချက်များ၊ ချော်လဲထားသည့် ပွန်းရာပဲ့ရာ၊ ငုတ်ထိုးရာများ၊ ညိုညသကျည်းမှာ ဘာနှင့်ခိုက်မိလာမှန်းမသိသော အမှတ်အသားများက ကိုယ်စီ၊

ပရုတ်ဆီဒဏ်ကြေးဆေး လိမ်းပေးရင်း ကိုရင်ကြီးက ပြော၏၊

"မြွေပွေးကိုက်မလွှတ်လိုက်တာပဲ ကံကောင်းတယ်မှတ်ကြ"

→ **ညီညီငြိမ်းချမ်း**

- ကြက်ချင်းခွပ်ခြင်း၊ ကစုန်မြူးထူးခြင်း၊ ကျွဲစီးရခြင်းတို့ကို မြင်မက်က မကောင်း။
- ကိုယ်ခန္ဓာပုပ်ခြင်း၊ ကိုယ်အမွေးရှည်ခြင်း၊ ကိုယ်ချောင်တောက်ပခြင်း မြင်မက်က တန်ခိုးကြီးအံ့၊
- ကိုယ်ပေါ်သို့ လောက်တက်ခြင်း၊ ကိုယ်လက်ယားယံခြင်းမက်က ဥစ္စာရအံ့၊
- ခံတွင်းက အပုပ်နံ့ထွက်သည်မက်က ယုတ်မာသောစကားကိုဆိုရအံ့၊
- ခြေလက်တိုခြင်း၊ ခုံညင်းကစားရခြင်း၊ ချွေးထွက်၊ သွေးထွက်ခြင်း မက်က ဘုန်းကြီးအံ့၊ ကျော်ဇော်အံ့၊

# ညိုကာ..ညိုကာ.. ဝိမ်းရည်မြသွေး



www.burmeseclassic.com

www.burmeseclassic.com

## အိမ်ထောင်သည် အမျိုးသမီးတစ်ယောက်ကို ထက်ကြပ်မကွာ လိုက်လံ၍ စောင့်ကြည့်နေသည့် ယောကျ်ားတစ်ယောက် အကြောင်း ..

**ခြေမဝါးမှာ** ဖွေပါသူတို့သည်ခရီးလမ်းများတတ်သည်ဟု ဆိုကြ၏။ ကျွန်မ၏ခြေတွင်ဖွေပါ၊ မပါ သတိထား မကြည့်မိသော်လည်း ကျွန်မတစ်ယောက် ခရီးလမ်းသွားလာမှု များပြားခဲ့သည်မှာ အမှန်ပါ။ တစ်ခါတစ်ရံ မိမိနှင့် အဆက်အစပ်လုံးဝမရှိပဲ နာမည်ကြားဖူးရုံမျှသာရှိသော မြို့ရွာများသို့လည်း အဖော်မပါတစ်ယောက်တည်း သွားရောက်ခဲ့သည်တို့လည်း ရှိခဲ့ပါသည်။ အလုပ်တာဝန်ဖြင့်သွားလာရသော အခါ နေရာတကာ အဖော်ခေါ်သွားရန်လည်း မဖြစ်နိုင်ပေ။ ဤသို့ဖြင့် ဘဝလက်တွဲဖော် ရရှိလာသောအခါတွင်လည်း အလုပ်ဌာနချင်းမတူသဖြင့် မယ်တစ်ရွာ၊ မောင်တစ်မြို့နေရသော အခါများတွင် ခရီးသွားရခြင်း အကြောင်းတရားက ကျွန်မအတွက် ပိုမိုထပ်ဆောင်းများပြားစေတော့၏။

ထိုကာလများတွင် ယခုအချိန်အခါကဲ့သို့ လက်ကိုင်ဖုန်းများ ပေါ်ပေါက်ချိန်မဟုတ်သဖြင့် ဆက်သွယ်မှု ခက်ခဲရပါသည်။ ကြိုးဖုန်းဖြင့် ဆက်လျှင်ဆက်၊ တယ်ပို့သောစနစ်ကို သုံးလျှင် သုံးရ၏။ ကြိုးဖုန်းတို့မှာ လွန်စွာဈေးကြီးများပါးလှပြီး ဌာနဆိုင်ရာဖုန်းတို့ကိုသာ အားကိုးကြရသည်။ ကိုယ်ရေးကိုယ်တာ အကြောင်းတရားတို့အား ရုံးဖုန်းနှင့်သုံးရန် ကျွန်မ လိပ်ပြာမလုံသည့်အပြင် အထက်လူကြီး၏ ငြိုငြင်ဆူပူမှုကိုလည်း ကျွန်မ မခံစားချင်ပါ။ သို့မို့ကြောင့် ကျွန်မတို့ဇနီးမောင်နှံနှစ်ဦးသည် ကြားခံဆက်သွယ်မှု နည်းပါး၍ သူအားလျှင် ကိုယ့်ထံလာ၊ ကိုယ်အားလျှင် သူ့ထံသွားသောနည်းလမ်းဖြင့်သာ ဆုံတွေ့ဖြစ်ကြလေ၏။

ကျွန်မတို့နှစ်ဦးသား ကြိုတင်ချိန်းဆိုမှုမရှိပဲ ဖြုန်းစားကြီးတွေ့ဆုံရလေသောအခါ ရှုတ်တရက် အံ့ဩဝမ်းသာပျော်ရွှင်စရာကောင်းလေရဲ့။ တစ်ခါတစ်ရံ ဝယ်သူရှိရာမြို့သို့ ကျွန်မ ရောက်အသွား သူက လူကြီးခရီးစဉ်နှင့် နယ်သို့ လိုက်ပါသွားရသည်မျိုးလည်း ရှိတတ်၏။ ကျွန်မထံသို့ သူလာရာတွင် ကျွန်မက ဌာန၏အမှုဆောင်ရုံးသို့စာရင်းဇယားများပြုလုပ်ရန် ထွက်ခွာသွားနှင့်ပြီးသောအခါမျိုးလည်းရှိတတ်သည်။ ယင်းကဲ့သို့မဆုံနိုင်ပဲလွဲချော်ခဲ့သော် သူ့ဌာနမှရရှိသောအိမ်သော့နှင့် ကျွန်မဌာနမှရရှိသောအိမ်သော့နှစ်ချောင်းကို ကိုင်ဆောင်ထားပြီးမို့ ရောက်လျှင် သော့ဖွင့်၍ဝင်နေရုံသာ ဖြစ်၏။ အခြေအနေမပေး၍ နှစ်ဦးသား လူချင်းမတွေ့ခဲ့သော် စာရေးထားခဲ့ပြီး အလွမ်းသယ်ကြပါသည်။ သူပြန်သွားမှ ကျွန်မ ပြန်ရောက်သည်မျိုးနှင့် ကျွန်မပြန်သွားမှ သူပြန်လာနိုင်သည်တို့လည်း ရှိတတ်ပြီး လုပ်ငန်းတာဝန်များနှင့်မို့ လူချင်းမတွေ့ဆုံမချင်း အချိန်ပေးစောင့်ဆိုင်းနေနိုင်ခြင်းမျိုးလည်း မရှိနိုင်ခဲ့ချေ။

၎င်းပြင် လုပ်ငန်းသဘောသဘာဝအရ ခင်ပွန်းသည်၏ အလုပ်ဌာနမှာ အပြောင်းအရွှေ့များလှ၏။ ထို့ကြောင့် ကျွန်မလည်း သူ ပြောင်းရွှေ့ရာမြို့တို့သို့ အသွားအလာများရ၏။ သူ့ဌာနမှ အလုပ်များချိန်နှင့် ကျွန်မဌာနမှ အလုပ်ပါးချိန်တို့တွင် သူ့ကို အကြိုမထောက်စေပဲ ကျွန်မဘာသာ မေးပါများ စကားရ ဆောင်ပုဒ်ကို ကျင့်သုံး၍ လိုက်သွားခဲ့ရပါသည်။ ဧရာဝတီတိုင်း တွင်းမှ

www.burmeseclassic.com

www.burmeseclassic.com

မြို့ငယ်လေးတစ်မြို့တွင် သူတာဝန်ကျသောအခါ ကျွန်မတစ်ယောက် ပုသိမ် မြို့မှတစ်ဆင့် ခရီးဆက်ခဲ့ပါသည်။ နယ်မြို့လေးတစ်မြို့မို့ ခက်ခက်ခဲခဲ ရှာဖွေ သွားရန်မလိုပဲ အလွယ်တကူ ရောက်ရှိစေ၏။ မြို့သို့ ရောက်ရှိပြီး ကားဂိတ်မှ တစ်ဆင့် ခင်ပွန်းသည်၏ ဌာနဆိုင်ရာရုံးသို့ ခရီးဆက်ရာ ကျွန်မ အမောမပြေ အောင် သော့ခလောက်က ဆီးကြိုနေလေရဲ့။

ဤသို့ဖြင့် တံခါးသော့ဖွင့်ဝင်ခဲ့ရာ အရေးပေါ်လုပ်ငန်းတာဝန်ကိစ္စနှင့် နယ်သို့ တပည့်များပါ တစ်ရုံးလုံး ဆင်းသွားကြောင်း စာရေးထားခဲ့သည်ကို တွေ့ရ၏။ အကယ်၍ ယနေ့ည သူပြန်မရောက်ခဲ့သော် မျက်နှာချင်းဆိုင် အိမ် မှ ဝန်ထမ်းမိသားစုတို့ကို စောင့်ရှောက်ရန် မှာကြားထားခဲ့ကြောင်း သိရသဖြင့် ကြည်နူးတျေနပ်ရပါသည်၊ တစ်ခါတစ်ရံမျှ မမြင်ဖူး၊ မတွေ့ဖူးသော သူစိမ်း တို့နှင့်လည်း ရောက်ရာအရပ်တွင် တည့်အောင်ပေါင်း၍ဖြစ်အောင်နေတတ် ခဲ့သည်မှာ ကျွန်မအဖို့ ဝန်ထမ်းဘဝမှ သင်ကြားပေးခဲ့သည်ဟု ဆိုရပေမည်။ နေရာတကာတွင် မိန်းမသားမို့ အားနွဲ့သူပါရှင်ဖြစ်မနေပဲ လက်တွေ့ကျကျ သောတ်ျားဆန်ဆန် အကြောက်အလန့်မရှိ သွားလာနေထိုင်တတ်သော ကျွန်မ၏စရိုက်နှင့် ကျွန်မ၏ဘဝ လိုက်လည်း လိုက်ဖက်လွန်းလှ၏။

နေရာဒေသသစ်သို့ မျက်နှာစိမ်း သူတို့ရောက်ရှိလာပါလျှင် စူးစမ်းအကဲ ခတ်သောမျက်လုံးတို့အား ရင်ဆိုင်တွေ့ဆုံရစမြဲပါ၊ အထူးသဖြင့် မြို့ကြီးများ တွင်လူသူအများ သွားလာလှုပ်ရှားနေကြသဖြင့် အများကြားဝယ် သီးသီးသန့် သန့် ဂရုထားကြည့်ကြခြင်း နည်းပါးပါသည်။ နယ်မြို့ကလေးများမှာမူ မျက် နှာသစ်တို့အား အလွယ်တကူ သတိထားမိလေ့ရှိကြ၏။ ဘယ်သူလဲ၊ ဘယ် ကလာသလဲ၊ ဘာအကြောင်းနဲ့လဲဆိုသော စူးစမ်းအကြည့်တို့အား ကျွန်မ တစ်ယောက်မကြာခဏကြိမ်ဖန်များစွာ ရင်ဆိုင်ခဲ့ရဖူးပါသည်။ အထူးအဆန်း မဟုတ်တော့ပါဟုသာ ဆိုချင်ပါ၏။

သို့သော် ထိုမြို့ကလေးသို့ ရောက်ရှိရာတွင် ကားဂိတ်၊ ဆိုက်ကား၊ ဂိတ် မှစ၍လမ်းတစ်လျှောက်ရှိလူသူအများ၏ ဂရုထားမှုနှုန်းမှာ အခြားမြို့တို့ထက် မိုမိုပို၍လွန်းလှသည်ဟု ကျွန်မ ထင်မိသည်။ ထိုနေ့က အလုပ်ကိစ္စများမပြတ်





'အလို' ဟိုခါတ်တိုင်ရှေ့က တစ်ယောက် ကျွန်မရှိရာအိမ်သို့ လှမ်း၍ကြည့်နေပါပြီကော။ သတိထားမိ၍ ထိုသူကို သေချာ ကြည့်မိသောအခါ ကျွန်မရင်ထဲ ထိတ်ခနဲ ဖြစ်ရလေ၏။ အဘယ် ကြောင့်မူ ထိုသူကား မနက်က စားသောက်ဆိုင်ထဲတွင် ကျွန်မအား ပြူးတူးပြဲတဲမျက်လုံးနှစ်ဖက် ကျွတ်ကျမတတ်ကြည့်ခဲ့သောသူ ဖြစ်နေသောကြောင့် ဖြစ်သည်။

သဖြင့် ကျွန်မ၏ခင်ပွန်း ပြန်မလာနိုင်ခဲ့ချေ။ အဖော်အဖြစ် လာနေပေးသော ဝန်ထမ်း၏သမီးပျိုကလေးနှင့်သာ ကျွန်မ စကားပြော အဖွဲ့ကျရင်းဖြင့် တစ် နေ့တာကုန်ဆုံးသွားရ၏။ နောက်နေ့နံနက်ရောက်သည်နှင့် နံနက်ခင်းစာ တားရန်နှင့် ဟင်းချက်စရာ လိုအပ်သည်တို့ဝယ်ခြမ်းရန် အဆိုပါကလေးမနှင့် အတူ ဈေးသို့ ကျွန်မ လာခဲ့ပါသည်၊ ဈေးသို့ ရောက်သောအခါတွင်လည်း မျက်လုံးပေါင်းစုံတို့၏ အကြည့်စူးစူးရဲရဲတို့အား ထပ်မံရင်ဆိုင်ရပြန်၏၊ အချို့ မှာ မအောင့်နိုင်ပဲ ကလေးမကို လက်တို့မေးသဖြင့် "နောက်ပြောင်းလာတဲ့ ဦးစီးကတော်" လေဆိုသော အဖြေစကားအား လေးငါးကြိမ်ထက်မနည်း ကြားရလေ၏။ နည်းနည်းတော့ များနေပြီဟု ကျွန်မစိတ်ဝယ် ထင်မိလေရဲ့။

ကျွန်မကိုယ်ကျွန်မပြန်လည်ဆန်းစစ်ကြည့်သောအခါ ရုပ်ရည်မှာလည်း မြင်သူတကာ ငေးလောက်အောင် နှစ်ခါပြန်ကြည့်ရသောရုပ်ရည်မျိုးမဟုတ်၊ သာမန်ရွက်ကြမ်းရေကျိုအသင့်မျှပါ၊ ဝတ်စားဆင်ယင်မှုတွင်လည်း တနိုး ကြီးမား တောက်ပြောင်သစ်လွင်သော အဝတ်အစားတို့ထက် ပေါ်ပေါ်လွှတ်



www.burmeseclassic.com

www.burmeseclassic.com

လပ်၍ လူကို သက်သောင့်သက်သာရှိစေသော အဝတ်တို့ကိုသာ ကျွန်မ မက်မောၽ၏။ အထူးသဖြင့် ခရီးသွားလာရာတွင် အညစ်အပေခံသော ပါတိတ်ဝမ်းဆက်တို့ကို ကျွန်မ ဝတ်ဆင်လေ့ရှိပြီး နာရီကောင်းကောင်းတစ်လုံးနှင့် ဆွဲကြိုးတစ်ကုံးသာ အဆင်တန်ဆာဖြစ်ပါသည်။ ဤကဲ့သို့ ဘာမှမထူးခြားသော သာမန်မိန်းမတစ်ယောက်၏ အနေအထားဝယ် ကြည့်ရှုအကဲခတ်သူတို့၏မျက်လုံးများက သာမန်ထက် ပိုကဲထူးခြားနေသည်မှာ အမှန်ပါ။

ထိုအကြောင်းအားကျွန်မခေါင်းထဲကြာရှည်မထားပဲမုန့်စားရန်အတွက် စားသောက်ဆိုင်သို့ ဝင်ထိုင်လိုက်ပါသည်။ ကျွန်မတို့စားပွဲနှင့် မျက်နှာချင်းဆိုင်စားပွဲတွင်အမျိုးသားသုံးဦးဝင်ရောက်စားသောက်နေသည်ကိုတွေ့ရ၏။ သူတို့သုံးဦးမှာလည်း အခြားမြို့သူမြို့သားများနည်းတူ စူးစူးစိုက်စိုက်စိုက်ကြည့်နေပြန်ပါသည်။ "ဪ - ဒီလူတွေနယ် - ခက်လည်း ခက်ပါရဲ့၊ ဒီမြို့ကို တခြားကလာသူအရောက်အပေါက်နည်းလွန်းလို့လား" ဆိုသောအတွေးကို တွေးမိစေတော့ပြီ။ ယင်းယောကျ်ားသုံးဦးအနက် တစ်ဦးသောသူမှာ ကျန်သူတို့ထက် ပိုပိုကဲကဲအကြည့်က ကျွန်မကို အနေခက်စေသကဲ့သို့ သူ့အပေါ်လည်း စိတ်ကွက်မိစေ၏။ ကျွန်မ သူတို့အား ဆက်မကြည့်တော့ပဲ မျက်နှာလွှဲထားလိုက်သော်လည်း တစ်စုံတစ်ယောက်က မိမိလှုပ်ရှားမှုမှန်သမျှကို မျက်စိဒေါက်ထောက်ကြည့်နေမှန်းသိသဖြင့်နေရစားရကြပ်လာတော့သည်။ သို့မို့ကြောင့် မုန့်စားခြင်းကိစ္စအား မြန်မြန်လက်စဖြတ်၍ ဆိုင်တွင်းမှ ထွက်ခဲ့လေ၏။

ထိုသူ၏ ကျွန်မကိုကြည့်နေသောမျက်လုံးအစုံအားလည်း ကျွန်မစိတ်အာရုံတွင် မှတ်မိစွဲထင်ကျန်ခဲ့ပါတော့သည်။ ကျွန်မ နံနက်စာထမင်းစားပြီးချိန်ထိ ခင်ပွန်းဖြစ်သူပြန်မလာနိုင်သေးပေ။ သို့ဖြစ်၍အိမ်ရှေ့လမ်းမပေါ်မျှော်ကြည့်ရင်း စောင့်စားနေမိ၏။ ခပ်လှမ်းလှမ်းမှ လူရိပ်လူခြေမြင်တိုင်း "သူပြန်လာပြီလား" ဆိုသောအတွေးနှင့် လှမ်းလင့်ကြည့်ရင်း ရင်ခုန်စိတ်စောနေမိလေရဲ့။ "အလို" ဟိုမှာတတ်တိုင်ရှေ့ကတစ်ယောက် ကျွန်မရှိရာအိမ်သို့ လှမ်း၍ကြည့်နေပါပြီကော။ သတိထားမိ၍ ထိုသူကို သေချာကြည့်မိသောအခါ ကျွန်မရင်ထဲ ထိတ်ခနဲ ဖြစ်ရလေ၏။ အဘယ်ကြောင့်မူ ထိုသူကား မနက်တစားသောက်ဆိုင်ထဲတွင် ကျွန်မအရှေ့ပြူးတူးပြဲတဲမျက်လုံးနှစ်ဖက် ကျွတ်ကျမတတ်ကြည့်ခဲ့သောသူဖြစ်နေသောကြောင့် ဖြစ်သည်။

သူ့ပုံစံကိုကြည့်ရသည်မှာ အမှတ်တမဲ့ ခရီးသွားဟန်လွှဲကြည့်နေသော ပုံစံမျိုးမဟုတ်ပဲ တမင်တကာ ဂရုထားစောင့်ကြည့်နေသည့် အနေအထားမျိုးဖြစ်သည်။ ခြေစုံရပ်၍ လှမ်းကြည့်နေပုံမှာ တစ်စုံတစ်ရာကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသောပုံစံမျိုးပင်။ ဒီလူနယ် ခက်များပင် ခက်ရချေရဲ့၊ မျက်လုံးချင်းဆိုင်၍ကျွန်မ ခပ်တည်တည်၊ တင်းတင်းပြန်ကြည့်လိုက်သော်လည်း သူ့အကြည့်များက ကျွန်မထံမှတစ်ပါး အခြားသို့ လွှဲဖယ်သွားခြင်း အလျဉ်းမရှိချေ။ ယခုမှမြင်တွေ့ရသော ထူးခြားမှုမရှိသည့် မိန်းမတစ်ယောက်အပေါ် ဘာကြောင့်များ စိတ်ဝင်တစား စောင့်ကြည့်နေရတာလဲ ဆိုသောအကြောင်းတရားက ကျွန်မအတွက် တွေးရခက်ကြီး ဖြစ်နေတော့၏။

ကျွန်မကိုယ်ကျွန်မ အကြောက်အလန့်ကင်းသူအဖြစ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားမိသူတစ်ယောက်ပါ။ တွေ့ကြုံလာရသောကိစ္စများစွာကိုလည်း အတတ်နိုင်ဆုံး သူတစ်ပါးအားမကိုးပဲ သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းချင်သူ၊ ဖြေရှင်းတတ်သူဟုလည်း ခံယူထားမိ၏။ ထို့ကြောင့် ကိုယ့်စိတ်ကိုယ် တင်း၍ ထိုသူအား သေချာအကဲခတ်ကြည့်ရှုမိပါသည်။ အဆင့်မနိမ့်သော ဝတ်စားဆင်ယင်မှုတို့နှင့်အတူ သပ်ရပ်စွာတွေမြင်ရသဖြင့်မသမာသူလား၊ သို့မဟုတ် မသူတော်လားဆိုသောအတွေးကိုလည်းမဖြစ်နိုင်ဟုယူဆနေမိ၏။ ကျွန်မ၏ စိတ်ဝယ်သို့လော၊ သို့လော အတွေးပေါင်းများစွာတို့ဖြင့် စိတ်ဂနာမငြိမ်ဖြစ်နေမိပါသည်။ လမ်းခရီးတွင် ဖတ်ရန် ယူဆောင်လာသော သည်းထိတ်ရင်ဖိုမဂ္ဂဇင်းကလေးကလည်း ကျွန်မဘေးနားတွင် ရှိနေလေရဲ့။




www.burmeseclassic.com

"ဘုရား - ဘုရား" စာအုပ်ထဲက ဖာတ်လမ်းမှ စိတ္တဇလူသတ်သမား အကြောင်းဖတ်ထားရသဖြင့် "သင်းက စိတ္တဇလူသတ်သမားလား။ သို့မဟုတ် မိန်းကလေးများကိုမတရားကျင့်အနိုင်ယူတတ်သော မုဒိမ်းကောင်များလား" ဆိုသည့်အတွေးများ ဝင်လာပြီး နှလုံးခုန်သံတို့လည်း ယခင်ထက် ပိုမိုမြန်ဆန်လာသည်ဟု ထင်မိပါသည်။ ဟိုတွေးဒီတွေးနှင့် ခွေးဖျက်ချောက်ချား ခြေဖျားလက်ဖျားများပင် အေးလာလေရဲ့။ တစ်ပြိုင်တည်းမှာ ခင်ပွန်းဖြစ်သူ ယနေ့ညပြန်မရောက်လျှင် ခက်များပင် ခက်ရချည်ရဲ့ဆိုသောအတွေးတို့ပင် ဝင်လာမိ၏။ ဖြစ်တောင့်ဖြစ်ခဲသော အားငယ်စိတ်တို့ပင် ဝင်လာမိပါသည်။ အဆိုပါပုဂ္ဂိုလ်ကား နေရာပင်အပြောင်းအလဲမရှိကြည့်မြဲကြည့်လျက်ရှိတော့ပြီ။

ဤသို့ဖြင့် သူနှင့် အကြည့်ချင်းဆိုင် ယှဉ်ပြိုင်၍ ကျွန်မ ကြည့်မနေချင်သောကြောင့် အိမ်အတွင်းသို့ လှည့်ဝင်လာခဲ့ပါသည်။ အိမ်ထဲသို့ ရောက်ပြန်သော်လည်း ထိုလူ ပြန်၊ မပြန် စိတ်မှ ထင့်နေမိပြန်၏။ သို့ဖြစ်၍ သူ မမြင်အောင် အသာကလေး ကိုယ်ကိုယ်ရှို၍ ပုဏ္ဏားကွယ်မှ လမ်းပေါ်သို့ ချောင်းကြည့်မိပါသည်။ "ကြည့်စမ်း - ကြည့်စမ်း - ဒင်းက မပြန်သေးပါကလား" ရပ်ကွက်လူကြီးနှင့် ရဲစခန်းသို့ အကြောင်းကြားရအောင်မှာလည်း မျက်လုံးနှင့် ကြည့်ရုံကြည့်နေသည်မို့ တိုင်ရခက်၊ ပြောရခက်လှသည်။ ယခုလိုပုံနှင့် ယနေ့ည ခင်ပွန်းသည် ပြန်မရောက်ခဲ့သော် အဖော်လာအိပ်သောကလေးမနှင့် ကျွန်မ ဘေးကင်းပါမည်လားဆိုသောအတွေးက ရင်လေးစေ၏။

တစ်ခုတည်းသောအားကိုးရာအဖြစ် မြတ်ဘုရားထံတွင် ယနေ့ မကြာခင်အချိန်အတွင်း ခင်ပွန်းပြန်လာစေကြောင်းအခါခါဆုတောင်းနေမိပါသည်။ များမကြာမီအချိန်အတွင်းတွင် ခင်ပွန်းပြန်ရောက်ရှိလာသဖြင့် ဝမ်းသာမိသည်မှာ ယခင်တွေ့ဆုံရသည့်အခါများထက် အဆပေါင်းများစွာ ပိုပိုသာသာရှိလှ၏။ ပြန်လည်တွေ့ဆုံရသဖြင့် အလွမ်းစိတ်တို့ ပြေပျောက်ရသည်ထက် အားကိုးရာရပြီဆိုသောအတွေးက ကျွန်မအတွက် အားဆေးတစ်ခုနှယ်ပင်။



နှစ်ဦးသား စကားဖောင်ဖွဲ့ ပြောလို့မကုန်သည့်ပြင် ကြုံတုန်းဆုံနိုက် ထမင်းလက်ဆုံစား၍ ကြည်နူးရ၏။ ဝေးကွာနေခဲ့သောချစ်သူ့ရင်ခွင်တွင် မှေးမှိတ်အိပ်စက်ရခြင်းသည်လည်း ဖော်ပြပါ ပုဂ္ဂိုလ်သာမက တစ်လောကလုံးကိုပင် ကျွန်မ မေ့သွားနိုင်လေတော့သည်။

နံနက်မိုးလင်းသောအခါ အုန်းနို့ခေါက်ဆွဲကြိုက်သော ကျွန်မအတွက် ဆိုင်ကောင်းကောင်းလေးရှိသည်၊ လိုက်ကျွေးမည်ဆို၍ ခင်ပွန်းသည်မှ လိုက်ပို့လေ၏။ ကျွန်မတို့ဇနီးမောင်နှံ စားနေဆဲတွင် ဆိုင်အတွင်းသို့ ဝင်လာသူမှာ မနေ့ကပုဂ္ဂိုလ်ဖြစ်နေ၏။ သူသည် ကျွန်မနှင့် မျက်နှာချင်းဆိုင်အနေအထားတွင် ဝင်ထိုင်၍ ခင်ပွန်းနှင့်မူ ကျောခိုင်းလျက်ရှိသည်။ မျက်နှာချင်းဆိုင်စားပွဲမှ ကျွန်မကို ထပ်မံစိုက်ကြည့်နေပြန်ပါသည်။ ကျွန်မမှာ စားလက်စအုန်းနို့ခေါက်ဆွဲအရသာလည်းဘယ်ရောက်မှန်းမသိဖြစ်ရ၏။ "စိတ်အိုက်" သည်ဟုသော ဝေါဟာရအားယခုမှပင်သေချာနားလည်ရပြီး ဆိုင်အတွင်းမှ အမြန်ပြန်နိုင်ရေးကိုသာ ရှေးရှုမိပါသည်။

ညနေစောင်းဝယ်ကမ်းနားဘက်သို့ကျွန်မတို့နှစ်ဦး လမ်းလျှောက်သောအခါတွင်လည်း ထိုသူကား အရိပ်ပမာ လိုက်ပါလာပြန်၏။ နှစ်ဦးသား တွေ့ဆုံနိုက်တွင် ခေါင်းထဲဝယ် စိတ်အနှောင့်အယှက်ဖြစ်စရာတို့ ဘာမျှမတွေးပဲ ပျော်ပျော်ရွှင်ရွှင်လေးနေချင်မိသည်မှာ ကျွန်မ၏ဆန္ဒပါ။ ယခုအခါတွင် အဆိုပါ သကောင့်သား၏အကြောင်းတရားက ကျွန်မကို ခေါင်းစားစေပါသည်။ ထိုကဲ့သို့ သူလာ၍ ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေမှုကို ခင်ပွန်းဖြစ်သူ တစ်ခါမဟုတ် တစ်ခါ ရိပ်မိသိရှိသွားမှာကိုလည်း ပူပန်နေမိ၏။ မလိုလားအပ်သော ယင်းအကြောင်းတရားအား ဖွင့်ပြောရခက်၊ မပြောရခက်နှင့်စိတ်ပျက်မိသည့် နည်းတူ ထိုသူ့အပေါ်တွင်လည်း ဒေါသထွက်ပြီး အမုန်းကြီးလည်း မုန်းမိလေ၏။ "ဘာဖြစ်လို့ ဒါလောက်လိုက်ကြည့်နေတာလဲ" ပြောင်ဖွင့်မေး၍ ရင်ဆိုင်တာ ဖြေရှင်းချင်သောစိတ်တို့လည်း ခဏခဏ ပေါ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် သုံးလေးရက်ကြာလာသောအခါ ကျွန်မမှာ စိတ်တို့ကျဉ်းကြပ်၍ပြန်ချင်စိတ်ပင်ဖြစ်မိ၏။ ကျွန်မနှင့် တွေ့ဆုံ၍ ပျော်ရွှင်နေသော ခင်ပွန်းနှင့် သတ်မှတ်ရက်ထက် ကြိုတင်ခွဲခွာရန် ဝန်လေးနေသောကြောင့်သာ ကြိတ်မှိတ်သည်းခံနေရတော့သည်။ ကျွန်မစိတ်ထဲမှာမူ အနှောင့်အယှက်ဖြစ်လျက် အောင့်အည်းအောင့်သက် အနေရခက်လှ၏။ ခင်ပွန်းမှာမူ သူ၏လုပ်လက်စ အလုပ်များ အမြန်ဖြတ်၍ ကျွန်မအပြန်တွင် သူပါလိုက်ပါ၍ ရုံးချုပ်သို့ဝင်မည်။ အလုပ်ကိစ္စပြီးလျှင် အဘိုးအဘွားတို့ထံတွင် ပို့ထားသော ကျွန်မတို့၏ သားနှင့် သမီးထံ သွားကြမည်ဟု အစီအစဉ်ဆွဲကာ မအားနိုင်အောင် ရှိတော့၏။

နောက်တစ်နေ့၌ ခင်ပွန်းမှ နေ့ချင်းပြန် ကွင်းဆင်းစစ်ဆေးရန် အကြောင်းရှိရာ ကျွန်မမှာ ကိုယ်လက်မအီမသာရှိသည်မို့ မလိုက်ပဲ ကျန်ရစ်ခဲ့သည်။ အဝတ်များ နေရောင်ရစေရန် အိမ်အပြင်ထွက်လှန်းမည်စိတ်ကူးဖြင့် အိမ်ရှေ့ထွက်လိုက်သည်နှင့် ကျွန်မ အလွန်မုန်းမိသောသူနှင့် မျက်နှာချင်းဆိုင် တန်းတိုးတော့၏။ သည်တစ်ခါ ထူးခြားချက်ကား သူတစ်ယောက်တည်း မဟုတ်။ မိန်းမငယ်တစ်ယောက်နှင့် ဆယ့်သုံးလေးနှစ်အရွယ် ယောကျ်ားလေးတစ်ဦး ပါလာပါသည်။ ထိုနှစ်ယောက်မှလည်း သူနည်းတူပင် ကျွန်မအား ပြူးတူးပြဲတဲကြည့်ကြကုန်၏။ ကျွန်မ စိတ်ပျက်စွာနှင့် သက်ပြင်းချမိပြီး အိမ်ပေါ်ပြန်တက်လာခဲ့လေ၏။

နေ့လယ်ဘက်တွင် စာဖတ်နေခိုက် အိမ်ရှေ့မှ "အန်တီရေ" ဆိုသော ခေါ်သံနှင့်အတူ အဖော်လာအိပ်ပေးသော ကလေးမအပြင် အခြားမိန်းကလေးတစ်ယောက်ကိုလည်း တွေ့မြင်ရ၏။ ကျွန်မလည်း တံခါးဖွင့်ပေးပြီး "လာပါ ထိုင်ကြပါ" ဆိုသောစကားဖြင့် ဧည့်ဝတ်ပြုပါသည်။

သူမတို့အား သေချာကြည့်မိပါမှ အပိုပါလာသောမိန်းကလေးသည် ကျွန်မအား လာကြည့်နေသောပုဂ္ဂိုလ်နှင့် အတူတွေ့ရသောမိန်းကလေး ဖြစ်နေလေရဲ့။

"မီမီက မမနဲ့ တွေ့ချင်တယ်ဆိုလို့ ခေါ်လာခဲ့တာပါ။ သူက သမီးရဲ့သူငယ်ချင်းလေ" ဟု အဖော်လာအိပ်ပေးသောကလေးမက ဆို၏။



"အေးကွယ် - ဘာကိစ္စများရှိလို့လဲ" ဟု မေးရာတွင် -

"ဒီလိုပါ - ကိစ္စအထွေအထူးတော့ မဟုတ်ပါဘူး။ သမီးဖေဖေနဲ့ မောင်လေးကိုခေါ်ပြီး အန်တီ့ကို လာပြတာပါ။ အန်တီက သမီးတို့မေမေနဲ့ သိပ်တူပါတယ်။ ဒါပေမဲ့ - သမီးတို့မေမေက လွန်ခဲ့တဲ့နှစ်လက ဆုံးသွားပါပြီ။ သမီးက ပုသိမ်မှာ ကျောင်းသွားတက်နေတာပါ။ အခု ကျောင်းပိတ်လို့ ပြန်လာတုန်း ဖေဖေက အန်တီ့အကြောင်း ပြောပြတော့ သမီးက သိပ်မယုံဘူး။ သူ့စိတ်ထင်လို့ပြောနေတယ်အောက်မေ့မိတာ။ အန်တီ့ကို သေချာမြင်လိုက်တော့မှ သမီးလည်း အံ့ဩသွားတယ်။ တကယ့်ကို မေမေမှ မေမေပါပဲ။ သမီးမျက်စိကို တောင် မယုံချင်အောင် ဖြစ်ရပါတယ်။ နောက်တစ်ခါ အံ့ဩဖို့ကောင်းတာက ရုပ်ချင်းပါမက ပါတိတ်ဝမ်းဆက်ဝတ်တာကအစ တူနေတယ်လေ။

တကယ်တော့ - မေမေက သမီးတို့ရဲ့မေမေအရင်း မဟုတ်ပါဘူး။ သမီးဖေဖေရဲ့ နောက်အိမ်ထောင်ပါ။ သမီးတို့ရဲ့မေမေက မောင်လေးငယ်ငယ်ထဲက ကွယ်လွန်ခဲ့တာပါ။ နောက်ကျမှ ဖေဖေက မေမေနဲ့ လက်ထပ်ပြီး သမီးတို့ မောင်နှမကို ပြုစုစောင့်ရှောက်ပြုစုခဲ့တာပါ။ ဖေဖေနဲ့မေမေက ဟိုးငယ်ငယ်ကတည်းက ချစ်သူတွေတဲ့။ သမီးအမေအရင်းနဲ့ ဖေဖေက မောင်နှမ နှစ်ဝမ်းကွဲတော်တယ်ဆိုပဲ။

လူကြီးမိဘတွေက ဖိတ်ချင်းဖိတ်ကိုယ့်အိမ်ထဲဖိတ်ဆိုပြီး အတင်းအကြပ်ပေးစားခဲ့တာတဲ့။ ကလေးနှစ်ယောက်ရပြီး ဖေဖေ မုဆိုးဖိုဖြစ်သွားတော့တယ်တဲ့။ မေမေကတော့ အဲဒီ့အချိန်အထိ အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်နေခဲ့တာပါ။ ကလေးနှစ်ယောက်နဲ့ ဒုက္ခရောက်နေတဲ့ဖေဖေ့ကို သနားပြီး လက်ထပ်ခဲ့တာပါ။ ငယ်သံယောဇဉ်လည်း မကုန်လို့ပေါ့။ ဒီအခါမေမေတို့ဘက်က သဘောမတူလို့ သူ့တို့ အဆက်အသွယ်တောင် ဖြတ်ကြတယ်။ မေမေက ဖေဖေ့ကိုချစ်သလို သမီးတို့မောင်နှမကိုလည်း ချစ်တယ်၊ တကယ့်စိတ်ရင်းစေတနာနဲ့ ပြုစုခဲ့တယ်၊ ချစ်ခဲ့တယ်။ ဖေဖေ့အလုပ်အကိုင်တွေ အဆင်မပြေတုန်းကဆို မေမေက ဆံပင်နဲ့ မိတ်ကပ်အလှပြင်ဆိုင်ဖွင့်ပြီး သမီးတို့ကိုရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com

ကျွေးခဲ့တာ၊ တစ်ချက်ကလေးမှ ပြုံးပြုံးရွှင်ရွှင်စုတာမျိုး မရှိခဲ့ပါဘူး။ သမီးတို့မောင်နှမကို နှိပ်စက်ဖို့ဝေးလို့ လေသံမာမာနဲ့တောင် ပြောမသွားခဲ့ပါဘူး။ ဒါပေမဲ့ အန်တီရယ် – မေမေက သမီးတို့နဲ့ အကြာကြီးနေခွင့်မရှိပဲ အစာအိမ်တင်ဆာနဲ့ ဆုံးသွားခဲ့တယ်၊ ဒီကနေ့အထိ သမီးတို့သားအဖတွေမှာ မေနေတတ်၊ မထိုင်တတ်အောင် ဖြစ်ကျန်ခဲ့ရတယ်၊

အားလုံးထဲမှာ ဖေဖေကတော့ သနားစရာ အကောင်းဆုံးပါပဲ၊ သူ့ကိုအရမ်းချစ်ပြီး ဂရုတစိုက် အရမ်းကောင်းခဲ့တဲ့မိန်းမဆိုတော့ တော်တော်ကြေကွဲခံစားရပါတယ်၊ ငယ်ငယ်တုန်းက မိဘတွေခွဲလို့ တစ်ခါကွဲခဲ့ရပြီး အခုသေမင်းက ထပ်ခွဲတော့ အပြီးအပိုင်ခွဲသွားရတာကိုး။ ဒီမှာတင် ဖေဖေရှုမတတ်ခံစားရတာ သမီး အသိဆုံးပါ၊ ဒါ့ကြောင့် – အဲဒီ့စွဲလမ်းစိတ်နဲ့ အန်တီတို့ကို သူ လာလာကြည့်နေတာပါ၊ သမီးအဖေက သူများမိန်းမကို မရိုးမသားစိတ်နဲ့မဟုတ်ပါဘူး၊ တူလွန်းလို့ လာလာကြည့်နေတာပါ၊ ဒီ့အတွက် အန်တီ့မှာစိတ်အနှောင့်အယှက်ဖြစ်ရင် သမီးက တောင်းပန်ပါတယ်၊ နောက်တစ်ခုကလည်း သမီးဖေကြီးကို နာဘူးလို့မြင်သွားမှာလည်း စိုးလို့ပါ၊ အဲဒါကိုလည်းရှင်းပြချင်လို့ လာခဲ့တာပါ" ဟုပြော၍ စကားကို အဆုံးသတ်လေ၏၊

တစ်သွယ်စကလေးဖြင့် မျက်ရည်များ သုတ်နေသော အဆိုပါကလေးမ၏စကားအဆုံးဝယ် ကျွန်မလည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါသည်၊ အကြောင်းရင်းမှန်ကို မသိခဲ့ရသဖြင့် ထိုပုဂ္ဂိုလ်အပေါ် ကျွန်မ အထင်မှားပြီး အမုန်းတရားလည်း ပွားမိ၏၊ အကုသိုလ်လည်း များမိ၏၊ "လူတူ မရှား၊ နာမည်တူ မရှား" ဆိုသောစကားကိုလည်း အကြွင်းမဲ့လက်ခံယုံကြည်သွားမိလေတော့၏၊

အခြေအနေမပေး၍ အခိုက်အတန့်ဝေးကွာ ခွဲခွာနေရသော ကျွန်မတို့နေးမောင်နှံမှုပင်လျှင် တမ်းတလွမ်းဆွေးမှုများ ခံစားရပါသည်၊ ထိုသူကဲ့သို့ တစ်ဘဝစာ အပြီးအပိုင် ခွဲခွာရခြင်းမျိုးကိုဆိုလျှင် ခံစားမှုများ နှိုင်းဆမရအောင်ကြီးမားနေမည်ကို တွေးဆမိပါ၏၊ သို့ဆိုပါလျှင် ထိုယောကျ်ား၏ ခံစားချက်တို့အား ချစ်တတ်သူ ကျွန်မ၏နှလုံးသားမှ နားလည်စာနာပေးနိုင်ခဲ့ပါပြီ၊ အခြေအနေအမှန်ကို မသိနားမလည်ခင်မှာ ထိုသူ့အပေါ် မုန်းတီးရွံရှာစိတ်ဖြစ်ခဲ့မိသော အကြောင်းတရားအား ကျွန်မ တွေးတော၍ အားတုံ့အားနာဖြစ်မိပါသည်၊ ထိုသူ၏ခံစားချက်များ သက်သာနည်းပါးသွားစေရန် အချိန်ကာလတို့မှသာ တဖြည်းဖြည်း ကုစားပေးနိုင်ပေလိမ့်မည်၊ ချစ်တတ်သူ အိမ်ထောင်ရှင်များအားလုံး မခွဲမခွာ အိုအောင် မင်းအောင် အတူတကွ ပေါင်းသင်းနေထိုင်ရပါစေကြောင်းလည်း ကျွန်မ ဆုတောင်းနေမိပါတော့သည်၊

→ **မိမ်းရည်မြသွေး**

- ချောင်း၌ ငါးဖမ်းရသည်မက်က ထီပေါက်အံ့၊ ငွေရအံ့၊
- ချောက်ကမ်းပါးကိုမက်ပါက အခက်အခဲကြုံရအံ့၊
- ချစ်သူနှင့် ချစ်စကားပြောရသည်မက်ပါက တရားတပေါင်ဖြစ်ပြီး
- ချစ်သူနှင့် သေပွဲဝင်ရသည်မက်က မှရှုလက်ထပ်ရအံ့၊
- ငါးရသည်၊ ငိုကြွေးရသည်မက်က လာဘ်ရအံ့၊ အဆင်ပြေအံ့၊
- လျှောင်လှုပ်ခြင်း၊ တောင်လဲခြင်းမက်မှ အကြီးအကဲသေအံ့၊ ပူဆွေးရအံ့၊
- ငှက်ဆိုးတိုးခြင်းမက်က သေပျောက်အံ့၊
- စောင်းတီးရသည်မက်က ရည်းစိမ်တိုးအံ့၊ ကျက်သရေရှိအံ့၊



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မညစ်ဘဲ ခံနိုင်ပါရိုးလား။ ထောင်မှူးသက်ကလေးလေး၊ ငါး၊ ခြောက်နှစ် အရ တောစခန်း၊ ထောင်စခန်းတွေမှာချည်း တောက်လျှောက်တာဝန်ထမ်း ရွက်ခဲ့ရာမှ မန္တလေးဗဟိုအကျဉ်းထောင်တည်းဟူသော ဧရာနန္တ ထောင့် တဗ္ဗာသိုလ်ကြီးဆီသို့ ကံပစ်ရာ၍ ရောက်ခဲ့ပါ၏။ ထောင်ပိုင်ကလည်း အမိလို အဖလို ဆရာရင်းဖြစ်နေလေရာ တောသားမြို့ရောက် မအူမလည်ကောင် ကျွန်တော့်ခမျာ အလုပ်မရှိ၊ ဘုတ်မရှိ ချောင်ထိုးထားခြင်း မခံခဲ့ရ၊ "ရက်တစ် ပတ်နှစ်ပတ်လောက် ထောင်အခြေအနေ ကို အကဲကြည့်ပြီးရင် ကိုယ်နဲ့သင့် မယ်ထင်တဲ့ ဆက်ရှင် (Section)ကိုသာ ပြောလေကွာ" ဟုပင် မျက်နှာသာ ပေးခြင်း ခံခဲ့ရသည်၊ နိပ်ပေ့ ...။

သို့ဖြစ်၍ ကိုယ့်တောစခန်းက ထောင်အတွေ့အကြုံကလေးကိုပင် မဟာ ဝင်လယ်သမုဒ္ဒရာကြီး တင်စားလျက် မတိမ်းမစောင်း ဗိုန်းဗောင်းသံပေးကာ "ထောင်ဝင်စာ (Interview Section) ကို ပေးပါ - ဆရာကြီး" ဟု ခေါ်မော့ ရင်တော့လျက် တောင်းခံခဲ့မိ၏။ ကိုယ့်ဆရာအရင်းခေါက်ခေါက် ထောင်ပိုင် ကြီးတာပင်လျှင် တွေခနဲ တစ်ချက်ငိုင်သွားပြီးကာမှ -

"မင်း ဖြစ်ပါ့မလား" တဲ့။

"ဆရာ့တပည့်ပဲ - ဆရာရယ်၊ ဆရာကောင်းတပည့်ပန်းကောင်း ပန်စေ ရမပေါ့" ဟု ရဲရဲကြီး အာမဘာန္တေ လုပ်လိုက်ရသည်၊ သို့ဖြင့် ဖြုန်းစားကြီး ထောင်ဝင်စာထောင်မှူး (Interview Jailor) လက်သစ်ကလေး ဖြစ်ခဲ့ရ တော့၏။ ဟုတ်ကဲ့၊ အနီကဲ့သို့ ရာကြီးထူးကြီးနှင့် ဇိုလ်ဝင်ခံပြီး၍မှ ဘာကြာ သေးသနည်း။ ရှိမှ ဆယ်ရက်၊ ဆယ့်ငါးရက်။

"ထောင်ဝင်စာကနေ တရားမဝင်ငွေတွေသွင်းလို့တဲ့။ ဒီအပတ်တနင်္ဂနွေ အထူးတလာစီ (Special Searching)တာမှာ ထောင်ကျဆောင်၊ အချုပ် ဆောင်တွေက ငွေဖြူတွေ သိန်းနဲ့ချီပြီးမိလို့တဲ့"

ကိုင်း - ဒုက္ခနင့်လှလှ ဒက်ထိကြီး တိုးလေပြီ။ ပြဿနာအထုပ်အထည် အကြီးကြီးကို ထင်းခနဲ ပိုက်ဘောမိပြီ၊ ထို့ကြောင့်ပင်လျှင် ကျွန်တော့်ခမျာ တော်တော်ကြီး ညစ်နေရခြင်းဖြစ်ပါ၏။

"ဟေ့ - ကိုဇော်မြင့်"

"ဟုတ်ကဲ့ - ဆရာကြီး"

"ကိုရင်တို့ ထောင်ဝင်စာက အနံ့နည်းနည်းထွက်သလိုပဲနော်။ ထောင် ဝင်စာပစ္စည်းတွေကို သတ်မှတ်ထားတဲ့အရေအတွက် ပိုသွင်းပေးနေတယ်၊ ထောင်ကျ၊ အချုပ်သူကထောင်ဝင်စာတွေ့လျက်နဲ့သူမဟုတ်ဘဲနဲ့လည်းတွေ့ ခွင့်ပေးနေတယ်လို့ ပြောတဲ့သူတွေက ပြောကုန်ကြပြီ"

"အင်း"

"အေး - အဲဒါထက် ပိုပြီးဆိုးတာက ကိုရင့်ထောင်ဝင်စာခန်းက မောင် တွေက ကိုရင့်ကို ထောင်ပါးမဝသေးတဲ့ မနူးမနပ်၊ မအူမလည် ထောင်မှူးဆို ပြီး ဝိုင်းပတ်တီးချနေကြသတဲ့၊ ထောင်ဝင်စာကနေ ငွေတစ်ရာကို နှစ်ဆယ် အကောက်အစားယူပြီး ငွေရှင်သွင်းပေးနေကြသတဲ့ - ကဲ"

"ဟောဗျာ"

"ဟောဗျာ လုပ်မနေနဲ့၊ ကိုရင့်ကောင်တွေကို ကိုရင် ကြည့်ထိန်းထားဦး။ တော်ကြာ - အပျက်အပျက်နဲ့ နာခေါင်းသွေး ထွက်နေဦးမနော - ကြားလား"

"ဟုတ်"

ဤသို့ ကိုယ့်ဆရာ ထောင်ပိုင်ကြီးက တိုးတိုးကြိတ်ကြိတ် လက်သိပ်ထိုး သတိပေးခဲ့သည်မှ ပါးစပ်မစေ့လိုက်ရသေး၊ ဂြိုလ်ဆိုးကြမ္မာက မောင့်ကို နသားပါးရ မွှေလေပြီ။

ခြော် - ခက်လေသည်၊ အလွန်ခက်ပါလေသည်၊

သည်အရေး၊ သည်ကိစ္စ၌ ကျွန်တော့်ကိုယ်တိုင်က လုံးလုံးကင်းသည်၊ ရှင်းသည်၊ ကိုယ့်အကြောင်းကိုယ်အသိဆုံး၊ သို့စင်လျက် ဘယ်သို့က ဘယ် နယ့် ခေါင်းမှာ ရှာရှာလည်ရပြီ၊

"ဆရာ - ဆရာ ဦးဇော်မြင့်"

"ဆိုဗျာ - ဘာကိတ်"

www.burmeseclassic.com

www.burmeseclassic.com



ထောင်တွေမှာ တားမြစ်
ပိတ်ပင်ထားသည့်ပစ္စည်းတွေ
(Prohibited articles) ရှိသည်။
လူကိုယ်ကို လူ့အသက်ကို ရန်ရှာ
တတ်သော တုတ်၊ ဓား၊ လက်နက်
တွေ၊ ထောင်မှထွက်ပြေးရာတွင်
အထောက်အကူဖြစ်စေနိုင်သော
ကြိုး၊ လှေကား၊ ဝါးလုံး၊ သစ်ချောင်း၊
ချိတ် စသည်တွေ ထောင်ထဲမှာပင်
ဝဲလည်ခတ်ပြီး ပြဿနာတွေ
ပတ်မွှေနေတတ်သည့် ဘိန်း၊ ဘင်း၊
ကဆော်၊ အရက်၊ မူးယစ်ဆေးဝါး၊
ငွေကြေး၊ စာရွက်စာတမ်းတွေ ...

"ဘာကိတ်လုပ်မနေနဲ့။ ဦးစီးထောင်မှူးကြီးက ထောင်ပိုင်လေးရဲ့ရုံးခန်းတို့ ခေါ်ကြွခဲ့ပါဦးတဲ့"

"ဟေ"

"မင်းကြီး မင်းလေးနှစ်ပါးစလုံး အစုံလိုက်၊ အတွဲလိုက်ကြီး ဖူးကြွလာပြီဆိုမှဖြင့် ကိုယ့်ဆရာတော့ ဒီတစ်ချီ တစ်ဝကြီးစားရတော့မယ်နဲ့တူရဲ့ - နော ဆရာ"

"မသိပါဘူးကွာ"

သတင်းပို့လာသည့် ရဲဘော်ကလေးကိုသာ ခပ်တည်တည် "သိပါဘူး" လိုက်ရသော်လည်း ပီအီး(ရှေးဦးစစ်ဆေးခြင်း)လား၊ ဒီအီး (ဌာနဆိုင်ရာ စစ်ဆေးခြင်း)လား၊ ဘာလား ညာလား တစ်ခုခုတော့ဖြင့် တစ်ခုခုပဲ။ စိတ်ထဲမှာ သေရာသလိုကြီး ဖြစ်၍လာ၏။



"ဟူး - မန္တလေးထောင် - မန္တလေးထောင် - တယ် - နတ်ကြီးတဲ့ထောင်ပါကလား - ဟရို"

ရင်ထဲ၌ ဒိန်းတပ်တပ်တွေက ကုလားဘုရားပွဲ လှည့်လေပြီ။

•၆•

ထောင်ဆိုသည်က ခက်သားကလား။

ဘာမှမဖြစ်သေးလျှင် ဘာမှမဖြစ်သော်လည်း တစ်ခုခုများ ဖြစ်ပြီဆိုပါအံ့၊ လမ်းဘေးက နွားချေးပုံ ပျော့စိဖြက်ပြဲကို ကျောက်ခဲနှင့် ကျူးထုလိုက်သည်သို့ နီးရာစပ်ရာ နီးနွယ်ရာတွေ အကုန်လုံး သိမ်းကျုံး ဒုက္ခပေးတော့သည်။ စဉ်လည်း စဉ်သေး၊ နံလည်း နံသေး။

ယခုပဲကြည့် ...။

ထောင်ဝင်စာဆိုသည်ကား အကျဉ်းထောင်အတွင်းရှိ ပုပုရွရွ ဖြူနီကြောင်ကျား ကိုကိုပုရိသ ဒုက္ခသည်တွေနှင့် မရွှေစာ မယ်ဒုက္ခတို့အား ပြင်ပကမ္ဘာကြီးနှင့် ဂယေဆက်ပေးနေရသည့် သံယောဇဉ်တံခါးပေါက်ကြီးပင် မဟုတ်ပေလား။ အကျဉ်းသား၊ အချုပ်သား၊ ငါးထောင်၊ ခြောက်ထောင်တို့ဖြင့် အမြဲလိုလို ပြည့်တင်းဖောင်းကားနေတတ်သည့် ဤအကျဉ်းထောင်ကြီးကို ပြင်ပလောကက လူမှုဝန်းကျင်နှင့် ထိတွေ့စေပြေစေအပ်သည့်နေရာကလေး တစ်ခု မဟုတ်လေလား။

ငိုချင်ငို၊ ရယ်ချင်ရယ်၊ ဆဲချင်ဆဲ၊ ဆူချင်ဆူ။ ထောင်ကျနေသည့် မနုဿတိုင်း ထောင်ဝင်စာကိုဖြင့် သဲကြီးမဲကြီး မျှော်မောတတ်ကြစမြဲ။ ဆေးလိပ်ကလေးလေးငါးဆယ်လိပ်၊ ထောင်ရှေ့ဈေးတန်းမှဝယ်လာရသည့်နွားမတန်းသေးရည်လို လက်ဖက်ရည် ကျဲကျဲတောက်တောက်တစ်ထုပ် လက်ဆွဲ၍ ထောင်ဝင်စာ လာတွေ့ရရှာသည့် မောင်ကာကတို့၊ မကာကတို့လို ဆင်းရဲသား၊ ဆင်းရဲသမီးတွေပင် အီးတစ်ပေါက်လောက်မျှကြာသည့် ထောင်ဝင်



www.burmeseclassic.com

www.burmeseclassic.com

တချိန်ကလေး အတောအတွင်း အားကြိုးခနဲ့၊ ပါးစပ်ဖြဲ၍ ကုန်းအော်ကြရ၊ ကြားရတစ်ချက် မကြားရတစ်ချက်၊ သူများစကား ကိုယ့်နားထဲဝင်၊ ကိုယ်ပြောတာတွေ သူများကြား၊ နယ်စည်းမခြားသည့် ပကတိ လူ့ဘဝဇာတ်ခုံကြီးပေတကား။ သူ့မျက်နှာကိုယ့်မျက်နှာကြည့်လို့မှ မဝခင်သေး၊ ခည့်နှင်ခေါင်းလောင်းကြီးက အသံဆိုးဖြင့် ဂလောင်၊ ဂလောင်အော်ပြီ၊ ခွဲကြဦး၊ ခွာကြပေဦး၊ နောက်မှနောက်မှ၊ သို့နှယ် ထောင်တွင်းနှင့် ထောင်ပြင် လီပ်ပြာချင်းဆက်ပေး၊ အလွမ်းသံသရာရှဲ့ပေးနေတတ်သည့် အနီထောင်ဝင်စကားစေတနာထားတတ်၊ စိတ်ထားတတ်မည်ဆိုပါက အားကြီးကုသိုလ်တွေ စုရသည့် နေရာဌာနကြီးပေကိုး ခင်ဗျ။

ဟိုးထား - ကိုယ့်ဆရာရေ - ဟိုးထား၊

အဲသလိုရှည်းလည်း မဟုတ်သေး၊ မဖြစ်သေး၊

ပြင်ပကမ္ဘာနှင့်ထောင်အတွင်းကိုတိုးလျှိုပေါက်၊ ဒုတ်ဒုတ်ထိ၊ ဟင်းလင်းဖွင့်ပေးထားသည့် ဒုစရိုက်လမ်းကြောင်းကြီးလည်း မုချအဟုတ် ဖြစ်နေပြန်သေး၏တဲ့ ခင်ဗျ။

ဟုတ်သလေ၊

ထောင်ဆိုသည့် အုတ်တံတိုင်း မြင့်မြင့်မည်းမည်းကြီးတွေ လေးဖက်လေးတန် ကာရံထားသည့် နယ်မြေကြီးထဲကို ဝင်ဖို့ "ထောင်ဘူးဝ၊ ဘူးတံခါး၊ ဘူးကြီး၊ ဘူး" ဟု နုတ်ကျိုးကာ လွယ်သလို ခေါ်နေတတ်ကြသည့် ထောင်ရှေ့တံခါးမကြီး (Main Gate Of Jail) တစ်ပေါက်သာရှိ၏။ ဘယ်ထောင်မှာမှ နှစ်ပေါက်မရှိ။ အထဲဝင်ဝင်၊ အပြင်ပဲထွက်ထွက် ပစ္စည်းနှင့်လူ ဝင်စေ၊ ထွက်စေ လုပ်နိုင်သည်မှာ ဘူးတံခါးမကြီးတစ်ခုတည်းသာ၊

ထောင်တွင်းသို့ဝင်ရာ တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ဤဘူးဝကြီးကိုဖြတ်၍ ပြင်ပလွင်ပြင်ကလူတွေ၊ ပစ္စည်းတွေနှင့် ထောင်ကြီးစံတွေ တွေ့ခွင့်ဆုံခွင့်၊ စကားပြောခွင့်၊ နီးနှောဇလှယ်ခွင့် ရသည့်နေရာဆို၍လည်း ထောင်ဝင်စာခန်းမှလွဲ၍ ဘာမှမရှိ၊ နတ္ထိ၊

ကဲ - ဒီတော့ - ဘာဖြစ်တုံး၊

ဖြစ်ပါသဗျာ၊ ထင်တာတွေလည်းဖြစ်၊ ထင်မထားတာတွေလည်းဖြစ်၊ နေ့တိုင်းဖြစ်၊ အချိန်တိုင်းဖြစ်၊ မညှိ၍မည်မျှ မနည်းကြီးဖြကားပြီး မျက်စိဒေါက်ထောက်ကြည့်နေသော်မှ အဲသည့်မျက်စိရှေ့မှာပင် ဖြစ်မိအောင် ဖြစ်လိုက်သေးသဗျ၊

ထောင်တွေမှာ တားမြစ်ပိတ်ပင်ထားသည့် ပစ္စည်းတွေ (Prohibited articles) ရှိသည်၊ လူကိုယ်ကို လူ့အသက်ကို ရန်ရှာတတ်သော တုတ်၊ ဓားလက်နက်တွေ၊ ထောင်မှထွက်ပြေးရာတွင် အထောက်အကူဖြစ်စေနိုင်သော ကြိုး၊ လှေကား၊ ဝါးလုံး၊ သစ်ချောင်း၊ ချိတ် စသည်တွေ ထောင်ထဲမှာပင် ဝဲလည်စေတ်ပြီး ပြဿနာတွေ ပတ်မွှေနေတတ်သည့် ဘိန်း၊ ဘင်း၊ ကဆော်၊ အရက်၊ မူးယစ်ဆေးဝါး၊ ငွေကြေး၊ စာရွက်စာတမ်းတွေ၊ ထောင်ကို ဒုက္ခပေးမည့် မီးခြစ်၊ မီးစာ၊ လောင်စာဆီ၊ ဆေးလိပ် စသည့်စသည်မျိုးတွေ၊ ထိုသည့် ပြဿနာပစ္စည်းမျိုးတွေကို နေ့စဉ်မပြတ် တရစပ် ရှာဟဲ့ဖွေဟဲ့တလာစီနေကြသည့်တိုင် အမြစ်ပြတ်အောင် ရှင်း၍မရ၊ ဘယ်ရလိမ့်မတုံး၊ သကောင့်သားထောင်လုံးတော့်တို့က ဉာဏ်နီ၊ ဉာဏ်ပြာ၊ ဉာဏ်ဝါ၊ ဉာဏ်တတ္တနီကာလာတွေသုံးပြီး ထောင်ဘူးတံခါးမကြီးက ခိုးသွင်း၊ ထောင်ဝင်စာခန်းက ဖွက်သွင်း၊ ထောင်ဝန်ထမ်း မသူတော် အကျင့်ပျက်တွေနဲ့ ပင်းသွင်း၊ သွင်းနည်းပေါင်းစုံ နှင့် ခိုးသွင်းနေတတ်ကြသည်ကိုး ခင်ဗျ၊

ကိုင်း - အစုဖြင့် ငါးတကာယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းပုံ ဆိုသလို ထောင်တွင်းမှာ အထူးတလာစီ၍ မိလေသမျှ တားမြစ်ပိတ်ပင် ပစ္စည်းတွေ တောင်ပုံရာပုံသည် ထောင်ဝင်စာကပါဟု ဖွတ်ချည်း လင်ကောင်ဖော်ခံနေရခြင်းမှာ ကောင်းပါသေး၏လား၊ ကောင်းချင်ကောင်း၊ မကောင်းချင်နေ" ကိုင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်မြင့်လေး၊ ကိုရင်ရဲ့ထောင်ဝင်စာခန်းက မောင်တွေကို ကိုရင်ကိုယ်တိုင် လက်ပူးလက်ကြပ်ဖမ်းပြီး အရေးယူပြနိုင်မှဖြစ်တော့မယ်။ နို့မဟုတ်ရင် ကိုရင်ပါ အလိုတူအလိုပါဆိုပြီး ပီအီး၊ ဒီအီးစစ်ဖို့ အမိန့်ထုတ်ရမတဲ့" ဟူသည့် ဗျာဒိတ်တော်မြွက်ကိုကား ခံယူနေရပြီကော ခင်ဗျ၊ ဟစ်လိုသာ ငိုဖို့ကောင်း၊

ပန်းထိပ်မတာတ်ခင်ရွှေမှိုးကိုအလျှင်ဦးစွာ သင်မိသည့်ငတိ၊ လှလှပပကြီး ချောက်ကျလေပြီ၊

ဟင်း - မည်သို့လုပ်ရပ၊

•●•

"ဒါလေးများ - ခက် - ခက်လွန်းလို့ - ဆရာရယ်၊ ဘာမှ စိတ်ထဲထားမနေနဲ့၊ စားမြဲတိုင်းစား၊ သွားမြဲတိုင်းသွား၊ အိပ်မြဲတိုင်း သိုးနေအောင် အိပ်၊ အချိန်တန်ရင် နွားပိန်ကန်ရစေ့မပေါ့"

အလဲ့ကွယ်၊

ကျွန်တော့်အဖို့တော့ မြင်းမိုရ်တောင်ကြီးပိမိနေသလိုဖြစ်သည့်မရှိမဆုံ့ မအီမလည် ဝန်ထုပ်ဝန်ပိုးကြီးကို ကွမ်းစားမပျက်၊ ဆေးသောက်မပျက်၊ ရှေ့သွားကလေးအကျဲသားနှင့် ပေါ့ပေါ့ပါးပါး - အဲ - ပြီးတော့ - ဝှဲဝှဲစားစားပြောချလာသည့် အနီပုဂ္ဂိုလ်အကောင်းစားကြီးအား ချက်ချင်းလက်ငင်းပင် ကုန်း၍ ဦးချမိတော့မတတ် အားကိုးသမှုဖြင့် ပြုံး၍ကြည့်မိရ၏၊ မည်သူနည်း၊ မည်ဝါနည်း၊ မည်သည့်တန်ခိုးတော် အနန္တတွေနှင့် ဘိုးတော်ပေနည်း၊

မဟုတ်ရေးချမဟုတ်၊

ဦးထွန်းမြင့်၊ တပ်ကြပ်ကြီးဦးထွန်းမြင့်၊ မနက်ဖြန် သန်ဘက်ခါပင်ပင်စင် (အငြိမ်းစား) ထိုင်တော့မည့် ထောင်သန္ဓေ၊ ထောင်ခြံပေါက်၊ ထောင်သမ္ဘာတွေ ရှိုးကပ်နေသည့် ဝန်ထမ်းအိုကြီးသာလျှင် ဖြစ်ပါလေ၏၊



အသားက မည်းမည်း၊ သွားက ကျဲကျဲ၊ ဘယ်တော့ကြည့်ကြည့် မျှော့တွေလား၊ အဆီတွေလား၊ ဘာလားညာလားတွေဖြင့် ဝင်းပြောင်နေစမြဲ၊ မျက်နှာပြဲကြီးနှင့် ရှေ့တစ်လက်မနောက်ပြောင် ထောင်ပုံစံခေါင်းတုံး၊ ဆံပင်မွေးတွေက ခေါင်းလုံးပြည့်ဖြူ၊ အိုရီဂျိုးဟုခေါ်သော ဌာနက ထုတ်ပေးသည့် ကာကီယူနီဖောင်း ဇရိုဇရဲ ဘိုသီဘတ်သီကြီးနှင့် ကော်ကိုင်းမျက်မှန်ကျိုးကိုလည်ပင်းမှာ ကြိုးနှင့် တန်းလန်းဆွဲလို့၊ ပြုံးပြုံးကြီးမှ အဟုတ်ပြုံးပြုံးကြီး လုပ်နေဘိတော့သည်၊

"မနောက်ပါနဲ့ - အဘရယ်၊ ကျွန်တော် တကယ်ပြောနေတာ"

ကျွန်တော့်လေသံက ထမင်းသုံးလေးရက်မစားရဘဲ ဝမ်းတွေ ဒရဟော သွားထားသည့် တရုတ်ဘိန်းစားသံပင် ပေါက်နေသည်ထင့်၊ ညှောင်နာနာ ပြာညှက်ညှက်၊ ကိုယ့်အသံကို ကိုယ့်နားပင် လက်သင့်မခံချင်၊ ကလောလှတ်၊

"နောက်စရာလား - ဆရာရဲ့၊ ဒီထောင်မှာ ပြေးကြည့်လို့မှ တစ်စခန်းထဲ အတူနေ၊ ဆင်းရဲဖော် ဆင်းရဲဖက် ဖြစ်ခဲ့ဖူးတာဆိုလို့ ဒီဆရာနဲ့ ဒီတပည့်ပဲ ရှိတာမဟုတ်လား၊ အိမ်ရှေ့မှ အိမ်နောက်မရှမ်းသာ၊ ကိုယ့်ဆရာ ဒီလောက် သည်းပြနေမှဖြင့် တပည့်က ဒီအတိုင်း ရေခဲနင်းဆောင် ထိုင်ကြည့်နေလို့ ရပါဦးတော့မလား၊ အရေးကြုံ သက်လုံကောင်းရတော့မပေါ့"

"အဟုတ်"

"ဒါပေါ့ - ဆရာရဲ့ - အဟုတ်ပေါ့၊ ဘာလဲ - ဆရာက ကျွန်တော့်အစွမ်းအစကို မယုံဘူးလား"

"မယုံဘူးလို့လည်း မဟုတ်ပါဘူး - အဘရယ်၊ နို့ပေတဲ့ - ပြဿနာက အကြီးကြီးဆိုတော့ ဘဲဥ အစရှာမရသလို ဘယ်အစကို ဘယ်လိုဆွဲရမှန်းလည်းမသိ၊ အချိန်က တစ်ရက်၊ နှစ်ရက်ပဲရတော့တာ - အဘရဲ့၊ အဲဒါကြောင့်"

www.burmeseclassic.com

"အောင်မယ်လေး – ကိုယ့်ဆရာရယ် – ဆရာ့ဥစ္စာကြီးက လောလော လတ်လတ် ထောင်ကြီးပျက်သွားလောက်တဲ့ ဒိုင်းနမိုက်ခိုးသွင်းတာမျိုး၊ ကြိုး တိုက်ခန်း ဖောက်တာမျိုး၊ ထောင်အုတ်ရိုးကို အုပ်စုလိုက် ကျော်ပြေးတာမျိုး ရောနန္တ ကိစ္စကြီးတွေ မဟုတ်ပါဘူး – ခင်ဗျားရဲ့ ချိုင်းပလေးတွေပါ၊ အသေး အမွှားတွေပါ"

"ဗျာ – အဘ"

"ဟုတ်သလေ – ထောင်ရယ်လို့ပေါ်လာပါပြီဆိုကတည်းက အဲဒီ့ထောင် ဆိုတာကြီးနဲ့အတူတူ တစ်ပါတည်း ကပ်ပါလာတဲ့ ဖွားဖက်တော်ပြဿနာ တွေချည်းပဲဥစ္စာ – ဆရာရဲ့၊ နေရာလွှဲ၊ အချိန်လွှဲ၊ လုပ်စားကိုင်စားတဲ့ငနဲ၊ ငနဲမ တွေ လွှဲသွားကြပေတဲ့ လုပ်ပုံကိုင်နည်းတွေက လက်ရိုးကြီးတွေပါ – ဆရာ ရယ်၊ အတူတူနဲ့ အနုနုတွေချည်းပါ၊ ထူးပြီးတော့ ဆန်းလှတယ် မဟုတ်ပါဘူး၊ တွေ့နေကြဖူးတွေချည်းပါပဲ"

"ခြော်"

"မခြော်နဲ့လေ – ဆရာရဲ့၊ ဆရာပဲ တွေးကြည့်ပါလား၊ ထောင်ဆိုတာ မျိုးဟာ သာလာယ်ဇရပ်ကြီးလိုပဲဟာ၊ ဟိုလူလာ ဒီလူတည်း၊ ဝင်လိုက်ဟ ထွက်လိုက်ဟ၊ ဘယ်မှာပုံသေကားကျ ထောင်ကိုအိမ်လုပ်ပြီးနေတဲ့သူ ရှိလို့ တုန်း၊ ဗိုက်ကလေးနာ ဆီးကလေးအောင့်ခါမှ မတတ်သာလွန်းလို့ အတင်း တိုးဝင်ပြီး အလေးအပေါ့စွန့်ရတဲ့ လမ်းဘေးအိမ်သာလိုပဲ မဟုတ်ပေဘူးလား၊ လူမပြဘူး၊ အဲ – အဲ – ဒါပေသိ – ထောင်ထဲကိုဝင်လာလိုက်သမျှဟာ ဘယ်မှာ လူကောင်းစစ်စစ်ပါလို့တုံး၊ ရွှေတိဂုံနဲ့ မဟာမြတ်မုနိကို မှားဖူးလို့ ထောင် ကျလာတဲ့လူ ရှိသလား၊ အမိဌာန်ပုတီး အပတ်ရေမပြည့်လို့ အချုပ်ခံရတဲ့သူ ကော ရှိသလား၊ ဝါတွင်းကာလ မဟုတ်ဘဲ ဥပုသ်ကျောင်း နေတိုင်းလာမိလို့ ဂါတ်ချုပ်က ဖမ်းပို့လိုက်တဲ့သူ ပါသလား၊ ဆွမ်းခံကိုယ်တော်ချင်း မှားပြီး ဆွမ်းလောင်းမိလို့ ထောင်ထဲရောက်လာတဲ့သူကော ရှိသလား၊ ကဲ – ဘယ် မှာရှိမှာတုံး၊ ထောင်မို့ရောက်လာပါပြီဆိုကတည်းက နွားဖြူကလည်း နွားဖြူ နွားကျားကလည်း နွားကျား၊ သူ့အကြောင်းနဲ့ သူ့အကျိုး၊ အေပဒုဆိုတဲ့ ဥပဒေ နဲ့ မလွတ်ကင်းကြလို့မို့သာ ရောက်လာကြတဲ့သူတွေချည်းပဲ၊ များရာစုတာ လူလည်ပတ်ကား ဒုစရိုက်သမား၊ ဆရာ့ဆရာကြီးတွေ – ဟုတ်စ"

"အင်း – အင်း"

"အဲဒီတော့ – သင်းတို့တွေက သူတို့ အနေချောင် အစားချောင်ဖို့ဟာ လက်တစ်လုံးခြား၊ လက်နှစ်လုံးခြား၊ လူးလိုက် လိမ့်လိုက်၊ ခွေးတိုး တိုးလို့မှ မရရင် မြွေလိုလျှောဝင်မှာပေါ့၊ ရေလို စိမ့်ဝင်မှာပေါ့၊ လေလို လွင့်ဝင်မှာပေါ့၊ ဘယ်စည်းကမ်း ဘယ်လောက်တင်းတင်း၊ ဆီလို အပေါက်ရှာပြီး ထွက်စရာ ဂယ်ပေါက်ကလေးတွေတော့ ရှိတတ်ကြစမြဲပဲ၊ ပြီးတော့ ..."



အဲ – မျက်လုံးကပြောတဲ့ အသံကျတော့ ဘယ်လိုမှ လိမ်လို့ ဟန်ဆောင်လို့မရတတ်ဘူး။ မျက်စိ ဆိုတာ စိတ်ရဲ့တံခါးပေါက်ဆိုတာ ကိုး။ အဲဒီတော့ – ဆရာ – တလာစီ တော့မယ်ဆိုရင် ပစ္စည်းကို တစ်ယောက်နဲ့ ရှာခိုင်း။ ဆရာကိုယ် တိုင်ကတော့ အရှာခံရမယ့်သူ့ရဲ့ မျက်လုံးထဲကစာကို ဖတ်လို့မိပြီ ဆိုရင် ဆရာရှာတဲ့ပစ္စည်းလည်း ကွိခနဲ မိကရောပဲ။




www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

"ထောင်တိုင်းထောင်တိုင်းမှာ မဖြစ်နိုင်တာ မရှိ၊ မဖြစ်သေးတာပဲ ရှိသတဲ့ - ဆရာရယ်။ အဲ - ဖြစ်ပြန်သမျှတွေကို သတ္တုချ ကြည့်လိုက်ဦးတဲ့။ အခုမှ - ဖွေဆော်ဦး တီထွင်လိုက်တဲ့ ကလီကမာ နည်းဗျူဟာဆိုတာ မရှိဘူးတဲ့။ ရှေးရှေးက ထောင်လုံးကျော် လူလွန်မသား ဖအေတစ်ရာမွေးတွေက နည်းပေးလမ်းပြလုပ်ခဲ့ဖူးတဲ့ နည်းဟောင်းကြီးတွေကိုပဲ နည်းနည်းကလေး ဉာဏ်ကူဉာဏ်ကွန့်ပြီး ပုံမှားရိုက်လိုက်ကြတာချည်းပဲတဲ့ - ဆရာရဲ့"

"အဲ - အင်း - ဟုတ်သလိုလိုရှိသား"

"ဟုတ်သလိုလို မဟုတ်ပါဘူးလေ၊ ဟုတ်ကို ဟုတ်နေတာပါ။ သတိမမူ ဝှမ်မြင်၊ သတိမူတော့ မြူတောင် မြင်သတဲ့။ ဆရာ့ကိစ္စကို တပည့်ကြီး သင် ဉာဏ်ပေးလိုက်မယ်။ ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်။ ဆရာရဲ့သစ္စာမဲ့ တဲ့တပည့်ဆိုးတွေကို နေ့မကူးခင် ကွိခနဲ မိစေရမယ်"

"တကယ်"

"တကယ်ပေါ့ - ဆရာရဲ့"

"ဟာ - ဟုတ်ပြီ - အဘရေ၊ ကိုင်း - ကျွန်တော့်ကိုကူစမ်း၊ ကယ်စမ်းပါဦး။ အဘကျေးဇူး တစ်သက်မမေ့ပါဘူး။ ဘယ်လိုများ လုပ်ရမှာတဲ့တုံး"

"ဒီလိုလေ - ဆရာရဲ့ - ဒီလို - ဒီလို"

"သောင်းရင်ရေ"

"ခင်ဗျာ - ဆရာ"

"ခင်ဗျာ နောက်ထား၊ မင်းအခုကိုင်ထားတဲ့ ဒံပေါက်ထုပ်ထဲက ဒံပေါက်တွေကို ဟောဒီကြွပ်ကြွပ်အိတ်ကလေးထဲ ပြောင်းထည့်လိုက်စမ်း"

"ဟုတ်ကဲ့ - ဟုတ်ကဲ့"

"နေဦး - နေဦး - အဲဒီဒံပေါက်ထုပ် ထုပ်ထားတဲ့ဖက်ရွက်တွေနဲ့ သတင်းစာစက္ကူတွေကို လွှင့်မပစ်လိုက်နဲ့ဦး။ အေး - အဲဒီစာရွက်ပေါ်မှာတင်၊ ဟုတ်ပြီ။



ကဲ - ဒံပေါက်ထုပ်သွင်းပေးမယ့် ထောင်ဝင်စာသမားနဲ့ လက်ခံမယ့် အကျဉ်းသားတို့ ကြွကြ"

"ကျွန်မတို့ပါတွေပါ - ဆရာ"

ဝဝဖိုင့်ဖိုင့်၊ မည်းမည်းသည်းသည်း မျက်နှာပြဲကြီးနှင့် နှုတ်ခမ်းတွေ နီတာလန်ရဲတွတ်နေသည့်အသက်သုံးဆယ့်ငါး၊လေးဆယ်အရွယ်တောက် တောက်ပြောင်ပြောင် အိန္ဒိယနွယ်ဖွား မအေဂုာတစ်ဦး၊ မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် စားပွဲရှေ့ဖျတ်ခနဲ ရပ်လာ၏။

"ဒီဒံပေါက်ထုပ်တွေက ဒီက အစ်မရဲ့ပစ္စည်းတွေနော် - ဟုတ်လား"

"ဟုတ်ကဲ့ - ဆရာ"

"ကဲ - ဟောဒီစာအုပ်ထဲမှ မှန်ကန်ကြောင်း လက်မှတ်ကလေး ထိုးပေးပါဦး - တဆိတ်"

"ဘာ - ဘာလို့လဲဟင် - ဘာဖြစ်လို့လဲ"

"ပြီးတော့မှ ပြောကြတာပေါ့လေ။ အဲ - ကိုရင်က မာရီးယားနော်။ ထောင်ကျဆောင် အမှတ်နှစ်၊ ရှစ်ခန်းက၊ အဖအမည် ဦးဒုလာမြား - ဟုတ်လား"

"ဟုတ်"

"ကဲ - သေချာပြီဆိုရင် မေးပြီ။ ဟောဒီဖက်ရွက်နဲ့ သတင်းစာစက္ကူတွေ အထဲ ဟောဒီဒံပေါက်နဲ့ကြက်သားတွေထဲ ဟောဒီသရက်သီးသနပ်တွေထဲ မှာ ဘာတွေများ ပါသေးတုံး"

"ဒံပေါက်တွေလေ - ဘာရှိရဦးမှာတုံး။ ဆရာကလဲ - တကယ်ပါပဲ"

မယ်မင်းကြီးမက မျက်လုံးကလေး ထောင့်ကပ်ပြီး ရွဲ့ဖြစ်အောင် ရွဲ့ပြ လိုက်သေး၏ လုပ်လိုက်ဟ။

"အေးပါ - ဟုတ်ပါပြီ။ အဲဒီဒံပေါက်ထဲမှာပဲ ဘာတွေပါသေးသလဲလို့ မေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း - မပါပါဘူး"

"တကယ်နော် - ကဲဖော့ - တပည့်တို့ သေသေချာချာ တလာစီ ကြည့် ကြစမ်း"

ပါးစပ်ကလည်းပြော၊ မျက်စိနှစ်လုံးကလည်း မရွှေကုလားမ၏ မျက်နှာ မည်းကြီး မည်သို့မည်ပုံ၊ အမူအရာ ပြောင်းလဲလေမလဲ။ ပြူးပြဲကြည့်ထားရ သေး။ ကိုယ့်ဆရာ တပ်ကြပ်ကြီး အဘ ဦးထွန်းမြင့်က "ဆရာရေ - ပါးစပ်က ထွက်ကျလာတဲ့အသံဆိုတာက ကြိုက်သလို ပြင်ယူလို့ ရတယ် ခင်ဗျ။ အဲ မျက်လုံးကပြောတဲ့အသံကျတော့ ဘယ်လိုမှ လိမ်လို့ ဟန်ဆောင်လို့မရ တတ်ဘူး။ မျက်စိဆိုတာ စိတ်ရဲ့တံခါးပေါက်ဆိုတာကိုး။ အဲဒီတော့ - ဆရာ တလာစီတော့မယ်ဆိုရင် ပစ္စည်းကို တစ်ယောက်နဲ့ ရှာခိုင်း၊ ဆရာကိုယ်တိုင် ကတော့ အရှာခံရမယ့်သူ့ရဲ့မျက်လုံးထဲကစာကို ဖတ်လို့မိပြီဆိုရင် ဆရာရှာ တဲ့ပစ္စည်းလည်း ကွိစနဲ့ မိကရောပ"တဲ့။ သို့ကလို နတ်လမ်းညွှန်ထားပေ သကိုး။

အဲ - ဟုတ်သဗျ။

မကုလားမ မျက်စိနှစ်လုံးထဲ၌ ထိတ်လန့်ချောက်ချားဗျာများသွားသည့် အရိပ်တွေ အရောင်တွေ၊ တဖျပ်ဖျပ် ပြောင်းသွား၊ ခြေတွေ လက်တွေ တုန် တုန်ရီရီ။

ဟုတ်ကဲ့ - မိသဗျ။ ရှာလို့တွေ့သဗျ။

ငှက်ပျောဖက်ကြားထဲက ငွေစက္ကူတွေ၊ သတင်းစာ စာရွက်ခေါက်ထဲ က နှစ်ရာတန်၊ ငါးရာတန်တွေ၊ သရက်သီးသနပ်ထုပ်ထဲက ကိုယ်ရေးကိုယ် တာ စာခေါက်ကလေး။

ဟုတ်လေသည်။

ကျောချမှ ဓားပြမှန်း ရိပ်မိရတော့သည်။

သည်တစ်လောကလေးတွင် ဤဖော်ကိုတို့ထောင်ဝင်စာ၌ဒံပေါက်ထုပ် တွေ မာတ်ကျနေပြီး တောင်ပုံရာပုံ ဝင်နေဖြစ်ရခြင်း အကြောင်းရင်းအစ်မြစ် ကား ဤသို့ကြောင့်တည်း။ "ကာလနာ မြွေပွေးကိုက်သောင်းရင်၊ လုပ်လည်း လုပ်ရက်ပါပေ့၊ ဒီပုံအတိုင်းဆို တလာစီရင်းနဲ့ ငွေတွေ သိန်းချီပြီးမိတာ ဘာ ဆန်းသေးတုံး။ ထောင်နံ့ရဲ အုတ်ရဲ့တိုင်းကြီးတွေကိုတောင် ငွေစက္ကူတွေနဲ့ ပတ်ပတ်လည် လှည့်ကာပ်ပြီး အလှပြထားလို့ ရနိုင်သေးရဲ့။ အင်း - နေနှင့်ဦး" စိတ်ထဲက အုံ့ပုန်းကြိတ် ဒေါသပုန်တွေ အလိပ်လိပ်ထမိရဲ့။

ကိုင်း - ထောင်ဝင်ချိန် တစ်နံနက်ခင်းထဲနှင့် ဒံပေါက်ထုပ်တွေချည်း စပါယ်ရှယ် တလာစီ၍ ငွေတွေ ဖမ်းမိလိုက်ပုံများ ဖွေးဖွေးကို လှုပ်လို့၊ မအု မလည် မနူးမနပ်နှင့် ယခင့်ယခင်ရက်တွေက စံရချက်ကြီးခဲ့သည်များကို အသည်းနာလှသဗျာ၊ အဟုတ်၊

ဒါလောက်နှင့် ပြီးပလား ... တဲ့၊

မပြီးသေး - မပြီးသေးပါ၊

အဘတပ်ကြပ်ကြီး လက်ဆင့်ပေးထားသည့်အတိုင်း ပိုက်စိပ်တိုက်ခဲ့ လေရာ အံမာလေး - လေး - ဖမ်းမိလိုက်တဲ့ငွေမည်းတွေ ခင်ဗျာ၊ ကြံ့ဖူးပေါင်၊ ဂုဏ်ထူးဆောင်ကို ဖြစ်ပါရော ဗျာရေ။

စနစ်တကျ အမှတ်အသားပြုပြီး သွင်းလာသည့် ဆေးလိပ်တွေချည်း ရွေးထုတ်ချိုးကြည့်၊ တွေ့ပါပြီ။ ငွေစက္ကူလိပ်ကလေးတွေ သခေါ်ာသီးတို့၊ နာနတ်သီးတို့၊ ဖရဲသီးတို့မှာကျ ဘေးက ပိပိရိရိ အပေါက်ဖောက်ပြီး ထည့် ထားတာ ခင်ဗျ။ ထိုအပေါက်ပေါ်မှာ ထောင်တွင်းက ပစ္စည်းလက်ခံမည့် ကိုရွှေ အကျဉ်းသား၏ အမည်၊ ထောင်နံပါတ်၊ အဖေနာမည်၊ အိပ်ဆောင်၊ အခန်း နံပါတ်များကို စာရွက်အလွတ်မှာရေး၍ အကျအနကြီး ပိတ်ကပ်ထားလိုက်ရာ ခြေရာလည်းပျောက် ရေလည်းနောက်ရော့။ ဟုတ်လည်း ဟုတ်သည့် ငွေ တွေ၊

www.burmeseclassic.com

"အိမ်က လျှော်လာ ဖွပ်လာတဲ့ အဝတ်ဟောင်း၊ စောင်ဟောင်းကလေး တွေပါ ဆရာဟု လေချိုသွေးသဖြင့် မယုံလိုက်မိစေနဲ့ - ရှာကြည့်၊ ပုဆိုး၊ အကျီ၊ စောင်တို့ရဲ့အနားပတ်တွေထဲမှာ ထည့်ချုပ်ထားတဲ့ ငွေစက္ကူတွေကို စုနစ်စင် အမျှင်တန်း တွေ့ရပါလိမ့်မယ်ဗျာ"တဲ့၊ တကယ်တမ်းလည်း တွက်တိပါ ခင်ဗျာ၊

သို့ဖြင့်၊ နေ့လယ်ဆယ့်နှစ်နာရီတိတိ နံနက်ပိုင်း ထောင်ဝင်စာသိမ်းချိန်၌ တရားမဝင် ခိုးသွင်းသည့် ငွေမည်းတစ်သိန်းပျော့ပျော့ကို ဦးစီးထောင်မှူးကြီးထံသို့ စာရင်းနှင့် အင်းနှင့် ဒင်စနဲ့ အပ်နှံနိုင်ခဲ့တော့၏။

"အလို - ကိုယ့်လူကိုဇော်မြင့်ကပေမင့်၊ တယ်ကြိတ်လိုက်ပါလား။ ဘယ်ခေတ်လို့တုန်း၊ မသွား - မသွားနဲ့ - ကြိမ်ကလေးလည်းတစ်ချက်လောက်ဝင့်ပြလိုက်ရော၊ အဟုတ်ကို ဒိုင်းစိုင်းပြေးတော့တာပဲကိုး"

ဦးစီးထောင်မှူးကြီး ဦးဆန်နီက သူ့မျက်နှာကြီး စပ်ဖြီးဖြီးဖြင့် ချီးမွမ်းခြေတော့ာက် ဩဘာပေးသည်၊

ကျွန်တော်လည်း နွားလုံးလုံး ဖြစ်ကရော၊ မှတ်ဟ၊

•●•

"နီး - နီး - ဒီလောက်နဲ့ပွဲပြီးလိုက်လို့ မဖြစ်သေးဘူး - ကိုယ့်ဆရာ၊ ဒါတွေက အကင်းလောက် ရှိသေးတာ၊ ဘယ့်နှယ့် - ထောင်လုပ်သက် အနှစ်သုံးဆယ်ကျော်၊ လေးဆယ်နီးပါးရဲ့ အတွေ့လေးရယ်မှ အိုအကြံ့တွေက ဒီလောက် ပဲဆိုရင် ရေမရှိတဲ့ချောင်း၊ နာခေါင်းဖော်ပြီး သေလိုက်ဖို့ကောင်းတော့တာပဲ၊ လာဦးမယ် - လာဦးမယ် - အပုံကြီးကျန်သေးတယ်၊ ကျွန်တော်က အမြည်းကလေးပေးပြီး အသာချိုထားတာ၊ ဆရာ့ငတိတွေကို အလဲလှယ်ရမယ့် ပွဲသိမ်းတိုက်ကွက်ကလေးတွေ ရှိသေးရဲ့၊ လှလည်းလှ၊ ထိလည်း ထိတဲ့ အကွက်ကလေးတွေ"



"ကောင်းပါလေ့ - အဘရယ်"

နေ့လယ်ခင်းက အဘဦးထွန်းမြင့် ပြောထားသည့်စကားကို စမြုံပြန်ရင်း ကျွန်တော် ဝမ်းသာခွပ်ထနေမိသည်၊

နေကပူပူ၊ လူစော်သူစော်တွေက တညီးညီး တဟောင်ဟောင်နံ၊ အသံဗလံတွေက နားကွဲမတတ်ဆူ၊ ဤသို့ဤပုံနှယ် နောက်ခံအခင်းအကျင်းကြီးထဲကကို အလိုလို အူမြူးနေခြင်းဖြစ်သည်၊

ထုံးစံအတိုင်း ထောင်ဝင်စာခန်းကလေးက ထန်းစေ့မှတ်လောက် ဂျင်ကလယ် ကျဉ်းကျဉ်းကလေး၊ ခပ်စိပ်စိပ် သံဆန်ကာ နှစ်ထပ်ခြားပြီး တစ်ဖက်မှာ ထောင်တွင်းက အကျဉ်းသား အချုပ်သားတွေ၊ ဟိုတစ်ဖက်မှာ ပြင်ပက သူတို့မိသားစုတွေ၊ တစ်ပေလောက်သာ ခြားလျက် အားကြိုးစခွဲ ဆူညံပွက်အောင် သံကုန်ဟစ်နေကြလေရာ ကျွတ်ကျွတ်လန်နေတော့၏၊ သူတို့မျာတွေမှာလည်း (၁၅)မိနစ်စနဲ့ တစ်အောင့်တစ်ဖြုတ်အတွင်း သတင်းကုန်အောင် ဖလှယ်ကြရရှာသည်ကိုး၊

"ဟေ့ - ရှေ့နေက ဘာပြောတုံး၊ နောက်အပတ်ရုံးချိန်းမှာ အာမခံရမတဲ့လား"

"အယူခံကိစ္စ ဘာထူးသေးလဲ - မြန်မြန်လုပ်ကြပါဟ"

"တော့်အမေအိမ်မှာ ကျူပ်ဆက်နေလို့မဖြစ်ပါဘူး - ကိုအတ္တာရယ်၊ တော်ထောင်ကျသွားပြီးကတည်းက တစ်မိသားစုလုံး ကျူပ်ကို ဝိုင်းနှိမ်နေကြတာ၊ ကျူပ်အမေအိမ်ပဲ ကျူပ်ပြန်တော့မယ်"

"ဒီမှာ - ဒီမှာ - ရှင်တ ထောင်ထဲကနေပြီး တွန်းမှာမနေနဲ့၊ ကျူပ်တို့သားအမိတွေ အပြင်မှာ ဘယ်လိုနေရသလဲများ တစ်ချက်မေးစမ်းပါဦး၊ ထမင်းတောင် နပ်မှန်တာ မဟုတ်ဘူး၊ တကတဲ - ရွှေအိုးမြှုပ်ပေးထားခဲ့တဲ့အတိုင်း တွန်းမှာနေတော့တာပဲ - စိတ်ရှုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဖေ – အဖေ့မိန်းမကြီး – အိမ်က ထွက်သွားပြန်ပြီဗျ။ ဟုတ်တယ်၊ အရင်တစ်ခေါက် ထောင်ဝင်စာတွေ့တုန်းက သူနဲ့အတူတူပါလာတဲ့ သူ့သား လောက် ကောင်လေးနဲ့၊ ဘယ်လဲတော့ မပြောတတ်ဘူး"

"အကြီးမက စာမေးပွဲအောင်တယ် – ဒီသုံးလုံးနဲ့၊ အဖေကြီးရှိရင်ကောင်း မှာတဲ့၊ အောင်စာရင်းထွက်တဲ့နေ့က သားအမိတွေစုပြီး ငိုဖြစ်ကြရသေး တယ်"

"အေး – အဲဒီနွားမသားတော့ ငါအပြင်ထွက်လာရင် သတ်ပစ်မယ်လို့ ပြောလိုက် – ကြားလား"

စုံတကာစေ့ပါရောလား ခင်ဗျ၊ ဘဝကြည့်ချင်ပွဲကြီးကို ရုပ်လည်းမြင်၊ အသံလည်းကြား၊ အားရပါးရ ပီပီပြင်ပြင် ရှုစားပေတော့၊ အဲ – နလုံးခိုင်ဖို့ တော့ဖြင့် လိုပေသည်၊ ရယ်ချင်စရာ ငိုချင်စရာ၊ ပြုံးချင်သဖွယ်၊ မဲ့ချင်သဖွယ် ဇာတ်ကွက်တွေက ကြွယ်လှချည့်ကိုး။

သို့သော်လည်း – တဲ့၊ ကျွန်တော့်စမျာ သည်ကနေ့အဖို့ ထိုထို၍၍ အလီလီသော ဘဝဇာတ်ခုံကြီးကို ဝေမျှမခံစားနိုင်အားသေး၊ ကိုယ့်မျက်စိ ကိုယ့်နားကို မဟားတရားအသုံးချလျက် ဘာညာသာရကာ ကူလီကူမာတွေ ကို မျက်စိစားပွဲ ထိုင်ခနေရ၏၊ အထူးသဖြင့် မျက်လုံးအကြည့် မရိုးသား၊ သရိုး သရီ ထွေလီကာလီဖြစ်နေသည့် ဒွိယံဒွိယံတွေ တွေ့လျှင် မယောင်မလည် အနား အသာကပ်သွား၊ စကားရောဖောရော ဟိုရောသည်ရော လုပ်ရင်း အသံ ဗလံကို နားစွင့် စနည်းနာ၊ သင်းတို့မျက်နှာတွေကိုမှတ်၊ ဟုတ်ကဲ့ – ကိုယ့်ဘာ သာကိုယ် ကြိတ်၍အလုပ်ရှုပ်နေမိသတည်း။

"ဂလောင် – ဂလောင် – ဂလောင်"

ဟော၊ ထောင်ဝင်စာ ပိတ်ပြီ၊ ညနေ လေးနာရီထိုးပြီ၊ မင်္ဂလာရှိလှပေစွ။

"ဆရာ – အားလုံး လှည်းကျင်းရှင်းလင်းပြီးပါပြီ၊ ထောင်ဝင်စာခန်းပိတ် လိုက်ရတော့မလား"



"နေဦး – နေဦး – ခဏလေး – ငါ ဆရာကြီးဦးထွန်းမြင့်ကို လက်ဖက်ရည် သောက်ဖို့ ခေါ်ထားသေးတယ်၊ မင်းတို့ဟာရာတွေရော စည်းကမ်းထိန်းတွေ ရော – ခဏနေကြဦး"

"ဟုတ်"

"ဟော – အဘ – ကွက်တိပါပဲလား၊ ခုပဲ – ထောင်ဝင်စာခန်းပိတ်တော့ မလို့ – လာထိုင်"

"မထိုင်တော့ဘူး – ဆရာ၊ ညနေ တာဝန်ကြပ် အစားဝင်ပေးရဦးမတဲ့၊ ဆရာ့ကိစ္စ ရှင်းပြီးရင် ပြေးရဦးမယ်"

"ဒါဆိုလည်း လက်ဖက်ရည်လေးတော့ သောက်သွား"

"သောက်မှာ – သောက်မှာ – သောက်ဦးမှာ – ဟဲဟဲဟဲ၊ ဟေ့ – တန်းစီး သောင်းရင် – မင်းလက်ထဲက ဓာတ်ဘူးကြီး ငှဲ့လေကွာ၊ ဘာ – လင်းတမှိုင် မှိုင်နေတာတုံး၊ နေမကောင်းလို့လား၊ စိတ်မကောင်းလို့လား – မင်းဟာ"

"ဟုတ် – ဟုတ်ကဲ့ – ဆရာကြီး"

ဘယ့်နှယ် – ကျွန်တော့်ထောင်ဝင်စာတန်းစီး သောင်းရင်တစ်ကောင် ဓာတ်ဘူးနှစ်လုံးကို ကိုင်လျက်သားက မျက်စိမျက်နှာတွေ ပျက်နေပါလိမ့်၊ ကြေနွတော့ ကြေနွပဲ၊ ဘာလဲဖြင့် ကျွန်တော်မသိ။

"အောင်မယ် – အောင်မယ် – ဟာရာနဲ့ စည်းကမ်းထိန်းတွေ လက်ထဲမှာ လည်း ဓာတ်ဘူးတွေကိုယ်စီနဲ့ပါကလား၊ ဆရာက ရေနွေးကြမ်းသမားဆို တော့ တပည့်တွေပါ ဓာတ်ကူးကုန်ကြပြီပေါ့လေ၊ ကဲ – ကဲ – မင်းတို့ဓာတ်ဘူး တွေကို ဒီယူလာခဲ့ကြစမ်းပါဦး"

"ခင်ဗျာ"

"ခင်ဗျာ မနေနဲ့ – လာ – လာ"

ဘယ်လိုကြီးလဲ၊ အဘဦးထွန်းမြင့်က ကျွန်တော့်တပည့်ကျော်များ၏ ဓာတ်ဘူးတွေချည်း စုသိမ်းလို့ပါကော၊ တန်ဟဲ့ – တစ်ခုခုတော့ ချောနေ ပြီ၊



www.burmeseclassic.com

"ကိုင်း - ဆရာရေ - ဆရာ့ကို ပီအီး ဒီအီး အစစ်ခံရမယ့်အထိ ပြဿနာတက်နေတဲ့ကိစ္စကြီးရဲ့အဓိကလက်သည်တရားခံဟာ ဟောဒီဓာတ်ဘူးတွေပါပဲ ခင်ဗျာ"

"ဘယ်လို - အဘ"

"ဒီမှာကြည့်လေ"

အဘဦးထွန်းမြင့်က ဓာတ်ဘူးအဖုံးကိုဖွင့်၊ ဓာတ်ဘူးကို ဇောက်ထိုးမှောက်လျက် ပလတ်စတစ် အမှိုက်ပုံးကြီးထဲ သွန်ချ ခါချ၊ တဒေါက်ဒေါက်နှင့် ဖြုတ်ခနဲ၊ ဖြုတ်ခနဲ ကျလာပါပြီ ခင်ဗျာ၊ ပလတ်စတစ်ဖြင့် လိပ်၍ သားရေကွင်းနှင့် ကျစ်နေအောင် အကျအန စည်းနှောင်ထားသည့် အလိပ်ကလေးတွေ၊

ဟောဗျို့ - ဓာတ်ဘူးတွေထဲမှာ လက်ဖက်ရည်တွေ၊ ရေနွေးကြမ်းတွေ မပါဘဲ ဘယ့်နယ်က ဘယ့်နယ် အလိပ်တွေ၊ အခေါက်တွေ၊ ဗလုံးဗထွေးကြီး ကျလာရပါလိမ့်၊ ဓာတ်ဘူးတစ်လုံးတည်းလည်း မဟုတ်၊ ဓာတ်ဘူးတိုင်းက ထွက်ကျလာနေခြင်း၏၊

"အဲဒါတွေကို ဖြေကြည့်လိုက်ရင် ပိုက်ဆံတွေပဲ တွေ့ရမှာပဲ - ဆရာရေ၊ ဆရာ့အကောင်တွေက ဒီနည်းနဲ့ပဲ ထောင်ထဲကို ပိုက်ဆံခိုးသွင်းနေကြတာ၊ ဆရာ့ဟာက ကျွန်ုပ်ယုံတော့ တစ်ဖက်ကန်းဖြစ်နေတာကိုး"

"သေဟဲ့ - နန္ဒိယ"

•●•

တစ်တောဖြင့် ရှင်းခဲ့၊ လင်းခဲ့ရပါ၏၊

"တအုပ်အုပ် - တအွမ်အွမ်" အော်နေမြည်နေခဲ့သည့် ပြဿနာသံတွေသည် ကိုယ့်တုံးအောက်က ဖားတွေဆိုကာမှန်း လုံးလုံးမသိခဲ့၊ ညံ့ချက်ကြီးလှသည့် ကျွန်တော့်ခမျာ ခေါင်းပင် မဖော်ဝံ့တော့၊

"နေပါဦး - အဘရဲ့၊ မသိလို့ မေးစမ်းပါရစေဦး၊ သင်းတို့ရဲ့ ဝါစာကမာဘာညာကွိကွတွေကို အဘက အူမချေးခါးမကျန် ဘယ်လိုသိနေရတာတုံး၊ ကျွန်တော်ဖြင့် ကိုယ့်မျက်စိအောက်မှာတင်ကို သတိမထားမိခဲ့ပေါင်"



"အော် - ဆရာရယ် - ထောင်လုပ်သက် အနှစ်သုံးဆယ်ကျော်မှာဒီလိုအလိမ်အပတ်၊ ဖြုံးပြာမှုယာတွေ အနန္တလေကိုနိစ္စဓူဝ ခံနေခဲ့ရတဲ့ဥစ္စာ၊ တစ်ခါတစ်မျိုး မရိုးအောင်ဘဲ - ဆရာရေ၊ ပညာဆိုတာ အတွေ့အကြုံဆိုတာကိုး၊ သမ္ဘာဆိုတာကလည်း လက်ဆင့်ကမ်းခဲ့ကြတဲ့ ကျုပ်တို့ ဖျော့ကွက်ညံ့ကွက် အစုအဝေးကြီးကိုး၊ မဟုတ်ဘူးလား၊ ထောင်လုပ်ငန်းမှာ များများကျွမ်းဖို့တော့ ဆိုတာ စာနဲ့ရေးပြီး သင်လို့မရဘူး ခင်ဗျားရဲ့၊ ကိုယ်တွေ့ကိုယ်ကြုံ၊ ကောင်းကောင်းအိစလံဝေနေအောင် ခံရလေ ပိုပိုတော်လာလေပဲ၊ မယုံမရှိပါနဲ့ ကိုယ်တွေ့ - ဟဲ ဟဲ ဟဲ"

ဟုတ်ကဲ့၊

"ဖဝံမေသုတံ"

ဤသို့ပင် ကြားလိုက်ရဖူးပါ၏၊

→ ငယ်မျှမင်းသွင်

- ညောင်ရေအိုး မြင်မက်က သားသမီးရတနာ ထွန်းကားအံ့၊
- ညောင်ရွက်အိမ်ဦးခန်းကျသည်မက်က ရွှေဆင်းတုတော်ရအံ့၊
- ညည်းညူသံကြားရသည်ကိုမက်က ရိုးမှမ်းခံရအံ့၊
- ရန်သူဒုက္ခရောက်အံ့၊ တံခွန်လွှားသည်၊
- ထီးရိုးကျိုးခြင်းကိုမြင်မက်က အိမ်ထောင်ဖက်သေအံ့၊
- ထုပ်တန်းကျိုးသည်မက်က မကောင်း၊
- ဓားလုံ့ အရောင်တောက်လက်သည်မြင်မက်က ဘုန်းကြီးအံ့၊
- ကိုင်ရွဲရသည်မက်က အသက်ရှည်အံ့၊
- နေ၊ လကြွတ်ခြင်းကိုမြင်မက်က ဘုန်းကျက်သရေတိုးအံ့၊

www.burmeseclassic.com